
Type in the text you want to insert



Type in the text you want to insert

စာအုပ်အမှတ် (၁၉၅)

Quality Publishing House

အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၇၀၆၄၁၄၊ ၃၈၃၆၆၄၊ ၂၈၂၆၀၄။

Type in the text you want to insert

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ✱ ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| ✱ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| ✱ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊
- ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊


### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✱ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

Type in the text you want to insert



Type in the text you want to insert


စာမူခွင့်ပြုချက်အမှတ် - ၁၀၇၉/၂၀၀၄ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၀၃/၂၀၀၄ (၁၂)

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၅၊ ဇန်နဝါရီလ)
အုပ်ရေ - (၅၀၀)

မျက်နှာဖုံး - မောင်နိုး
ကွန်ပျူတာစာစီ - Quality
အတွင်းဖလင် - Quality

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြဲ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၈၀၀ - ကျပ်

Type in the text you want to insert

# အပိုင်း
# ၁

# ၁

မျက်ခွံလွှာတို့ ဖျတ်ခနဲအပွင့်မှာပင် တစ်ခုခုထူးခြားနေပြီဟု သိလိုက်၏။

အလိုလို နိုးကြားနေသော အာရုံတွေက မနားတမ်း လှုပ်ရှားသွားကြသည်။ အထူးသဖြင့် အကြားအာရုံနှင့် အနံ့အာရုံ။ သားရဲတိရစ္ဆာန် တစ်ကောင်နှင့်မခြား၊ တော၏ သဘာဝကို ခံစားသိစွမ်းနိုင်သော အကြားအာရုံထဲတွင် အဝေး၏ အဝေးဆီမှ လှည်းဘီးသံ အီအီ၊ နွားခလောက်သံ ညံ့ညံ့တို့ကို အမိအရ ကြားလိုက်သည်။ ထိုမျှသာ မကသေး တောရနံ့တို့ ကြိုင်နေသော လေထဲတွင် ‘သားကောင်’၏ အနံ့ကိုပါ ရလိုက်သည်။ အနံ့အာရုံက ဦးနှောက်သို့ အကြောင်းကြားသည်။

သားကောင်။ အစာ . . . ။

ထိုအခါ ဝမ်းဗိုက်ကလည်း တကြုတ်ကြုတ် မြည်လာ၏။ ဝလင်စွာ အိပ်စက်ခဲ့ရာမှ နိုးထလာချိန်ဖြစ်သဖြင့် အစာအိမ်သည် အစာကို ပြင်းပြင်း ပြပြ တောင်းဆိုနေပေပြီ။ အူခွေတို့ကလည်း ဗလာဖြစ်နေသော အစာအိမ်ဆီ သို့ အစာအဖတ်မဟုတ်သော လေတွေချည်းကိုသာ ပို့ဆောင်ပေးနေကြသဖြင့် ဝမ်းဗိုက်က တကြုတ်ကြုတ်မြည်လာသည်။

ဝမ်းဗိုက်၏ မြည်သံက

“အစာကျွေးတော့၊ အစာထည့်တော့၊ အသားစိုင် အာဟာရတွေ ပေးတော့ . . . ”ဟု အဓိပ္ပာယ်ရ၏။

အနားတွင်ချထားသော သန်လျက်ရိုးကို ဖမ်းဆုပ်လိုက်သည်။ သန်လျက်ဟုခေါ်ရသော်လည်း သွေးစ သွေးနတွေ ဗရပွပေကျံစွန်းထင်းနေသည့် ဤလက်နက်သည် သားရဲတစ်ကောင်၏ အစွယ်များ၊ လက်သည်းများနှင့်မခြား ရှိနေ၏။ အပင်း . . . ကျားတို့ ခြင်္သေ့တို့ ဝက်ဝံတို့က ချွန်မြထက်ရှ လက်သည်းနဲ့ ကုပ်ပြီးမှ စူးစူးငေါငေါအစွယ်နဲ့ ကိုက်ဖဲ့စားသောက်ရသည်။ ဤ

သန်လျက်ကား သားရဲအစွယ်နှင့် လက်သည်း နှစ်မျိုးတို့၏ အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်နိုင်သော လက်နက်ဖြစ်သည်။

သန်လျက်ဦးချွန်ဖြင့် ထိုးစိုက်၊ ပြီးတော့ ထက်မြအသွားနှစ်ဘက်တို့ဖြင့် ခွဲဟဆုတ်ဖွင့်၊ ပြီးတော့ ဖြတ်တောက် ခုတ်လှီး . . .။ အလုံးစုံသော ကိစ္စကို တစ်ချိန်တည်းမှာ ပြီးစွမ်းစေသော သန်လျက်ပေပဲ။

အို ဒါ သန်လျက်ရဲ့အစွမ်း မဟုတ်ပါဘူး။ ငါ့အစွမ်း . . . ။

သန်လျက်ရိုးကို လက်ချောင်းများဖြင့် တင်းတင်းဆုပ်လိုက်သော အခါ ခွန်အားတွေ ပိုပြည့်လာသလို ခံစားရ၏။ ရှိန်းရှိန်းမြမြသွေးလှည့်ပတ်မှု က လက်မောင်း၊ လက်ချောင်း၊ လက်ဖမိုး၊ လက်ဖဝါးများဆီသို့ ပူနွေးစွာ စီးဆင်းကြကုန်သည်။ သန်လျက်ကို ဆွဲပြီးနောက် . . .

မြစ်ပျဉ်းများ ထနေသော ပညောင်ပင်ထက်၊ အထိပ်အဖျားဆီသို့ မျောက်ဝံတစ်ကောင်ပမာ လွှဲယမ်းတွဲခိုတက်ခဲ့၏။ တောအုပ်တစ်ခုလုံးကို တစ်ခွင်တစ်ပြင် ဖြန့်မြင်နိုင်သည့် အပေါ်စီးနေရာကို ရပေပြီ။

ကြည့်လိုက်စမ်းဟေ့ . . .။ ဘယ်နေရာမှာ ဘာရှိသလဲ။

ဟိုးအဝေးဆီမှာ အရှေ့အရပ်မှ အနောက်အရပ်သို့ တူရူလျက် တရွေ့ရွေ့ ရွေ့လျားနေသော လှည်းတန်းကြီး။ သွေးကြောတွေ ဖျန်းခနဲ ဖြစ်သွား၏။

အချိန်မဆိုင်းတော့။ တက်ခဲ့စဉ်ကလို ပညောင်ပင်အကိုင်းတွေ၊ အပျဉ်းတွေကို တွဲခိုကာ ဆင်းမနေတော့ဘဲ၊ ထိပ်ဖျားဆီမှပင် အခြားသော ကညင်ပင်ကြီးဆီသို့ လွှားခနဲ ခုန်ပျံကူးလိုက်၏။ ကညင်ပင်တစ်ပင်ဆီမှ နောက်တစ်ပင် . . . ။ ထို့နောက် နွယ်ဒန်းကြိုးများအတိုင်း လွှဲကာ လွှဲကာ သစ်ပင်တန်းများသို့ ကူးခဲ့သည်။

သိမ်းငှက်စွန်ရဲတစ်ကောင်၏ မျက်စိလျင်ခြင်း၊ မျောက်တစ်ကောင် ၏ အကိုင်အစွဲမြဲခြင်း၊ ရှဉ့်တစ်ကောင်၏ ပေါ့ပါးခြင်းတို့ဖြင့် တောတန်း၊ သစ်ပင်၊ နွယ်ကြိုးများကို တရိပ်ရိပ်ကူးဖြတ်ခဲ့ပြီးနောက် ဥရင်ကောက်ချုံများ ဖားလျားထူထပ်သည့် မြေအပြင်သို့ ဖုတ်ခနဲ ကျလိုက်ချိန်တွင်ကား လှည်းတန်းကြီးကို မလှမ်းမကမ်းမှာ ဘွားခနဲ မြင်ရပေပြီ။

ရှားစောင်းလက်ပတ်ချုံအကွယ်မှ နေ၍ တရွေ့ရွေ့လှုပ်ရှားနေသော လှည်းတန်းကြီးကို အကဲခတ်လိုက်၏။ လှည်းအစီးငါးရာခန့်ရှိမည်။ လှည်း မောင်းသူတို့ပင်လျှင် ဓားလုံလက်နက်ကိုင်စွဲထားကြသည်။ လှည်းပေါ်လိုက်ပါ သူတို့ လက်မှာလည်း တင်းပုတ်များ၊ လေးမြားများ ကိုယ်စီကိုင်ထားကြသည်။ နွားလည်ပင်းမှ ခလောက်များကို အဝတ်စများဖြင့် အုပ်ချည်ထားကြသည်။

ခလောက်သံ မညံ့စေချင်သည့် သဘောပေါ့လေ . . . ။ မိုက်မဲလိုက်တဲ့လူတွေ။

ဘယ်လိုပင် အကာအကွယ် အစီအမံတွေ လုပ်လာ လုပ်လာ။ ဒီ တောအုပ်ကို ဖြတ်ပြီဆိုကတည်းက သေမင်းခံတွင်းဝထဲ ဆင်းဝင်ခဲ့ပြီဆိုတာ မသိလေရော့သလား။

လှည်းအစီးငါးဆယ်ခန့် ဖြတ်သန်းသွားသည်ကို စောင့်ကြည့်နေ လိုက်သည်။ မှုလောက်စရာမဟုတ်သော်လည်း သားကောင်ဆိုသည်မှာ ရန်သူ စာရင်းဝင်ပင် ဖြစ်၏။ မြွေပါတစ်ကောင်သည် မြွေဟောက်တစ်ကောင်ကို အပြီး တိုင် ကိုက်ခဲသတ်ဖြတ်နိုင်သော်လည်း အမိအရ ချက်ကောင်းကိုသာ ရွေးချယ် တိုက်ခိုက်တတ်ပေသည်။

လှည်းအစီး . . . ငါးဆယ်၊ ခြောက်ဆယ်၊ ခုနစ်ဆယ် . . .။

အား . . . ။ ကြည့်စမ်း။

လှည်းအစီးတစ်ရာခန့်၏ နောက်၊ တစ်ခုသော လှည်း။ ပေါင်းမိုးက အထူစား၊ လှည်းဘီးအဝန်းပြားက အခြားလှည်းတွေထက်ကို ပိုကြီးသည်။ နွားဖြူဖြူတွေမှာ ကထားသော တန်ဆာက ပို၍ အရောင်အသွေးစုံသည်။ ပြီးတော့ လှည်း၏ ရှေ့နောက် ဝဲယာတို့တွင် ဓားလှံကိုင် အစောင့်အကြပ်များ ဝန်းရံလိုက်ပါသည်။

အဲဒီလှည်းပေါ်မှာ ဘယ်သူပါလာလို့လဲ။ ဘုရင့်သမီးတော်လား၊ ဥပ ရာဇာလား၊ မြို့စားနယ်စားမင်းတစ်ပါးပါးလား။ ဒါမှမဟုတ် ဘုရင်တစ်ပါးပါး ကိုယ်တိုင်ပဲလား။ လင်းတတစ်ကောင်လို စူးရှသော မျက်လုံးများက လှည်း နောက်မြီး၌ ခြေတွဲလဲချကာ ထိုင်လျက် လိုက်ပါသူတစ်ဦးကို တငွေ့ငွေ့တံလျှပ် ရိပ်တွေကြားမှ အမိအရမြင်လိုက်၏။

အား . . . ။ ပုဏ္ဏားတစ်ယောက်ပေပဲ။

သို့သော် သင်းသည် သာမန်ပုဏ္ဏား မဟုတ်နိုင်။

ဘာကြောင့် သာမန်ပုဏ္ဏားမဟုတ်နိုင်တာလဲ။ မင်းပုရောဟိတ်လား၊ ဗြာဟ္မဏလား၊ ခေါင်းဆောင်လား၊ သူကြွယ်ကြီးလား၊ မန္တန်တန်ခိုးကြီးသူလား၊ ဟား . . . သွားစမ်း။ အဲဒါတွေ တစ်ခုမှ စိတ်မဝင်စားဘူးဟေ့။ ဒါတွေကို ဆိုလိုတာ မဟုတ်။

သာမန်မဟုတ်ဆိုသည်က သင်း၏ ဆူဖြိုးသော ကိုယ်ခန္ဓာ၊ စိုပြည် သော အသားအရေ၊ ဒါကို ပြောတာ . . . ။

အသွေးအသားတွေက ဘယ်သို့ လှုပ်ရှားကြလေသည်မသိ။ ပါး စောင်ခံတွင်းအတွင်းမှာ ပြည့်ဝှန်းလာသော သွားရည်များ ဝန်းဖွဲ့လာကြ၏။ မထိန်းသိမ်းနိုင်တော့သည် ဖြစ်သဖြင့် နှုတ်ခမ်းထောင့်စွန်းမှပင် သွားရည်များ

တမြားမြား ယိုစီးကျလာကြသည်။ လည်ဇလုပ်ကြီး ထက်အောက်လှုပ်ရှားသွားသည်။ ဆည်မတန့်နိုင်သော တံတွေးသွားရည်များကို မျိုချလိုက်ရသောကြောင့် ဖြစ်၏။

ပုဏ္ဏား . . . ။ သင်း . . . ငါ့ရဲ့ . . . ။

လှည်းများပေါ်မှ လှည်းမောင်းသူ၊ အစောင့်လိုက်ပါလာသူတို့ အားလုံးသည် သွေ့ခြောက်ကြုံလှီသော အကောင်တွေ ဖြစ်သွားကြပြီ။ ပုဏ္ဏားသည် သာလျှင် အမြိုက်ဘောဇဉ်ဖြစ်တော့သည်။ သင်း အသွေးတွေ ဘယ်လောက် များ ချိုလိုက်မလဲ။ သင်း အကြောတွေ ဘယ်လောက်များ ဆိမ့်လိုက်မလဲ။ ပြီးတော့ . . . ပြီးတော့ သင်းရဲ့ အသားစိုင်တွေ ဘယ်လောက်များ နူးညံ့လိုက် မလဲ . . . ။ ပခုံးသား၊ လက်မောင်းသား၊ ဝမ်းဗိုက်သား၊ ပေါင်သား . . . အား . . . တွေးကြည့်ရုံဖြင့်ပင်၊ လျှာက ဆတ်ဆတ်လှုပ်လာသည်။ အူတွေက ဖျတ်ဖျတ်လွန့်လာသည်။ ဝမ်းဗိုက်အစာအိမ်ကတော့ အဆက်မပြတ်အောင် မြည်နေပြီ။ ကျွေးပါတော့ . . . ကျွေးပါတော့ . . . ။

အချိန်အခါသင့်ပြီ။ ရှားစောင်းလက်ပတ် ချုံအကွယ်မှနေ၍ အနီးရှိ လက်ပံပင် အလယ်ကိုင်းသို့ လှမ်းဆွဲကာ အရှိန်ဖြင့် ပို၍ မြင့်သော ကိုင်း တစ်ကိုင်းပေါ် ခုန်တက်လိုက်၏။ လက်ပံပွင့်နီနီရဲရဲတွေက သွေးတစ် သွေးတုံး ပမာ ရဲရဲနီနေသည်မို့ စိတ်တွေ ပိုရွှင်ကြွလာသည်။

လက်ပံကိုင်းကြီး တုန်ခါသွားသဖြင့် အပင်ပေါ်မှာ အုံနေသည့် ကျေး အုပ်ကြီးမှာ ဝေါခနဲ ထပျံကြသည်။ ထိုကျေးအုပ်ကြီး တောင်ပံခတ်သံ တဝေါ ဝေါထဲမှာပင် အသံနက်ကြီးတစ်သံ ဟိန်း၍ ထွက်လာ၏။

“ဟေး . . . ဟေး . . . ဟေး”

တဟေးဟေး ဟစ်ကာ လက်ပံကိုင်းပေါ်မှ အဝေးရောက်သည်အထိ ခုန်ဆင်းသည်။ ထို့နောက် သန်လျက်ကို စကြာနှယ် ဦးခေါင်းထက်၌ ချာချာ လည်စေရင်း လှည်းတန်းကြီးဆီ တစ်ဟုန်ထိုးပြေးဝင်သည်။

နွားတွေ တုန့်ခနဲ ရပ်သည်။ နဖားကြိုးတွေ တင်းခနဲ တန်းကြသည်။ လှည်းမောင်းသမားများ၊ လက်နက်စွဲအစောင့်များ လက်ထဲမှ ဓား၊ လှံ၊ တင်း ပုတ်၊ ရဲတင်း။ လေးမြားများ လွင့်စင် လွတ်ကျသည်။ တစ်ယောက်သောသူမျှ လည်း တည်တံ့ခြင်းငှာ မစွမ်းနိုင်။ သွေးစွန်းသော သန်လျက်သွား၏ သွေး ကွက်ကြွင်းသော နေရာများ၌ နေရောင်ထိမှန်၍ ပြန့်ထွက်သော ပြိုးပြက် တောက်ပ လျှပ်ရောင်သည် လူအားလုံးတို့၏ မျက်စိထဲသို့ သဲပူဖြင့် ပက်သကဲ့ သို့ ဖြစ်စေသည်။

အားလုံး မြေတွင် ပြားပြားဝပ်ကြခိုက်မှာပင် ဆူဖြိုးစိုပြည်သော

ပုဏ္ဏားကို ဝင်ဆွဲလိုက်၏။ ထို့နောက် ပြုနေကျအတိုင်း ခြေကျင်းဝတ်တို့မှ ဆွဲကိုင်ကာ ဓောက်ထိုးပြုလိုက်သည်။ ထို့နောက် လှည်းတန်းရှိရာမှ တစ်ဟုန်ထိုး ပြေးထွက်ခဲ့လေသည်။

ကျောက်ကုန်းထက်၌ ဦးခေါင်းကို ဓောက်ထိုး တွဲလျားဆွဲလာသဖြင့် ပုဏ္ဏား၏ ဦးခေါင်းမျက်နှာကို ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းတွင် ဖမျက်ဖြင့် ပုတ်ခတ်ပြီးသား။ ဆူဖြိုးသော ပုဏ္ဏားသည် သွေးရူးသွေးတန်း အနည်းငယ်မျှသာ အော်နိုင်ပြီး နထင်စနှင့် မေးရိုးတို့ကို ဖမျက်တို့ဖြင့် သုံးလေးချက် ခတ်လိုက်ပြီးနောက်တွင်ကား အသံမထွက်တော့။ သင်း . . . သတိမမေ့သေးဘူးပဲထား။ အကြောက်လွန်သဖြင့် အသံပျောက်သွားတာပဲဖြစ်မည်။ ဒီလိုပါပဲလေ . . . ဒီအတိုင်းပါပဲ။ သားကောင်တွေဟာ ဒီလိုချည်းပါပဲ . . . ။

ပြေး . . . ပြေး . . . ။ ကုန်းကမူ၊ ခင်တန်း၊ ကျောက်တုံး၊ ဆူးရစ် ချုံ၊ တောလမ်း၊ အစဉ်တစိုက်ပြေးခဲ့၏။ သားကောင်ကတော့ ပျော့ဖတ်လျက် ဓောက်ထိုးအတိုင်း ပါလာပြီ။ သင်းကို အချိန်ဆွဲ၍ မဖြစ်။ ပညောင်ပင် စခန်းရှိရာသို့ အမြန်ဆုံးရောက်မှဖြစ်မည်။ အချိန်ကြာသွားလို့ သားကောင် အကြောက်လွန် မေ့မျောသွားလျှင် အသားအချို့ပေါ့သွားနိုင်သည်။ လတ်လတ်ဆတ်ဆတ်မှ ကောင်းတာကလား။

— — —

ရုတ်တရက်ချက်ချင်းကြီး "ဟေး ဟေး"အသံဟစ်လျက် သန်လျက် ကိုခေါင်းပေါ်တစ်ချက်လှည့်ကာ ပြေးဝင်လာသောကြောင့် အားလုံးပင် ပြားပြားဝပ်ဖြစ်သွားခဲ့ကြ၏။ အကြောက်တရားက ငယ်ထိပ်အထိ တက်ဆောင့်သကဲ့သို့ ရှိသဖြင့် စွဲကိုင်ထားသော လက်နက်များလည်း လက်မှ အလိုလိုလွတ်ကျသွားခဲ့ကြသည်။

သို့သော် တစ်ယောက်သောသူက ဦးစွာ သတိပြန်ဝင်၏။ အဆုံးစွန်တုန်လှုပ်ထိတ်လန့်ခြင်းဖြင့် ကုန်ဆုံးသွားသောအခါ အခြေအနေကို သွေးအေးအေးဖြင့် သုံးသပ်လာနိုင်ခဲ့သည်။ လူသားစား လူ့ဘီလူးကြီး ရောက်လာသည်။ ပုဏ္ဏားကို ဆွဲယူ၍ ထမ်းပြေးသွားသည်။ မိမိတို့အားလုံး အငိုက်မိကာ အကြောက်လွန်နေကြချိန်၌ လူ့ဘီလူးကြီးက ပုဏ္ဏားကို ဆောင်ယူသွားခဲ့ပြီ။

ဤပုဏ္ဏားကား မိမိတို့၏ အလုပ်ရှင်ဖြစ်သည်။ မည်သို့သော အလုပ်ရှင်နည်း။ ဤတောအုပ်ကို လှည်းအစီးငါးရာတို့ဖြင့် ဖြတ်သန်းတော့မည်ဆိုကတည်းက မိမိတို့ကို သူငှားရမ်းခဲ့သည် မဟုတ်လား။

"လူသားစား လူ့ဘီလူးကြီးတစ်ကောင်ဟာ အင်မတန် လက်ရဲ ဇက်ရဲ နိုင်နေတယ်လို့ ကြားရတယ်။ ကျုပ်ကလည်း ကျုပ်ရဲ့ ကုန်သွယ်မှုအတွက် ဒီတောအုပ်ကို ဖြတ်သန်းသွားရမှာ၊ ဒီတောအုပ်ထဲမှာ လူ့ဘီလူး ကျက်စား သလား"

"လူသားစားလူ့ဘီလူးလား . . . သူကတော့ ဒီတောအုပ်ရယ် မဟုတ်ဘူး ပုဏ္ဏားကြီး၊ ဟောဒီ ဗာရာဏသီဒေသမှာတင် မကဘူး၊ ဇမ္ဗူဒိပ်ကျွန်း အလုံး၊ သူမရောက်တဲ့နေရာရယ်လို့ မရှိဘူး၊ လူသားစားသူဆိုတော့ လူသား ရှိနိုင်တဲ့နေရာမှန်သမျှ သူရောက်တာပဲ"

ပုဏ္ဏားကြီးမှာ ငိုတော့မလို ဖြစ်သွား၏။

"ခက်တော့တာပဲ ကရို၊ ကျုပ်ရဲ့ ကုန်တွေကလည်း ဒီနေ့ ဒီအခါမှာ ဒီတောအုပ်ကို ဖြတ်နိုင်မှ၊ ဟိုဘက်ဒေသ အချိန်းအချက်အတိုင်း ရောက်မှ အမြတ်အစွန်းများများရမှာ ဒုက္ခပါပဲ . . . "

ကုန်တွေ တင်ထားသော လှည်းအစီးငါးရာကို လှမ်းမျှော်ကြည့်ရင်း ပုဏ္ဏားကြီး ညည်းညူလေသည်။ ထို့နောက် မျက်လုံးများကို ပုတ်ခတ် ပုတ်ခတ်ပြုလျက်

"မောင်ရင်တို့က ဘယ်သွားကြမှာတုန်း"

"ကျုပ်တို့လား . . . ကျုပ်တို့က ဘယ်မှ မသွားကြဘူး၊ ဒီမှာ နေတာလေ"

"ဒီတောအုပ်မှာ နေတာလား"

"ဒီတောအုပ်ကို အမှီပြုပြီး ဒီဒေသမှာ နေတာပေါ့၊ ပုဏ္ဏားကြီးရဲ့"

"မောင်ရင်တို့ဆီကိုကော လူ့ဘီလူး မလာဘူးလား"

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

"ခုထိတော့ လူ့ဘီလူး မရောက်လာသေးဘူးလေ၊ ဒါကြောင့်လည်း ကျုပ်တို့ ဒီမှာ နေနေကြတာ။ ဒီတောအုပ်ကိုလည်း ခုထိ ဘယ်လှည်းတစ်စီး တလေမှ ဖြတ်သွားတာမျိုး မရှိသေးဘူး"

"ဒါဆိုရင် . . . "

ပုဏ္ဏားကြီးတစ်ခုခု စဉ်းစားဟန်ဖြင့် ငြိမ်သက်သွား၏။

"ဒီလို လုပ်မလား . . . မောင်ရင်တို့ . . .။ ကျုပ်မှာလည်း ကျုပ်ရဲ့ ကုန်လှည်းတွေနဲ့ ဒီတောအုပ်ကို မဖြတ်လို့ မဖြစ်ဘူး။ မောင်ရင်တို့ကလည်း ဒီဒေသ ကျွမ်းသူတွေဆိုတော့ တောအုပ်ကို အမြန်ဆုံး အတိုဆုံးလမ်းက ဖြတ်သန်းဖို့ ကျုပ်ကို လမ်းပြလုပ်ပေးနိုင်မလား"

"ရှင်းရှင်းပြောပါ ပုဏ္ဏားကြီးရယ်၊ တောအုပ်ဖြတ်သွားဖို့ လမ်းဆိုတာ

Type in the text you want to insert



ဘာမှ ခဲခဲယဉ်းယဉ်းမရှိပါဘူး။ ပုဏ္ဏားကြီးရဲ့ လှည်းမှူးကြီးကလည်း ခရီးလမ်း ပန်းသိနိုင်တဲ့ ပညာရှိပါတယ်။ ကျုပ်တို့ကို လမ်းပြအဖြစ်ခေါ်တာ မဟုတ်ပါဘူး အစောင့်အရှောက်အဖြစ် ငှားတာလို့ ပြောစမ်းပါ"

"ဟုတ် . . . ဟုတ်ပါတယ် . . . အစောင့်အရှောက်ပါ . . . ကျုပ်နဲ့ ကျုပ်ရဲ့လှည်းတွေ ဘေးမသီရန်မခ တောအုပ်ကို ဖြတ်သွားနိုင်အောင် . . . အဲ . . . မတော်တဆများ . . . ဟို . . . ဟိုဒင်း၊ . . . လူ့ဘီလူးရောက်လာခဲ့ သော် . . . "

"အဲဒီလို ဘွင်းဘွင်းပြောပါ၊ ကိုင်း ကျုပ်တို့ ပုဏ္ဏားကြီးကို စောင့် ရှောက်လိုက်ပါပေးမယ်၊ အဲဒီလို အသက်အန္တရာယ်ကာကွယ်ကြေးအတွက် သင် ကျုပ်တို့ကို ဘယ်လောက်ပေးမလဲ"

"အာ . . . အာ . . . အသပြာ . . . ငါးရာ . . . "

"နည်းတယ် . . . လူ့ဘီလူးရောက်လာရင် အသေအကျေတိုက်ရမှာ၊ အသပြာတစ်ထောင်ရရင် လိုက်ပါစောင့်ကြပ်ပေးမယ် . . . ဒါပဲ"

အသပြာတစ်ထောင်ဖြင့် ဈေးတည့်ခဲ့ကြလေသည်။

Type in the text you want to insert

## ၂

မိမိတို့သည် ပုဏ္ဏားကြီးထံမှ အသက်စောင့်ရှောက်ခအဖြစ် အသပြာတစ်ထောင်ကို လက်ခံရယူခဲ့ပြီးကြပြီဖြစ်၏။ ယခု ပုဏ္ဏားကြီးသည် လူ့ဘီလူး နောက်သို့ ပါသွားပြီ။ မိမိတို့ ဓားတစ်ဝှေ့၊ လှံတစ်ဝှေ့ပင် မဝှေ့ယမ်းလိုက်နိုင်ကြ။

စင်စစ်မူ လူသားစားသည်ဟု နာမည်ကြီးနေသော လူ့ဘီလူးကြီး သည် မိမိတို့တောအုပ်ဒေသသို့ ယခင်တစ်ခါမှ ရောက်မလာခဲ့ဖူးချေ။ ယခု သူရောက်လာသည်။ အမှန်တော့ ဤတောအုပ်ကိုလည်း မည်သည့် လှည်းအုပ်မျှ ဖြတ်သွားဖြတ်လာ မလုပ်ခဲ့ဖူးပေ။ ယခုတော့ အသပြာတစ်ထောင် လက်ခံပြီး အစောင့်အကြပ် အလုပ်လုပ်ပါမှ လူ့ဘီလူး ရောက်လာကာ အလုပ်ရှင် ပုဏ္ဏားကြီးကို ဖမ်းယူသွားသော အဖြစ်ကြုံကြရ၏။

မိမိတို့ တာဝန် မကျေဟု ခံစားလာရသည်။ အသပြာတစ်ထောင် ယူထားပါလျက် အလုပ်ရှင်အတွက် ဟေးဟေး အသံကလေးတစ်ချက်မျှပင် အော်ဟစ်ခြောက်လှန့်ဖို့ သတိမရခဲ့ကြ။

ထိုသူသည် မြေပြင်ပေါ်မှ ကုန်းထလိုက်၏။

"ရောင်းရင်းတို့၊ ရောင်းရင်းတို့ ထကြစမ်း၊ ထကြစမ်း၊ လူ့ဘီလူးကြီး မရှိတော့ပါဘူး၊ ပုဏ္ဏားကြီးလည်း ပါသွားပြီ"

အားလုံး ထလာကြသည်။

"ဒီမှာ ရောင်းရင်းတို့၊ ကျုပ်တို့ဟာ ပုဏ္ဏားဆီက အသပြာတစ်ထောင် ယူထားပြီး လူ့ဘီလူးရောက်လာတာနဲ့ လက်နက်တွေကို မြေပြင်ပေါ် ပစ်ချ၊ လူတွေ ပြားပြားဝပ်ချနဲ့ ယောကျ်ား မပီသကြဘူး"

"ဟာ . . . ရောင်းရင်း၊ အဲဟိုဟာက လူ့ဘီလူးလေ၊ လူသားစားလေ"

"ဟုတ်ပါပြီ၊ အရင် ကျုပ်တို့ ကြားဖူးနေတဲ့ လူ့ဘီလူးပါ၊ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူက တစ်ယောက်တည်း မဟုတ်လား၊ ကျုပ်တို့မှာက အုပ်စုနဲ့ပါ၊ ပြီးတော့ လက်နက်တွေနဲ့ပါ"

"ဒါတော့ မှန်ပါရဲ့၊ သို့သော် အိမ်ကမယား မုဆိုးမ ဖြစ်မယ့်ကိန်း တော့ ကျုပ်မလုပ်သေးဘူးဗျာ"

တစ်ယောက်က အတည်ပြောသော်လည်း ဝါးခနဲ ဝိုင်းရယ်ကြ၏။

"ခဏနေပါဦး၊ ဘယ်သူ့မယားမှလည်း မုဆိုးမ မဖြစ်စေရပါဘူး၊ ကျုပ်ပြောတာက လူ့ဘီလူးဟာ သူ့အစာကို သူယူသွားတယ်။ အဲဒီအစာက ပုဏ္ဏားကြီး၊ အဲဒီ ပုဏ္ဏားကြီးက ကျုပ်တို့ကို အသပြာတစ်ထောင်ပေးထားတဲ့ သူ၊ ကျုပ်တို့က သူ့အသပြာကိုတော့ ယူပြီး သူ့အတွက် ဘာမှ လုပ်မပေးကြဘူး ဆိုရင် . . ."

အားလုံး လေးလေးနက်နက် နားထောင်ကြသည်။

"ဟောဒီ တောအုပ်တန်းသား မပီသရာကျတယ်။ ယောကျ်ားမပီသရာလည်း ကျတယ်။ အခုနေ ကိုယ့်အိမ်ကိုယ်ပြန် ကိုယ်ရလာတဲ့ ဝေစု အသပြာ ကိုယ့်မယား ကိုယ်ပေးလို့ မယားက မေးရင် ဘယ်လို ဖြေမှာလဲ။ ပုဏ္ဏားကြီး အတွက် အသက်စောင့်ရှောက်ခ၊ တော့်ပုဏ္ဏားကြီးကောလို့ မေးရင် လူ့ဘီလူး လက်ပါသွားပြီ၊ ဒီလိုပဲ ပြောရမှာ။ ဒီတော့ မယားလုပ်သူက ဘယ်လို ထင်မလဲ၊ ဘယ်လိုပြောမလဲ၊ ဓားလှံစွဲပြီး သက်တော်စောင့် သူရဲကောင်းလိုလို ဘာလိုလို နဲ့ သူများ အသပြာကို အချောင်ယူလာတဲ့ ယောကျ်ား၊ ဘာတစ်ခုမှ အကာ အကွယ်မပေး၊ ဘာတစ်ခုမှ မကြိုးစားဘဲ အသပြာဝေစုကို လုယူသလို ယူလာ တဲ့ ဟာကြီး ကိုင်း . . . ဘယ့်နှယ်ရှိစ"

အားလုံး ငိုင်သွားကြသည်။ ယောကျ်ားတို့ မာနကို ပုတ်ခတ်လိုက်သော စကားဖြစ်သဖြင့် ရှုံးရဲ့အသံများလည်း ထွက်လာကြသည်။

ဦးဆောင်ပြောသူက စကားဆက်လိုက်၏။

"ကိုင်း ... ဒီတော့ ယောကျ်ားသွေးလည်း ပြရာရောက်၊ ကိုယ့်တာဝန် ကိုယ်ကျေရာလည်း ရောက်၊ ယုတ်စွအဆုံး အိမ်ကမယား မေးလာတောင်မှ ဖြေစရာစကားလေး ရအောင် ကျုပ်တို့ လူ့ဘီလူးနောက် လိုက်ကြစို့လား"

"ဟုတ်တယ်၊ ဒီစကား မှန်တယ်"

"လူ့ဘီလူးက တစ်ကောင်တည်းပဲ၊ ကျုပ်တို့က အုပ်စုနဲ့ပဲ၊ လိုက်မယ်"

မြေပြင်ပေါ် ပြန့်ကျဲနေသော ဓား၊ လှံ၊ ရဲတင်း၊ တင်းပုတ်များကို ကောက်ကိုင်လိုက်ကြလေသည်။

---

ဆူဖြိုးသော ကိုယ်ခန္ဓာကြီးကို ဖောက်ထိုး တွဲလောင်းပြုလျက် မနား တမ်းပြေးလာခဲ့ရာတွင် တစ်ချက်ကလေးမှ မောဟိုက်နွမ်းနယ်ခြင်း မရှိပေ။

သို့သော် အကြောက်လွန်ကာ မေ့မြောနေသော ပုဏ္ဏား၏ ခန္ဓာကိုယ်ကြီးက တဖြည်းဖြည်း လေးလံချင်လာသည်။ ထို့ကြောင့် အသော့နှင်နေသော ခြေလှမ်းများကို အရှိန်လျှော့လိုက်ကာ ပုဏ္ဏားအား လက်ဝဲဘက်မှ လက်ယာဘက်သို့ ပြောင်းလိုက်သည်။

ဟိုလှည်းအုပ်မှာ အစောင့်အရှောက်အဖြစ်လိုက်ပါလာသည့် လူတွေတော့ ယခုအချိန်ဆိုလျှင် လှည်းပေါ်တက်ကာ၊ နွားကို ဒုန်းစိုင်းမောင်းပြေးလောက်ပြီ။ သွားကြစမ်းပစေ။ သင်းတို့များ အရေးအရာလုပ်လို့။ အလွန်ဆူ ဖြိုးစိုပြည်သော သားကောင်ကို ရခဲ့ပြီပဲ။

ပုဏ္ဏားကား အကြောက်လွန်ကာ မေ့မြောနေဆဲပင်။ ပြေးရင်းလွှား ရင်း သင်း၏ ဦးခေါင်းကို ဖမျက်များဖြင့် ခတ်ခဲ့သောကြောင့် မူးဝေနာကျင် မေ့မြောသွားတာလည်း ဖြစ်နိုင်သည်။ နေဦး၊ သည်အတိုင်းထား၍ မဖြစ်၊ သင်းကို သတိရအောင် လုပ်ရမည်။ သတိရတော့မှ သင်းမှာ ထိတ်လန့်ကြောက်ရွံ့ခြင်းတွေ ဖြစ်လာမည်။ ထိတ်လန့် ကြောက်ရွံ့နေမှပင် သင်း၏ သွေးတွေက ဆူဝေလာမည်။ သွေးတွေ ဆူဝေလာမှ ထိုသွေးကို မြန်မြန်ကြီး လှည့်ပတ်သည့် အကြောတွေကတစ်ဆင့် အသားစိုင်တွေဟာ ပိုပြီး လေးပင်ချိုမြိန်လာကြမှာ ဖြစ်သည်။

ဟောဟို ဆူးရစ်ချုံတွေနောက်မှာ ရေကန်ငယ်တစ်ခု ရှိသည်။ ရေကန်ရောက်တော့မှပင် ပုဏ္ဏားကို ပစ်ချ၍ သတိရအောင် လုပ်မည်။ ထိုအချိန်မှာပင် အဝေးဆီမှ ကြွေးကြော်လာသော ညာသံများကို ကြားလိုက်ရလေသည်။ တောင်ပူစာလေးတစ်ခု ထိပ်ပေါ်မှ လှည့်ကြည့်လိုက်သောအခါ လက်နက် ကိုယ်စီစွဲထားသော လူအုပ်ကို တွေ့လိုက်ရသည်။ လှည်းအုပ်မှ အစောင့်လိုက်ပါလာသူများ ဖြစ်ကြောင်း မှတ်မိသည်။ ဩ သင်းတို့ အရဲကိုးပြီး လိုက်လာကြသကိုး။ ပုဏ္ဏားကို လွှတ်ချပြီး သင်းတို့ကို ရင်ဆိုင်ရမလား။ ပုဏ္ဏားကို သယ်ပြီး ဆက်ပြေးမလား ဝေခွဲမရ ဖြစ်သွား၏။

လိုက်လာသော လူအုပ်ထဲမှ လေးငါးယောက်မျှသည် ရှေ့ဘက်သို့ ဦးဆောင်ထွက်လာကြသည်။ သူတို့ လေးငါးယောက်ထဲကမှ တစ်ယောက်သောသူသည် ရဲတင်းကို ဝင့်ကာဝင့်ကာဖြင့် ပြေးလာပြန်သည်။ လူကောင်ထွားထွား ရဲဝံ့ပုံပေါ်သည်။ ခေါင်းဆောင်ဖြစ်ဟန်တူသည်။ သူတို့လူ မကြောက်မရွံ့ ဦးဆောင်ပြေးဝင်သည်ကို တွေ့သဖြင့် နောက်မှ လူအုပ်လည်း အားတက်လာကြဟန်ရှိသည်။ ဓား၊ လှံ၊ တင်းပုတ်၊ လေးမြား လက်နက်ဖြင့် လူတွေနှစ်ဆယ် သုံးဆယ့်ငါးဆယ်ထက် မလျော့။

သင်းတို့ကို လှည့်ပြီး ရင်ဆိုင်တိုက်ခိုက်နေလျှင် အချိန်လင့်သွား

မည်။ သူသေကိုယ်ကြေထိုးခုတ်ကြလျှင် သင်းတို့ထဲမှ အနည်းဆုံး ဆယ်ဦးလောက် ဇီဝိန်ကြွေသွားနိုင်သလို မိမိလည်း ဒဏ်ရာအနာတရရနိုင်သည်။ အကြောင်းမလှလျှင် မိမိပါ မရဏလမ်း မြန်းသွားနိုင်သည်။ သင်းတို့ ဆယ်သက်၊ ကိုယ့်တစ်သက် အချည်းနှီးပဲ။

ပို၍ ဆီလျော်သော အကြောင်းက ယခုအခါ မိမိ၌ စိတ်ကြိုက် သားကောင်ကို ရထားပြီ။ ဆူဖြိုးသော သားကောင်ကို မကြာခင် မြိန်မြိန်ကြီး စားသောက်ရတော့မည့် အချိန်မှာ ဘာကြောင့် အချည်းနှီးသော တိုက်ပွဲကို ဆင်နွှဲနေမည်နည်း။ ထိုသို့ စဉ်းစားလိုက်သောအခါ ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်မှုကို သတိရသွား၏။ ဟုတ်သားပဲ၊ သိပ် ဆာလောင်နေပြီ။

ထို့ကြောင့် လက်ယာဘက်မှာ ထမ်းထားသော ပုဏ္ဏားကို လက်ဝဲဘက်သို့ ပြန်ပြောင်းချိတ်ကာ ရှေ့ဆက်ပြေးရန် ဆုံးဖြတ်လိုက်သည်။ ရေကန်ငယ်လေးရှိရာသို့ကား မဟုတ်တော့။ ခရီးလမ်းကြောင်း ပြောင်းရမည်။ တောမီးလောင်ထားသော တောင်စောင်းအတိုင်း ပြေးဆင်းလိုက်လျှင် နောက်က လူအုပ်လည်း ဆက်လိုက်ဖို့ မလွယ်တော့။ ထိုတောင်စောင်းတစ်လျှောက်မှာ မီးကျွမ်းထားသော သစ်ပိုင်းအပိုင်းအပြတ်တွေ၊ ငုတ်တွေ အတိပြီးသည်။ တောင်စောင်းအတိုင်း လျှိုထဲသို့ ပြေးဆင်းပြီးမှ ပညောင်ပင် စခန်းရှိရာသို့ သွားတော့မည်။

ဟုတ်ပြီ အကောင်းဆုံး လမ်းကြောင်းပဲ။

ပုဏ္ဏား၏ ခြေကျင်းဝတ် နှစ်ဘက်ကို ပူး၍ မြဲမြဲစွာ ဆုပ်ကာ ဦးစိုက်ဖောက်ထိုး ထမ်းလျက် တောင်စောင်းအတိုင်း ပြေးဆင်းလိုက်သည်။ တောမီးလောင်ထားသော တောင်စောင်းတစ်လျှောက်မှာ မီးကျွမ်းထားသော သစ်ပင်တွေက အပိုင်းပိုင်း အပြတ်ပြတ်လဲလျက် စောင်းလျက် ငိုက်လျက် ရှိကြသည်။

ကန့်လန့်ဖြတ် လဲကျနေသော သစ်ပင်ကြီးတစ်ပင်ကို ခုန်လွှား၍ ကျော်လိုက်သည်။ ထိုစဉ်မှာပင် အသည်းခိုက်သည်အထိ နာကျင်သွားသော ထိုးစိုက်မှုတစ်ခုကြောင့် "အား"ဟု အသံနက်ကြီးဖြင့် အော်လိုက်မိတော့၏။

မီးလောင်ပြင်ထဲက ရှားငုတ်တစ်ငုတ်ပေါ်ကိုမှ တည့်တည့်ကြီး နင်းချလိုက်မိခြင်းပင်၊ ရှားငုတ်သည် ခြေဖဝါးမှ ထိုးဖောက်ကာ ခြေဖမိုးမှ ပေါက်ထွက်နေသည်။ သွေးတွေက ဝေါက်ခနဲ ပန်းထွက်လာသည်။

မိမိ၏ ကိုယ်အလေး၊ ပုဏ္ဏား၏ ကိုယ်အလေး၊ ထို့နောက် အားရှိ ပါးရှိ ခုန်ချလိုက်သော အရှိန်။ ဖဝါးမှသည် ဖမိုးသို့ တိုးလျှိုပေါက်ဖောက်သွား သည့် အပေါက်ကြီး။

အံသွားတို့ ကျိုးကျေမတတ် အံကို ကြိတ်လျက် ရှားငုတ်တံစို့မှ ခြေထောက်ကို နုတ်ယူ၏။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်အောင် နာကျင်လှ

သည်။ ထို့နောက်ကား ခြေတစ်ဖက်တည်းဖြင့်သာ ခုန်၍ ခုန်၍ ပြေးရတော့သည်။ တစ်လျှောက်လုံး သွေးတွေ မြင်မကောင်းအောင် စွပ်ကြောင်းထင် ကျန်ရစ်ခဲ့သည်။

"ဟေး . . . ငါ့လူတို့၊ ဘီလူးကြီး ဒဏ်ရာရသွားပြီ၊ သွေးတွေမှ မြင်မကောင်းဘူး၊ တွေ့ကြလား"

"ဟာ . . . ဟုတ်ပါရဲ့၊ နေပါဦး၊ ကိုရင် ရဲတင်းနဲ့ ခုတ်လိုက်တာလား"

"ခုတ်တာ မခုတ်တာ ထားပါတော့လေ၊ ဒင်း အခု ဒဏ်ရာရသွားပြီ၊ သွေးတွေ ဒီလောက်များပုံထောက်တော့ ဒဏ်ရာအတော်ကြီးမှာပဲ၊ ဒင်း ကျုပ်တို့ လက်က မလွတ်တော့ဘူး"

"ဟုတ်မှလည်း လုပ်နော၊ ဒဏ်ရာက ဘယ်လောက်ပြင်းပြင်း၊ လူ့ဘီလူးဟာ လူ့ဘီလူးပဲ"

"အို . . . ခုထိ ကြောက်နေတုန်းလား၊ လာစမ်းပါ၊ ဆက်လိုက်မယ်"

"ဟော့ ဟော့ နေကြဦး၊ ဟော ဟိုရှေ့မှာ"

"ဟာ . . . ပုဏ္ဏားကြီးပါလား"

— — —

သားကောင်ကို ပစ်ချခဲ့ရပြီ။ တစ်ဘက်တည်းသာ အသုံးဝင်တော့သော ခြေထောက်ဖြင့် မည်သို့မျှ ဆက်မပြေးနိုင်တော့ ယခုအချိန်တွင် မိမိ အသက်ရှင်နေရေးသည်သာ တစ်ခုတည်းသော လိုအပ်မှုဖြစ်၏။ အစာကို တပ်မက်နေလျှင် အသက်သေခံရတော့မည်။ ထို့ကြောင့် ပုဏ္ဏားကို လွှတ်ချခဲ့ရသည်။ ထူထပ်သော ချုံတစ်ခုအတွင်းသို့သာ တိုးဝင်ခဲ့သည်။ အလွန်အမင်း နာကျင်မောပန်းနေပေပြီ။ တသွင်သွင်ယိုထွက်သော သွေးတွေက များလွန်းသဖြင့် မူးနောက်ရီဝေလာခြင်းကိုလည်း ခံစားရသည်။

ချုံပုတ်ထဲမှာ လှဲ၍ ခြေထောက်အပေါက်ဒဏ်ရာထဲသို့ သစ်ရွက်ရည်များ ညှစ်ချကာ အရွက်များကို ချေ၍ ထိုးသိပ်သည်။ မိမိ ဤချုံပုတ်ထဲမှာ ရှိသည်ကိုကား လိုက်လာသူများ မသိနိုင်ကြ။ ချုံပုတ်က ကြီးမားထူထပ်၍ ပိတ်နေအောင် ရှုပ်ထွေးသော ချုံပုတ်ကြီး ဖြစ်သည်။

"တွေ့လား ပုဏ္ဏားကြီးကို ပစ်ချပြီး ထွက်ပြေးသွားပြီ"

"ဒီလောက် ဒဏ်ရာကြီးနဲ့ သိပ်ဝေးဝေးလံလံ ပြေးနိုင်မှာ မဟုတ်ဘူး။ ဒီအနီးအနားတစ်ဝိုက်မှာပဲ ရှိရမယ်၊ ဘယ့်နှယ်လဲ တောနင်းရှာကြမလား"

"ဒီမှာ ကိုယ့်လူ၊ ကျုပ်တို့ အခု အရဲစွန့်ပြီး လိုက်လာတာက ပုဏ္ဏားကြီးအတွက် မဟုတ်လား၊ ပုဏ္ဏားကြီးကို ပြန်ရမှတော့ ဘာဖြစ်လို့ ဆက်လိုက်နေဦးမှာလဲ၊ လူ့ဘီလူးကို သုတ်သင်ဖို့မှ မဟုတ်တာ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီနေရာက တောလည်း နက်လာပြီ၊ လူ့ဘီလူးကို တွေ့တယ်ထား၊ သတ်ကြ ပုတ်ကြရင် ကျုပ်တို့ထဲကလည်း သုံးလေးယောက် ခေါင်းပြုတ်သွားနိုင် . . . "

"ကဲ . . . တော်ပြီ၊ ပုဏ္ဏားကြီးကိုသာ မ,သယ်ခဲ့ကြစို့ဟေ့"

ပညောင်ပင်စခန်း ရောက်အောင် မနည်းမနော အားတင်းကာ ပြန်ခဲ့ရသည်။ ပညောင်ပင် မြစ်ပါးပျဉ်းကြား ရောက်သောအခါ ခုတ်လှဲခံလိုက်ရသော ငှက်ပျောပင်တစ်ပင်လို ဘုန်းဘုန်းလဲ ပစ်ကျသွားသည်။ ဖဝါး ဖမိုး ဒဏ်ရာမှ နာကျင်လိုက်သည်မှာလည်း မေ့မြောသွားမတတ်ပင်။ တစ်ကိုယ်လုံး မှာ သွေးမရှိတော့ဟု ထင်ရသည်။ သွေးအထွက် သိပ်မလွန်သွားတာပဲ တော်သေးတော့သည်။ ရသမျှ သစ်ရွက်တွေကို ဆုပ်ချေ အရည်ညှစ်ချကာ ဒဏ်ရာ အပေါက်ထဲ ထိုးသိပ်၍ နွယ်ကြိုးအခေါက်များဖြင့် စည်းနှောင်လိုက်ရသည်။ သွေးကတော့ တိတ်သွားပြီ။ သို့သော် မူးဝေနောက်ကျိနေသည်။ တောတောင် မြင်ကွင်းအားလုံး တရိပ်ရိပ် လည်ပတ်နေသည်။ အစာမွတ်သိပ်ခြင်းကြောင့် လည်း ဝမ်းဗိုက်ပြင်မှာ ပူလောင်နေသည်။

မြစ်ပါးပျဉ်းပေါ်သို့ ဦးခေါင်းတင်လိုက်သည်။

ညောင်ရွက်ဖားဖားများ အကြားဝယ် လေတိုးသံကြောင့် ရှူးရှူးရှဲရှဲ အောမြည်သံ ထွက်ပေါ်နေသည်။ ညောင်ရွက်ကလေးများ ပွတ်တိုက်သံကို စကားသံများအဖြစ် ကြားယောင်သည်။

"ဟေး . . . လူသားစားကြီးရဲ့၊ မင့်အသားကျတော့ နာတတ်လိုက်တာလား"

"သူတစ်ပါးတွေကိုတော့ ထိုးခုတ်လှီးဖြတ်၊ ဟင်–အခု မင်းအလှည့် ဘယ့်နှယ်လဲ၊ ခြေဖဝါးကနေ ခြေဖမိုးအထိ ရှားငုတ်ဖောက်သွားတာလေးနဲ့ပဲ ဒီလောက်ဖြစ်ရသလား လူသားစားကြီးရဲ့"

"လူသားစား လူ့ဘီလူးကြီး၊ ဘယ်လိုလဲ၊ ကိုယ့်သွေးကိုယ် အခုမှ မြင်ဖူးသလား၊ ဒီလိုဖြစ်လာအောင် ဘယ်သူလုပ်တာလဲ၊ ဘယ်သူက လုပ်တာလဲ၊ ဒီဘဝရောက်အောင် လုပ်တာ ဘယ်သူလဲ"

ဘယ်သူလဲ . . . ဘယ်သူလဲ . . . လူသားစား လူ့ဘီလူးဘဝရောက်အောင် ဘယ်သူလုပ်တာလဲ။ နာကျင်ခြင်းတို့၏ အဆုံးဝယ် မျောနစ်လုနီးပါး အသိစိတ်၌ မဝေးသေးသော အတိတ်ဖြစ်ရပ်များက လူးလွန့်လှုပ်ရှားလာကြလေသည်။

# ၃

လူးလွန့်လှုပ်ရှားသွားလာသော အသံတိတ်ဖြစ်ရပ်များ၏ အခိုးအငွေ့များထဲတွင် ဦးစွာ ပြတ်သားထင်ရှားလာသော ရုပ်ပုံကား မျက်နှာတစ်ခုပင်ဖြစ်လေသည်။

ထိုမျက်နှာသည် ကျယ်ပြန့်သော နဖူး၊ ရှင်းလင်းဖြောင့်တန်းသော မျက်ခုံး၊ ရှည်လျား သွယ်လျသော နှာတံ၊ စေ့စပ်တိကျသော နှုတ်ခမ်းတို့ဖြင့် ဖွဲ့စည်းထား၏။ အထူးသဖြင့်ကား၊ ကြည်စင်တောက်ပသော မျက်လုံးအိမ်များသည် ကျက်သရေရှိသော ထိုမျက်နှာပြင်၏ ဗဟိုချက်မပင် ဖြစ်သည်။

ထိုမျက်လုံးအိမ်တို့မှ ထွက်ပေါ်လာသည့် အကြည့်သည် အရာရာကို ပညာဖြင့် သိမ်းထုပ်ခြင်း၊ သတိတရားဖြင့် ထိန်းချုပ်ခြင်းစသော အရောင်အဝါတို့ဖြင့်သာမက အကြီးအမှူးအဖြစ် မည်သူ့ကိုမဆို ညွှန်ပြဆုံးမရန် ဝန်မလေးသော အမိပ္ပာယ်တို့ကိုပါ ဆောင်နေ၏။

ထိုမျက်နှာပိုင်ရှင်နှင့် စတင်တွေ့ဆုံခဲ့ရသော နေရာကား၊ တက္ကသိုလ်သီလာမြို့တံခါးအဝင်ဇရပ်တွင် ဖြစ်လေသည်။ ပူပြင်းသော နေ့ခင်း မွန်းတိမ်းချိန်ဖြစ်၍ အပန်းဖြေနားနေရန် ဇရပ်ဆောင်၏ ပျဉ်ထက်မှာ ထိုင်ခဲ့စဉ် သူ့ကို စ,တွေ့ရ၏။ သူကလည်း ပျဉ်တစ်ပြားတည်း၏ ဟိုဘက်အစွန်၌ ထိုင်နေသည်။ ခန့်ညားတည်ငြိမ်၍ လေးစားဖွယ်ကောင်းသော သူ့မျက်နှာကို ဘေးတိုက် အနေအထားမှ ကြည့်မိနေစဉ် သူ့မျက်နှာက လှည့်လာ၏။

ငြိမ်သက်သော အပြုံးဖြင့် ထိုသူက စကားစသည်။

“ခရီးပန်းနေပြီ ထင်ပါတယ်။ ဘယ်ကလာလို့ ဘယ်ကို သွားဖို့ပါလဲ”

သူ့အသံသည်လည်း သူ့ဥပဓိနှင့် လိုက်ဖက်စွာ ကြည်လင်အေးချမ်း၍ သူမေးလျှင် ပြန်မဖြေဘဲ မနေနိုင်သော အသံမျိုးဖြစ်၏။

“ဗာရာဏသီက လာခဲ့ပါတယ်၊ တက္ကသီလာကို သွားဖို့ပါ၊ အခုမြို့တံခါးဇရပ်မှာ တဆိတ်မောပန်းလို့ ခဏနားပါတယ်”

သူက ငြိမ်သော အပြုံးကို မရပ်သိမ်းဘဲ၊ ပျဉ်ပေါ်သို့ လက်ထောက်ကာ ဦးခေါင်းညိတ်၏။ သူ့အလှုပ်အရှား အမူအရာသည်လည်း ခမ်းနား သိုက်မြိုက်ပေသည်။

"ကျွန်ုပ်လည်း တက္ကသီလာကို လာခဲ့တာပါ၊ ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့ကပါ။ ကောရဗျမင်းရဲ့ သားတော်၊ သုတသောမ ခေါ်ပါတယ်၊ အကြည်တော်ကကော"

သြော်–သူလည်း တိုင်းပြည့်အရှင်၊ ဘုရင့်သားပါတကားဟု သိခွင့်ရ၏။ ကုရုတိုင်း . . . ဣန္ဒပတ္တနဂိုကား၊ မိမိတို့၏ ဗာရာဏသီပြည်ထက် ပို၍ကြီးမားပေသည်။

"ကျွန်ုပ်က ဗြဟ္မဒတ္တပါ၊ ခမည်းတော်က ကာသိမင်းဖြစ်ပါတယ်"

အပြန်အလှန် ဦးညွှတ်၍ နှုတ်ဆက်ဖြစ်ကြသည်။ သည်မှာပင်လျှင် သုတသောမမင်းသားက အနည်းငယ်မျှသာ ဦးခေါင်းကို နိမ့်၍ ညွှတ်သယောင်ပြုသော်လည်း မိမိကမူ လေးလေးစားစားပင် အတန်ငယ်ပို၍ ငုံ့ငိုက် ဦးညွှတ်မိကြောင်း သတိထားမိပြန်သည်။

"တက္ကသီလာက ဒိသာပါမောက္ခဆရာကြီးထံမှာ တစ်ဆရာတည်း တပည့်များအဖြစ် ကျွန်ုပ်တို့ ဆုံဖြစ်ကြရတာကို ဝမ်းမြောက်မိပါတယ်။ ဆရာကြီးထံမှာ ကျွန်ုပ်တို့လိုပဲ အခြား ဘုရင့်သားတော်များနဲ့ တွေ့ကြရလိမ့်ဦးမယ်၊ အဆွေခင်ပွန်းအဝန်းအဝိုင်းဆိုတာ ကျယ်ပြန့်လေလေ ကောင်းလေလေပေါ့ အကြည်တော်"

"မှန်ပါတယ် . . . အဲဒီ အဝန်းအဝိုင်းကြီးမဖြစ်ပေါ်ခင်မှာ ကုရုတိုင်းက ကောရဗျဘုရင်ရဲ့ သားတော် သုတသောမနဲ့ ဗာရာဏသီပြည်က ကာသိမင်းရဲ့ သားတော် ဗြဟ္မဒတ္တတို့ကတော့ အဦးဆုံး အဆွေခင်ပွန်းများ ဖြစ်ကြပါပြီ အကြည်တော်"

ခင်မင်နှစ်လိုစွာပင် ပြောဖြစ်၏။ သုတသောမက ပြုံးလေသည်။ ပြုံးရင်းပင် သူက

"မိတ်ဆွေအယောက်တစ်ရာ ရှိပါသလား၊ နည်းပါသေးသည်တဲ့၊ ရန်သူတစ်ယောက်ရှိနေပါသလား များလှပါသည်တဲ့၊ ကလျာဏမိတ္တအဖြစ်ဟာ အေးချမ်းလှပါတယ်"ဟုဆိုလေသည်။

သူပြောသည့်အတိုင်းပင် ဒိသာ ပါမောက္ခထံသို့ ပညာသင်လာကြသည့် တစ်ရာ့တစ်ပါးသော မင်းသားတို့နှင့် တွေ့ဆုံသိကျွမ်းခွင့်ရခဲ့သည်။ တက္ကသီလာ ပညာတော်သင်ဘဝကား ပျော်ရွှင်ဖွယ်ကောင်းလေသည်။ မင်းပျိုမင်းလွင်တို့သည် လွတ်လပ်တက်ကြွစွာ၊ အဋ္ဌာရသသိပ္ပများကို သင်ယူကြရင်း

မဟာမိတ်အဆွေခင်ပွန်းများ ဖြစ်လာကြသည်။ ဤပညာသင် အားလုံးတွင် သုတသောမ မင်းသားသည် ကျန်မင်းသားများထက် အသက်အရွယ် ပြောပလောက်အောင် ကြီးရင့်သည်မဟုတ်သော်လည်း အကြီးအမှူးသဖွယ် ဖြစ်လာ၏။ ဤသို့ ဖြစ်လာခြင်းမှာ သုတသောမ မင်းသားကိုယ်တိုင်က အရာအဆင့်ယူခြင်းကြောင့်ကား မဟုတ်ပေ။

"အကြည်တော် . . . ဟောဒီ သမ္မုတိ ဓမ္မသတ်အတတ်မှာ၊ အကြည်တော် နှလုံးသွင်းမှု နည်းနည်းလိုနေသေးတယ်၊ ဓမ္မသတ်ဆိုတာ အချုပ်အနှောင် မဟုတ်ဘူး၊ အရံအတားဖြစ်တယ်ဆိုတာကို သဘောပေါက်ထားဖို့ လိုတယ်"

"နီတိမှာ အဆင့်ဆင့်ရှိတယ် အကြည်တော်တို့၊ ဒိသာ ပါမောက္ခ ဆရာကြီးဟာ နီတိကို အဆစ်အပိုင်းအလိုက် သင်ကြားပို့ချနေတယ်၊ ဟောဒီမှာကြည့်"

"စောင်းညင်းကဗျာ လင်္ကာအတတ် ဂန္ဓဗ္ဗကို သင်ယူတော့မယ်ဆိုရင် သင်္ခါရလောက ဩကာသလောကကြီးအပေါ် ချစ်ခင်တဲ့ စိတ်နှလုံးထားရှိရမယ်"

"ဣတိဟာသ–ရယ်ရွှင်ဖွယ် ပညာအတတ်ဆိုတာ အပြောင်အပြက်ကို ဆိုလိုတာမဟုတ်ပါဘူး၊ လောကကြီးရဲ့ အမြီးအမောက်မတည့်တဲ့ အရာတွေကို တည့်မတ်ပေးချင်တဲ့ စိတ်စေတနာ ပြဋ္ဌာန်းရမယ်၊ ဒီစေတနာနဲ့၊ နာယူသူ လက်ခံချင်လာအောင် ဟာသရသကို ပေးရမယ်"

"သံတမန် အတတ် ကေတု သိပ္ပကို အကြည်တော်တို့ လေးနက်စွာ သင်ယူကြပါ၊ မိမိတိုင်းပြည် ပြန်ရောက်တဲ့အခါ ထီးနန်းပလ္လင်ထက် တက်ရောက်ရမယ့် မင်းလောင်းများဖြစ်တဲ့ အကြည်တော်တို့ဟာ အတိုင်းတိုင်း အပြည်ပြည် တမန်ရေးရာများကို မုချစီမံကြရမှာ ဖြစ်တယ်"

သုတသောတမင်းသားထံမှ နေ့စဉ်နှင့်အမျှ ကြားရသော စကားများဖြစ်၏။ တစ်ဆယ့်ရှစ်ရပ်သော အဋ္ဌာရသသိပ္ပတို့ကို သင်ယူကြသူချင်း အတူတူတွင် သုတသောမမင်းသားသည် အခြားမင်းသားများကို တစ်ဆင့် ပြန်လည်ပို့ချရှင်းလင်းပေးတတ်သူ ဖြစ်သည်။ ဤသို့တစ်ဆင့် ပို့ချပေးနိုင်အောင်လည်း သုတသောမသည် အားလုံးထက် အသိဉာဏ်ခေါင်းတစ်လုံး ပိုမြင့်သူ ဖြစ်နေလေသည်။

ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးကလည်း သုတသောမကို လက်ရုံးတပည့်ကြီးအဖြစ် အလိုလို အသိအမှတ်ပြုလာရ၏။ သင်ယူသမျှ အတတ်တို့မှာလည်း သုတသောမသည် ကြွင်းသော တပည့်ခပ်သိမ်းတို့ထက် အလျင်

ဦးစွာ တတ်မြောက် ပေါက်ရောက်နှင့်သည်သာ ဖြစ်၏။ သုတသောမမင်းသား သည် ဒိသာပါမောက္ခနှင့် တပည့်များ၏ အသိအမှတ်ပြုမှုဖြင့် ဆရာတစ်ပါး ဖြစ်လာခဲ့ရလေသည်။

တက္ကသီလာပညာသင်များ အားလုံးအနက် သုတသောမမင်းသား အရင်းချာဆုံး အရေးအပေးဆုံး မိတ်ဆွေကား အခြားသူမဟုတ်။

"အကြည်တော် ဗြဟ္မဒတ္တ–အကြည်တော်နဲ့ ကျွန်ုပ်ဟာ ဟောဒီ တက္ကသီလာကို စရောက်တဲ့နေ့မှာပဲ မြို့တံခါးဇရပ်မှာ စတင်တွေ့ဆုံ သိကျွမ်း ခဲ့ကြတာ ဖြစ်တယ်။ ဒါကြောင့် ကျွန်ုပ်တို့ နှစ်ဦးဟာ တက္ကသီလာမှာ အရင်း ချာဆုံး အဆွေခင်ပွန်းများ ဖြစ်တယ်"

"ဟုတ်ပါတယ် . . . ကျွန်ုပ်ကလည်း အကြည်တော်ကို အခင်မင် အရင်းနှီးဆုံးပါပဲ။ အင်း . . . ခင်မင်ရင်းနှီးဆိုတဲ့ စကားလုံးက မပြည့်စုံချင် ဘူး၊ ကျွန်ုပ်အလေးစားရဆုံးလို့ ဆိုရလိမ့်မယ်၊ အကြည်တော်က ကျွန်ုပ်တို့ အားလုံးထဲမှာ အထူးချွန်ဆုံး မဟုတ်လား"

သူက ရင့်ကျက်သော အပြုံးဖြင့် . . .

"အကြောင်းပေါင်းသင့်လို့ ဖြစ်မှာပါလေ၊ ရှိပါစေ။ အခု အကြည် တော်မှာ အဋ္ဌာရသသိပ္ပတစ်ဆယ့် ရှစ်ရပ်အနက် ဘယ်သိပ္ပတွေမှာများ အခက် အခဲ ရှိသလဲ"

"ဓမ္မသတ်၊ နီတိ၊ ကဗျာလင်္ကာ၊ ဆန်းကျမ်းနဲ့ သဒ္ဒါကျမ်းတွေမှာ ကျွန်ုပ် အခက်အခဲရှိတယ်၊ အင်း . . . ကျွန်ုပ်အာရုံဝင်စားတာတွေကတော့ ယောဂါအတတ်၊ ဓနုဗေဒအတတ်တွေပါပဲ"

သုတသောမ မင်းသားက ပွင့်လင်းစွာ ပြုံးရယ်၍ ဆက်ပြော၏။

"ကျွန်ုပ်သဘောပေါက်ပါတယ်၊ အကြည်တော် ဗြဟ္မဒတ္တက တံစဉ်း စူးဆောက်စတဲ့ လက်နက်တွေနဲ့ ပတ်သက်သော ယောဂါအတတ်နဲ့ ဓနုဗေဒ ဒူးလေး မြားတံအတတ်၊ အင်း လက်ရုံးအမှုတွေမှာ အာရုံထက်သန်တယ်၊ စာပေ ကဗျာ လင်္ကာစတဲ့ အနုသိပ္ပတွေမှာ အခက်အခဲရှိနေတယ်၊ မကြောင့်ကြပါနဲ့၊ အကြည်တော်ကို ကျွန်ုပ်က အထူးသီးခြားအဖြစ် ရှင်းလင်းကူညီပေးပါမယ်"

ဤသို့ဖြင့်ပင် သုတသောမမင်းသားသည် မိမိတစ်ဦးတည်းကို အထူးတလည် သင်ကြားပေးသော ဆရာတစ်ပါးဖြစ်ခဲ့၏။ မိမိအားနည်းသော သိပ္ပများကို သူက အချိန်ယူ၍ ရှင်းလင်း ပို့ချပေး၏။ စင်စစ်မူ သူ၏ လေးစား ဖွယ် အမူအရာ အကျင့်စရိုက် ဥပဓိနှင့် သူ၏ စေတနာ၊ မေတ္တာကို ထောက် ထား၍ အနုသိပ္ပများကို သင်ယူခဲ့ရခြင်းသာ ဖြစ်သည်။ ထိုသိပ္ပများကို မိမိ တကယ်တမ်း စိတ်ဝင်စားမှုကား မရှိချေ။

သို့သော် အချိန်တန်သောအခါ မိမိသည်လည်း အခြား ပညာသင်သားများနှင့်အတူပင် အဋ္ဌာရသသိပ္ပတို့ကို သင်ယူတတ်မြောက်ခဲ့လေသည်။ သုတသောမ၏ ကိုယ်ဖိရင်ဖိ သင်ကြားပေးမှုကိုသာ မခံယူရလျှင် မိမိသည် ထိုသို့ သိပ္ပအတတ်များတွင် အပြီးတိုင်ရောက်လိမ့်မည် မဟုတ်ပေ။ သုတ သောမ၏ ကျေးဇူးကား အကယ်ပင် ကြီးမားပေသည်။

⸻ ⸻ ⸻

တက္ကသီလာမှ ပညာစုံကြပေပြီ။ ဒီသာပါမောက္ခသည် သုတသောမကိုပင် "ဆရာစောင်"အဖြစ်ထား၍ ပြည်တော်ပြန် မင်းသားတို့အား ဆုံးမသြဝါဒစကား ဆိုစေ၏။ ဒီသာပါမောက္ခက ဆိုသည်။

"တပည့်တို့၊ အစဉ်အလာအားဖြင့် အဋ္ဌရသသိပ္ပ အတတ်များ ကုန်မြောက်လို့ ကိုယ့်တိုင်း ကိုယ့်ပြည် ပြန်ကြမယ့် တပည့်တို့ကို ဒီသာပါမောက္ခအနေနဲ့ ကျွန်ုပ်က သြဝါဒ မြွက်ကြားရစမြဲပဲ၊ သို့သော် သုတသောမမင်းသားဟာ ကျွန်ုပ်ရဲ့ ဆရာစောင်အဖြစ် အားကိုးရတဲ့သူဖြစ်တဲ့အတွက် ကျွန်ုပ်ကိုယ်စား သုတသောမကိုပဲ သြဝါဒစကား မြွက်ကြားစေမယ် . . . ကိုင်း . . . လက်ရုံးတပည့်ကြီး"

သုတသောမသည် ဆရာ့ကို ရှိခိုးလျက် ဆရာ့ကိုယ်စား သြဝါဒစကားဆို၏။ ဆရာ၏ ဂုဏ်ကျေးဇူး၊ သိပ္ပအတတ်၏ ဂုဏ်ကျေးဇူး၊ ပညာ၏ ဂုဏ်ကျေးဇူးတို့ကို အကျယ်တဝင့် ပြောဆိုရှင်းလင်းပြသော သုတသောမ၏ စကားလုံးများသည် ပြောင်မြောက်လှပသည်နှင့်အမျှ အနက်အဓိပ္ပာယ်တို့ လည်း လေးနက်ကြွယ်ဝပေသည်။

တက္ကသီလာမှ ထွက်ခွာလာပြီးနောက်၊ မင်းသားတို့ အသီးသီး လမ်းခွဲကြရမည့် ခရီးလမ်းဆုံးသို့ ရောက်သောအခါ သုတသောမသည် အားလုံးကို စုရုံးစေ၏။

"အကြည်တော်တို့ ယခုအခါ သင်တို့ ကျွန်ုပ်တို့ဟာ ကိုယ့်ပြည်ကို ပြန် မိဘရပ်ထံ ရောက်လို့၊ အခါအခွင့်အလျောက် ထီးနန်းစိုးစံကြရတော့မှာ ဖြစ်တယ်။ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းဘဝမှာ ကျွန်ုပ်တို့ဟာ ထီးရေးနန်းရာ၊ တိုင်းရေးပြည်ရာ အဖြာဖြာတို့နဲ့ ကိုယ်စီ ကိစ္စများမြောင်ကြမှာ ဖြစ်ပါတယ်။ ခု တက္ကသီလာ ပညာသင် မင်းသားများ ဘဝလို နီးစပ်ထိတွေ့ ဆက်ဆံကြဖို့ မလွယ်တော့ပါဘူး၊ အကြောင်းအခွင့် သင့်မှသာ ပြည်ထောင်အချင်းချင်း မင်းအဖြစ် ဆုံတွေ့နိုင်ကြမှာ ဖြစ်တယ်၊ ဒါကြောင့် အခုခွဲခွာကြကာနီးမှာ ကျွန်ုပ်က အမှာစကားပါးလိုပါတယ်"

သုတသောမ၏ စကားဆုံးသောအခါ မင်းသားများက

"အကြည်တော် အမှာစကားပဲ ဆိုဆို၊ ဩဝါဒပဲ ဆိုဆို ဆိုပါ၊ အားလုံး နာခံဖို့ အသင့်ပါ"ဟု ပြောကြ၏။

ဒီသာပါမောက္ခကိုယ်စား ဩဝါဒ မြွက်ကြားပြီးခဲ့ပြီ။ မှာစရာ စကား များ ကုန်ပြီဟု ထင်ခဲ့ကြရာမှ၊ အမှာစကားပါးလိုသည်ဟု ကြားရသောအခါ အားလုံးပင် စိတ်ဝင်တစားဖြစ်သွားကြသည်။

"ဆရာ့ရှေ့မှောက်မှာ ဆရာ့ကိုယ်စား စကားပြောခဲ့စဉ်တုန်းက မပြော ခဲ့ရတဲ့ စကားဖြစ်ပါတယ်။ ဒီစကားကို အခုလို ခွဲခွာကာနီးမှ ပြောမယ်လို့ ကျွန်ုပ်စဉ်းစားခဲ့ပါတယ်"

"အမိန့်ရှိပါ အကြည်တော် သုတသောမ"

"အခြားမဟုတ်ပါ၊ ကိုယ့်တိုင်းကိုယ့်ပြည် ပြန်ရောက်တဲ့အခါ ကိုယ့် ထီးကိုယ့်နန်း စံတဲ့အခါမှာ လဆန်း ပက္ခ၊ လဆုတ် ပက္ခ ဥပုသ်နေ့တိုင်း ဥပုသ်ဆောက်တည်ကြဖို့နဲ့ ထိုနေ့များမှာ အထူးသဖြင့် အသက်သတ်ခြင်း၊ သတ်စေခြင်း၊ အသားစားခြင်းများ မပြုကြပါနဲ့ဆိုတဲ့ စကားပါပဲ အကြည်တော် တို့"

"ကောင်းပါပြီ အကြည်တော် သုတသောမ၊ လဆန်း ပက္ခ၊ လဆုတ် ပက္ခ ဥပုသ်နေ့တိုင်းမှာ ဥပုသ်သီတင်း သီလဆောက်တည်စောင့်ထိန်းကြပါ့ မယ်။ ထို့နောက်၊ ထိုနေ့များမှာလည်း အသက် သတ်ခြင်း၊ သတ်စေခြင်း၊ အသားစားခြင်းများကို မပြုလုပ်ဘူးလို့ ကျွန်ုပ်တို့ ဝန်ခံကတိပြုကြပါတယ်"

မင်းသားအားလုံး ကတိစကားများကို ပြောနေကြစဉ် မိမိကား ထိုသို့ ကတိစကားဆိုခဲ့သလော၊ မဆိုခဲ့သလော ဝေဝါးယောင်မှားဖြစ်နေလေသည်။ ဘာကြောင့် သုတသောမသည် ထိုစကားကို အထူးတလည် ဆိုရလေသနည်း။ ပြီးတော့ ထိုစကားကို ပြောနေစဉ် သူ၏ စူးရှသောအကြည့်များက တစ်ချိန် လုံးလုံး မိမိအပေါ် ကျရောက်နေခဲ့ချေသည်။

အများကို ပြောသောစကား ဖြစ်သော်လည်း မိမိတစ်ယောက်တည်း ကိုသာ ရည်ညွှန်းနေသယောင် သုတသောမသည် မိမိကိုသာ စူးစူးစိုက်စိုက် ကြည့်နေလေသည်။ အဘယ့်ကြောင့်နည်း၊ ဘာကြောင့်ပါနည်း . . .။

— — —

အတိတ်သို့ ပြန်သော အတွေးတို့သည် တိခနဲ ပြတ်တောက်သွား ၏။

အတွေးစဉ်ကို ဖြတ်တောက်လိုက်သည်ကား ခြေထောက်မှ ဒဏ်ရာ။

သစ်ရွက်များကို စုခြေ အရည်ညှစ်၍ ခြေဖမိုးအပေါက်ကြီးထဲ ထိုး ထည့်ကာ နွယ်မျှင်များဖြင့် စည်းနှောင်လိုက်သောကြောင့် သွေးတို့ကား တိတ်

လေပြီ။ သို့သော် သွေးပူနေစဉ်ကထက်ပို၍ နာကျင်ကိုက်ခဲလာ၏။ ဟောင်းလောင်းပေါက်ဖြစ်သွားသောနေရာသည် ခြေကျဉ်းဝတ် ထိုမှတစ်ဆင့် ခြေသလုံးရိုးနှင့် ကြွက်သားများအထိ ရိုးတွင်းခြင်ဆီလိုက်ကာ တစစ်စစ် မခံမရပ်နိုင်အောင် ကိုက်ခဲလေပြီ။

ကျိုးကျေပဲ့ထွက်သွားသော အရိုးစတို့ကလည်း နီးရာ အသားစိုင်နှင့် အကြောအမျှင်များကို ထိုးဆွကိုက်ဖဲ့ကြလေပြီလား မသိ။

နာကျင်ခြင်း၊ ကိုက်ခဲခြင်း၊ အဆမတန် နာကျင်ခြင်း၊ အဆမတန် ကိုက်ခဲခြင်း။

နာလွန်းသဖြင့် သားရဲတိရစ္ဆာန်တစ်ကောင်လို အော်ပစ်လိုက်မည် စိတ်ကူး၏။

တစ်ကိုယ်လုံးရှိ သွေးများသည်လည်း ခြေထောက်ဒဏ်ရာ အပေါက်မှ သွန်ထွက် စီးကျသွားကြပြီ ထင်သည်။ မျော့တော့သွေးဆုတ် ခြေထောက်ကို ကြည့်ရင်း မူးဝေနောက်ကျိလာသည်။ ဆတ်ဆတ်တုန်သော လက်ချောင်းများဖြင့် ဒူးဆစ်အောက်နားကို ဖျစ်ညှစ်ကြည့်လိုက်သည်။ သွေးတုံးသွေးခဲ အကြွင်းအကျန်များက ပွက်ခနဲ အံထွက်လာသဖြင့် အလန့်တကြားပင် လက်ချောင်းများကို လွှတ်ဖြည်ပစ်လိုက်ရ၏။

နာကျင်ကိုက်ခဲခြင်း၊ မူးယစ်ရီဝေခြင်းတို့အပြင် ထပ်မံနှိပ်စက်လာ သည့် ဒုက္ခကား ဆာလောင်ခြင်းပင် ဖြစ်၏။ ပညောင်ပင်တို့၏ မြစ်ပျဉ်း အကြားတိုးဝင်လဲလျောင်းကာ သည်အတိုင်းသာဆိုလျှင် သေဆုံးခြင်းကိုသာ ငံ့လင့်ရတော့မည်ဟု အောက်မေ့၏။ သေဆုံးခြင်း . . . သေဆုံးခြင်း၊ အလိုလေး . . . ငါ့နှယ်သော လူတစ်ယောက်ဟာ ဒီလိုနည်းနဲ့ သေဆုံးရတော့မှာလား . . . ငါဒီပုံ မသေချင်ဘူး . . . နေပါဦး . . . သေတော့မယ့် လူတစ်ယောက်ဟာ ကျန်ရှိနေသေးတဲ့ အသက်ကာလကလေးအတွင်းမှာ ဘာလုပ်ရသလဲ . . . ဘာလုပ်နိုင်သလဲ . . . ။

အခြားလုပ်စရာမရှိ၊ မိန်းမူးလျက်သာလျှင် အတွေးများက အတိတ်သို့ ပြန်လည်လွင့်ပါးသွားကြလေသည်။

# ၄

တက္ကသိုလ်မှ ဗာရာဏသီသို့ ပြန်ရောက်ခဲ့ပြီးနောက် အရာရာသည် ပြီးပြေချောမွေ့စွာပင် ဖြစ်ပေါ်လာခဲ့လေသည်။ ခမည်းတော် မယ်တော်နှင့်တကွ တစ်နန်းတော်လုံးက လှိုက်လှဲစွာ ကြိုဆိုကြ၏။ အဋ္ဌာရသသိပ္ပတို့ကို တတ်မြောက် ကုံလုံခဲ့သော ဘုရင့်သားတော်တစ်ပါးအဖို့ ထီးဖြူနှင့် ရာဇပလ္လင် ကလည်း အသင့်စောင့်ကြိုလျက်ပင်။

ရာဇဘိသေက ခံယူပြီးနောက် ဘုရင် ဗြဟ္မဒတ္တ ဖြစ်လာသောအခါ တွင်လည်း ထီးနန်းရေးတို့အတွက် မည်သို့မျှ ကြောင့်ကြစိုက်စရာမရှိ။ ခမည်းတော် ကာသိမင်းနှင့် အဆက်ဆက်သော ဘိုးဘေးတော်တို့ လက်ထက်ကတည်း က အသားတကျရှိနေခဲ့သော ဗာရာဏသီသည် သူ့အလိုလိုပင် လည်ပတ် ရပ်တည်လျက် ရှိ၏။ ထိုအခါ ပြည့်ရှင်မင်းတစ်ပါးအနေဖြင့် စစ်ရေး၊ ထီးနန်း ရေး၊ အခွန်အတုတ်ရေး၊ တရားစီရင်ရေး တစ်ခုခုကိုမျှ အထွေအထူး ပြုဖွယ် မရှိ။ ပြည့်ရှင်မင်း၏ ထီးနန်းစည်းစိမ်ကိုသာ ခံစားရန်သာ ရှိလေသည်။

ထီးနန်းစည်းစိမ် . . . ။

သက်ဦးဆံပိုင် အာဏာကို အသုံးပြုလျက် လက်တစ်ဝှေ့၊ နှုတ် တစ်ပွင့်ဖြင့် အလိုရှိသမျှ ပြည့်စုံသော ပြည့်ရှင်မင်းဘဝတွင် စည်းစိမ်ခံစရာတို့ ကလည်း အလျှံပယ်ပင်ဖြစ်၏။ ရွှေငွေကျောက်သံရတနာများ၊ အဝတ်အထည် အသုံးအဆောင်များ၊ အထူးထူးသော နန်းအဆောင်တော်များ၊ ကိုယ်လုပ်ရံရွေ များ၊ မှူးမတ်ဗိုလ်ပါများ၊ ကျေးကျွန်များ။ လိုချင်သမျှ အားလုံးရသော ဘဝ စည်းစိမ်ကား နှစ်လိုဖွယ် အတိ။

သို့သော် ထိုစည်းစိမ် သုခအရသာတို့ ခပ်သိမ်းတွင် မိမိအတပ်မက် ဆုံးကား 'အစာအာဟာရ'ပင် ဖြစ်လေသည်။ ဤတပ်မက်မှုသည် ရသတဏှာ ဖြစ်ကြောင်း၊ တက္ကသိုလ် နီတိသိပ္ပတွင် သင်ခဲ့ရဖူး၏။ မည်သူသည်ကော

ရသတဏှာနှင့် ကင်းနိုင်သနည်း။ စည်းစိမ်ဥစ္စာ အလျှံပယ်ရနေသော ဘုရင်တစ်ပါးအဖို့ကော ရသတဏှာ၌ စွဲငြိခြင်းသည် အပြစ်ဆိုစရာ မဟုတ်ပေ။

ဖြဟ္မဒတ္တမင်းသည် အခွန်အတုတ်ဖြင့် ပြည်သူကို မနှိပ်စက်၊ စစ်မက်ဖြင့် တိုင်းပြည်ကို မနှိပ်စက်၊ ပျော်မှုပါးမှုဖြင့် မိန်းမသူတို့ကို မနှိပ်စက်၊ ရသာတဏှာကြောင့် မိမိစားလိုသည့် အစာ၊ မိမိဘာသာ စားခြင်းသည် မည်သူ့ကိုမျှ မည်သို့မျှ ထိခိုက်နစ်နာစေသည် မဟုတ်။

ထိုရသတဏှာ၌မှာပင်လျှင် မိမိသည် အထွေထွေ အထူးထူးသော သားငါးအမဲများကို ခမ်းနားစွာ ပွဲတော်စာယူသည်မဟုတ်၊ သေရည် တကောင်း၌ ခေါင်းစိုက်ကျနေသော ဘုရင်လည်း မဟုတ်။

အစာအာဟာရတကာ အနက်တွင် မိမိအနှစ်သက်ဆုံးကား 'အမဲသား' ပင်ဖြစ်၏။

အမဲဟင်းလျာ မပါသော ပွဲတော်စာဟူ၍ မရှိချေ။ နံနက်၊ နေ့လည်၊ ညနေ၊ ညနက် ပွဲတော်စာယူတိုင်းပင် အမဲသားက ပုံစံအမျိုးမျိုးဖြင့် ပါဝင်သည်ချည်းဖြစ်၏။ အခြားဟင်းလျာတို့ မပါရှိစေ အမဲသားဟင်းလျာတစ်မျိုးတည်းနှင့်ပင် မြိန်ရှက်နိုင်လေသည်။

ထို့ကြောင့် အမဲသားကို ကောင်းစွာ နိုင်နင်းကိုင်တွယ် ချက်ပြုတ်တတ်သည့် စားတော်ချက်တစ်ဦးကို သီးသန့် အမှုတော်ထမ်းစေ၏။ စားတော်ချက် ပြုလုပ်ပြင်ဆင်ပေးသည့် အမဲသားအကင်၊ အဖုတ်၊ အကြော်၊ အချက်၊ အပြုတ်၊ အမယ်အမျိုးမျိုးကို မရိုးနိုင်အောင် စားသုံးခဲ့သည်။

ထိုတစ်နေ့ . . . ။

ထိုတစ်နေ့သည် လဆန်းပက္ခ ဥပုသ်နေ့ဖြစ်လေသည်။

ဆရာတစ်ပါးဖြစ်သော သုတသောမ မင်းသား၏ ဆုံးမစကားကို မမေ့။ ဥပုသ်နေ့တွင် အသားသတ်ခြင်း၊ သတ်စေခြင်း မရှိစေရ။ ထိုအကြောင်း ကို စားတော်ချက်အား ပြောပြကာ အမိန့်တော် ထားခဲ့သဖြင့် စားတော်ချက် သည် အမြဲတစေ အဖိတ်နေ့ကတည်းကပင် ဥပုသ်နေ့အတွက် အမဲသားကို ကြိုတင်စီစဉ်ထားလေ့ ရှိလေသည်။

ထိုတစ်ခုသော ဥပုသ်နေ့တွင်လည်း စားတော်ချက်သည် နေ့လယ် ပွဲတော်စာကို အထူးပြင်ဆင် ပြုလုပ်ထားသော အမဲသား ဟင်းလျာဖြင့် ပွဲတော် ဆက်၏။

ပွဲတော်အုပ် အဖုံးကို ဖွင့်လိုက်သည်နှင့် ထိုအမဲဟင်းလျာမှ ရနံ့သည် ထူးထူးကဲကဲ မွှေးပျံ့ခြင်းဖြင့် ဂန္ဓအာရုံကို ညို့ယူလေသည်။ အနံ့၏ ဖမ်းစားမှုကြောင့်၊ သွားရည်များက ခံတွင်း၊ လျှာ အကြိုအကြားတွင် စိမ့်ထွက်လာကြ

သည်။ အနံ့အားဖြင့်ပင် ဤမျှ ထူးခြားသော အမဲဟင်းလျာသည် အဆင်းအား ဖြင့်လည်း နှစ်လိုဖွယ်ကောင်းလှချေသည်။

ရဲရဲနီနေသော အသားဆိုင်၊ အသားမျှင်များက တစ်လွှာစီ၊ တစ် ချောင်းစီဟု ထင်ရလောက်အောင်ပင် ကြွပ်ကြွပ်ရွရွဖြင့် မွမွဖူးဖူးရှိနေကြ၏။ အဆင်းအားဖြင့်လည်း လှပေစွ။ ရွှေရေးပန်းကန်ထဲမှ အမဲဟင်းလျာသည် အနံ့ ဖြင့် ကြိုဆိုကာ အဆင်းဖြင့် ဖိတ်ခေါ်နေသည်။ စားပါလှည့်၊ ကိုက်ပါလှည့် သုံးဆောင်ပါလှည့်။

အကြိုက်ဆုံး ဟင်းလျာကို အကောင်းဆုံးအနေအထားဖြင့် တွေ့လိုက် ရသဖြင့် စိတ်တို့ ကြည်နူးပျော်ရွှင်လာကာ မကြီးမငယ် အလောတော် အမဲတုံး တစ်တုံးကို ကောက်ယူလျက် ခံတွင်းသို့ ထည့်လိုက်၏။

အို . . . အကြောပေါင်း ခုနစ်ထောင်မက စိမ့်လေပြီထင်သည်။

သွားတို့ဖြင့် ကိုက်ဖဲ့ခြင်းပင် မပြုရသေး၊ လျှာပေါ်ရောက်သည်နှင့် ပင် အမဲတုံးက အစွမ်းအာနိသင် ပြတော့သည်။ လျှာအရင်း၊ အလယ်၊ အဖျား။ ထိုမှသည် ပါးစောင်အတွင်း . . . ထိုမှသည် အနံ့နှင့်အရသာတို့က ဖြန့်ကျက် ပျံ့နှံ့ကြသည်။ အံတို့ဖြင့် ကြိတ်ချေကာ ဝါးလိုက်ပြီးသည့်နောက်တွင်ကား ဆိုဖွယ် မရှိပြီ။ မိမိ၏ လျှာသည်ပင်လျှင် သီးခြားသော အသက်ဇီဝဓာတ် ဝင်ကာ အမဲ၏နူးညံ့ခြင်းကို အငမ်းမရ လိမ်းသတ်ဝါးမြိုနေပြီ ထင်ရ၏။

ထူးကဲလေစွ . . . ။ စိမ့်ဖြာသွားသော အကြောတို့ဖြင့် တစ်ကိုယ်လုံး ချောက်ချားသွား၏။ စားခဲ့ဖူးသမျှ အမဲတို့နှင့်မတူ၊ တစ်မူထူးခြားဘိခြင်း။ ပြင်းပြင်းထန်ထန် ချိုမြလေးပင်သော အရသာကြောင့် ခေါင်းထဲမှာပင် ရိပ်ခနဲ ဖြစ်သွားသည် ထင်၏။ ကစီရည်တို့နှင့် ရောနှောမိပြီး၊ လည်ချောင်းမှတစ်ဆင့် အစာအိမ်ထဲသို့ လျှောကျဝင်ရောက်သွားချိန်တွင်ကား အရသာသည် အထွတ် အထိပ်သို့ ရောက်လေတော့သည်။ မွေးညင်းတိုင်းသည် ဖြိုင်ဖြိုင်ထောင် ထလာကြသည်။ နှာသီးဖျား၊ မျက်ခွံဖျား၊ လက်ချောင်းဖျား ထိပ်များဆီသို့ တဒိတ်ဒိတ် ဆောင့်တိုးသည်။ ထူးခြားလှသော စိမ်းရွှေရွှေမွှေးပျံ့ပျံ့ရနံ့က စွဲ၍ ကျန်ရစ်သည်။ ခွန်အားတို့ပင် ရုတ်ချည်း တိုးတက်လာသည် ထင်ရသည်။ ကြက်သီးများ ဖြန်းဖြန်းထသည်။ လက်ဖဝါးများ ချက်ချင်း နီမြန်းလာသည်။

ဣန္ဒြေပျက်ယွင်းမတတ် ချောက်ချားခံစားရပြီးသည့်နောက် ချက်ချင်း ပင် သတိကို ပြန်ထိန်း၏။

"ဒီလောက် ထူးကဲလှတဲ့ အမဲကို ငါ ဒီအတိုင်းပဲ ခါတိုင်းလို စားပြီး ဆိတ်ဆိတ်နေလိုက်ရင် ဒီအမဲအကြောင်း ငါ ဘာမှမသိရဘဲ ရှိရော့မယ်၊ ဒီ တော့ တစ်ခုခု ထူးခြားမှု ဖြစ်စေရအောင်"

ဤသို့တွေးကာ အနည်းငယ်မျှသော အမဲတုံးအကြွင်းအကျန်ကို ထွေးထုတ်ပစ်လိုက်၏။

ပြည့်ရှင်ဘုရင်တစ်ပါး၏ 'ထွီ'သံတစ်ချက်သည် စာတော်ချက်အဖို့ တုန်လှုပ်ထိတ်လန့်ဖွယ်အတိ ဖြစ်လေသည်။ ငုံ့ငိုက်ထားသော မျက်နှာကို မရဲတရဲ မော့ကာ စားတော်ချက်သည် ကတုန်ကယင်လျှောက်၏။

"အရှင် . . . အမဲဟင်းမှာ ဘယ်လိုအပြစ်မျိုးများ ရှိနေပါသလဲ၊ ကျွန်တော်မျိုးကြီး အကောင်းဆုံး စီမံချက်ပြုတ် . . . "

စားတော်ချက် ဤသို့ ဆိုမည်ဟု ကြိုသိပြီးဖြစ်၏။ မျက်နှာထားကို တင်းတင်းမာမာ ဖြစ်စေကာ . . .

"ပွဲတော်ဆက်နေတဲ့ ကိုယ်လုပ်တော်တွေ ရံရွေတွေ အားလုံး အားလုံး တော်ရာရှားကြစမ်း"

ဟု အမိန့်ပေးလိုက်သည်။

အားလုံး ထွက်သွားကာ စားတော်ချက်နှင့် မိမိနှစ်ဦးတည်း ကျန်ရစ်တော့မှပင် စကားဆိုလိုက်၏။

"မောင်မင်းရဲ့ အမဲဟင်းလျာမှာ အပြစ်ရှိတယ်။ ဘယ်လိုအပြစ်မျိုးလဲဆိုတော့ ယခင့် ယခင် မောင်မင်း စီမံဆက်သခဲ့သမျှ အမဲဟင်းလျာများ အားလုံးကို သေးသိမ်သွားစေတဲ့ အပြစ်ပဲ"

စားတော်ချက်၏ ပခုံးအစုံသည် ထိုအခါမှ နိမ့်လျှောကျသွား၏။

"မောင်မင်း . . . ဘာကြောင့် အခုလို အမဲဟင်းမျိုးကို ယခင်က မစီမံခဲ့သလဲ တင်စမ်း"

စားတော်ချက် ထပ်မံတုန်လှုပ်သွားပြန်၏။

"တင်လေ . . . ဘာကြောင့် ဒီလောက် ကောင်းတဲ့ အမဲဟင်းလျာ ကို အခုမှ ဒီနေ့မှ စီမံရတာလဲ"

"ကျွန် . . . တော် . . . မျိုး . . . "

"ဒီအမဲကို ဘယ်ကရသလဲ . . . ဒါ . . . နွားကရတဲ့ အမဲသားကော ဟုတ်ရဲ့လား။ ဒီမှာဟေ့ စားတော်ချက်၊ ငါ့ရဲ့လျှာဟာ အမဲသားငါးမှန်သမျှကို ခွဲခြားသိတယ်၊ ဒါဟာ သာမန်အမဲသားမဟုတ်ဘူး၊ ငါ့လျှာက ငါ့ကို မေးနေတယ်၊ အဲဒီအတိုင်း မောင်မင်းကို ငါမေးနေတယ် . . . ဒါ . . . ဘာ အသားလဲ"

"အမဲ . . . အမဲသားပါ အရှင်၊ ကျွန်တော်မျိုး ယနေ့အဖို့ အချက်ကောင်းသွားလို့ ဖြစ်ပါလိမ့်မယ် အရှင်"

"ဟေ့ . . . ခါတိုင်းနေ့တွေမှာလည်း မင်း ဒီလိုပဲ ချက်ခဲ့တာပဲ၊ ငါ မေးနေတာက မင်းရဲ့ အချက်အပြုတ် စားတော်ကဲ အတတ်ကို မေးနေတာ

မဟုတ်ဘူး၊ ယခင်က မင်းရဲ့အချက်နဲ့ ယနေ့ မင်းရဲ့အချက်ကို မေးနေတာလဲ မဟုတ်ဘူး . . . ငါမေးနေတာက . . . ဒါ ဘာအသားလဲ"

စားတော်ချက်သည် ရုတ်တရက် ဆွံ့အသွားသကဲ့သို့ မျက်လုံးပြူးကြီးများ ဝိုင်းလျက်ပင် ဆိတ်ဆိတ်ဖြစ်သွား၏။

"စားတော်ကဲ . . . မောင်မင်း ဟုတ်တိုင်းမှန်ရာ မတင်ရင်တော့၊ နောက်တစ်နေ့မှာ ဟင်းလျာပွဲ စီစဉ်ဖို့ စိတ်ကူးထုတ်မယ့် မောင်မင်းရဲ့ ခေါင်းက မောင်မင်းကိုယ်ပေါ်မှာ မရှိတော့ဘူးသာ မှတ်ပေရော့"

စားတော်ချက်သည် ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများကို တစ်ချက်၊ နှစ်ချက်၊ မျက်တောင် ပုတ်ခတ်လျက် . . .

"အသက်မှ ချမ်းသာပေးတော်မူပါ ဘုရား၊ ဟုတ်တိုင်းမှန်ရာ တင်ပါ့မယ် ဘုရား"

"ဟုတ်တိုင်းမှန်ရာသာ တင်လို့တော့ မောင်မင်း အသက်ချမ်းသာမယ်၊ ဘေးမဲ့ခွင့်ကို ငါပေးတယ်"

စားတော်ချက်က လျှောက်တင်ရန် အားယူသည်။ သူ့လည်ဇလုပ်ကြီး မို့မို့မောက်မောက် လည်ချောင်းတစ်လျှောက် လျှောကျလှုပ်ရှားပြီး . . .

"ဒီ . . . အသားဟာ . . . အမဲသားမဟုတ်ပါဘူးအရှင် . . . ဒါဟာ လူသားပါ"

"ဘာ . . . "

"ဒီ . . . ဒီလိုပါ အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ ဒီနေ့ ဥပုသ်နေ့ ဖြစ်တဲ့အတွက် မနေ့ကပဲ အမဲသားကို မှာနေကျ အမဲသတ်သမားထံက မှာထားပြီး သိမ်းဆည်းထားခဲ့ပါတယ်။ ဒါပေမဲ့ မီးဖိုဆောင်အိမ်က ခွေးများက အဲဒီ အမဲသားတွေ အားလုံးကို စားပစ်လိုက်ကြပါတယ်။ ကျွန်တော်မျိုးက အမဲသား ထပ်ဝယ်ဖို့ အသပြာကိုင်ပြီး မြို့အနှံ့ရှာခဲ့ပေမဲ့ ဘယ်မှာမှ မရခဲ့ပါ။ ဥပုသ်နေ့ ဖြစ်တဲ့အတွက် အရှင့်အမိန့်တော်အရ အသားသတ်ခြင်း မပြု . . ."

"ဒါတွေ တင်မနေနဲ့ . . . လိုရင်းသာ တင်စမ်း . . ."

"ဘယ်မှာမှ အမဲမရနိုင်ခဲ့ပါ။ အမဲဟင်းလျာ ကင်းတဲ့ ပွဲတော်စာ ဆက်ရင်လည်း ကျွန်တော်မျိုး အသက်ကုန်မှာ သေချာတာမို့ နောက်ဆုံးတော့ ကျွန်တော်မျိုး ယမန်နေ့ညဦးသန်းခေါင်ကျော် လူခြေတိတ်မှာ သုသာန်ကို သွားခဲ့ပါတယ်"

စားတော်ချက်၏ လျှောက်တင်ချက်စကားများကို နားထောင်ရင်း၊ ကြက်သီးဖြန်းဖြန်း ထလာသည်။ ကြောက်ရွံ့ခြင်းကြောင့်ကား မဟုတ်ချေ။

စားတော်ချက်သည် သုသာန်တွင် စောင့်ဆိုင်းကာ ထိုညဦးခဏ၌

Type in the text you want to insert



လောလောလတ်လတ် သေဆုံးသော ယောကျ်ားတစ်ယောက်၏ အလောင်းကို တူးဖော်ခဲ့၏။ ထို့နောက် သတ္တဝါတို့တွင် အနူးညံ့ဆုံးနေရာဖြစ်သော ပေါင်သားကို လှီးဖြတ်ယူခဲ့လေသည်။

လူသား . . . ။ လူ၏ အသား . . . မနုဿ။

အို . . . လျှာဖျား၌ ထားကာမျှဖြင့်ပင်၊ အကြောပေါင်း ခုနစ်ထောင် စိမ့်ကာ တစ်ကိုယ်လုံး ချောက်ချားလေရသော အစွမ်းအာနိသင်ရှိသည့် လူ့အသား။ အမဲတကာတို့၏ အခေါင်အထွတ် အရသာရှိပေသော လူ့အသား။

"စားတော်ချက် . . . ရှေ့ကို တိုးစမ်း မောင်မင်း"

နှစ်ကိုယ်ကြား နှစ်နားကပ်လျက် အမိန့်ချလိုက်လေသည်။

"နောက်နောင် ပကတိအားဖြင့် ချက်တဲ့ အမဲသားကို မောင်မင်းပဲ စားတော့၊ ငါ့အတွက်တော့ လူသားကိုပဲ စီမံပေးပေတော့ . . . ကြားလား"

စားတော်ချက်သည် မျက်စိအစုံမှိတ်လျက် . . .

"လူ့အသားဆိုတာ ရခဲလှပါတယ် အရှင်၊ အခုလို လောလောလတ်လတ် သေဆုံးတဲ့ အလောင်းဆိုတာကလည်း . . . ။ ပြီးတော့ သုသာန်ကို အချိန်မဲ့သွားပြီး တိတ်တဆိတ် တူးဖော်လှီးဖြတ်၊ ကျွန်တော်မျိုး . . . "

စားတော်ချက်ကား တုန်လှုပ်မှုများကြောင့် စကားတွေ အမှားမှား ဖြစ်နေတော့၏။

"လူသားကို အမြဲမပြတ် ရဖို့ဆိုတာ ခဲယဉ်းလှ . . ."

"တိတ်စမ်း . . . ရဖို့ အကြောင်းရှိတယ်"

"ဘယ်လိုရှိပါသလဲ အရှင်"

"နှောင်အိမ်၊ အကျဉ်းထောင်၊ အကျဉ်းသား . . . အဲဒါ လူတွေ မဟုတ်လား . . . လူတွေ ရှိသမျှ လူ့အသားရဖို့ ခဲယဉ်းဦးမလား . . . "

"ကျွန် . . . တော် . . . မျိုး . . . "

"တော် . . . နောက်ထပ် လျှောက်တင်စရာ မလိုတော့ဘူး၊ ဒီအကြောင်းကို သိသူဟာ ကျွန်ုပ်ကလွဲရင် မောင်မင်းပဲ ရှိစေရမယ်၊ တတိယလူ တစ်ယောက် သိသွားခဲ့ရင် မောင်မင်းရဲ့အသားကို မောင်မင်း ပွဲတော်ချက်ဖို့သာ ပြင်ထားပေတော့"

စားတော်ချက်၏ လက်ရာဖြင့် ဦးဆုံး ပထမစားခဲ့ရသော 'မနုဿမံသ'ထက်၊ နှောင်အိမ် အကျဉ်းထောင်မှ အကျဉ်းသားတို့၏ လူသားက ပို၍ ခံတွင်းမြိန်စေခဲ့၏။

စားတော်ချက် ဦးစွာ ဆက်သခဲ့သော လူသားက သုသာန်ထဲရှိ လောလောလတ်လတ် သေဆုံးသူ အလောင်းကောင်ထံမှ လှီးဖြတ်ယူခဲ့သည့်

လူသားဟု ဆို၏။ ဘယ်လိုပဲ လောလောလတ်လတ် သေဆုံးသည်ဖြစ်စေ၊ လတ်ဆတ်ခြင်းအရာ၌ကား နှောင်အိမ်ထဲမှ အကျဉ်းသား၏ အသားကို မီမည်မဟုတ်ချေ။ အကျဉ်းသားအရှင်လတ်လတ်ကို 'ကွပ်'ပြီး ချက်ချင်း လှီးဖြတ်ယူသော အသားမဟုတ်လား။

ဆူဖြိုးသန်မာသော အကျဉ်းသားများ၏ အသားဆိုလျှင်ကား ပြောဖွယ် မရှိပြီ။ စားတော်ချက် စီမံလာသော ပွဲတော်အုပ်ကို ဖွင့်လိုက်လျှင်ပင် ရနံ့က ဂန္ဓာရုံကို ဖမ်းစားတော့သည်။ ရွှေခွက်ထဲမှ နီနီရဲရဲ အသားတုံးများ၏ အဆင်းကို မြင်လိုက်ရုံဖြင့် သွားရည်တို့သည် ပါးစောင်ထဲ၌ ပြည့်လျှံလာကြ၏။ ပထမဆုံး အသားတစ်တုံးကို ဆယ်ယူ၍ လျှာဖျား လျှာလယ်၌ တင်လိုက်သောအခါတွင်ကား မွေးညင်းပေါက်တိုင်းမှာ ဖြိုင်ဖြိုင်ထလာတော့ပြီ။ လျှာပေါ်တွင် မွှေ့၍ မြက်၍ ခပ်ဖွဖွလေး ဝါးလိုက်လျှင်ကား . . . အား . . .။ အရသာတကာတို့၏ အထွတ်အထိပ်။ အသက်ရှူပင် မှားရ၏။ အို . . . မဟုတ်သေးဘူး။ အသက်ကိုပင် မရှူမိ။ သက်ပြင်းမထုတ်မိ။ အာခေါင် ပါးစောင်တွင်းမှတစ်ဆင့် ကြိုင်လှောက်သင်းပျံ့နေသော စိမ်းရွှေရွှေ ညှီစို့စို့ အင်းအနံ့ ပြင်းပြင်း သင်းသင်း မွှေးလိုက်ပုံများ ဝါးနေရသည့် တစ်ဒင်္ဂလေး ကုန်ဆုံးသွားမည်ကိုပင် နှမြောလိုက်ပါဘိခြင်း . . . ။

အား. . . လူဆိုသည်ကား အကောင်းတကာ့ အကောင်းဆုံး အမြိုက်အရသာကို ပေးသော၊ အသားစိုင် အသားတုံးကြီးပါတကား . . . ။ လူသားကောင်းမှန်း မသိ၍၊ မစားဖြစ်ခဲ့သော၊ အတိတ်ကာလတွေကိုပင် နှမြောမိ။ အမဲသား . . . သွားစမ်း . . . ။ နွားတွေဟာ လူတွေထက် နိမ့်ကျပြီး၊ လူတွေ က နွားတွေထက် မြင့်မြတ်သည်ဆိုခြင်းကို ယခုမှပဲ ကွင်းကွင်းကွက်ကွက် သဘောပေါက်တော့သည်။ လူ့အသားဟာ နွားအသားထက် အဆအရာ အထောင်ပို၍ ရသာကစီကြွယ်ပေသည်ကိုး . . . ။

စားတော်ချက်ကလည်း အမှုတော်ထမ်းတော်ပါပေသည်။ နှောင်အိမ်အကျဉ်းထောင်အတွင်းရှိ၊ ရာဇဒဏ် မင်းပြစ်သင့်နေသူများကို 'အသားပေါ်' ရသော အလုပ်ဆိုသည်မှာ သူ့အတွက် သုသာန်အလောင်း သွားဖော်ရတာထက် ပို၍ အဆင်ပြေသည်။ အကျဉ်းကျနေသူ ရာဇဝတ်သားကို စီရင်ရသည့်အတွက်လည်း မည်သို့မျှ ပြဿနာပေါ်စရာမရှိ။ မည်သို့မျှ သဲလွန်စ ကျန်စရာမရှိ။

သို့သော် . . . တစ်နေ့သောအခါ စားတော်ချက်သည် မျက်စိမျက်နှာပျက်လျက် သံတော်ဦးတင်လာ၏။

"အရှင် . . . နှောင်အိမ်အကျဉ်းထောင်အတွင်းမှာ အကျဉ်းသား ကုန်ပါတော့မယ်"

"နောက်ထပ် အကျဉ်းသားတွေ ရောက်လာမှာပေါ့ မောင်မင်းရဲ့"

"လာမယ့် ရက်သတ္တနှစ်ပတ်အတွင်းမှာ ဘယ်အကျဉ်းသားသစ်မှ ရောက်လာဖို့ မရှိပါဘူး အရှင်၊ အကျဉ်းသားများကို ကွပ်မျက်စီရင်ပစ်လိုက်တာကြောင့် ကြောက်လန့် တုန်လှုပ်ပြီး ဘယ်အကျဉ်းသားမှ ရောက်မလာတော့ပါဘူးတဲ့"

နှောင်အိမ်ထဲမှာ အကျဉ်းသား ကုန်တော့မယ် . . . တဲ့လား။ အသားပြတ်လပ်သွားချေတော့မည်။ သည်ဟင်းလျာကို တစ်နပ်စာလေးမျှ အပြတ်မခံနိုင်။

"မောင်မင်း . . . မုဆိုးများ သားကောင်ကို ဖမ်းရာမှာ အမဲလိုက်ဖမ်းတဲ့နည်း ရှိသလို ကြော့ကွင်းညှတ်ကွင်း ထောင်ဖမ်းတဲ့နည်းလည်း ရှိတယ်မဟုတ်လား"

စားတော်ချက်က သဘောမပေါက်သဖြင့် ငြိမ်သက်နေ၏။

"မောင်မင်း ညံ့သကိုး . . . အကျဉ်းသားရောက်မလာရင် ရောက်လာအောင် လုပ်ရမှာပေါ့ . . . မောင်မင်းမှာလည်း အပြစ်မဖြစ်စေရဘူး၊ ခရီးလမ်းအကြား မြို့တွင်း၊ နန်းတွင်း၊ လူနေရပ်ရွာ၊ လမ်းမ၊ လမ်းသွယ် အဆင်သင့်တဲ့ နေရာမျိုးမှာ၊ အသပြာထောင်ထုပ်ကို ဘယ်သူမှ မမြင်အောင် ချထား၊ ဒီ အသပြာထောင်ထုပ် ကောက်ယူတဲ့သူကို ခိုးသူဆိုပြီးဖမ်း၊ အကျဉ်းထဲထည့်၊ ပြီးတော့ ကွပ်မျက်၊ ပြီးတော့"

စားတော်ချက်က တအံ့တသြ မျက်နှာမျိုးဖြင့် မော့ကြည့်သည်။

"မုဆိုးများ သားကောင်ဖမ်းတဲ့ ဒုတိယနည်းလေ မောင်မင်း"

"ကောင်းလှပါပြီ အရှင်"

"ဟော့ . . . ဟော့ . . . အသပြာထောင်ထုပ် ပစ်ချထားခဲ့တာကို ဘယ်သူမှ မမြင်စေနဲ့ ကြားလား၊ ပိရိနိုင်သမျှ ပိရိပါစေ . . . တစ်စုံတစ်ရာ ယုံမှားသင်္ကာဖြစ်ဖွယ် ပေါ်လာတယ်ဆိုရင် . . . မောင်မင်းကိုယ်တိုင် ဟင်း အိုးထဲရောက်ရမယ် မှတ်"

"နား . . . နားလည်ပါတယ် အရှင်"

--- --- ---

ငါးစာနောက်၌ သံကောက်မျှားချိတ်ရှိသည်ကို ငါးသည် မမြင်မသိ။

သမင်အသေကောင်နောက်၌ သံညှပ်ထောင်ချောက်ရှိသည်ကို ကျားသည် မမြင်မသိ။

ပဲစေ့ဆန်စေ့နောက်၌ သစ်ကိုင်းညှတ်ကွင်းရှိသည်ကို ငှက်သည် မမြင်မသိ။ လူဆိုသည့် သတ္တဝါသည်ကော . . .။ အင်း . . . အသပြာထောင်

ထုပ်နောက်ကွယ်၌ သူ့အသားစိုင်တွေ ဟင်းလျာအဖြစ် ရောက်ရှိသွားမည့် ဟင်းချက်အိုးနှင့် ဟင်းခွက်ရှိသည်ကို မမြင်မသိ။

ပြီးတော့ လူဆိုသည်က အသပြာကို သွေးထဲက ကြိုက်တတ်ပြီးသားလေ။ အသပြာသည် လူ၏ ဓာတ်စာ . . .။ ထိုအခါ ပစ်ချထားသော အသပြာထောင်ထုပ်ကို ကောက်ယူကြသည်ချည်းပင်။ ထိုအခါ သင်းတို့သည် ခိုးသူ အဖြစ် အဖမ်းခံကြရပြီး နှောင်အိမ်ထဲရောက်။ နောက် . . . ကွပ်မျက် . . . နောက် . . . ဟင်းလျာ . . . ၊ ဘယ်လောက် အဆင်ပြေလိုက်သနည်း။

သို့သော် . . . မကြာမတင်မှာပင် စားတော်ချက် လှျို့ဝှက် အခစားဝင်လာခဲ့ပြန်၏။

"အရှင် . . . ယခုအခါ၊ အသပြာထောင်ထုပ်ကို ကောက်ယူဝံ့သောသူ မရှိတော့ပါ။ ခိုးသူအဖြစ် အဖမ်းခံကြပြီးတိုင်း၊ ကွပ်မျက်စီရင်ပစ်တဲ့၊ မင်းရာဇဒဏ်ကို ကြောက်ရွံ့ပြီး အသပြာထောင်ထုပ်မြင်တိုင်း ရှောင်ကွင်းသွားကုန်ကြပါပြီ"

အင်း . . . ဟုတ်သား။ သည်အချက်မှာတော့ ငါးတွေ၊ ကျားတွေ၊ ငှက်တွေထက် လူက ပိုပြီး သိပေသည်။

ရှိစေ . . . ။ သင်းတို့ အသပြာထောင်ထုပ်ကို ကောက်မယူခြင်းက အရေးမကြီး။ နေ့စဉ် ဟင်းလျာ မနုဿမံသ ပြတ်မသွားရေးက အရေးကြီး သည်။ လူသားကို အစွဲကြီး စွဲမိပြီဖြစ်သောကြောင့် လူသားမှ ပွဲတော်မတည်ရ လျှင် အာဟာရပြတ်ပြီး ဒုက္ခလှလှ ရောက်ချိမ့်မည်။

"ဒီလို လုပ်စမ်း မောင်မင်း . . . ညဥ့်နက်သန်းခေါင် အချိန်တွေမှာ ခိုးသူတွေဟာ ထကြွသောင်းကျန်းတတ်ကြတာပဲ . . . မောင်မင်းလည်း အဲဒီ ခိုးသူတွေနဲ့ ရောပြီး ခိုးသူဟန်ဆောင် အိမ်ဝိုင်းခြံစပ်၊ လမ်းထောင့်လမ်းကွေ့၊ မြို့စွန်ဇနပုဒ် စတဲ့နေရာတွေမှာ မှောင်ရိပ်ခိုပြီး စောင့် . . . သွားလာလှုပ်ရှားတဲ့သူကို သတ်ပြီး နေရာမှာပဲ အသားကို လှီးဖြတ်ယူတော့"

စားတော်ချက်၏ မျက်နှာမှာ ဖွေးခနဲ ဖြစ်သွားသည် ထင်၏။

"ဟေ့ . . . မောင်မင်း . . . ဘာတုံ့ဆိုင်းနေတာလဲ . . . ဒါ. . . ငါ့အမိန့်တော်၊ ငါဆိုတိုင်းလုပ်။ နှောင်အိမ်သွင်းတာတွေ၊ ကွပ်မျက်တာတွေ လုပ်မနေနဲ့၊ ချောင်းမြောင်းပြီး ဖမ်း၊ သတ်၊ နေရာမှာပဲ အသားပေါ် . . . ဒါပဲ . . . မောင်မင်း သိထားဖို့က ဗြဟ္မဒတ္တမင်းအတွက် မနုဿမံသကို နေ့စဉ် စားရရေးက လွဲရင် ဒီကမ္ဘာလောကမှာ ဘာမှ အရေးမကြီးတော့ဘူး၊ နားလည်လား"

"ကောင်းလှပါပြီ အရှင်မင်းမြတ်"

"သွား . . . အခုညပဲ စလုပ်တော့ . . . နက်ဖြန် နံနက် ပွဲတော်စာမှာမှ လူသားမပါရင် . . . "

စားသန်လျက်ကို တင်းတင်းဆုပ်ကိုင်၍ ဇေ့ယမ်းပြလိုက်၏။

— — —

ကောင်းလိုက်သည့် အသား . . . ။ ဒါမှ တကယ့်ကို သွေးစိမ်းရှင်ရှင် လတ်လတ်ဆတ်ဆတ်ပေပဲ။ ချက်ချင်းသတ်၊ ချက်ချင်းဖျက်၊ ဒါ့ထက် ချိုမြိန်လတ်ဆတ်နိုင်တာ မရှိတော့။ ဩ . . . ဇာရာဏသီသား ငါ၏ တိုင်းသူပြည်သားများကား တကယ့်ကို အမြိုက်အရသာ ထူးကဲပေစွ။ သူတို့၏ ဘုရင်မင်းမြတ် ဗြဟ္မဒတ္တ အရှင်ကို သူတို့၏ အသွေးအသားများဖြင့် လုပ်ကျွေးပေးဆပ်နိုင်ကြပေသည်တကား။

— — —

ထိုတစ်နေ့၏ နံနက် . . . ။

ဘယ်တော့မှ မမေ့နိုင်စရာ နံနက်။

ပြီးခဲ့သည့် တစ်ညလုံးလုံး အိပ်စက်၍ မပျော်နိုင်ခဲ့။ စက်ရာဆောင် သဋ္ဌာလီဝယ် ပူလောင်သော ရင်၊ တကြုတ်ကြုတ်မြည်သော ဝမ်းဗိုက်တို့ဖြင့် တစ်ညဥ့်လုံး တလူးလွန့်လွန့်ရှိခဲ့၏။

စားတော်ချက် 'ရသက'သည် ညဥ့်စာ အပို့အဆက် မရောက်ခဲ့။

စားချိန်တန်၍ မစားရသောအခါ၊ တစ်ကိုယ်လုံး တုန်ယင်ချောက်ချားနေခဲ့သည်။ ချွေးသီးချွေးပေါက်တွေ ဖြိုင်ဖြိုင်စီးကျကာ နားထဲမှ လေတွေ ရှီးရှီးထွက်သည်။ အူတို့သည်လည်းကောင်း၊ အစာအိမ်သည်လည်းကောင်း၊ အခွေလိုက်၊ အထုပ်လိုက်၊ အပြင်သို့ ထွက်ကျတော့မည် ထင်ရသည်။ သွားရည်တို့ လိမ်းကျံစိုစွတ်သော လျှာသည်လည်း အသက်ရှိသောမြွေဆိုး တစ်ကောင်နှယ် ခံတွင်းထဲမှ ထွက်၍ ယမ်းခါနေသည် ထင်ရသည်။ နားမှ တစီစီထွက်သော လေထဲတွင် အသံတစ်သံကို ကြားရသလိုလို . . . ။

"လူသား . . . လူသား . . . မနုဿမံသ . . . ပေးကြပါ . . . ပေးကြပါ . . . "

စက်ရာထက်တွင် လဲလျောင်း၍ မရသောအခါ လေသာပြတင်းဆောင်သို့ ထွက်ခဲ့၏။ ခြေထောက်များက ညဥ့်ပွဲတော်စာ တစ်နပ်တည်း မသုံးဆောင်ရသည့် အတွက်ပင်၊ ဒယီးဒယိုင်တုန်ခါနေကြသည်။ ဗလာဟင်းလင်းဖြစ်သော အစာအိမ်၏ တောင်းဆိုသံသည် အူခွေများမှတစ်ဆင့် နှုတ်ခံတွင်းဝသို့ တိုးဆောင့်ကာ တအွေ့အွေ့ လေချဉ်များ ပျို့အန်လေသည်။

ဆာလောင်မွတ်သိပ်ခြင်းဖြင့် ရူးသွပ်ခမန်းခံစားရတော့သည်။ ဤ

ဆာလောင်မွတ်သိပ်ခြင်းကို မည်သည့် အသားဟင်းလျာ၊ မည်သည့် သေရည်ဖြင့်မျှ ကုစား၍မရ။ တစ်ခဲနက် တောင်းဆိုနေသည်ကား မနုဿမံသ လူသား။ လူ၏ အသား ညပွဲတော်စာ . . . ။

ရသက ရောက်မလာ။ ပွဲတော်စာ ရောက်မလာ။

မည်သို့ ဖြစ်လေသနည်း။ လူသားအမဲကောင် ရှာ၍ မတွေ့ဖြစ်သ လော။ စားတော်ချက် ရသက ကိုယ်တိုင် 'အမဲလိုက်'ရင်း ဒဏ်ရာအနာတရ ဖြစ်သလော။

တစ်ညဥ့်လုံးလုံးပင်၊ တစ်မှေး တစ်ရိပ်မျှ စက်မပျော်နိုင်ခဲ့ဘဲ ပူသောရင်၊ ဟာသောဝမ်း၊ ပန်းသောကိုယ်တို့ဖြင့် နံနက် အရုဏ်တိုင်ခဲ့၏။

ရသကလာတော့မည်လား . . . ပွဲတော်အုပ်ကို ပွေ့လာမည်လား ဟူ၍ လေသာဆောင်ပြတင်း၌ ရပ်ကာ မျှော်ကြည့်သည်။ မူးဝေနောက်ကျိသော ခေါင်းထဲမှာ တဟေးဟေးအသံများကို သဲ့သဲ့ကြားလိုက်ရ၏။ ငတ်မွတ်ခြင်းကြောင့် သွေးလေချောက်ချား ကတိမ်းကပါး ဖြစ်ကာ ကယောင်ကတမ်းကြားယောင်လေသလား . . . ။

ဟေး ဟေး အသံများက နန်းတော်လေသွန်တံခါးဆီသို့ တစ်စတစ်စ နီးကပ်လာကြသည်။ အလို . . . လေး . . . ။

ကြားယောင်ယောင် ဖြစ်ခြင်းမဟုတ်။

နန်းတော်တံခါးကြီးဆီသို့ စုရုံးလာကြသော လူအုပ်ကြီး။ သူတို့ရှေ့တွင် စားတော်ချက် ရသက။ ရသကလက်ထဲတွင် 'အမဲခြင်းတောင်း'ကို ဆွဲလျက်။ ရသကအနီးတွင် မားမားရပ်နေသူကား . . . ကာဠုဟတ်။

စစ်သူကြီး ကာဠုဟတ် . . . ။

သူတို့ ရသကကို လက်ပူးလက်ကြပ်ဖမ်းမိလာကြပြီ။

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ္တမင်း လူ့အသားကို စားသည်ဟူသော လျှို့ဝှက်ချက်ကြီးပေါက်ကြားခဲ့ပြီလား။

ဖြစ်လာမည့် အခြေအနေမှန်သမျှကို ပြောင်မြောက်ရဲဝံ့စွာ ရင်ဆိုင် ရန် ဆုံးဖြတ်လိုက်၏။ အသက်ကို ပြင်းပြင်းရှူရှိုက်လိုက်စမ်းဟေ့။

# ၅

စစ်သူကြီး ကာဋ္ဌဟတ် ခေါင်းဆောင်သော လူအုပ်ကြီးသည် နန်းတော်အဝင်မုခ်ဝတွင် ရပ်တန့်လိုက်ကြသည်ကို တွေ့ရ၏။ ကောဋ္ဌဟတ်က လက်မြှောက်ပြလိုက်သည်နှင့် တဟေးဟေး ကြွေးညာသံများက တိခနဲ ရပ်သွားကြလေသည်။ ဩ–မြို့တော်ကို သင်းက အုပ်စီးထားပြီးလောက်ပြီ ထင်သည်။ လူအုပ်ကြီး၏ နောက်ဘက်တွင် ကာဋ္ဌဟတ်၏ မြင်းစီးရဲမက်များကိုလည်း တွေ့လိုက်ရသည်။

အဆိုးဆုံး အခြေအနေကို အရဲဝံ့ဆုံး ရင်ဆိုင်နိုင်ရန် စက်ရာခန်းမှ ထွက်လာခဲ့ပြီးမှ ပြန်ဝင်လာကာ ဝတ်လဲတော်တစ်စုံ လဲလိုက်၏။ ညှိုးနွမ်းသော အသွင်အပြင်ဖြင့် သင်းတို့၏ ဘုရင်ကို မမြင်စေလို။ ဘာပဲဖြစ်ဖြစ် ဗြဟ္မဒတ္တမင်းသည် ဗာရာဏသီ၏ အရှင်သခင်သာ ဖြစ်လေသည်။

ရာဇပလ္လင်ပေါ်တွင် အသင့်နေရာယူပြီး ကာဋ္ဌဟတ်တို့ကို စောင့်နေလိုက်၏။ မကြာမီ စစ်သူကြီး ကာဋ္ဌဟတ် ဦးဆောင်သော၊ မှူးမတ်များ၊ ဗိုလ်ပါများ ဝင်လာကြလေသည်။ တုန်လှုပ်စရာ မြင်ကွင်းကား စားတော်ချက်ရသကကို ကာဋ္ဌဟတ်၏ နောက်ပါးတွင် နှောင်ကြိုးများ တည်းလျက် ခေါ်ဆောင်လာခြင်းပင် ဖြစ်၏။ ရသက၏ လက်ထဲတွင် ခြင်းတောင်းတစ်လုံး။ ထိုခြင်းတောင်းထဲတွင် သွေးစများ ပေကျံနေသော အဝတ်အောက်မှ တစ်ပိုင်းတစ်စ ထွက်ပြူကျနေကြသည့် အသားစိုင် အသားတစ်များ . . . ။

ကာဋ္ဌဟတ်သည် ခါတိုင်း ညီလာခံဝင်သကဲ့သို့ တုပ်ဝပ်ခစား၏။ မှူးမတ်ဗိုလ်ပါများလည်း ဒူးတုပ်ကြသည်။ ရသကကား ခေါင်းမဖော်စတမ်း ငိုက်ထားရင်း ဒယီးဒယိုင် ဖြစ်နေလေသည်။

နန်းတော် ခန်းမဆောင်သည် အသက်ကင်းစွာ တိတ်ဆိတ်နေ၏။

မည်သူသည် မည်သို့သော စကားဖြင့် ထိုတိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းမည်နည်း . . . ။

"ကာဠုဟတ်၊ မောင်မင်းမှာ အထူးတင်စရာ ရှိသလား"

ဘုရင်မင်းမြတ် ခွင့်ပြုတော်မူမှ၊ သံတော်ဦးတင်ကြရမည်ပင်။ ထို့ကြောင့် ပကတိသောအသံဖြင့် မေးလိုက်၏။

ကာဠုဟတ်၏ မျက်နှာမေ့လာသည်။ တင်းမာခက်ထန်သော အသွင်မရှိ။ သို့သော် စေ့စပ်ရှင်းလင်းသော သူ၏မျက်လုံးများမှာ အေးစက်စွာ တည်ငြိမ်နေကြ၏။

"ဗာရာဏသီမြို့တော်အလုံးမှာ ပြည်သူတို့ ချောက်ချားထိတ်လန့်နေခဲ့တာ ကြာပါပြီ အရှင်။ အကြောင်းကတော့ အိမ်ဝိုင်းခြံ၏ လမ်းထောင့်၊ လမ်းသွယ်နေရာများမှာ အသတ်ခံရတဲ့ အလောင်းများကို တွေ့ကြရလို့ ဖြစ်ပါတယ်။ သေဆုံးသူ သို့တည်းမဟုတ် အသတ်ခံရသူဟာ တစ်ညဥ့်ကို တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ထူးခြားတာက အသတ်ခံရသူမှာ အပိုင်းပိုင်း အတစ်တစ်၊ အသားများ လှီးဖြတ်ယူခြင်း ခံရတာ ဖြစ်ပါတယ်။ ခြသေ့်၊ ကျားကိုက်ဖဲ့ဝါးမျိုတာမျိုး မဟုတ်ဘဲ၊ ကျွမ်းကျင်စွာ အသားစိုင်များကို လှီးဖြတ်ယူခြင်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ်မှာ ကျွန်တော်မျိုးထံကို ဗာရာဏသီ ပြည်သူပြည်သားတို့ စုရုံးရောက်ရှိလာကြပါတယ်"

ကာဠုဟတ်သည် စစ်ပွဲသေနင်္ဂဲ၌သာ ကျွမ်းကျင်သူ မဟုတ်။ စကားအရာမှာလည်း စစ်တိုက်သည့်နှယ် သေနင်္ခင်းကျင်းတတ်သူဖြစ်ချေသည်။ အစ၊ အလယ်၊ အဆုံး သုံးပါးညီညွတ် ခိုင်ခံ့အောင် သူလျှောက်တင်ပေပြီ။

မိမိကား နားဆင်ရုံသာ ရှိတော့သည်။ စကားတုံ့ဆိုရန် မရှိ။

စင်စစ်မူ၊ ကာဠုဟတ်ထံ လူအများစုရုံးတိုင်ကြားခြင်း မပြုမီကပင်၊ ပြည်သူတို့သည် မင်းရင်ပြင်၌ စုဝေးကာ ဟစ်ကြွေးခဲ့ကြပြီးပြီ။

"အရှင်မင်းကြီး ကယ်တော်မူပါ၊ လူကို သတ်၍ အသားစိုင်များကို လှီးဖြတ်ယူတဲ့ လူသတ်သမားကြီးတစ်ဦး ပေါ်ပေါက်နေပါပြီ"ဟု သူတို့ဆိုခဲ့ကြ၏။

ထိုစဉ်က ဣန္ဒြေမပျက်ရှိစေကာ

"သင်တို့ အကြောင်းမဲ့ သွေးလေ ချောက်ချားနေကြသလား၊ လူသတ်ပြီး အသားလှီးဖြတ်ယူတဲ့ လူသတ်သမားဆိုတာကို ကျွန်ုပ်က ဘယ်လို သိနိုင်မှာလဲ၊ မြို့ကို လှည့်လည်ပြီး တစ်ရံမလပ် စောင့်ကြည့်နေရမတဲ့လား"ဟူ၍ ပြောကာ နှင်ထုတ်ခဲ့သည်။ မြို့သူမြို့သားတို့သည် ဤနည်းဖြင့် ကာဠုဟတ်ထံ စုရုံးရောက်ရှိကာ၊ ကယ်တော်မူပါဟု ထပ်မံတိုင်ကြားကြခြင်း ဖြစ်ပေသည်။

ကာဠုဟတ်က တည်တည်ငြိမ်ငြိမ် ဆက်လက်တင်သည်။

"ကျွန်တော်မျိုးရဲ့ မင်းချင်းများ၊ ရဲမက်များကို လျှို့ဝှက်ပုန်းကွယ်

Type in the text you want to insert



စေပြီး ညဥ့်အခါများမှာ စောင့်ကြည့်စေခဲ့ပါတယ်။ ယမန်နေ့ညဥ့်ကပဲ အဲဒီ လူသတ်သမားကို လက်ရမိခဲ့ပါပြီ အရှင်။ မိန်းမတစ်ယောက်ကို သတ်ပြီး အသားများ လှီးဖြတ်လို့ ခြင်းတောင်းမှာ ထည့်နေတုန်း လက်ပူးလက်ကြပ် မိခဲ့ခြင်းဖြစ်ပါတယ်။ ထိုလူသတ်ကောင်ကတော့ သူပဲ ဖြစ်ပါတယ်"

နှောင်ကြိုးအထပ်ထပ် တည်းထားသော စားတော်ချက် ရသကနှင့် အသားတစ်များ ထည့်ထားသည့် ခြင်းတောင်းကို ရှေ့သို့ ပို့လိုက်ကြသည်။

"အရှင်မင်းကြီးရဲ့ စားတော်ချက် ရသကကို ကျွန်တော်မျိုး ကိုယ်တိုင် စစ်ဆေးခဲ့ပါတယ်။ သင် ဘာကြောင့် ဒီလို ရက်စက်ကြမ်းကြုတ်လွန်းလှတဲ့ အမှုကို ပြုသလဲ၊ ဘာကြောင့် လူကိုသတ်ဖြတ်ပြီး အသားတစ်တွေကို လှီးဖြတ် ယူရသလဲ၊ အမဲနဲ့ ရောနှောပြီး ရောင်းချဖို့လား၊ ဒါမှမဟုတ် သင်ကိုယ်တိုင် က လူသားကို အမဲအဖြစ် စားသောက်သလား၊ သို့တည်းမဟုတ် အခြားတစ်ပါး သူအတွက် ဒီလိုလုပ်သလားလို့ ကျွန်တော်မျိုး စစ်မေးခဲ့ပါတယ်"

စစ်သူကြီး ကာဠဟတ်သည် တရားစိုးတရားသူကြီးတစ်ဦးသဖွယ် လျှောက်တင်နေပေပြီ။

ကာဠဟတ်သည် ရသကဘက်သို့ လှည့်ကြည့်ပြီး ပြောပြန်၏။

"ဘုရင့်စားတော်ချက်ကြီး ရသက၊ ယမန်နေ့ညက သင်ကျွန်ုပ်ကို ပြောခဲ့တဲ့အတိုင်း ယခုထွက်ဆိုပါ"

ရသက၏မျက်လုံးများ ပြူးကျယ်ဝိုင်းစက်နေကြသည်။ စကားပြော ထွက်ရန် အားယူရလွန်းသဖြင့် သူ့လည်ဇလုတ်မှာ နိမ့်ချည်မြင့်ချည်ဖြစ်နေ သည်။ ထို့နောက် ပကတိ တိတ်ဆိတ်နေသော နန်းတော်ခန်းမအတွင်း၊ သူ၏ ကတုန်ကယင် အသံများက ထွက်ပေါ်လာတော့သည်။

"ကျွန်ုပ်ဟာ ကျွန်ုပ်၏ အကြောင်းကြောင့် လူသတ်ခြင်း မဟုတ်ပါ၊ ဥစ္စာဘဏ္ဍာကို အစွဲပြုပြီး သတ်ခြင်းလည်း မဟုတ်ပါ။ သားမယားဆွေမျိုး ဉာတိကို အကြောင်းပြုပြီး သတ်ခြင်းလည်း မဟုတ်ပါ။ လူရဲ့ အသားကို စားလို လို့ သတ်ခြင်းလည်း မဟုတ်ပါ အမဲနဲ့ ရောပြီး ရောင်းဝယ်ဖောက်ကားဖို့ သတ် ခြင်းလည်း မဟုတ်ပါ။ ကျွန်ုပ် လူသတ်ပြီး အသားလှီးဖြတ်ယူခြင်းမှာ . . . "

ရသက၏ အသံသည် အက်ကွဲ၍ တိမ်မြုပ်သွား၏။

စစ်သူကြီး ကာဠဟတ်က တည်ငြိမ်စွာ အမိန့်ပေးလေပြီ။

"ဆက်ဆိုပါ ရသက၊ ယမန်နေ့ညဥ့်က သင်ထွက်ဆိုဝန်ခံခဲ့တဲ့ စကား လုံးများအတိုင်း ယခုပြောပါ"

ရသကသည် ဒယီးဒယိုင် ဖြစ်လာ၏။ ထို့နောက် ပြိုကွဲသော အသံ ဖြင့် . . .

"ကျွန်ုပ် လူသတ်ပြီး အသားလှီးဖြတ်ယူခြင်းမှာ ကျွန်ုပ်ရဲ့ ထမင်းရှင်လည်း ဖြစ်၊ အသက်ဦးဆံပိုင်လည်း ဖြစ်တဲ့ ဗြဟ္မဒတ္တဘုရင်မင်းမြတ်ရဲ့ အမိန့်အာဏာတော်အရ ယခုလို လုပ်ရခြင်း ဖြစ်ပါတယ်။ ဗာရာဏသီပြည့်ရှင်မင်းဟာ မနုဿမံသ လူ့အသားကို စားသူဖြစ်ပါတယ်"

ရသက၏အသံက တိခနဲ ပြီးဆုံးရပ်တန့်သွားပေပြီ။ သို့သော် နန်းတော်ဆောင်ခန်း၏ နံရံများ၊ တိုင်လုံးများ၊ မျက်နှာကြက်များဆီမှ ပဲ့တင်ပြန်သံတွေ အဆက်မပြတ် ပေါ်ပေါက်နေပြီ ထင်ရ၏။

ဗာရာဏသီပြည့်ရှင်မင်းဟာ မနုဿမံသ လူ့အသားကို စားသူ. . .

ဗာရာဏသီပြည့်ရှင်မင်းဟာ မနုဿမံသ လူ့အသားကို စားသူ. . .

ပြည့်ရှင်မင်းဟာ . . . လူ့အသားကို စားသူ . . . လူ့အသားကို စားသူ . . . ။

ရသကမှတစ်ပါး၊ ကာဠဟတ်မှ အစပြု၍ ကြွင်းသော မှူးမတ်မိုလ်ပါ အားလုံး၏ အစုံအစုံသော မျက်လုံးများ၏ စူးရှသော အကြည့်ကို ရင်ဆိုင်ရပေပြီ။

အရာခပ်သိမ်းသည် အဖြေပေါ်သွားပြီး လျှို့ဝှက်ချက်၏ နောက်ဆုံးသွားရာလမ်းသည် ပွင့်ဟသွားပြီး ဖုံးကွယ်ထားသော အရာသည် ထင်ရှားဖြစ်ချေပြီ။

"အရှင်မင်းမြတ် . . . အရှင်ဟာ စားတော်ချက် ရသကကို ယခုဆိုသည့်အတိုင်း အမိန့်အာဏာထားပြီး စေခိုင်းပါသလား၊ ဗာရာဏသီတစ်ဝှမ်းက ယောကျ်ားမိန်းမများကို သတ်စေပြီး အသားကို လှီးဖြတ်ယူစေပါသလား၊ အရှင်လူ့အသားကို စားတယ်ဆိုတာ မှန်ပါသလား"

စစ်သူကြီး ကာဠဟတ်သည် အလိုအလျောက်ပင် တရားခံရုံး၏ သဘာပတိနေရာသို့ ရောက်သွားလေသည်။

အသက်ပြင်းပြင်း ရှူရှိုက်လိုက်၏။ အသံမတုန်စေရအောင် ဆောက်တည်လိုက်ရ၏။ ဘာပဲဖြစ်ဖြစ် မင်းဟာမင်းပဲ။ စစ်သူကြီးဟာ စစ်သူကြီးပဲ။ ရာဇပလ္လင်ပေါ်မှာ ဘုရင်စံနေလျက်ပဲလေ။

"ကျွန်ုပ် ရသကကို အဲဒီအတိုင်း စေခိုင်းတယ်၊ ကျွန်ုပ်လူ့အသားကို စားတယ်၊ ဒါဟာ ကျွန်ုပ်ရဲ့ ကိစ္စဖြစ်တယ်"

မေးသူက တရားစစ်သလို မေးသော်လည်း ဖြောင့်ချက်ထွက်ဆိုသလို မဖြစ်စေရဘဲ ဘုရင်တစ်ပါး၏ ထုတ်ဖော်မိန့်မြွက်စကား အဖြစ်ဖြင့်ပင် ပြောလိုက်၏။ နန်းတော်တစ်ခုလုံး တဝေါဝေါအသံများ ဖြန့်ကျက်သွားသည် ထင်ရ၏။

ကာဠုဟတ်က မျက်စိအစုံကို မှိတ်ထားပြီးမှ ပြန်ဖွင့်သည်။

သူ ဘာဆက်ပြောဦးမလဲ ပြောလေ၊ ပြောစမ်း . . . ။

"အရှင် . . . ရက်စက်ကြမ်းကြုတ်ခြင်းရဲ့ အဆုံးစွန်ဖြစ်တဲ့ ဤအမှုကို ဤနေရာမှာ ရပ်တော်မူပါ။ လူ့အသားကို မစားပါနဲ့"

သြ . . . ။ သင်း လိုရင်းကို ဆိုပေသကိုး . . .။

သည်လိုဆိုတော့ သင်းစကားအတိုင်းပင် လိုရင်းကို ပြန်ဆိုရမည်ပင်။

"ငါ လူသားစားခြင်းမှ မရှောင်ကြဉ်နိုင်ဘူး"

နန်းတော်တစ်ခုလုံး ပွက်ပွက်ညံသွားခဲ့လေသည်။

ကာဠုဟတ်က လက်ကို ဖေ့ယမ်းလိုက်မှ ပြန်လည်ငြိမ်သက်သွားသည်။

"အရှင် . . . လူသားကို စားခြင်းမှ မရှောင်ကြဉ်နိုင်ဘူးဆိုရင် အရှင်ကိုယ်တော်တိုင်က တိုင်းပြည်အလုံးကို ဖျက်ဆီးခြင်းပဲ ဖြစ်ပါတယ်"

"ကာဠုဟတ် . . . ခပ်သိမ်းအလုံးစုံ ပျက်စီးရင်လည်း ပျက်စီးစေတော့၊ ငါ လူသားကို မရှောင်ကြဉ်နိုင်ဘူး၊ လူသားကို မစွန့်နိုင်ဘူး"

အဆုံးစွန် စကားကို ဆိုလိုက်၏။

မှူးမတ်ဗိုလ်ပါ ပရိသတ်တို့၏ မျက်နှာပြင်များထက်မှ ကြောက်ရွံ့ခြင်း၊ စက်ဆုပ်ခြင်း၊ တုန်လှုပ်ခြင်း စသော အသွင်များ ရောထွေးဖြစ်ပေါ်လာကြသည်။ လူ့အသားကိုမှ စားသော ဘုရင်ကို သူတို့ မကြောက်ဘဲ နေနိုင်ရိုးလား။ သင်းတို့ ကိုယ်တိုင်သည်ပင် ဘုရင်၏ အစာဖြစ်နေသည်ကို သင်းတို့ တွေးမိသွားကြဟန် တူ၏။ ဆူဖြိုးသော အမတ်ကြီးတစ်ပါးမှာ ဦးခေါင်းငိုက်ကာ နေရာမှပင် ပုန်းအောင်းဖို့ ကြိုးစားနေသယောင်။ အချို့မှူးမတ်ငယ်များ အချင်းချင်း ပူးကပ်သွားကြသည်။ အချို့ဗိုလ်ပါများက သူတို့ဘုရင်ကို တစ်ခါမှ မမြင်ဖူးသလို ပြူးကျယ်သော မျက်လုံးများဖြင့် ထိတ်လန့်စွာ ငေးကြည့်နေကြသည်။ ဟင်း . . . ။ လူသားစားတဲ့ ဘုရင်မင်းမြတ်မှာ ဘီလူးတစ်ကောင်လို အမွေးအမှင်၊ ခြေသည်းလက်သည်းချွန်တွေ၊ ထက်မြက်တဲ့ အစွယ်တွေပေါက်နေပြီလားဟု သူတို့ စူးစမ်းကြဟန်တူသည်။

ဣန္ဒြေမပျက်ရှိသူမှာ စစ်သူကြီး ကာဠုဟတ်တစ်ဦးတည်း။

သူ ဒူးတုပ်နေရာမှာ စွင့်စွင့်မတ်တတ်ရပ်လိုက်၏။

"အရှင် . . . လောကမှာ မကြုံဖူး မကြားဖူးတဲ့ အဆိုးရွားအရက်စက်ဆုံး၊ စက်ဆုပ်ဖွယ်အကောင်းဆုံး ဖြစ်ရပ်ကြီးကို ကြုံတွေ့ကြရပါပြီ။ သို့သော် အရှင်ဟာ ဗာရာဏသီထီးနန်းကို ဘိုးတော်စဉ် ဘေးတော်ဆက် အစဉ်အဆက်၊

Type in the text you want to insert



သိမ်းပိုက်လက်ခံနန်းစံသော ပြည့်ရှင်မင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သားပြည်သူတို့ အသက်ကို လုံခြုံရှည်လျားအောင် စောင့်ရှောက်ရမဲ့အစား၊ သတ်ဖြတ် စားသောက်သူ ပြည့်ရှင်မင်း ဖြစ်သွားပါပြီ။ သို့သော် အရှင့်မှာ ရသတဏှာနဲ့ ကြောက်စရာကောင်းတဲ့ အာလယ၊ ဆန္ဒတို့ရဲ့ ဖိစီးမှုကြောင့် ယခုလို ရက်စက်ခြင်း အထွတ်အထိပ်ဘဝသို့ ရောက်ရခြင်း ဖြစ်ပါတယ်”

“ကာဠှဟတ် . . . သင်လျှောက်ချင်တာကို အတိအလင်း လျှောက်ပါ”

“အရှင် ဗြဟ္မဒတ္တမင်း . . . ကျွန်ုပ်တို့အားလုံးမှာ လျှောက်စရာ မရှိတော့ပါ။ ဆက်လက်လုပ်ဆောင်ဖွယ်များသာ ရှိပါတော့တယ်။ ယခုအခါမှာ ဟောဒီ စုရုံးရောက်ရှိနေကြသူ မှူးမတ်ဗိုလ်ပါ အားလုံးနဲ့တကွ၊ နန်းတော်အပြင် မြို့တော်တစ်ပြင်တစ်ဝန်း တိုင်းပြည်အဝန်း ဗာရာဏသီ ပြည်သူ ပြည်သား အားလုံးမှာ တစ်ခုတည်းသော စိတ်သာ ရှိကြပါတယ်။ အဲဒါကတော့ ကြောက်ရွံ့ခြင်း စက်ဆုပ်ခြင်းတို့အပေါ်မှာ အခြေခံတဲ့ လက်စားချေလိုခြင်းပဲ ဖြစ်ပါတယ်”

“ကာဠှဟတ် . . . မင်း . . . ဘာပြောချင်”

“နားဆင်ပါ . . . ကျွန်ုပ်ဟာ ဗြဟ္မဒတ္တမင်းရဲ့ သစ္စာတော်ခံ၊ ကျေးတော်ကျွန်တော်မျိုး စစ်သူကြီးဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ဗာရာဏသီ ပြည်သူပြည်သားတို့ရဲ့ အသက်စည်းစိမ်ကို စောင့်ရှောက်ရမယ့် သေနာပတိလည်း ဖြစ်ပါတယ်။ ဒီဘဝနှစ်ခုအပေါ် တည်ရပ်ပြီး ကျွန်ုပ်ဟာ အရှင့်ရဲ့ မိတ်ဆွေကောင်းအဖြစ်နဲ့ မိတ်ဆွေကောင်းတို့ စကားကို ဆိုပါမယ်၊ မိတ်ဆွေကောင်းတို့မည်သည်မှာ အကုသိုလ်၊ ဒုစရိုက်နဲ့ ဒုက္ခချောက်ကမ်းပါးထဲ နစ်မြုပ်နေသူကို ဆွဲထုတ်ကယ်တင်ရမယ့် ဝတ္တရားရှိပါတယ်၊ ဒါကြောင့် နားဆင်ပါ အရှင် . . . ပုံဝတ္ထုသာဓကတစ်ခု ဆောင်ပါမယ် . . . ”

Type in the text you want to insert

# ၆

“နားဆင်ပါ အရှင် . . . လွန်လေပြီးသော ရှေးပဝေသဏီ တစ်ခါက မဟာသမုဒ္ဒရာမှာ လွန်စွာ ကြီးမားလှတဲ့ ဧရာမငါးကြီး ခြောက်ကောင်တို့ ရှိပါတယ်။ အဲဒီ ငါးကြီးတွေကတော့ . . . ”

စစ်သူကြီး ကာဠုဟတ်သည် တရားစိုးမင်းသူကြီးအဖြစ်မှ ပုံပြော ကောင်းသော ပူရာဏ်ဆရာကြီးအဖြစ်သို့ ပြောင်းလဲသွားပြန်၏။

ငါးကြီး အာနန္ဒာ၊ ငါးကြီး တိမိနန္ဒာ၊ ငါးကြီး အဇ္ဈရောဟ . . . ဤသုံးကောင်တို့သည် ယူဇနာငါးရာ ပမာဏရှိသည်တဲ့။ တိပိင်္ဂလ၊ တိမိရ ပိင်္ဂလ၊ မဟာတိမိရပိင်္ဂလ ငါးကြီးသုံးကောင်တို့က ယူဇနာတစ်ထောင်စီ ပမာဏရှိသည်တဲ့။ ကာဠုဟတ်၏ ပုံဝတ္ထုကို အားလုံးပင် နားစိုက်နေကြလေ သည်။

“ဒီငါးကြီး ဧရာတို့က ကျောက်မှော်ရေညှိကိုသာ စားကြပါတယ်။ ဒီခြောက်ကောင်သော ငါးကြီးများအနက်မှ ပြောစရာဖြစ်လာတာကတော့ ငါးကြီး အာနန္ဒာပါပဲ၊ ဘာကြောင့်လဲဆိုတော့ . . . ”

ပုံဝတ္ထုကြား စိတ်ဝင်စားဖွယ်ပင်၊ ကာဠုဟတ်ကလည်း အပြော ကောင်းပေသည်။ ငါးအပေါင်းတို့သည် ငါးကြီး အာနန္ဒာထံ ချဉ်းကပ်ကာ ခြေနှစ်ချောင်းရှိသော လူနှင့် ခြေလေးချောင်းရှိသော သတ္တဝါတို့သည် မိမိတို့ မျိုးနွယ်အလိုက် ဦးစီးခေါင်းဆောင် ဘုရင်တင်မြှောက်ကြလေရာ ရေသတ္တဝါ တို့ လောကမှာလည်း ငါးကြီး အာနန္ဒာကို ဘုရင်အဖြစ် အားလုံး သဘော ကြိုက်ညီတင်မြှောက်ကြလေသည်။ ထို့နောက် နံနက် တစ်ကြိမ်၊ ညဥ့်တစ်ကြိမ် ငါးအပေါင်းတို့သည် ငါးကြီးအာနန္ဒာထံ အခစားဝင်ကြ၏။

ကာဠုဟတ်၏ လေသံသည် ပုံဝတ္ထုပြောရင်း တစ်စတစ်စ လေးနက် လာသည်။

"တစ်နေ့သော အခါမှာတော့ အာနန္ဒာငါးကြီးဟာ ရေအောက်ကျောက်ဆောင်မှာ ကပ်နေတဲ့ ကျောက်မှော်ရေညှိတွေကို စားရင်းနဲ့ ငါးတစ်ကောင်ကို ရေညှိအမှတ်နဲ့ စားလိုက်မိပါတယ်။ ဒီအခါမှာ အာနန္ဒာငါးကြီးရဲ့ ကိုယ်အလုံးဟာ ချောက်ချားပြီး အလို ယခင့်ယခင်က ဒီလိုမဟုတ်ပါလား၊ ယခုအခါ စားရတဲ့အရသာဟာ တယ်ကောင်းပါလားလို့ အန်ထုတ်ပြီး ကြည့်လိုက်တော့ ယူစားလိုက်မိတဲ့ ငါးအသားတစ်တုံးကို မြင်ရပါတယ်"

ဤနေရာအရောက်တွင် ကာဠုဟတ်က တစ်ချက်မော့၍ ကြည့်လေသည်။ သူ၏အကြည့်စူးစူးကို ဆတူတန်ပြန် မျက်လုံးများဖြင့် ရင်ဆိုင်ပစ်လိုက်၏။ ကာဠုဟတ်က မသိကျိုးကျွံပြုလျက် မျက်စိလွှဲကာ ပုံဝတ္ထုကို ဆက်ပြောသည်။

"ဒီအခါမှာ အာနန္ဒာ ငါးကြီးက ကြည့်စမ်း၊ ယခင်က ငါမသိခဲ့လို့ ကျောက်မှော်ရေညှိများကိုသာ စားခဲ့တယ်။ အခုတော့ ငါစားရမယ့် အစာကို တွေ့ပါပြီကောလို့ ကြံပြီး သူ့ထံနေ့ညဥ့်အခစားဝင်လာတဲ့ ငါးများထဲက နောက်ဆုံးထွက်ခွာတဲ့ ငါးကို စားသောက်ပါတယ်။ ဒီလိုနဲ့ တစ်ကောင်စ နှစ်ကောင်စ စားရင်း စားရင်း ငါးတွေမှာ အရေအတွက် လျော့ပါးလာခဲ့ပါတယ်။ ဒီအခါကြာတော့ ငါးများကလည်း ဒါကို သတိထားမိလာကြပြီး ငါတို့မှာ ဘယ်လိုဘေးဒုက္ခများ ကြုံရပါသလဲလို့ စူးစမ်းကြပါတယ်။ အာနန္ဒာငါးကြီးကလည်း တိတ်တဆိတ်ပဲ ငါးများကို ဆက်လက်စားသောက်နေတော့တယ်။ နောက်ဆုံးတော့ ပညာရှိတဲ့ ငါးတစ်ကောင်က အာနန္ဒာငါးကြီးရဲ့ ပါးဟက်ရှေ့အောက်အသာပုန်းကွယ်လိုက်ပါတယ်။ အာနန္ဒာငါးကြီးကလည်း စားနေကျအတိုင်း နောက်ဆုံးကျန်တဲ့ငါးကို ဟပ်စားလိုက်ပါတယ်။ ဒါကို ပုန်းကွယ်စောင့်ကြည့်နေတဲ့ ငါးတစ်ကောင်က ကောင်းစွာ မြင်လိုက်ပြီး အသာအယာ ထွက်ပြေးလာကာ . . .

"အို . . . ငါးအပေါင်းတို့၊ ငါတို့ အရှင်သခင် တင်မြှောက်ထားသော အာနန္ဒာကား မျိုးဇာတ်တူသော ငါတို့ကို စားလေပြီလို့ ဖွင့်ပြောလိုက်ပါသတဲ့"

ကာဠုဟတ်က ဤနေရာတွင် အသံကို မြှင့်တင်ပြောလေသည်။

"ဒီအခါ ငါးများအားလုံး ကြောက်လန့်တကြားနဲ့ ထွက်ပြေးသွားကြပါတယ်။ အာနန္ဒာငါးကြီးအပါးမှာ ယခင်လို ခစားမယ့် ငါးတစ်ကောင်မှ မရှိတော့ပါဘူး။ ဒီအခါမှာ ငါးကြီး အာနန္ဒာလည်း မွတ်သိပ်ဆာလောင်ခြင်းနဲ့ ရသတဏှာစွဲလမ်းခြင်းတို့ရဲ့ နှိပ်စက်မှုကြောင့် ငါးတွေ ဘယ်လိုပြေးကုန်ကြပြီလဲဆိုပြီး ကြီးမားလှတဲ့ ရေအောက်ကျောက်တောင်ကြီးတစ်ခုကိုလည်း တွေ့ရောဒီတောင်မှာ ငါးတွေ အမှီသဟဲပြု ပုန်းခိုနေကြဟန်တူရဲ့လို့ တောင်ကို ရစ်ပတ်ပြီး

ကြည့်ပါတယ်။ ဒီလိုရစ်ပတ်ရာမှာ မိမိရဲ့ အမြီးကို မိမိပြန်လည် တွေ့မြင်လိုက်ပါတယ်။ အာနန္ဒာငါးကြီးဟာ ဆာလောင်မွတ်သိပ်မှုနဲ့အတူ ဒေါသကြီးစွာထွက်နေတာကြောင့် သူ့အမြီးကို သူမသိတော့ဘဲ ဒီငါးကဖြင့် တောင်ကို ပတ်ပြီးပုန်းနေသလားဆိုပြီး ယူဇနာငါးဆယ်ရှိသော မိမိ အမြီးကို မိမိကိုက်ခဲစားသောက်လိုက်ပါတယ်။ အမြီးပြတ်ပြီး ကြီးစွာသော ဝေဒနာနဲ့အတူ သွေးတွေက တသွင်သွင် ထွက်ပြန့်ရာမှာ ငါးအပေါင်းတို့လည်း သွေးနံ့ရပြီးအာနန္ဒာငါးကြီးကို ဝိုင်းဝန်းအုံခဲကိုက်ဝါး စားသောက်ကြပါတော့တယ်။ အာနန္ဒာငါးကြီး သေဆုံးပြီးနောက် ကြွင်းကျန်တဲ့ အရိုးစုဟာ တောင်ကဲ့သို့တည်ရှိရာ သမုဒ္ဒရာမျက်နှာပြင်အထက် ထိုးထွက်ခဲ့ပါတယ်။ ကောင်းကင် ခရီးနဲ့သွားကြတဲ့ ရသေ့ရဟန်း ပရိဗိုဇ်များက ဒီအရိုးစုတောင်ကြီးကို တွေ့မြင်ကြတဲ့အခါမှာ လူအပေါင်းတို့ကိုလည်း အာနန္ဒာငါးကြီးရဲ့ ဖြစ်အင်အလုံးစုံကိုပြန်ကြားပြောဆိုကြပါတယ်။ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းမှာ ရှိတဲ့ လူအပေါင်းတို့ဟာ အာနန္ဒာငါးကြီးအကြောင်းကို သိသွားကြပါတယ်။ ပုံဝတ္ထုကတော့ ဤသို့လာပါတယ် အရှင်”

ကာဠုဟတ်သည် ပုံဝတ္ထုကို အဆုံးသတ်လိုက်ပြီးနောက် ပုရာဏ်ဆရာကြီး အသွင်မှ စစ်သူကြီး၏ ပကတိ အမူအရာသို့ ပြန်လည်ရောက်ရှိကာ

“အရှင် . . . အာနန္ဒာငါးကြီးအကြောင်းကို ကျွန်ုပ်သာဓကေ ထုတ်ဆောင်ခဲ့ပါပြီ၊ မနုဿမံသ လူ့အသားကို ချင်ခြင်းတပ်ကာ စားသောက်တဲ့ အမှုဤမှာပင် ဖျောက်ပယ်စွန့်လွှတ်စေချင်ပါတယ်။ မဟာရာဇ၊ အရှင်ဟာအာနန္ဒာငါးကြီးကဲ့သို့ ဇာတ်သိမ်းမှာကို ကျွန်ုပ်ကာဠုဟတ်နဲ့တကွ ပြည်သူအပေါင်းတို့ မမြင်ချင်ကြပါဘူး၊ ကာသိတိုင်း အလုံး ပျက်သုဉ်းမှာကိုလည်းမလိုလားကြပါဘူး အရှင်”ဟု ဆိုလေသည်။

စစ်သူကြီး ကာဠုဟတ်၊ သင်တကယ် စကားကြွယ်ပါကလား၊ စကားအရာကို စစ်တိုက်သလို သေနင်္ဂနဲ့ ပြောတတ်နေပါကလား၊ ဟင်း သင်ကပုံဝတ္ထုသာဓကေ ဆောင်သတဲ့လား၊ ငါကလည်း ပုံဝတ္ထုသာဓကေနဲ့ တန်ပြန်ရပေမပေါ့။

“ကာဠုဟတ် . . . သင်သာ ဝတ္ထု သာဓကေဆောင်တတ်တယ် ထင်သလား၊ နားထောင်စမ်း၊ ရသတဏှာ ... ရသတဏှာလို့ သင် ထပ်ကာ ထပ်ကာဆိုတယ်၊ စားလိုပါလျက် မစားရတဲ့အခါ ဘယ်လို ဒုက္ခရောက်တယ်ဆိုတာကိုကော သင်သိရဲ့လား”ဟု ငေါက်ငမ်းပစ်လိုက်၏။

ဘုရင်နှင့် စစ်သူကြီး၊ သက်ဦးဆံပိုင်နှင့် မင်းမှုထမ်း၊ အရှင်သခင်နှင့်တစ်သက်လုံး အမိန့်တော် နာခံခဲ့ရသော ကာဠုဟတ်တစ်ယောက် ငေါက်ငမ်း

သံကို ကြားရသည်၌ တောင့်တောင့်ကြီး ဖြစ်သွားသည်ကို ကျေနပ်စွာ ကြည့်ရင်း ဝတ္ထုဇာတ်လမ်းကို အစပျိုးလိုက်၏။

"တစ်ခါက ဗာရာဏသီပြည်မှာ သုဇာတအမည်ရှိတဲ့ သူကြွယ်တစ်ဦးရှိတယ်၊ ဒီသူကြွယ်မှာ အင်မတန် ချစ်စဖွယ် ကောင်းတဲ့ သားငယ်လေးတစ်ယောက်လည်း ရှိသတဲ့။ သုဇာတ သူကြွယ်ဟာ ဟိမဝန္တာ အရပ်ကလာကြတဲ့ ရသေ့ငါးရာတို့ကို သူ့ဉယျာဉ်မှာ သီတင်းသုံးစေပြီး လုပ်ကျွေးပူဇော်ခဲ့တယ်။ ရသေ့ငါးရာဟာ တစ်ခါတစ်ရံ ဇနပုဒ်တွေဆီ ဆွမ်းခံကြွတယ်၊ တစ်ခါတစ်ရံမှာ ဇမ္ဗုသပြေသီးကို ယူဆောင်ပြီး စားကြတယ်။ ဇမ္ဗုသပြေသီးကို ယူဆောင်တဲ့ အခါတွေဆိုရင် ရသေ့ငါးရာဟာ သုံးလေးရက်လောက် သုဇာတ သူကြွယ်ရဲ့ ဉယျာဉ်ကျောင်းကနေ ပျောက်ပျောက်သွားတတ်တယ်။ တစ်ခါတော့ ရသေ့တွေကို မတွေ့တာနဲ့ သုဇာတဟာ ဉယျာဉ်ကျောင်းဆီကို လိုက်သွားတယ်။ အင်း သူတစ်ယောက်တည်း မဟုတ်ဘူး သူ့သားငယ်လေးကိုပါ ခေါ်သွားတယ် ကြားလား ကာဠုဟတ်"

မိမိသည် ကာဠုဟတ်လို အာဝဇ္ဇန်းရွှင်ရွှင်၊ စီကာ ပတ်ကုံးမပြော တတ်၊ မဆိုတတ်၊ ထို့ကြောင့် မိမိ၏ ပုံဝတ္ထု အသက်ဝင်စိမ့်သောငှာ ကြားဖြတ် ပြီး ကြားလား ကာဠုဟတ်ဟု ငေါက်ငေါက်မေးလိုက်၏။

"ကျွန်ုပ်တို့ အားလုံး အရှင့်ရဲ့ ပုံဝတ္ထုသာဓကကို နားစိုက်ထောင်နေကြပါတယ်"

ဟု ကာဠုဟတ်က မျက်နှာတင်းတင်းဖြင့် ဖြေသည်။

"အင်း . . . ဉယျာဉ်ကျောင်း ရောက်တော့ ရသေ့တို့ကလည်း ဆွမ်းကျွေးပြီးခါက၊ အငယ်ဆုံး ရသေ့လေးက ဇမ္ဗုသပြေသီးကို စားနေဆဲပေါ့။ သုဇာတ သူကြွယ်က အရှင်ဘုရားတို့၊ ဘာများ ဘုဉ်းပေးနေကြပါသလဲလို့ မေးတော့ ငါတို့ ဇမ္ဗုသပြေသီးကို စားကြတယ်လို့ ဖြေသတဲ့။

"ဒီအသံကြားရုံနဲ့ပဲ သုဇာတ သူကြွယ်နဲ့ သားငယ်လေးဟာ ဇမ္ဗုသပြေသီးဆိုတာကို ပြင်းစွာ ချင်ခြင်းတပ်တော့တယ်တဲ့။ ရသေ့ဂိုဏ်းဆရာကြီးကလည်း ဒါကို သိလို့ ကလေးငယ်လေးစားဖို့ ဇမ္ဗုသပြေသီး နည်းနည်းပါးပါး စွန့်လိုက်တယ်၊ ကလေးဟာ ဇမ္ဗုသပြေသီးကို စားလိုက်ရတယ်ဆိုရင်ပဲ အရသာကို တပ်မက်လွန်းလို့ ဇမ္ဗုသပြေသီးကို ပေးပါ ပေးပါဦးလို့ အဖန်တလဲလဲ တောင်းတော့သတဲ့။ အင်း . . . ရသာတဏှာလေ"

ကာဠုဟတ်နှင့်တကွ ပရိသတ်အားလုံး ငြိမ်သက်နေသည်။

"ကလေးက အော်အော်ပြီး အဆက်မပြတ်တောင်းလွန်းလို့ သူကြွယ်ခမျာမှာ တရားကိုတောင် ဖြောင့်ဖြောင့်မနာနိုင်တော့ဘူး၊ သားငိုတာ နှစ်သိမ့်

ချော့မော့ပြီး ရသေ့များကို မပန်ကြားတော့ဘဲ အိမ်ပြန်ခဲ့ရတယ်။ အိမ်ရောက်တော့လည်း ကလေးက တစာစာ ငိုတမ်းပြီး သပြေသီးပေးပါ၊ သပြေသီး စားချင်တယ်နဲ့ အော်ဟစ်နေတော့တယ်။ ဒီလိုနဲ့ ကလေးဟာ ဘာကိုမှမစား၊ ရေလည်း မသောက်နဲ့ ဇမ္ဗူသပြေသီးကိုသာ တမ်းတငိုကြွေးနေလေတော့ သူကြွယ်ဟာ ရသေ့များထံ ပြန်သွားရပြန်တယ်၊ ဒါပေမဲ့ ရသေ့တွေကလည်း သူကြွယ်ရဲ့ ဥယျာဉ်ကျောင်းမှာ သီတင်းသုံးတာ အတန်ကြာသွားပြီဆိုပြီး ဟိမဝန္တာ ပြန်ကြွသွားပြီလေ၊ တစ်ပါးမှ မရှိတော့ဘူး။ သူကြွယ်လည်း အိမ်ပြန်ပြီး သပြေသီး၊ သရက်သီး၊ ပိန္နဲသီး၊ ငှက်ပျောသီး ကောင်းပေ့ဆိုတာကို ပျားသကာနဲ့ နယ်နှမ်းပြီး ကလေးကို ကျွေးရှာတယ်၊ ဒါပေမဲ့ ဒီအစားအစာတွေဟာ ဇမ္ဗူသပြေသီး အနည်းငယ်မျှကို စားဖူးထားတဲ့ ကလေးရဲ့ လျှာဖျားမှာ အဆိပ်ကဲ့သို့ ဖြစ်ကုန်သတဲ့။ အင်း ဒီလိုနဲ့ပဲ ကလေးဟာ ခုနစ်ရက်ပတ်လုံး အစာရေစာကင်း၊ ဇမ္ဗူသပြေသီးကို စွဲလမ်းတဲ့ စိတ်နဲ့ပဲ အသက်ကုန်သွားသတဲ့။ ဒီမှာ ကာဠုဟတ်"

ပုံဝတ္ထုကို အဆုံးသတ်လိုက်ပြီး စစ်သူကြီးကို လေသံပြင်းပြင်းခေါ်လိုက်၏။ မိမိသာဓကဆောင်ခဲ့သော ပုံဝတ္ထုထဲမှ ကလေးငယ်ကဲ့သို့ မိမိသည်လည်း ပုံဝတ္ထုပြောနေရင်းဖြင့်ပင် လူသားကို ပြင်းပြစွာ သတိရ မွတ်သိပ်နေပေပြီ။

"ကြားရဲ့လား ရသတဏှာ . . . ငါ့အဖို့ အရသာတကာတို့ထက် မြတ်တဲ့ လူသားကို မစားရဘူးဆိုရင် ငါ အသက်ကုန်မှာပဲ၊ သင်က ပုံဝတ္ထုကို ပုံဝတ္ထုမည်ကာမတ္တနဲ့ သာဓက ဆောင်ပြောနေပေမဲ့ ငါက ငါ့အသက်နဲ့ ထပ်ပြီး သာဓက ဆောင်ပြောနေခြင်း ဖြစ်တယ် ကြားလား"

ကာဠုဟတ်က ခေါင်းကို ခါယမ်းနေသည်။ သူ့အသွင်မှာ ဓားအိမ်မှ ချွတ်ပြီးသော ဓားလွယ်ကဲ့သို့ ခုတ်ပိုင်းစရာကိုသာ ရှာဖွေနေတော့သည့်ပုံမျိုး တစ်စုံတစ်ရာကို မခုတ်ပိုင်းရသေးသမျှ ဓားအိမ်ထဲသို့ ပြန်သွင်းထည့်ခံမည် မဟုတ်သော ဓားတစ်စင်းနှယ် . . . ။

ကျိုးနွံခြင်း မရှိသော သင်းအသွင်ကို မြင်ကာ အခံရခက်လှသဖြင့် ပြင်းထန်စွာ ငေါက်ငမ်းလိုက်တော့မည်ဟု နှုတ်ကို အဖွင့်မှာပင် ကာဠုဟတ်ထံမှ

"အရှင်နားဆင်ပါဦး"ဟူသော ပြတ်သားသည့်အသံပေါ်လာ၏။

အလို . . . မိမိ နှုတ်ဆွံ့သွားပါပကော။

"မင်း . . . ဘာပြောဦးမလို့လဲ ကာဠုဟတ်"

"ပြောလိုရင်း စကားကတော့ အရှင် လူသားကို ရှောင်ကြဉ်စေချင်ပါတယ်"

"ငါ . . . ဘယ်လိုမှ လူသားကို မရှောင်ကြဉ်နိုင်ဘူး ဒါပဲ"

"သို့ဆိုလျှင် ဆွေတော်မျိုးတော်အပေါင်း ပြည်စည်းစိမ်အသရေ အပေါင်းတို့ဟာ အရှင့်ထံမှ ဆုတ်ယုတ်ကင်းလွတ်ကုန်ကြပါလိမ့်မယ်"

"အဲဒါတွေအားလုံးကို ငါလူသားနဲ့လဲမယ် ကာဠုဟတ်"

"သို့ဆိုလျှင် သာဓကေ ပုံဝတ္ထုတစ်ခု နားဆင်ပါဦးအရှင်"

ဒေါသနှင့်အတူ ညှိုးငယ်သော သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ရ၏။ အားအင်ချည့်နဲ့သွားသလိုလည်း ခံစားနေရသည်။ ကာဠုဟတ် သည် သူ၏ အရှင်သခင်ထက် ပို၍ စွမ်းအင်ကြီးမားနေပြီလား . . . ။

မှူးမတ်မိုလ်ပါ ပရိသတ်ရှိရာသို့လည်း တစ်ချက်လှမ်းကြည့်၏။ အားလုံး၏ အစုံ အစုံသော မျက်လုံးများက မိမိအပေါ် တစ်စုတစ်ဝေးတည်း ကျရောက်နေကြသည်။ အလို . . . ပြည့်ရှင်မင်းတစ်ပါးသည် မိမိပြည်သူ အပေါင်း၏ ဤသို့သော စူးစူးရဲရဲ အကြည့်ကို တစ်ခါမှ မကြုံခဲ့ဖူးပေ။ စစ်သူကြီးကာဠုဟတ်၏ မျက်လုံးများက အတောက်ပဆုံး အင်အားအရှိဆုံး . .။ သူ့အင်အားများက ပရိသတ်မိုလ်ပါဆီ ဖြန့်ကျက်သွားကာ အားလုံးပင် သန်စွမ်း တင်းမာနေကြတော့သည်။ ဒါ . . . ဒါဆိုရင် ငါ့မှာ . . . ငါ့မှာက တစ်ယောက်တည်း . . . ။

"ပုံဝတ္ထုသာဓကေ နောက်တစ်ပုဒ်တဲ့လား၊ အင်း . . . ပြောပါဦးလေ"

ကိုယ့်ကိုယ်ကို ထိန်းချုပ်ဖို့ သတိမထားလိုက်မိခင်မှာပင် ပျော့ညံ့စွာ အသံထွက်သွားလေသည်။

# ၇

စစ်သူကြီးကာဠုဟတ်က ခေါင်းကို လေးလေးပင်ပင် ခါယမ်းနေသည်။ သူ့ဘက်က ဘာကြောင်းကြောင့်နှင့်မှ ဘယ်တော့မှ အလျှော့ပေးလိမ့်မည် မဟုတ်ဟူသော အသွင်ကို တွေ့နေရသည်။ သင်းက တစ်နန်းတော်လုံး၊ တစ်တိုင်းပြည်လုံးကို ကျောထောက်နောက်ခံ ပြုထားနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ မောက်မာနေသတဲ့လား။ ဟေ့ ဒီမှာ ကာဠုဟတ်ရဲ့၊ ဗာရာဏသီမှာ ငါက အခုထိ ရာဇပလ္လင်ထက်မှာ ရှိနေသေးတဲ့ သက်ဦးဆံပိုင် ဘုရင်ပါကွယ့်၊ ငါ့နှုတ်ဖျားမှာ တစ်ချက်လွှတ် အမိန့်အာဏာရှိနေသေးတယ်ဆိုတာ မင်းသိထားလိုက်စမ်းပါ . . . ။

စိတ်ထဲမှ ကြုံးဝါး ရေရွတ်လိုက်ရသော်လည်း မိမိအသံ အားပျော့နေသည်ကို မိမိဘာသာ သတိပြုလိုက်မိလေသည်။

ကာဠုဟတ်ကမူ ဦးခေါင်းကို ယမ်းခါနေရာမှ ဝံ့ဝံ့စားစား မော့ကြည့်လျက် . . .

"အရှင် နောက်ထပ် ပုံဝတ္ထု သာဓကတစ်ခုကို နားဆင်ပါဦး"

ဟု ဆို၏။

"နောက်ထပ် ပုံဝတ္ထုသာဓကတဲ့လား။ ဟင်း . . . ဟင်း . . . ဗာရာဏသီရဲ့ စစ်သူကြီးဟာ သေနင်္ဂအရာမှာတော့ ဘယ်လောက် စွမ်းသလဲမသိ၊ ပုံပြောတဲ့ အရာမှာတော့ ပုရာဏ်ကျမ်းဆရာ တစ်ယောက်လို ဖြစ်နေပါလား၊ ကဲ . . . ဆိုစမ်း သင့်ပုံဝတ္ထု . . . "

ကာဠုဟတ်၏ ပုံဝတ္ထုကို မကြားတစ်ချက် ကြားတစ်ချက်။ သူ့အသံ တိုးတိမ်သောကြောင့်မဟုတ် . . . မိမိကိုယ်တိုင်က နားထဲမှ လေများ တရှီးရှီး ထွက်နေသောကြောင့် ဖြစ်ပေသည်။ အင်း . . . အစာစားချိန် တန်ပြီလေ၊ မနုဿမံသကို ပွဲတော်တည်ရမယ့် အချိန် . . . ။

ပုံဝတ္ထုက ရှင်းရှင်းလေးပဲ ဖြစ်သည်။ တစ်ခါက ငါးပါးသီလကို

ခါးဝတ်ပုဆိုးနှယ် မြဲမြဲစွာ စောင့်ထိန်းသော သောတ္တိယ အမျိုးအနွယ် တစ်ယောက်ရှိသည်။ သူတို့၏ သားငယ်ကိုလည်း ကောင်းစွာ ပြုစုစောင့်ရှောက်ခဲ့ကြသည်။ သားငယ်က ပညာရှိသည်၊ လိမ္မာသည်၊ ဗေဒင်သုံးပုံကို ကမ်းမြောက်တတ်သည်။ လုလင် အရွယ်ရောက်တော့ မိတ်ဆွေများက ငါးအမဲနှင့် သေရည်သောက်စားရန် သူ့ကို မြှူဆွယ်ကြသည်။ လုလင်က ငါးအမဲ သေရည် သောက်စားသူမဟုတ်၊ ထိုအခါ အပေါင်းအသင်းများက သေရည်မသောက်တတ်သောလုလင်ထံမှ သေရည်ဖိုး အခကြေးငွေတောင်း၍ မရသဖြင့် ဥပါယ်တံမျဉ်ကြံကြသည်။ သူတို့ ကြံပုံမှာ ပဒုမ္မာကြာရွက်၌ သေရည်ကို ထည့်ထုပ်လျက် ကြာမှဖြစ်သော ပျားဟုဆိုကာ ကြာဖက်ကို အောက်မှ ဖောက်၍ စုပ်ယူသောက်သုံးကြသည်။ လုလင်လည်း ကြာပျားဟူသော အမှတ်ဖြင့် သောက်စေသည်။ လုလင်ငယ်သည် ကြာပျားအမှတ်ဖြင့် သေရည်ကို မြည်းစမ်းပြီးနောက် ယစ်ဝေစွာဖြင့် ငါးအမဲကို တောင်းတော့သည်တဲ့။ ငါးအမဲများကို ဖန်တလဲလဲ စား၊ သေရည်ကို အထပ်ထပ်သောက်ရင်း လုလင်ငယ်သည် အမဲနှင့်သူရာကို စွဲလမ်းသွားလေသည်။ ဤမျှကောင်းမြတ်သော အရသာကို ငါမသိခဲ့တကား ငါ့ကို ထပ်ပေးကြဦးဟု တောင်းသော ဟူ၏။ အပေါင်းအဖော်များက ကုန်ပြီဟု ဆိုသောအခါ အသပြာ လက်စွပ်ကို ပေး၍ နောက်ထပ်ဆောင်ယူကြချေဟု စေသည်။ ဤသို့ဖြင့် လုလင်ငယ်သည် ငါး အမဲ သေရည်ကို အစွဲကြီး စွဲလမ်းသွားခဲ့သည်။

"ဒီအကြောင်းကို ဖခင်ဖြစ်သူ သိတဲ့အခါမှ ချစ်သား . . . ငါတို့မျိုးစဉ်အဆက်ဆက်ဟာ ငါးအမဲ သေရည်ကို လုံးဝရှောင်ကြဉ်ခဲ့သူများဖြစ် တယ်၊ ငါးပါးသီလ လုံခြုံခဲ့သူများ ဖြစ်တယ်၊ မကောင်းတဲ့ ဒီအမှုကို ချစ်သား စွန့်လွှတ်ပါလို့ ပြောရှာပါသတဲ့"

ကာဠုဟတ်က လေသံကို တစ်ဆင့်တင်၍ ပြောနေသည်။

"ဒီအခါမှာ လုလင်ငယ်ကလည်း သူဘယ်လိုမှ မစွန့်လွှတ်နိုင် ကြောင်း ပြောပါတယ်။ ဖခင်ကြီးက အမျိုးမျိုး တောင်းပန်ပြီး ဒီလိုသာ ဆိုရင် အမျိုးအနွယ်ဂုဏ်လည်း ပျက်စီးမယ်လို့ ဆုံးမပါတယ်။ လုလင်ငယ်က ပျက်စီးချင်တာ ပျက်စီးပါစေ၊ ငါး အမဲ သေရည်ကိုဖြင့် မစွန့်လွှတ်နိုင်၊ စွန့်လွှတ်ခြင်း စွန့်လွှတ်ရမယ်ဆိုရင် မိခင် ဖခင်၊ မျိုးနွယ် စည်းစိမ်ဥစ္စာကိုသာ စွန့်လွှတ်မယ်လို့ အပြတ်အသား ဆိုပါသတဲ့"

ကာဠုဟတ်က ဤနေရာ အရောက်တွင် ပုံပြောရပ်လိုက်သည်။ နန်းတွင်းရှိ မှူးမတ်ပရိသတ် အားလုံး ခေါင်းတဆတ်ဆတ် ညိတ်ရင်း တီးတိုး ရေရွတ်နေကြ၏။ သူတို့အမှုအရာနှင့် လေသံတွေကို သည်းမခံနိုင်တော့သဖြင့်

Type in the text you want to insert



"ကာဋ္ဌဟတ် . . . သင့်ပုံဝတ္ထု အဆုံးမသတ်သေးဘူးလား"ဟု ခပ်ဝေါက်ဝေါက် မေးပစ်လိုက်လေသည်။

"နားဆင်ပါ အရှင်၊ ပုံဝတ္ထုက ဒီလို ဆက်လာပါတယ်၊ ဖခင်ဖြစ်သူက ချစ်သား . . . သင်က မစွန့်လွှတ်လျှင် သင့်ကို ငါတို့ စွန့်လွှတ်ရတော့မယ်လို့ ဆိုတော့ လုလင်က အမဲသားငါးနဲ့ သေရည်ကိုဖြင့် ကျုပ်မစွန့်နိုင်၊ အရသာတကာတို့မှာ အမြတ်ဆုံး အရသာကို ကျုပ်မစွန့်၊ ဖခင်တို့ကလည်း ကျုပ်ကို စွန့်ဖို့မလို၊ ကျုပ်ကသာ ကျုပ်ကို တားမြစ်ပိတ်ပင်နေတဲ့ ဖခင်တို့အားလုံးကို စွန့်မယ်၊ ကျုပ်မနေဘူးဆိုပြီး ထွက်ခဲ့ပါသတဲ့။ တစ်မျိုးတစ်ဆွေလုံးကလည်း အမွေမခံထိုက်တဲ့ သူယုတ်၊ ငါတို့ မမြင်ရ မကြားရတဲ့ အရပ်ဆီ ထွက်သွားလို့ စွန့်ပစ်လိုက်ကြပါတယ်"

"ဒါပဲလား . . . သင့်ပုံဝတ္ထု ဇာတ်သိမ်း . . . "

"မဆုံးသေးပါ၊ ဇာတ်မသိမ်းသေးပါ အရှင်၊ ဖခင်ဖြစ်သူဟာ တရားဆုံးဖြတ်ရာ အရပ်ကနေပြီး သားကို သားမဟုတ်တော့လို့ဆိုကာ အမွေပြတ်စွန့်ပစ်လိုက်ပါတယ်။ လုလင်ငယ်ကလည်း အထောက်အပံ့မရှိ၊ အမှီအခိုမဲ့စွာနဲ့ ခွက်လက်စွဲတောင်းစားရင်း မြို့တံတိုင်းနံရံကိုမှီလျက် အသေဆိုးနဲ့ သေဆုံးသွားခဲ့ပါတယ်၊ ပုံဝတ္ထုဇာတ်သိမ်းပါပြီ၊ သို့သော် အကျွန့်ရဲ့ စကားကတော့ မဆုံးသေးပါ"

"ပြောစမ်း . . . ဘာပြောချင်သလဲ"

"သေသောက်ကြူး . . . အစားကြူး လုလင်ငယ်ကို အားလုံးက နှင်ထုတ်စွန့်ပစ်သလို အရှင့်ကိုလည်း တိုင်းနိုင်ငံက နှင်ထုတ်ကြတော့မှာ ဖြစ်ပါတယ်၊ ဆင်ခြင် သုံးသပ်ဖို့ အချိန်ရှိပါသေးတယ် အရှင် . . . "

မှူးမတ်ဗိုလ်ပါ ပရိသတ်အားလုံး တဝေါဝေါဖြစ်သွားပြန်သည်။ နီးရာလူချင်း ခေါင်းဆတ် ခေါင်းညိတ် တီးတိုးပြောကြသော အသံတစ်သံချင်းစီသည် တစ်ပြိုင်တည်း တစ်ချိန်တည်းမှာ ဖြစ်သောကြောင့် အသံလှိုင်းကြီး ပေါ်လာခြင်းပင်။

ဩ . . . ကာဋ္ဌဟတ်၊ မင်းက ဒီလိုတဲ့လားဟု စိတ်ထဲက ကြုံးဝါးရင်းဖြင့် . . .

"နားထောင်စမ်း . . . "

ဟု အသံကို မြှင့်၍ ပြောလိုက်၏။ ကြောက်ရွံ့ရင်းစွဲရှိကြလေသော ပရိသတ်တို့၏ တဝေါဝေါအသံများ တိခနဲ ပြတ်သွားလေသည်။

"ကာဋ္ဌဟတ် . . . ပုံဝတ္ထုတိုင်းမှာ သူ့ဥပဒေသနဲ့သူရှိကြတာချည်းပဲ၊ တစ်စုံတစ်ယောက်ဟာ မိမိပြောဆိုလိုတဲ့ ရည်ရွယ်ချက်ကို ထုတ်ဖော်ဖို့၊ မိမိ

ထုတ်နုတ်လိုရာ ပုံဝတ္ထု သာဓကကို ဆောင်လေ့ရှိတယ်၊ ရသတဏှာရဲ့ ပြင်းထန်ပုံနဲ့ ပတ်သက်တဲ့ ပုံဝတ္ထုသာဓကတွေဟာလည်း အရာအထောင်မက ရှိနေတယ်၊ သင့်အလှည့် . . . နားထောင်ဦး ကာဠုဟတ် . . . ”

ကာဠုဟတ်က နားထောင်သည်လည်း မဟုတ်၊ နားမထောင်သည်လည်း မဟုတ်သော အမူအရာဖြင့် မရွှေ့မဖယ်စတမ်း စိုက်ကြည့်နေသည်။ သူ၏ ခံတန်တန် အမူအရာကို မြင်ရသောအခါ သွေးကြောတွေ ဆူပွက်လာ သလို ခံစားရ၏။

“တစ်ခါက သုဇာတဆိုတဲ့ သူကြွယ်တစ်ယောက်ရှိတယ်၊ သူဟာ ရသေ့ငါးရာတို့ကို ပြုစုလုပ်ကျွေးသူလည်း ဖြစ်တယ်၊ တစ်နေ့သောအခါ ရသေ့ငါးရာတို့ဟာ ဇမ္ဗူ့သပြေသီးကိုသာ စားသုံးကြခိုက် ဖြစ်လို့ သူ့ဂေဟာဆီကို မရောက်လာကြဘူး၊ ရသေ့တွေ ဘာကြောင့် မကြွလာသလဲဆိုတာ သိရဖို့ သုဇာတ သူကြွယ်ဟာ ရသေ့များ သီတင်းသုံးရာ ဥယျာဉ်ဆီ လာခဲ့တယ်၊ ဥယျာဉ်ရောက်တော့ တရားနာပြီး ထိုညဉ့်အဖို့ မပြန်တော့ဘဲ ဥယျာဉ်ကျောင်း အတွင်းမှာပဲ အိပ်စက်တယ်။ ညဉ့်အခါမှာ သိကြားနတ်မင်းဟာ နတ်သမီး အပေါင်းခြံရံပြီး အခြွေအရံနဲ့တကွ ရသေ့များကို ရှိခိုးဖို့ လာသတဲ့၊ သိကြား နတ်မင်းတို့ အာနုဘော်ကြောင့် အလုံးစုံသော ကျောင်းအာရာမ်ဟာ ပြိုးပြက် လင်းထိန်သွားတဲ့အတွက် သုဇာတ နိုးလာပြီး ကျောင်းပေါက်ကနေ ကြည့်လိုက် တယ်၊ ဒီအခါမှာ သိကြားနတ်မင်းရဲ့ အနီးက နတ်သမီးတွေကို မြင်ပြီး မြင်တဲ့ ခဏမှာပဲ နတ်သမီးတို့အလှကို ရာဂတပ်စွန်း စွဲလမ်းသွားခဲ့တယ်”

ပုံဝတ္ထုကို အဆင်ပြေပြေ ချောမွေ့စွာ ပြောပြနေနိုင်ခြင်းကြောင့် မိမိ ကိုယ်မိမိ ကျေနပ်သွား၏။ တုံ့ဆိုင်းထစ်ငေါ့ခြင်း အလျဉ်းမရှိ။

“နောက်တစ်နေ့ အိမ်ပြန်ရောက်တော့ သုဇာတ သူကြွယ်ဟာ တစ် ချိန်လုံးလုံး တစ်ခွန်းတည်းသော စကားကိုပဲ ထပ်တလဲလဲ ပြောနေတော့တယ်၊ ငါ့ကို နတ်သမီးပေးကြပါ၊ ငါ့ကို နတ်သမီးပေးကြပါ . . . တဲ့၊ အဆွေအမျိုး အလုပ်အကျွေးတွေကလည်း သုဇာတရဲ့ ဇနီးအပါအဝင် အခြားချောပေ့လှပေ့ ဆိုတဲ့ မိန်းမများကို နတ်သမီးကဲ့သို့ တန်ဆာဆင်ပြီး ဟောဒီမှာ သင်အလိုရှိတဲ့ နတ်သမီးလို့ ဆောင်ယူပြကြတယ်။ ဒါပေမဲ့ သုဇာတက ဒါနတ်သမီးမဟုတ် ဘူး၊ ဘီလူးမတွေ . . . ငါမြင်ခဲ့ရတဲ့ နတ်သမီးကမှ တကယ့်နတ်သမီး . . . ငါ့ကို နတ်သမီးပေးလို့ တစာစာ မြည်တမ်းရင်းနဲ့ အစာရေစာလည်း မသုံး ဆောင်နိုင်၊ နေ့နေ့ညည ရေရွတ်တမ်းတရင်းနဲ့ပဲ အသက်ကုန်သွားခဲ့တယ်။

ပုံဝတ္ထု ဒီမှာဆုံးတယ်၊ သို့သော် ငါ့စကားမဆုံးသေးဘူး၊ ဘယ့်နှယ် လဲ ကာဠုဟတ်”

လက်စားချေ တုံ့ပြန်စကား ဆိုလိုက်ရသဖြင့် အကျေနပ်ကြီး ကျေနပ်သွား၏။ ကာဠုဟတ်က

"အမိန့်ရှိပါ အရှင်" ဟု ဆိုလေသည်။

"နားထောင် . . . သမန်းမြက်ဖျားနဲ့ ရေကိုယူပြီး မဟာသမုဒ္ဒရာရေဟာ ဒီလောက်ရှိသတဲ့လို့ နှိုင်းယှဉ်သလိုပဲ၊ သုဇာတသူကြွယ်အဖို့ သူမြင်ခဲ့ရတာဟာ တကယ့်နတ်သမီး၊ မဟာသမုဒ္ဒရာရေ၊ သူ့မှာတကယ်ရှိနေတာက သမန်းမြက်ဖျားကရေ၊ မနှိုင်းအပ် မကြံအပ်။ ဒါကြောင့် နတ်သမီးကိုသာ တောင့်တပြီး သုဇာတ သေဆုံးခဲ့တယ်၊ ဘာကြောင့်လဲ . . . နတ်၌ဖြစ်သော ကာမဂုဏ်ကို မရလို့ သုဇာတဟာ အသက်ကို စွန့်ခဲ့တယ်၊ ငါလည်း ထို့အတူပဲ . . . ငါ့အတွက် အမြတ်ဆုံး အမြိုက်အရသာကို မရရင် ငါအသက်စွန့်ရလိမ့်မယ်၊ အဲဒါ ငါ့ရဲ့ အဆုံးသတ် စကားပဲ ကာဠုဟတ်"

စစ်သူကြီး ကာဠုဟတ်၏ ပခုံးနှစ်ဘက် ဆတ်ခနဲ တွန့်သွားသည် ထင်ရ၏။ သို့သော် သင်း ရင်အုပ်ကြီးက မို့မောက်ပြန့်ကားလာပြန်သည်။ သင်း နောက်ထပ် စကားပြောဖို့ အားယူအသက်ရှူသွင်းပြန်ပြီ။

"အရှင်မိန့်ကြားသလို ပုံဝတ္ထုတိုင်းမှာ သူ့ဥပဒေသနဲ့သူ ရှိကြပြီး မိမိလိုရာ ထုတ်ဆောင်ကြတာ မှန်ပါတယ်၊ သို့သော် ရှိရှိသမျှသော ပုံဝတ္ထုသာခကေတိုင်းရဲ့ အထူးထူးသော ဥပဒေသများမှာ အနှစ်ချုပ်လိုက်ရင် နှစ်မျိုးနှစ်စားပဲ ရှိပါတယ် အရှင်၊ အဲဒီ နှစ်မျိုးနှစ်စားကတော့ ဆောင်ကြဉ်းရန်နှင့် ရှောင်ကြဉ်ရန်ပဲ ဖြစ်ပါတယ်"

"သင် ဘာပြောချင်တာလဲ"

သည်တစ်ခါတော့ မိမိ၏ အသံက ဟိန်းဟောက်၍ ထွက်သွားလေသည်။

"လွန်လေပြီးသောအခါက စိတ္တကဠုတောင် ရတနာရွှေဂူမှာ ကိုးသောင်းကုန်သော ရွှေဟင်္သာတို့ နေထိုင်ကြပါတယ်"

တက္ကသိုလ်၌ ပညာသင်ယူခဲ့သော မိမိနှယ်သော မင်းကိုမှ သင်းက အတတ်ကြီးလုပ်၍ ပုံဝတ္ထုသာခကေ ဆောင်ချေသည်။ ဇာတ်တူသားစား၍ ပျက်စီးရသော ဟင်္သာကိုးသောင်းဇာတ်ကို မိမိမသိဘဲ ရှိရမည်လော။

မိုးလေးလပတ်လုံး အပြင်သို့ မထွက်ပဲ ရွှေဂူထဲ၌ နေထိုင်ကြသည့် ရွှေဟင်္သာများအကြောင်း၊ ရွှေဂူတံခါးဝ၌ ရထားလှည်းဘီးခန့်ရှိ ပင့်ကူကြီးတစ်ကောင်က အမြှေးယှက်ဖွဲ့နေထိုင်သည်။ ပင့်ကူအိမ်မြှေးကို ဖောက်ဖျက်ပစ်ရန် ဟင်္သာပျိုတစ်ကောင်အား မိုးလေးလစာ သလေးစပါး စုဆောင်းထားသည့်အထဲမှ အစုတစ်စုကို ပေး၍ ဖောက်ဖျက်စေသည်။ တစ်ခါသော် မိုးက

ငါးလပတ်လုံး မစဲတမ်းရွာသည်။ သလေးစပါးတို့ ကုန်သွားသည်။ ဟသ်ာတို့သည် အသက်ရှင်ရန်အတွက် ဦးစွာ ဥများကို စားကြသည်။ ဥများ ကုန်သွားသောအခါ ဟသ်ာငယ်များကို စားကြသည်။ ဟသ်ာငယ်များ ကုန်သွားသောအခါ ဟသ်ာအိုများကို စားကြသည်။ ငါးလလွန်၍ မိုးစဲသော အခါ ပင့်ကူက အမြေးအိမ် ယှက်ဖွဲ့သည်။ ပင့်ကူအိမ်ကို ဟသ်ာတို့ မဖောက် နိုင်တော့။ ဇာတ်တူသား စားမိသဖြင့် ဟသ်ာတို့ ခွန်အား ချည့်နဲ့ကြပြီ။ ပင့်ကူ သည် ဟသ်ာတို့ကို တစ်ကောင်ပြီး တစ်ကောင် ဦးနှောက်ကို ဖောက်၍ သွေး သောက်သည်။ ကိုးသောင်းသော ဟသ်ာတို့ သေကြေပျက်စီး၍ ဟသ်ာမျိုး ပြတ်သည်။

ဒီပုံဝတ္ထုကိုများ . . .

"မစားအပ်သော ဇာတ်တူသားကို စားလို့ ဟသ်ာတို့ မျိုးဆက်ကုန် ဆုံးခဲ့ကြရပါတယ် အရှင်၊ ထို့အတူ အရှင်မင်းကြီးဟာလည်း လူသားကို စားတဲ့ အခါ လူဇာတ်မျိုးနွယ်ကတော့ ဟသ်ာတို့လို အကုန်မခံနိုင်ပါ၊ အရှင့်ကိုသာ တိုင်းနိုင်ငံက နှင်ထုတ်ကြမှာ ဖြစ်ပါတယ်"

## ၈

ပုံဝတ္ထုသာခကေတို့ကို တစ်လှည့်စီ တစ်ပြန်စီ ဆောင်လျက် စကားစစ်ထိုးခဲ့ကြသည့် အချိန်ကာလသည် ရှည်လျားခဲ့ပြီ။ စစ်သူကြီး ကာဠုဟတ်မှာ ရင်ကို စွင့်၍ ခေါင်းကို ဝင့်၍ မိမိကိုသာ တည့်တည့်မတ်မတ် ကြည့်နေ၏။ သင်းမှာ ဘယ်လို အင်အားမျိုးတွေကို ဘယ်လိုရရှိနေပါလိမ့်။ ပြည့်ရှင်မင်းတစ်ပါးနှင့် စကားအခြေအတင်ပြောဆိုကာ ဘုရင့်မျက်နှာတော်ကို စေ့စေ့ကြည့်နေနိုင်သော သတ္တိမျိုး သင်းဘယ်က ရလာသလဲ။

သူ့ကို ပြန်ကြည့်ရင်း အတွေးတွေက ရှုပ်ထွေးလာသည်။ မနုဿမံသကို ယနေ့အဖို့ ယခုအထိ မမှီဝဲရသေးသဖြင့်လည်း ဝမ်းဗိုက်က တကြုတ်ကြုတ်မြည်လာသည်။ အခြေအတင် စကားပြောခဲ့ရသဖြင့် လျှာတွေလေးလာကာ အာတွေ ခြောက်လာသည်။ စားတော်ချက် ရသကကိုလည်း သင်းတို့က တုပ်နှောင်ဖမ်းဆီးထားပြီ။ မျှော်လင့်ချက် မရှိတော့ . . . ။ လူသားရှာပေးချက်ပေးမည့် တစ်ဦးတည်းသော လူယုံရသကက သင်းတို့လက်ထဲမှာ . . . ။

ကာဠုဟတ် . . . ကာဠုဟတ် . . . မင်းက ခွန်အား အပြည့်နဲ့ ငါ့ကို စေ့စေ့ရဲရဲ ကြည့်နေတယ်။ ထိုးဖေ့တော့မယ့် တိုက်ဆင်တစ်ကောင်လို ပေါက်ခဲတော့မယ့် မြွေဟောက်တစ်ကောင်လို၊ ခုန်အုပ်တော့မယ့် ကျားတစ်ကောင်လို. . . မင်းက ခွန်အား အပြည့်နဲ့ . . . ။ ငါ့မှာ . . . ငါ့မှာတော့ အစာရေစာ ပြတ်လပ်တဲ့ ဝံပုလွေတစ်ကောင်လို . . . ။

နားထဲမှာ တစီစီ လေတိုးထွက်သံတွေကိုပင် မိမိဘာသာ ပြန်ကြားနေရပြီ။ ငါ . . . ငါ . . . ချည့်နဲ့သွားပြီလား . . . ။

တဝေါဝေါအသံတွေက နန်းတော်ခန်းမထဲမှာ ပေါ်လာကြ၏။ ဘာသံတွေလဲ . . . ၊ ယခုမှပင် မှူးမတ်ဗိုလ်ပါ ပရိသတ်များကို သတိထားမိတော့သည်။ ကြည့်စမ်း . . . နန်းရင်ပြင်မှာ သူတို့က တစ်စုတစ်ဝေးကြီးပါ

လား။ သူတို့က . . . အများ၊ ငါက တစ်ကိုယ်တည်း . . . တဝေါဝေါ အသံတွေက ဘာတွေလဲ။ တဖြည်းဖြည်း သဲကွဲပီသစွာ ကြားလာရသည်။

"နှင်ထုတ် . . . နှင်ထုတ် . . . "

"တိုင်းပြည်က နှင်ထုတ်ပါ . . . "

"ဒီ မင်းကို ငါတို့ အလိုမရှိဘူး . . . "

"လူသားစားတဲ့ လူ့ဘီလူးကို တိုင်းပြည်က နှင်ကြစို့ . . . "

အလိုလေး . . . တစ်ခဲနက် အသံတွေပါလား . . . ။

ပြန်ဆိုစရာ စကားမရှိတော့ပြီ . . . ။

ပွက်ပွက်ရိုက်နေသော အသံများက ရုတ်တရက် တိခနဲ ပြတ်တောက်သွားကြသည်။ ဩ . . . ကာဠဟတ် . . . ကာဠဟတ် . . . သင်းက ဒီလောက်ထိကို ဩဇာအာဏာ ကြီးမားနေလေသကိုး . . . ။ သင်းမတ်တတ်ရပ်ပြီး လက်ကိုတစ်ချက် ဖေ့ယမ်းပြလိုက်ရုံနဲ့ ပရိသတ်အသံက ငြိမ်သက်သွား...။

"ကြားပါစ . . . အရှင်၊ ဒါဟာ တိုင်းပြည်ရဲ့ အသံပါပဲ"

မကြားဘူး . . . မကြားချင်ဘူးဟု အော်လိုက်ချင်သည်။ သို့သော် အသံက လည်ချောင်းထဲမှာပင် ပျောက်ဆုံးသွား၏။

"လူသားစားခြင်းကို စွန့်လွှတ်မလား . . . မစွန့်လွှတ်ဘူးလား ... ဖြေပါ . . . အရှင်မင်းကြီး"

"ငါ . . . ငါ . . . မစွန့်လွှတ်နိုင်ပါဘူး၊ ကာဠဟတ် . . . "

ဖြေသံက ဖျော့တော့တုန်ယင်စွာ ထွက်သွား၏။

"ထပ်မေးပါမယ်၊ မင်းစည်းစိမ် . . . မိဖုရား . . . သားတော် . . . သမီးတော် . . . ကိုယ်လုပ်မောင်းမ၊ ဆွေတော်မျိုးတော် . . . မှူးတော်မတ်တော် အပေါင်းတို့ကို ငဲ့ကွက်ထောက်ထားပြီး ဖြေပါ . . . လူသားစားခြင်းကို စွန့်လွှတ် . . . မစွန့်လွှတ် . . . "

"လူ့အသားထက်ပိုပြီး ငါဘာကိုမှ မချစ်နိုင်ဘူး . . . "

ချောက်ချားစွာ ကစဉ့်ကလျား အော်ပစ်လိုက်သည်။

ကာဠဟတ် ရှိရင်းစွဲနေရာမှ ရှေ့သို့ သုံးလေးလှမ်း တိုး၍ လျှောက်လာ၏။ ပလ္လင်နှင့် တည့်တည့်တွင် သူခြေစုံမတ်တတ်ရပ်သည်။

"ကျွန်ုပ်တို့ အားလုံးဘက်က ပြောဆိုစရာ မေးမြန်းစရာ စကားကုန်ပါပြီ၊ အသင် ဗြဟ္မဒတ်မင်း . . . ဉာဏရာဇာသီ ထီးနန်းမှ . . . တိုင်းပြည်မှ ယခုပင် ထွက်ခွာပါ"

"အခုထွက် . . . အခုထွက် . . . လူသားစား လူ့ဘီလူးဘုရင် အခုထွက်"

နန်းတော် အမိုးတစ်ခုလုံး ပွင့်ထွက်သွားတော့မည် ထင်ရသည်။ ဩော် . . . သူတို့ ငါ့ကို နှင်ကြပြီ . . . ။ ငါကကော . . . ။

"ကောင်းပြီ . . . ဒီတိုင်းပြည် ဒီမြို့ ဒီထီးနန်းရဲ့ မင်းအဖြစ်ကို ငါလည်း အလိုမရှိတော့ပါဘူး၊ ငါအခုပဲ ထွက်ခွာမယ်၊ သို့သော် ငါလိုချင်တာလေးတွေကို ယူခွင့်ပြုကြပါဦး . . . "

"အသင် . . . ဘာတောင်းဆိုဦးမလို့လဲ"

"ငါ စွဲကိုင်နေကျ သန်လျက်ရယ် . . . ပြီးတော့ အိုးတစ်လုံးရယ် ပြီးတော့ ငါ့ရဲ့ စားတော်ချက် ရသကရယ် . . . ဒါပဲ ငါလိုချင်ပါတယ်၊ ငါလိုချင်တာ ရရင် အခုပဲ ငါထွက်ပါ့မယ်"

"ကောင်းပြီ . . . ဗာရာဏသီပြည်ရှိ ခပ်သိမ်းသော မှူးမတ်ဗိုလ်ပါ ပြည်သူပြည်သားတို့အတွက် ကျွန်ုပ် စစ်သူကြီး ကာဠဟတ် ကိုယ်စား သက်ရောက် စီရင်အပ်ပြီ၊ လူ့အသားကို စားသော ဗြဟ္မဒတ္တသည် လူ့အသားစားခြင်းကို မစွန့်လွှတ်နိုင်ဟု ဝန်ခံပြောဆိုသည်ဖြစ်၍ ခပ်သိမ်းလူတို့၏ အလိုမရှိခြင်းကြောင့် ယခုပင် တိုင်းပြည် မြို့နန်းမှ ထွက်ခွာရမည်။ ထိုသူ အလိုရှိသော သန်လျက်၊ အိုးတစ်လုံးနှင့် စားတော်ချက် ရသကတို့ကို ဆောင်ယူ၍ ယခုပင် ထွက်ခွာစေ . . . "

ဟင်း . . . ကြီးကြီးကျယ်ကျယ် အမိန့်ပြန်မနေစမ်းပါနဲ့ ကာဠဟတ်ရယ်၊ ငါပျော်ပျော်ကြီး ထွက်သွားလိုက်ပါ့မယ်၊ လူ့အသားထက် ဘာကိုမှ ငါ ပိုမချစ်နိုင်ပါဘူး . . . ။

* * *

လျှောက်ပတ်သော အရပ်ဒေသဟူသည် အဘယ်နည်း။ မိမိ၏ အသက်မွေးမှုကို ကောင်းစွာ အထောက်အပံ့ဖြစ်စေသော ဒေသပင် ဖြစ်ချိမ့် မည်။ အသက်မွေးမှုကား အဘယ်နည်း။ ရှင်းရှင်းလေးပင်။ လူကိုသတ်၊ အသားကို ဖျက်၊ ရသကကို ချက်စေ . . . ထို့နောက် မြိန်ရှက်စွာ စားသောက် . . . ဒါပဲ ဖြစ်၏။

ဤ အသက်မွေးမှုအတွက် လျောက်ပတ်သော အရပ်ဒေသကား တောအရပ်ပင် ဖြစ်လေသည်။ တောအုပ်ကြီးအတွင်းမှ ပညောင်ပင်ကို ဗိမာန်ပြု . . . တောအုပ်ကို ဗဟိုထား . . . တောအုပ်အတွင်း ဖြတ်သန်းသွားသူ၊ အနီးဝန်းကျင် သွားလာသသူ 'အမဲကောင်'ကို မလွတ်တမ်း ဖမ်းယူ၊ ပြေး၍ လွတ်သည် ဟူ၍မရှိ . . . ။

ဟင်း . . . တကယ်တော့လည်း ဘယ်သူမှ ဘယ်အမဲကောင်မှ မပြေးနိုင်ပါဘူး . . . ။

Type in the text you want to insert



"လူသားစား လူ့ဘီလူးကြီး လာပြီဟေ့ . . . ပေါရိသာဒ လာပြီ ဟေ့ . . ." ဟူသော အော်သံကြောင့် သွေးရူးသွေးတမ်းပြေးသူမှန်သမျှ ခုလပ်မှာ ပင် တဘိုင်းဘိုင်းလဲကျသည်။

"ဟေ့ . . . ငါ ပေါရိသာဒ"

ထစ်ချုန်းသော အသံဖြင့် တစ်ချက်ကလေးပဲ ဟစ်လိုက် . . . အမဲ ကောင်၏ ခြေလှမ်းများက တုံ့ခနဲ ရပ်ဆိုင်းကာ ပြိုလဲကျ၏။ လဲကျသွားကြ သူများ အနက်မှ ဆူဖြိုးသော အမဲကို ရွေးချယ်၍ ဖမ်းယူ . . . ခြေအစုံမှ ဆွဲ . . . ဦးခေါင်းစောက်ထိုး ခြေစုံမိုးမျှော်ထား တစ်ဟုန်ထိုး လွှားလိုက်လျှင်ပင် သင်းနှလုံးသွေးရပ် . . . ဟား . . . ဟား . . . ဟား။

သွေးရူးသွေးတမ်း အော်ဟစ်လျက် အသက်ပြင်းတတ်သော သူများ ဆိုလျှင်လည်း အလွယ်လေးပါပဲ။ လွှားခနဲ . . . လွှားခနဲ ခုန်ရင်း ဇောက်ထိုး တန်းလန်း ဦးခေါင်း၊ လည်ပင်း၊ ရင်ပတ်များကို ဖနောင့်ဖြင့် ခတ် . . . ခြေ ဖမိုးဖြင့် ဆတ် . . . သင်း ဘာတတ်နိုင်သေးလဲ . . . ။

သည်အထဲကမှ သင်း ဇီဝိန်မကြွေသေးဘူးဆိုရင်ကော . . . ဟား . . . ဟား . . . ဟား . . . သန်လျက်နဲ့ တိခနဲ ပိုင်း၊ ဦးခေါင်းက မြေပြင်ပေါ် လွင့်စင်သွား . . . ကိုယ်ခန္ဓာက ဆတ်ဆတ်တုန် . . . လည်ပင်းပြတ်မှ သွေး ငေါက်တောက်ပန်း . . . ။

အား . . . အခုမှပဲ လူသား လတ်လတ် ဆတ်ဆတ် မှီဝဲရတော့သည်။

ရှော့ . . . ရသက . . . ချက်စမ်းဟေ့၊ ဒါပဲ . . . ။

သူ့အလုပ်မှာ တစ်စတစ်စ ပိုမိုကျွမ်းကျင်လာသော ရသကကလည်း ဤလောကဝယ် နှစ်ယောက်အတူ မရှိသော စားတော်ချက်ပေပဲ။ ခုံလောက်၌ မီးမွှေး၊ အိုးကိုတည်၊ ရေထည့် ပွက်ပွက်ဆူသော ရေ၌ သူကျွမ်းကျင်စွာ 'ဖျက်' ထားသော အသားခဲ အသားစိုင်တွေကို အနေတော် တုံးထစ်ခုတ်ဖြတ်ကာ ပြောင်မြောက်စွာ ချက် . . . ။

ဟေ့ ... ရသက ... မကျက်သေးဘူးလား၊ အနူးအနပ်ကလေး နည်း နည်းလိုနေလို့ပါ အရှင်၊ ဟေး ... နူးအောင် နပ်အောင် စောင့်မနေနိုင်ဘူး၊ ဆက်စမ်း ... ပေးစမ်း ... ဆက်စမ်း၊ အား ... ဒီလို မနူးမနပ် စိမ်းဆတ်ဆတ် ကမှ အရသာ ရှိတာကလားကွယ့်၊ ဟင်း ... ဟင်း ... သွေးစကလေးတွေ တောင် အသားမျှင် အသားစိုင်ကြား ကပ်ပါလာသေး ...။ အဲသဟာမှ ရသာ တကာတို့ထက် လွန်သော လူ့အသား မကျက်တကျက် ကလေး ဟား ... ဟား ... ဟား ...။ ပေါရိသာဒ . . . တဲ့ဟေ့ . . . ။

မြေပြင်တစ်ခုလုံးမှာ မီးကျီးခဲတွေ ပြန့်ကျဲထားပြီး ကောင်းကင်ပေါ်မှ မီးလျှံချော်ရည်တွေများ လောင်းချလိုက်သလား ထင်ရအောင် ခြစ်ခြစ်တောက် ပူလွန်းလှသည့် တောအုပ်တစ်ခုလုံးလည်း ဖျစ်ဖျစ်မြည်နေပြီ ထင်ရသည်။ ရွက်ကြွေတွေက တဖြောဖြော၊ ရွက်ခြောက်တွေက တသောသော။

ဒီလောက် ပူပြင်းရသည့်အထဲမှာ 'အမဲ'တစ်ယောက်မှလည်း မပေါ်လာ။ တစ်တောလုံးအနံ့ မနုဿအမဲကို အရှာထွက်ခဲ့သည်မှာလည်း နေမွန်းတိမ်းခဲ့ပြီ။ ဝမ်းဗိုက်ထဲမှာ တကြုတ်ကြုတ်မြည်ကာ အူတွေ အခွေလိုက် ထွက်ကျတော့မလား ထင်ရ၏။ ဒီတောအုပ်ထဲကို ဖြတ်သန်းဖို့ မဆိုထားနှင့်၊ နီးနားဝန်းကျင်မှာပင် ဖြတ်သန်းသွားလာ မလုပ်ကြတော့ . . . ။ အမဲ ဆွံ့ရှားခဲ့ပြီ။ ပေါ်ရိသာဒကို သင်းတို့ အကြောက်ကြီး ကြောက်ကာ စွန့်ခွာ ထွက်ပြေးကြပြီ။

လူသား ဘယ်ကရှာရပါ့ . . . ။

ပဉ္စောင်ပင် စခန်းသို့သာ ပြန်ခဲ့၏။

"ဟင် . . . အရှင် . . . ဒီနေ့"

လက်မဲ့ဗလာ ဖြစ်နေသော မိမိကို ကြည့်၍ ရသက ဆိုသည်။ ခါတိုင်းဆိုလျှင် ပဉ္စောင်ပင်စခန်းရောက်သည်နှင့် ပခုံးထက် ချိတ်ထမ်းလာသော အမဲကို သူ့ရှေ့ ဘုတ်ခနဲ ပစ်ချကာ

"ရော့ . . . ချက်ပေ့"ဟု ပြောစမြဲပင်။

ရသကကို အထွေအထူး ပြန်ပြောမနေတော့ဘဲ ပဉ္စောင်ပင် မြစ်ခွအဆုံ၌ မောပန်းစွာ ခြေပစ်လက်ပစ် ထိုင်လိုက်၏။ ပြီးမှ . . .

"ရသက . . . ခုံလောက်မှာ အိုးတည်စမ်း"

"အရှင် . . . အမဲက ဘယ်မှာ . . . "

"မေးမနေနဲ့ . . . အိုးတည်၊ ထုံးစံအတိုင်း လုပ်စရာရှိတာ လုပ်စမ်း"

ရသက၏ လှုပ်ရှားမှုများက အလိုအလျောက်ပင် ဖြစ်ပေါ်လာသည်။ ခုံလောက်ဆင်၊ မီးမွှေး . . . အိုးကိုတည် . . . ။

ခုံလောက်ပေါ်၌ အိုးကို ချလိုက်စဉ် ခဏမှာပင် ရသကသည် တစ်စုံတစ်ခုကို သဘောပေါက်သွားတော့သည်။ သူ့ကိုယ်ကြီး ဆတ်ခနဲ တုန်သွားကာ အိုးက ခုံလောက်ပေါ်မှ ပြုတ်ကျသွား၏။ သူကိုယ်တိုင်လည်း ဆောက်တည်ရာမဲ့ကာ မြေပြင်ပေါ် ဖရိုဖရဲ ထိုင်လျက်ကျသည်။

လှည့်ကြည့်လိုက်သော သူ၏မျက်နှာပြင်သည် သွေးဆုတ်ကာ ဖွေးဖွေးဖြူနေသည်။ ထိုမျက်နှာပြင်ပေါ်မှ မျက်လုံးအစုံက ပေါက်ထွက်မတတ် ပြူးကျယ်နေကြသည်။ သူ့ပါးစပ်မှ ကစဉ့်ကလျား အသံတွေ ထွက်ကျလာသည်။

"အရှင် . . . ကျွန်တော်မျိုးကို ချမ်းသာပေး . . . "

သူ့စကား အဆုံးမသတ်နိုင်ခဲ့။ သန်လျက်သွားက လည်ချောင်းနှင့် နှုတ်ခံတွင်း၏ အဆက်အသွယ်ကို ဖြတ်တောက်ပစ်လိုက်သောကြောင့် ဖြစ်၏။ မကြားနိုင်တော့သော ရသကကို လှမ်းပြောလိုက်သည်။

"အမဲမရ မရှိစေရဘူး ရသကရဲ့၊ မင်းကိုယ်တိုင်အမဲဆိုတာ မင်းရော ငါပါ မေ့နေခဲ့ကြတယ်လေ"

စိတ်လှုပ်ရှားစရာ တစ်မျိုးပေပင်။ အခါတိုင်း အခါတိုင်း မိမိရှာဖွေ လာခဲ့သော အမဲများကို တုံးထစ်ခုတ်ဖြတ် ချက်ပြုတ်သော ရသကသည် ယခု အခါ သူကိုယ်တိုင်ပင် အမဲအဖြစ်သို့ ပြောင်းလဲသွားလေသည်။

အိုးထဲမှ ပွက်ပွက်ဆူနေသော ရေတွင် ပေါလောပေါ်နေသည့် အသား တုံးများကို ကြည့်ရင်း ရေရွတ်လိုက်မိ၏။

"မရ ရတာ ချိုင်ရတာပေါ့ ရသက ရယ်"

❖ ❖ ❖

ရသက၏ အသားတစ်များနှင့်အတူ ပွက်ဆူနေသည့် အငွေ့များကို မြင်ယောင်ရင်း အတိတ်ကနဲ့လနဲ့ကာ၏ အခိုးအငွေ့များက တစ်စ တစ်စ လွင့် ပြယ်လာ၏။ ရသကမရှိတော့သည့်နောက်ပိုင်းမှာ မိမိတစ်ကိုယ်တည်း'အသက် မွေး'ခဲ့ရသော အဖြစ်အပျက်များ၊ ခရီးသွားတို့ကို သတ်၍ စားသောက်ခဲ့ရသော နေ့ရက်များ . . . ၊ ထို့နောက် လှည်းငါးရာတန်း၏ အလယ်၊ တစ်ခုသော လှည်းတွင် လိုက်ပါလာသည့် ဆူဖြိုးသော ပုဏ္ဏား . . . ။

ပုဏ္ဏားကို ထမ်း၍ ပြေးခဲ့စဉ် နောက်မှ ဟစ်ကြွေးလိုက်ကြသော လူများ . . . ။ စောင်ရန်းချုံတစ်ခုကို ခုန်ပြီး ပြန်အဆင်း ရှားငုတ်ပေါ်သို့ တည့် တည့်ကြီး နင်းခဲ့မိသော အဖြစ် . . . ။

အသည်းခိုက်သော ဒဏ်ရာဝေဒနာဖြင့် ပညောင်ပင်ရင်းသို့ တွား သွားပြန်လာခဲ့ရသည့် အဖြစ် . . . ။

သစ်မြစ်ပါးပျဉ်းကြားတွင် လဲလျောင်းလျက် သတိရတစ်ခါ လစ် တစ်လှည့်ဖြင့် မဝေးလှသေးသော အတိတ်ဆီသို့ အိပ်မက်ပမာ လွင့်မျောသွား သည့် အတွေးများ . . . တစ်ရက်ပြီးတစ်ရက် နေ့နေ့ညညများ ကုန်ဆုံးသွား . . . အလိုလေး . . . ငါဒီလိုနဲ့ပဲ ဇီဝိန်ကြွေရတော့မှာလား . . . ။ အစာ ရေစာ ပြတ်လပ်ကာ ခြေဖမိုး၊ ခြေဖဝါး တိုးလျှိုပေါက် ဖောက်ထွက်သွားသော ဒဏ်ရာကြီးမှလည်း သွေးတွေ မြင်မကောင်း . . . ။ ငါ . . . ငါ မသေချင်သေး ဘူး။ ငါ . . . ငါ . . . မနုဿမံသကို စားဖို့အတွက် ဆက်ပြီး အသက်ရှင်နေ ချင်သေးတယ်။

Type in the text you want to insert



လေပြင်းတစ်ချက် အသုတ်တွင် ပညောင်ပင် အရွက်များက ဝေါဝေါ မြည်ကာ ရွက်ကြွေများကလည်း တဖြောဖြောကြွေကျလာကြ၏။ ပညောင်ပင် . . . ပညောင်ပင်။ အို . . . ဟုတ်ပြီ . . . ။

Type in the text you want to insert

# ၉

ဗာရာဏသီ ထီးနန်းမြို့ပြမှ ထွက်ခွာ၍ ဖြဟ္မဒတ္တမင်းဟူသော ဘဝ ဟောင်းကို အပြီးတိုင် စွန့်လွှတ်ကာ 'ပေါရိသာဒ'ဟူသော အမည်သစ်ဖြင့် ဘဝသစ်တစ်ခု စတင်ထူထောင်သည့် နေ့မှ စ၍ ဤပညောင်ပင်သည် မိမိ၏ ဘူမိနက်သန် ဖြစ်ခဲ့သည်။ တစ်နည်းဆိုသော် ဤပညောင်ပင်ကြီးသည် ပေါရိ သာဒအတွက် ကမ္ဘာလောကသစ်။ ဤပညောင်ပင်ကြီးသည် ပေါရိသာဒ၏ ဘဝရှင်ရေး ကွန်းခိုစခန်း . . . ။

ကြည့်စမ်း . . . ဒီအချက်ကို ဘာကြောင့်များ မေ့နေပါလိမ့် . . . ။

ကျေးဇူးရှင် ပညောင်ပင်ကြီးအောက်မှာ ဂေဟာပြုလျက်နေခဲ့သည်။ သူ၏မြစ်ပါးပျဉ်းကြားမှာ ဝယစ်သော လူသားအာဟာရဖြင့် မိန်းစက် မွေ့လျော် ခဲ့သည်။ သူ့အရိပ်ကို ခိုလှုံခဲ့သော ပေါရိသာဒအား ပညောင်ပင်ကြီးသည် ဘယ် သောအခါမှ ပစ်ထားလိမ့်မည် မဟုတ်။ အထူးသဖြင့် ယခုလို ဒုက္ခကြီးစွာ ရောက်နေချိန်များမှာ ပို၍ပင် အားကိုးဖွယ် ဖြစ်ရပေလိမ့်မည်။

မြစ်ဆုံပါးပျဉ်းကြားမှာ အားအင်ကုန်ပြတ်မတတ်လဲလျောင်းနေရင်း မှ မျက်စိအစုံကို မှိတ်၍ အာရုံပြုလိုက်၏။ စူးစိုက်မှုရလာသော အာရုံ၏ ငြိမ် သက်ခြင်းနှင့်အတူ နှုတ်မှ အသံထွက်ကာ ရွတ်ဆိုလိုက်လေသည်။

"အရှင် . . . ပညောင်ပင်စောင့် နတ်မင်း . . . အကျွန်ုပ်သည် ပေါရိသာဒဟူသော အမည်နာမသစ်ဖြင့် ကျွန်ုပ်၏ အသက်ရှင်သန်မှုကို စတင် သည့်နေ့မှ အစပြုကာ အသင်နတ်မင်း၏ ဤဘုံဗိမာန်ဝယ် နေထိုင်ခွင့်ရခဲ့ပါ ၏။ ကျေးဇူးကြီးလှပါသည် အရှင်နတ်မင်း . . . ၊ ထို့ကြောင့် ထိုကျေးဇူးကို အကျွန်ုပ် ပေါရိသာဒသည် ကျေးဇူးတုံ့ပြန် တစ်ဖန်ပေးဆပ်လိုပါသည်။ သို့ပါ သော် အရှင်နတ်မင်းအား ကျေးဇူးတုံ့ပြန် ပေးဆပ်ပူဇော်ရန် အကျွန်ုပ်မှာ အခွင့် မသာ အခါမရှိ ဖြစ်ချေပြီ။ သို့ဖြစ်၍ အကျွန်ုပ်ခံစားနေရသော ကြီးစွာဒုက္ခ

ဖြစ်သည့် ရှားငှတ်စူးအနာကို ခုနစ်ရက်အတွင်း ပျောက်ကင်းချမ်းသာအောင် ကယ်မစောင့်ရှောက်တော်မူပါ၊ ပျောက်ကင်းချမ်းသာခဲ့ပါက အကျွန်ုပ်သည် အရှင်နတ်မင်း၏ ဤပညောင်ပင် ပင်စည်ကို ဇမ္ဗူဒိပ်ကျွန်းရှိ တစ်ရာ့တစ်ပါးသော မင်းတို့၏ လည်ချောင်းသွေးဖြင့် ဆေးကြောသန့်စင်ပေးပါအံ့၊ ထိုမှတစ်ပါးလည်း အရှင်နတ်မင်း၏ ပညောင်ပင် ပင်စည်ကို ထိုမင်းတို့၏ အူ တို့ဖြင့် ရစ်ပတ်ပေးပါအံ့၊ ထိုမှတစ်ပါးလည်း ထိုမင်းတို့၏ ထူးကဲမွန်မြတ်သော အရသာရှိသည့် အသားစိုင် အမဲအာဟာရတို့ဖြင့် ပူဇော်ပါအံ့၊ အကျွန်ုပ်အား ပူဇော်ခွင့် ပြုပါလော့ . . . အရှင်နတ်မင်း၊ ပူဇော်အခွင့်ရရှိနိုင်ရန် ယခုခံစားနေရသော အနာကို သက်သာပျောက်ကင်းအောင် ကယ်မစောင့်ရှောက်ပါလော့ အရှင်နတ်မင်း . . . ”

— — —

တစ်ရက် . . . နှစ်ရက် . . . သုံးရက် . . .

ခုနစ်ရက် ပြည့်မြောက်စေ့ရောက်ခဲ့ပြီ။

မြစ်ပါးပျဉ်းကြားမှ လူးလွန့်ထလိုက်၏။ ဆာလောင်မွတ်သိပ်ခြင်း၊ ကိုက်ခဲနာကျင်ခြင်းတို့ကြောင့် လဲလျောင်းမှိန်းစက်နေခဲ့ရသည်မှာ မည်မျှ ကြာမြင့်ခဲ့ပြီ မသိ။ သို့သော် လွန့်လူးနိုးအထမှာပင် ကောင်းကောင်းကြီး သိလိုက်သည်က . . .

ဖဝါးမှသည် ဖမိုးသို့ ဖောက်ထွက် ဟက်ပက်ဟောင်းလောင်း သရောင်းအနာကြီး ပျောက်ကင်းနေပြီ။ ခြောက်သွေ့သော သွေးစများကလည်း အနာဖေးများနှင့်အတူ အလွှားလိုက် ကွာကျသွားကြပြီ။ ကိုက်ခဲနာကျင်ခြင်း ဝေဒနာလုံးဝမရှိ။ ပကတိချမ်းသာခဲ့ပြီကော။

မြစ်ပါးပျဉ်းကြားမှ လွှားခနဲ ခုန်ထလိုက်၏။

ပညောင်ပင် အကိုင်းမြင့်များဆီသို့ မော့်ကြည့်ကာ . . .

“အရှင် ပညောင်ပင်စောင့် နတ်မင်းရဲ့ အာနုဘော်ကြောင့် အကျွန်ုပ် ချမ်းသာပကတိ ရှိခဲ့ပါပြီ။ အနာ သက်သာပျောက်ကင်းခဲ့ပါပြီ။ ကျေးဇူးကြီးလှပါဘိ အရှင်နတ်မင်း”ဟူ၍ ရေရွတ်သည်။

ထို့နောက် အားပါးတရ ပြုံးရင်းတွေးသည်။

ကိုင်း ပညောင်ပင်စောင့်နတ်ကတော့ ငါ့ရဲ့ တိုင်တည်ချက်ကို ကြားသိပြီး သူ့အာနုဘော်နဲ့ ကယ်မစောင့်ရှောက်ခဲ့ပြီ၊ ငါ့ဘက်ကပဲ ကတိတည်ဖို့ ကျန်တော့တယ်။

ဘေးမှာ ချထားသော သန်လျက်ကို ကောက်ယူဆုပ်ကိုင်လိုက်၏။ သန်လျက်ရိုးကို လက်ချောင်းများကြား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ရ

သည်မှာ အားပါးတရ ရှိပါဘိခြင်း . . . ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုများနှင့် အတူ ခွန်အားတွေက တဖျဉ်းဖျဉ်း တစ်ကိုယ်လုံးသို့ စီးဖြန့်ဖြာထွက်လာကြ သည်။ သန်လျက်သွားကို လက်ချောင်းထိပ်ဖျားများဖြင့် ထိတို့ စမ်းသပ်ရင်း အသံထွက်အောင် ရေရွတ်လိုက်၏။

"အကျွန်ုပ်ရဲ့ ကတိကို မမေ့ဘူး အရှင်နတ်မင်း၊ အရှင်နတ်မင်းရဲ့ ကျေးဇူးကို တုံ့ဆပ်ပူဇော်ဖို့ အကျွန်ုပ်အလှည့်ကျပြီ၊ တစ်ရာ့တစ်ပါးသော မင်း တို့ရဲ့ အသွေးအသား အအူတို့နဲ့ အရှင်နတ်မင်းရဲ့ ဗိမာန်ကို ပက်ဖြန်းရစ်ပတ် ပူဇော်တော့မယ်လေ . . . ဟား . . . ဟား . . . ဟား၊ ပေါရိသာဒ အသစ် တစ်ဖန် ဖြစ်ထွန်းပြီလေ"

ညောင်ရွက်ခြောက်များ ဖြောဖြောကြွေကျလာကြသည်။

"ဇမ္ဗူဒိပ်ကျွန်းက ဘုရင်တစ်ရာ့တစ်ပါးကို ဖမ်းဆီးဖို့ ဦးစွာ ငါ့မှာ ခွန်အားလိုတယ်၊ အစာရေစာ ပြတ်နေတာကြာပြီ၊ ရက်ပေါင်းများစွာ ကင်းဝေး နေခဲ့ရတဲ့ မနုဿမံသ . . . ဟင်းဟင်း . . . ကိုင်း အရှာထွက်လိုက်ကြဦးစို့ရဲ့၊ သြ . . . ရသက ရသက မင်းကို ငါ စားလိုက်မိတာ အချိန်စောသေးသကွယ်၊ အခုနေ မင်းရှိနေသေးရင် အလွယ်တကူ သတ်စား . . . ဘယ်လောက်များ အဆင်ပြေလိုက်မလဲလို့၊ ကဲပါလေ . . . ဒါတွေ ထားတော့၊ အရှင်နတ်မင်းကို ယဇ်ပူဇော်ဖို့ ဘုရင်တွေကို ဖမ်းဖို့ ဦးစွာ ငါ့ကိုယ်ငါ အာဟာရ ဖြည့်သွင်းရတော့ မှာပဲ . . . "

— — —

တောအုပ်အစွန်ဖျားသို့ ထွက်ကာ ဆူဖြိုးသော သားကောင် တစ် ယောက်ကို ဖမ်းမိခဲ့၏။ မြိန်ရှက်စွာ စားသောက်ပြီးနောက် သုံးရက်ခန့်မျှ အနားယူ အားမွေးလိုက်သည်။ ပကတိသော ခွန်အားတို့ဖြင့် ပြည့်ဝလျက် ကောင်းစွာ သန်စွမ်းလန်းဆန်းလာခဲ့ပြီးနောက် သန်လျက်ကို စွဲ၍ ထွက်ခဲ့လေ သည်။

တောအုပ်ကို သွားနေကျအတိုင်း မဖြတ်တော့ဘဲ လျှိုမြောင်တောင် ကုန်း ထူထပ်သည့် အခြားတစ်ဖက်အတိုင်း တက်ခဲ့၏။ တောပိုနက်၍ ခရီး ကြမ်းသော်လည်း အကောင်းဆုံး အနေအထားတွင်ရှိနေသော အင်အားများ ကြောင့် တစ်တောတစ်တောင် တစ်လျှို တစ်မြောင် ရိပ်ခနဲ ရိပ်ခနဲ ဖြတ်လာခဲ့ လေသည်။

"ရပ်လိုက်ပါဦး . . . အဆွေ၊ ရပ်လိုက်ပါဦး"

ကျောက်ဂူတစ်ခု အနီးမှ အသံကြီးတစ်သံ ဟိန်းထွက်လာ၏။

အလို ငါ့ကို အဆွေလို့ ခေါ်သတဲ့လား။

ပေါရိသာဒကို ရပ်လိုက်ပါဦး အဆွေလို့ ပြောရဲ ပြောဝံ့သူ ဘယ်သူပါလိမ့်။

"ခေတ္တရပ်ပါဦး ပေါရိသာဒ"

အသံနက်ကြီးနှင့်အတူ ကျောက်ဂူအကွယ်က ပေါ်လာသော သဏ္ဍာန်မှာ အမှောင်ရိပ်ဝယ် ကြီးမားထွားကျိုင်းလှသည်။ လမိုက်ည ကောင်းကင်ပြင်ကို နောက်ခံပြုလျက် မည်းမည်းသဏ္ဍာန်ကြီးသည် တောင်ပူစာငယ်တစ်လုံး လိုမြင့်မြင့်မားမားရှိလှဘိ။

"အသင် ဘယ်သူလဲ"

"သင့်ရဲ့ မိတ်ဆွေပေါ့ ပေါရိသာဒ"

"ငါ့မှာ မိတ်ဆွေ မရှိဘူး"

"ရှေးဘဝက မိတ်ဆွေတော်ခဲ့တယ်လေ"

"ရှေးဘဝ . . . က"

သဏ္ဍာန်ကြီးသည် ကျောက်ဂူရှေ့တလင်းစပ်သို့ ခုန်ဆင်းလာ၏။ သန်လျက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

"ဟား . . . ဟား . . . လက်နက်သုံးစရာမလိုပါဘူးလေ ပေါရိသာဒ၊ ဘီလူး . . . ဘီလူး . . . သင်လည်း ဘီလူး . . ."

"ငါက ဘီလူး မဟုတ်ဘူး၊ လူသား စားလို့သာ ငါ့ကို လူ့ဘီလူးဆိုပြီး ပေါရိသာဒလို့ ခေါ်ကြတာ၊ ငါက လူ . . . "

"ဟုတ်ပါပြီလေ၊ အခု လူပဲ ထားပါတော့၊ ရှေးဘဝကတော့ သင်ဟာ ငါ့လိုပဲ ဘီလူး၊ ဒါကြောင့် ရှေးဘဝ ဘီလူးမိတ်ဆွေချင်းမို့ သင့်ကို ငါတားလိုက်တာပေါ့"

လမိုက်ည၏ ချည့်နဲ့သော အလင်းမှိန်မှိန်အောက်ဝယ် ဘီလူးမိတ်ဆွေကြီးကို ကောင်းစွာ မြင်သာပေပြီ။ မိမိထက် နှစ်ဆသုံးဆခန့်မျှ ကြီးမားသော ကိုယ်ခန္ဓာ၊ အမွေးအမျှင်များ ဖုံးလွှမ်းနေသည့် အတ္တဘောကိုယ်ကြီးနှင့် လေးထောင့်စပ်စပ် မျက်နှာကြီးပေါ်မှာ ပြူးကျယ်သော မျက်လုံးနီနီများ ငေါငေါထွက်သော အစွယ်များ။

"ဩ . . . ဒီလိုလား၊ ငါကလည်း ရှေးဘဝက ဘီလူးတဲ့လား၊ ဘီလူးမိတ်ဆွေချင်းတဲ့လား၊ ဟုတ်ပြီ . . . သင် ဘာကြောင့် ငါ့ကို ရပ်ပါဦး ပြောသလဲ၊ ငါ့မှာ အလွန်အရေးကြီးတဲ့ ကိစ္စရှိနေတယ် ဘီလူးကြီးရဲ့"

"ဟုတ်လား၊ ဘယ်လို အရေးကြီးတဲ့ ကိစ္စလဲ . . . "

ဘီလူးကြီးက ပြောရင်း အနီးသို့ ကပ်လာ၏။ လူသားစား၍ အသက်

ရှင်နေသော မိမိသော်မှပင် သူ့ပါးစပ်မှ ပုပ်ညှီဟောင်စော်သော အနံ့ကို စူးခနဲ ရလိုက်သည်။

"ပြောပါဦး . . . ပေါရိသာဒ၊ ဘယ်လိုအရေးကြီးတဲ့ ကိစ္စလဲ"

"ပြောရမှာက ရှည်ဝေးထွေပြားလှတယ် မိတ်ဆွေ . . . "

"ပြောသာ ပြောပါ၊ ဘီလူးမိတ်ဆွေအချင်းချင်း ငါကူညီလို့ရနိုင်တာ ရှိတန်ကောင်းလိမ့်မယ်"

သူလည်း အသားစား၊ ကိုယ်လည်း အသားစား၊ ဘဝတူချင်း၊ ပြီး တော့ ရှေးဘဝက ဘီလူးမိတ်ဆွေ တော်စပ်ခဲ့ဖူးသည်ဆိုတော့ သူ့ကို ပြောပြ သင့်သည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒီလို မိတ်ဆွေရဲ့ ငါဟာ ပေါရိသာဒ ဘဝမရောက်ခင်က ဗြဟ္မဒတ္တ မင်း အဖြစ်နဲ့ ဗာရာဏသီပြည်ကို အစိုးရခဲ့သပေါ့။ ဒါပေမဲ့ တစ်နေ့မှာတော့"

ဖြစ်ကြောင်းကုန်စင်ကို အစမှ အဆုံးအထိ ပြောပြလိုက်၏။

"အဲဒါကြောင့် ပဉ္စောင်ပင်စောင့်နတ်ကို ပူဇော်ဖို့ ငါအခုထွက်ခဲ့တာ ပဲ၊ ဇမ္ဗူဒိပ်က တစ်ရာ့တစ်ပါး မင်းတွေကို ဖမ်း၊ ယဇ်ပူဇော်ဖို့ ယဇ်ကောင်လုပ်ဖို့ ငါ အခု ခရီးထွက်လာတယ်"

"ဩ . . . ဒီလိုလား . . . ကောင်းပါလေ့၊ ကောင်းပါလေ့ . . . ပေါရိသာဒရယ်၊ ရှေးဘဝက ဘီလူးဖြစ်ခဲ့တာဆိုတော့ ဒီဘဝမှာလည်း သင် လူသားကိုပဲ စားရပေတော့မပေါ့၊ အင်း . . . လူ့ဘီလူးမဟုတ်ဘဲ ငါ့လို ဘီလူးစင်စစ်ပဲ ပြန်ဖြစ်လိုက်ပါတော့ မိတ်ဆွေရယ်"

ဘီလူးကြီး၏ အစွယ်များနှင့် လက်သည်းချွန်များကို ကြည့်ရင်း အတွေးတစ်ခု ဝင်လာလေသည်။

"ကိုင်း . . . မိတ်ဆွေ၊ ဘီလူးစစ်စစ်လည်း ငါ ပြန်မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်တာ မပြောနဲ့၊ ဖြစ်နိုင်တာ ပြောရအောင်"

"ဖြစ်နိုင်တာ အဲဒါ ဘာလဲ"

"သင်ပြောခဲ့တယ် မဟုတ်လား၊ ကူညီဖို့အကြောင်း ပေါ်တန်ကောင်း ရဲ့ဆို မဟုတ်လား၊ အခု ငါ တစ်ရာ့တစ်ပါး မင်းတွေကို ဖမ်းဖို့ ထွက်လာခဲ့ပြီ၊ ယဇ်ပူဇော်ဖို့ ငါ့မှာ အင်မတန် အရေးကြီးနေတယ်၊ ဒီတော့ ငါ့အမှုကိစ္စမှာ သင်လည်း လိုက်ပါ ကူညီပေါ့၊ သင်ကူညီမယ်ဆိုရင် ငါ့မှာ အများကြီး အချိန်ကုန် သက်သာမယ်"

ဘီလူးကြီးက တစ်ချက်တွေသွား၏။ ရဲရဲနီသော မျက်လုံးများမှာ မျက်လွှာ မျက်တောင် မပုတ်ခတ်နိုင်သဖြင့် မျက်စိသူငယ်အိမ်များသာ ကျဉ်း လိုက် ကျယ်လိုက် ဖြစ်နေသည်။

Type in the text you want to insert



"မိတ်ဆွေ ပေါရိသာဒ . . . သင်နဲ့ ငါ လိုက်ပါချင်ပါတယ်၊ ဘုရင်တွေကို ဖမ်းပြီး ယဇ်ကောင်လုပ်ဖို့ အမှုကိုလည်း ငါအင်မတန် စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ ခက်နေတာက ငါ သင်နဲ့ မလိုက်နိုင်ဘူး . . . "

"မလိုက်နိုင်လည်း နေခဲ့ပေတော့၊ ရှေးဘဝ ဘီလူးမိတ်ဆွေချင်းလို့ သင်လည်း ပြောပြီ၊ ငါ့ကို တားတယ်၊ သင်နဲ့ စကားပြောပြီး ငါ့အချိန်တွေ အလဟဿ အဖြစ်မခံနိုင်ဘူး၊ ငါသွားတော့မယ်"

ကျောက်ဂူအဝမှ ခုန်ဆင်းရန် ပြင်လိုက်၏။

"ခဏနေဦး ပေါရိသာဒ၊ သင်နဲ့အတူ ငါလိုက်လာပြီး ကိုယ်ထိလက်ရောက် မကူညီနိုင်ပေမဲ့ ငါလိုက်ပါတာနဲ့ မခြား သင့်မှာ အကျိုးရှိစေဖို့ ငါတတ်နိုင်ပါတယ်"

"သင်ဘာတတ်နိုင်သလဲ"

"ပဒလက္ခဏာလေ"

"ပဒလက္ခဏာ . . . အဲဒါက ဘာတုန်း"

"မန္တရား၊ ပဒလက္ခဏာ မန္တရား၊ အင်မတန် အစွမ်းထက်တယ်၊ ဒီမန္တရားကို ငါရထားတယ်၊ သင့်ကို ဒီမန္တရား ငါ သင်ပေးမယ်"

"မန္တရားရတော့ ဘာဖြစ်မှာလဲ"

"ပေါရိသာဒ . . . ဒီမန္တရားကို ရွတ်ရင် သင်ဟာ အခုထက် အဆပေါင်းများစွာ ခွန်အားကြီးမယ်၊ အဆပေါင်းများစွာ လျင်မြန်လာမယ်၊ အဆပေါင်းများစွာ ဘုန်းတန်ခိုးကြီးလာမယ်၊ ပဒလက္ခဏာ မန္တရားတတ်တဲ့ သူဟာ ခွန်အားလျင်မြန်မှု၊ အသံတို့မှာ ဘုန်းအာနိသင်ကြီးမားပြီး သူတကာတို့ထက် အဆများစွာ သန်စွမ်းတယ်၊ သင့်ကို ဒီမန္တရား ငါပေးလိုက်မယ်၊ ဇမ္ဗူဒိပ်ကျွန်းက တစ်ရာ့တစ်ပါး မင်းတွေကို ဖမ်းဆီးယူမယ် မဟုတ်လား၊ ဒီမယ် မိတ်ဆွေ ပေါရိသာဒ၊ သင်ဟာ လူသားစား လူ့ဘီလူးပီပီ လွန်စွာ သန်စွမ်းလျင်မြန်တာ မှန်ပါတယ်၊ ဒါပေမဲ့ တစ်ရာ့တစ်ပါး မင်းတွေကို အလုံးစုံရအောင် သင်ဖမ်းဖို့အတွက် လပေါင်းများစွာ သင်အချိန်ယူရလိမ့်မယ်၊ ပဒလက္ခဏာ မန္တရားကို တတ်ရင်တော့ သင်ဟာ ရက်ပိုင်းနဲ့ပဲ သင်အလိုရှိတိုင်း ပြည့်စုံလိမ့်မယ်၊ ဘယ့်နှယ်လဲ . . . မိတ်ဆွေ"

"ငါ့ကို အခုသင်ပေးတော့ . . . မိတ်ဆွေကြီး . . . "

# ၁၀

ရှေးဘဝက အဆွေခင်ပွန်းတော်ခဲ့သော မိတ်ဆွေဘီလူး၏ ကျေးဇူးကား ကြီးမားလှပေ၏။ သူပေးသော ပဒလက္ခဏာ မန္တရားသည် အစွမ်းထက်လှပေ၏။ ခွန်အားကိုလည်းကောင်း၊ လျင်မြန်ခြင်းကိုလည်းကောင်း၊ ဘုန်တန်ခိုးကို လည်းကောင်း၊ အသံသည်လည်းကောင်း၊ မူလ ရှိရင်းစွဲထက် အဆများစွာ ကြီးကျယ်လာစေတော့သည်။

ဤပဒလက္ခဏာမန္တရားကို ရွတ်ဖတ်လျက် ဤဇမ္ဗူဝယ် ရှိရှိသမျှတစ်ရာ့တစ်ပါးမင်းလူသားတို့ကိုသာမက နဂါးမင်း၊ ခြင်္သေ့မင်း၊ မင်းတကာမင်းတို့ကိုပင် ဖမ်းယူရနိုင်ချေသေး . . . ။

"ပေါရိသာဒ . . . တဲ့ဟေ့"

ဟူသော အသံကို လွှတ်၍ ကြုံးဝါးလိုက်သည်ရှိသော် မိုးထစ်ချုန်းသံအလား . . . ။

"ပြေးနိုင်မှ လွတ်စေမယ် ဟေ့"ဟူ၍ မာန်သွင်းကာ နောက်မှ လိုက်လံဖမ်းဆီးသည်ရှိသော် အရှိန်အဟုန်သည် လေ၏ လျင်မြန်ခြင်းဖြင့် မခြား...။ တစ်ရာ့တစ်ပါး မင်းတို့အနက် အချို့သော မင်းတို့သည် စစ်သည်အစောင့်ထူထပ်စွာ ဝန်းရံချမှတ် ခုခံပိတ်ဆို့ကြသည်။ သို့သော် သင်းတို့ တပ်များသည် တောဆင်ရိုင်းနှာမောင်းအစွယ်နှင့် အခြေများအောက်မှ ထန်းရွက်တဲများနှယ် ဖြစ်သွားကြသည်။ အချို့သော မင်းတို့က ခံတပ်၊ ကတုတ် ဆင်၍ ပုန်းအောင်းကြသည်။ သို့သော် သင်းတို့၏ ခံတပ်ကတုတ်များသည် လေမုန်တိုင်းဝင်သော မြက်ပင်များနှယ် ဖြစ်သွားကြသည်။

အချို့သော မင်းတို့ကမူ ရထား၊ မြင်းလျင်တို့ကို အားကိုးပြုလျက် ထွက်ပြေးကြသည်။ သို့သော် ညို့မှ ထွက်ပျံသော မြားတစ်စင်း၏ လျင်မြန်ခြင်းမျိုးကို သင်းတို့ အံတုနိုင်ကြရိုးလား။

ခွန်အား၊ လျှင်မြန်ခြင်း၊ ဘုန်းတန်ခိုး၊ အသံ ပဒလက္ခဏာမန္တန်။ မနုဿသားကောင်ကို အမီလိုက်၊ အမိဖမ်း၊ ခြေနှစ်ချောင်းကို ဆွဲကိုင် ဦးခေါင်း စောက်ထိုးထား၊ အပြေးအခုန်အပျံများဖြင့်ပင် သင်းတို့၏ ဦးခေါင်းကို ပုတ်ခတ်ပြီး ယူဆောင်လာခဲ့ . . . ။

ယဇ်ပူဇော်မည့် ပဉ္စောင်ပင် စခန်းသို့ ရောက်ချိန်တွင်မူ သင်တို့ သည် အကြောက်လွန်သော ဒဏ်ဖြင့် အသက်ငွေ့ငွေ့သာ ရှိတော့ပြီ။

"ဟော့ . . . မမေ့ကြနဲ့ဦး၊ ငါက အသေကောင်နဲ့ ပဉ္စောင်ပင် စောင့် နတ်ကို ယဇ်ပူဇော်မှာ မဟုတ်ဘူး၊ အရှင်လတ်လတ် အသက်ဇီဝနဲ့တကွသော အရှင်လတ်လတ်ကိုပဲ လည်ချောင်းသွေးဖောက်ယူပြီးမှ အရှင်နတ်မင်းရဲ့ ပဉ္စောင်ပင်ကို သွေးနဲ့ဆေးကြောမှာလေ။ ပြီးတော့မှ ဝမ်းဗိုက်ကိုခွဲ၊ အူ အသည်းတွေကို ထုတ်၊ ပဉ္စောင်ပင်ကို အဲဒီအူတွေနဲ့ ရစ်ပတ်၊ အသည်းတွေ၊ အဆုတ်တွေနဲ့ မွှမ်းမံဖွဲ့ဆည်း . . . အဲဒီလို ပူဇော်မှာဟဲ့၊ သိကြလား . . .၊ အူ အသည်းမှအပဖြစ်တဲ့ အသားစိုင်တွေကတော့ ဟင်း . . . ဟင်း . . . ငါ့အတွက် အစာအာဟာရပေါ့ . . . ။

ဒါကြောင့် မသေလိုက်ကြနဲ့ဦး၊ ထီးဆောင်းမင်းတို့ . . . ။

အသက်ငွေ့ငွေ့နဲ့ပဲ နေကြဦး၊ မသေမရှင်ကလေးပေါ့နော့ . . . ။

ထိုသို့ မသေမရှင် အနေအထားမှာပဲ လက်ဖဝါးပြင်ကို အပေါက် ဖောက်၊ နွယ်ကြိုးဖြင့် ထိုးတုပ်ဖွဲ့သီကာ ပဉ္စောင်ပင်ကိုင်းတို့မှာ တွဲရရွဲဆွဲထား လိုက်သည်။ ခြေဖျားကိုတော့ မြေမှာ မထိတထိပေါ့လေ။ အား . . . လေပြင်း လေးများ တစ်ချက် တစ်ချက် ဝှေ့လိုက်လျှင် တွဲရရွဲ တန်းလန်း ယဇ်ကောင်များ သည် ပန်းကုံးများနှင့် တူတူသေးတော့ . . . တပြောင်းပြန်ပြန်လည်လျက်၊ လှုပ်လျက်၊ ငေ့လျက်၊ တခါခါ တယမ်းယမ်းဖြစ်နေလိုက်ကြပုံများ . . . ။

ခုနစ်ရက်အတွင်းမှာပင် ယဇ်ကောင်များကို အစုံအစေ့ရခဲ့သည်။ တစ် ဆယ် . . . နှစ်ဆယ် . . . ငါးဆယ် . . . ခုနစ်ဆယ် . . . ရှစ်ဆယ် . . . ကိုး ဆယ် . . . ကိုးဆယ့်ကိုး . . . တစ်ရာ . . . ။

တစ်ရာ့တစ်ပါး ပြည့်ဖို့ ဘုရင်တစ်ပါးပဲ လိုတော့သည်။

ဘယ်သူနည်း . . . အား . . . သုတသောမမင်း။

သုတသောမမင်း . . . အလိုလေး . . . သူကား ငါ၏ဆရာပါလား။

ဟိုးမဝေးသော အတိတ်ကာလ တက္ကသိုလ်မှာ ပညာသင်ခဲ့စဉ်အခါ တက္ကသိုလ်မြို့တံခါးဇရပ်မှာ စတင်တွေ့ဆုံကြကတည်းက အဆွေခင်ပွန်းဖြစ်ခဲ့ သူ။ ကုရုတိုင်း၊ ဣန္ဒပတ္ထဂိုရ်ပြည်၊ ဘုရင်၏ သားတော် သုတသောမမင်းသား။ ယခုဆိုလျှင် သူလည်း သူ့ပြည်မှာ သုတသောမမင်းဟူ၍ ဘုရင်ဖြစ်နေပြီ။

သုတသောမသည် တက္ကသီလာ ပညာသင်ကာလ တစ်လျှောက်လုံး မိမိအား ဆရာအဖြစ် အနီးကပ် သင်ကြားပို့ချပေးခဲ့လေသည်။

ဆရာဖြစ်သော သုတသောမမင်းကို ဖမ်းယူခြင်းကား လားလားမှ မတော် . . . ။ ဆရာ့ကို ဖမ်းပြီး ယဇ်တင်ပြုလျှင် ကိုယ်ကျိုးကြီး နည်းလိမ့်မည်။ ပေါရိသာဒသည် သူ၏ယဇ်အတွက် သူ့ဆရာ သုတသောမမင်းကို သတ်သတဲ့ဟူသော အသံသည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ချောက်ချားပွဲတင်လိမ့်မည်။ မဖြစ်သေး၊ သုတသောမကို ခြွင်းချက်ထားရလိမ့်မည်။ သို့ဆိုလျှင် သူ မပါဝင်ဘဲ ယခုအထိ လက်ရဖမ်းထားသော ထီးဆောင်းမင်းအပေါင်းတို့က တစ်ရာ။ တစ်ရာ့တစ်ပါးမင်း ပြည့်ရန် တစ်ပါးလိုသေးသည်။ ဘယ်သို့ ပြုရအံ့။

အို . . . နောင်ခါလာ နောင်ခါဈေး . . . ပဒလက္ခဏာမန္တန် တန်ခိုးအာနုဘော်ဖြင့် တစ်ရာ့တစ်ပါးမြောက်သောမင်းကို ရရှိလာလိမ့်မည်။ ယခု လောလောဆယ်တော့ လက်ဝယ်ရောက်ပြီး ယဇ်ကောင်များအတွက် ပြင်ဆင်စီမံဖွယ် ကိစ္စများ ပြင်ဆင်စီမံရပေမည်။

မီးပုံတစ်ခု ဖိုလျက် တံစို့များကို ချွန်ကာ မီးမြိုက်နေလိုက်သည်။ ပညောင်ပင်စောင့်နတ်မင်း ကျွန်ုပ်ရဲ့ ခြေအနာများ ပျောက်ကင်းအောင် အရှင်နတ်မင်း ကယ်တင်ခဲ့သည့်အတွက် ကျေးဇူးတုံ့ပြန်သောအားဖြင့် ကျွန်ုပ်ကတိအတိုင်း ယခုအခါ ယဇ်ကောင်များကို အသင့်စီမံနေပါပြီ။ များမကြာမီမှာပင် အရှင်နတ်မင်း၏ ပညောင်ပင်၌ တစ်ရာ့တစ်ပါးမင်းတို့၏ လည်ချောင်းသွေးများဖြင့် ပက်ဖြန်း သုတ်လိမ်းပါအံ့။ အူအသည်းတို့ဖြင့် အပင်ခြေဝယ် စုပုံပူဇော်ပါအံ့ . . . ။

ထူးကဲလှစွာသော ယဇ်ကို စောင့်မျှော်တော်မူပါရော့ နတ်မင်း ...။

ထိုအချိန်ဝယ် ပညောင်ပင်စောင့်နတ်ကား တုန်လှုပ်ချောက်ချားနေပေပြီ။ စင်စစ်မူ ပေါရိသာဒ၏ ခြေအနာသက်သာ ပျောက်ကင်းစေရန် ပညောင်ပင်စောင့်နတ်သည် မည်သည့်တစ်စုံတစ်ရာကိုမျှ ပြုလုပ်ပေးခဲ့သည် မဟုတ် ချေ။ ပေါရိသာဒသည် အစာရေစာ ပြတ်လပ်ကာ ကိုယ်အလုံးသည်လည်း ခြောက်ကပ်ပူပြင်းခဲ့သဖြင့် ထိုအပူ၏ အရှိန်စော်ကြောင့် သူ့အလိုလို ပကတိ သက်သာပျောက်ကင်းခဲ့ခြင်းဖြစ်၏။ ယင်းကိုပင် ပေါရိသာဒသည် ပညောင်ပင် စောင့်နတ်၏ ကယ်မမှုဟု မှတ်ယူကာ ယဇ်ပူဇော်မှုကို စီမံခဲ့ခြင်းဖြစ်၏။ ပြည်ထောင်ထီးဆောင်းမင်းတို့ မိမိ၏ပညောင်ပင်ကိုင်းဝယ် နွယ်ကြိုးတို့ဖြင့် တွဲရရွဲ ရှိကြလေကာ မကြာမီ သွေးအလူးလူးတို့ဖြင့် အစတေးခံ သေဆုံးကြတော့မည့် အရေးကို ပညောင်ပင်စောင့်နတ် တုန်လှုပ်ရချေပြီ။ ယခုအချိန်ဝယ် မိမိ၏ ကိုယ်အား အထင်အရှားပြလျက် ပေါရိသာဒ . . . ငါ့ကြောင့် သင့်အန္တရာယ်

Type in the text you want to insert



ကင်းသည် မဟုတ်ပါ။ သင်၏ ယဇ်ပွဲကို ရပ်ပါဟုလည်း မတားမြစ်ရဲ၊ မတားမြစ်သာတော့။

နတ်သည် ကြံရာမရဖြစ်လျက် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးထံ သွားရောက်ကာ ထိုအကြောင်းကို ပြောဆို၍ ပေါရိသာဒကို တားမြစ်ပေးကြပါရန် တောင်းပန်လေသည်။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးက အဖြေပေးလိုက်ကြ၏။ ပေါရိသာဒအမှုကို ငါတို့ မတားမြစ်နိုင်ဘူး၊ သိကြားနတ်မင်းမှ တတ်ကောင်း တတ်နိုင်လိမ့်မည် . . . ။ ပညောင်စောင့်နတ်သည် သိကြားမင်းထံ သွားခဲ့ရပြန်၏။

သိကြားနတ်မင်းက "ငါလည်း ပေါရိသာဒကို မတားမြစ်နိုင်၊ စင်စစ်မူ တန်ခိုးအစွမ်းကြီးမား၍ ကြောက်မက်ဖွယ် ပေါရိသာဒကို တားမြစ်နိုင်သူဟူလျှင် နတ်တို့လောကတွင် မရှိ။ လူ့ပြည်လောကမှာပင်ရှိသည်။ ထိုသူကား ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်ဘုရင် သုတသောမမင်းမြတ်ပင်ဖြစ်သည်။ ထိုမင်းမြတ်တစ်ပါးသာလျှင် ပေါရိသာဒကို တားမြစ်နိုင်လိမ့်မည်။ တားမြစ်ရုံမျှမကသေး၊ သုတသောမ မင်းမြတ်သည် ပေါရိသာဒအား အဆိပ်မရှိခြင်း အဖြစ်ကို ပြုလိမ့်မည်။ ပြည်ထောင်မင်းတို့၏ အသက်ကိုလည်း လွတ်မြောက်စေလိမ့်မည်။ အခြားမဲ့၌မူကား ပေါရိသာဒ၏လူသား စားခြင်းကိုပင်လျှင် ရှောင်ကြဉ်ကင်းပြတ်စေကာ၊ ဇမ္ဗူဒိပ်ကို တရားရေစင်အမြိုက်ဖြင့် သွန်းလောင်းလိမ့်မည်။ သို့ဖြစ်လျှင် သုတသောမမင်းကို ဆောင်ယူဖို့ ပေါရိသာဒကိုသာ တိုက်တွန်းလော့ . . . ဟု ဆိုလိုက်လေသည်။

နောက်ထပ် တံစို့တစ်ချောင်းကို အဖျားချွန်နေစဉ် ပညောင်ပင် အရိပ်ဝန်းဆီမှ ခြေသံလိုလို သစ်ရွက်များပေါ် နင်းဖြတ်သံလိုလို ကြားလိုက်ရ၏။ ယဇ်ကောင်မင်းတစ်ပါးပါးများ ထွက်ပြေးလေသလားဟူ၍ အသံပေါ်လာရာသို့ လှမ်းကြည့်လိုက်သောအခါ အို . . . ရဟန်းတစ်ပါး . . . ။

ဤတော ဤတောင် ဤပညောင်ပင်စခန်းဝယ် မည်သည့် ရဟန်းကိုမျှ မတွေ့ဖူးခဲ့ . . . ။ ရဟန်းသည် ပညောင်ပင် အရိပ်ဝန်းကို လွန်လျက် ဟိုမှာဘက် တောစပ်ဆီသို့ တလှုပ်လှုပ်ဖြင့် လျှောက်သွားနေလေသည်။

ရုတ်တရက်ခေါင်းထဲဝင်လာသော အတွေးတစ်ခုကြောင့် မိမိကိုယ်မိမိအတိုင်းမသိ ကျေနပ်သွားကာ ဝဲဘက်လက်ဝါးပြင်တွင် ယာလက်သီးဆုပ်ကို ဖြောင်းခနဲ ထုချလိုက်၏။ ထို့နောက် ယာလက်က အနီးတွင်ချထားသော သန်လျက်ရိုးပေါ် ရောက်သွားသည်။ ကျေနပ်အားရလွန်းသဖြင့် နှုတ်မှပင် အသံ ထွက်မြည်တမ်းလိုက်သည်။

"ရဟန်းဆိုတာလည်း မင်းတစ်မျိုးပေပဲ။ ဟန်ကျလိုက်လေ . . . ။

"လိုအပ်နေတဲ့ တစ်ရှာတစ်ပါးမြောက် ဘုရင်နေရာမှာ ဒီရဟန်းကိုပဲ အစားထိုး ယဇ်ကောင်လုပ်ရမှာပေါ့ . . . ငါ့ဘုန်းကံကြောင့် မင်းတစ်ရှာတစ်ပါး ပြည့်စေဖို့ ဖြစ်လာတာပဲ"

ဟုန်းခနဲ ထ,တောက်သော မီးတောက်တစ်ခုနှယ် သန်လျက်စွဲ၍ ခုန်ထကာ ရဟန်းနောက်သို့လိုက်၏။

တစ်လှမ်း . . . နှစ်လှမ်း၊ တစ်ခုန် . . . နှစ်ခုန်၊ တစ်လွှား . . . နှစ်လွှား၊ တစ်ယူဇနာ . . . နှစ်ယူဇနာ။

တောတောင်တို့ကို တရိပ်ရိပ်ဖြတ်ခဲ့သည်။ လေ၏ လျင်မြန်ခြင်းဖြင့် မြင်မြင်သမျှ သစ်ပင်ခြုံနွယ်တို့ကို တိုးဝှေ့ဖြတ်သန်းသည်။

သုံးယူဇနာ . . . ။

သုံးယူဇနာ တိုင်ခဲ့ပြီ၊ ရဟန်းကို မမီသေး။ ရှေ့ခပ်လှမ်းလှမ်းတွင် ရဟန်းကို မျက်ခြည်မပြတ်တွေ့မြင်နေရပါလျက် ထိုထက်ပို၍ နီးကပ်သော အကွာအဝေးသို့ မရောက်။ ရဟန်းကို တွေ့ရသည်မှာမူ ပြေးလွှားဟန်မရှိ၊ ပကတိ လှမ်းမြဲသော ခြေများဖြင့်သာ။ ဘယ်သို့ ဖြစ်လေသနည်း။ ထီးဆောင်း မင်းတို့ ဆင်ဖြင့်၊ မြင်းဖြင့်၊ ရထားဖြင့် ပြေးလွှားကြသည်ကို တစ်ဟုန်ထိုးလိုက် ကာ ထက်ကြပ်မကွာသော လျင်မြန်ခြင်းမျိုးဖြင့် အရအမိ ဖမ်းခဲ့နိုင်ပါလျက် ယခု ရဟန်းကျကာမှ အဘယ်သို့ ဖြစ်ရလေသနည်း။ သုံးယူဇနာတိုင် မရပ် မနားအားကုန်ထုတ် ပြေးလိုက်ခဲ့ရသဖြင့် မမောစဖူး မောဟိုက်ချင်လေပြီ။

အို . . . ဟုတ်ပြီ။ ရဟန်းဆိုသည်မျိုးက စကားလိုက်နာ ကျိုးနွံတတ် ကြသည်။ သင့်ကို အမိဖမ်းနိုင်ဖို့က သင်ရပ်ပေးမှ ဖြစ်တော့မည်။

"ရဟန်း . . . ရပ်စမ်း"

ငေါက်ငမ်း အမိန့်ပေးလိုက်၏။

"ငါ ရပ်နေပါတယ်၊ သင်သာ ပြေးလွှားနေတာပါ"

ရဟန်းထံမှ အသံထွက်လာသည်။

သန်လျက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၊ ရဟန်းရှိရာသို့ အသွားဘက် ဖြင့် ငေါက်ငေါက်ထိုးညွှန်လျက် . . .

"အလို . . . ဘယ်နှယ့်လဲ၊ ရဟန်းဆိုတာမျိုးက ကိုယ့်အသက် အန္တရာယ်ကြောင့် မဟုတ်မမှန်စကားကို မဆိုအပ်ဘူး၊ သင် မရပ်ဘဲ ပြေးနေလို့ ကျွန်ုပ် မမီတာပေါ့၊ ဘာကြောင့် ငါရပ်နေပါတယ်လို့ သင် မုသားပြောသလဲ ရဟန်း"

"မင်းမြတ်ဗြဟ္မဒတ္တ . . . သူတော်ကောင်းတို့ မည်သည်မှာ မကောင်း မှု ဆိတ်သုဉ်းပြီဖြစ်တဲ့အတွက် ရပ်သူဟုမည်တယ်။ မကောင်းမှု ပြည့်လျှမ်းမှု

များသာလျှင် လူ့ပြည်မှသည် ငရဲပြည်သို့ ဆက်လက်သွားရမည်ဖြစ်လို့ မရပ်သူ၊ ပြေးနေသူဟု မည်တယ်”

အလို . . . မင်းမြတ် ဖြဟ္မဒတ္တဆိုပါလား။ ရဟန်းသည် မိမိအား မနုဿမံသစားသူ ပေါရိသာဒဟု မခေါ်ဘဲ ယခင်ဘဝဟောင်းက မင်းအဖြစ်ကိုပဲ ရည်ညွှန်းခေါ်ဝေါ်နေပါလား။

ထူးခြားမှုတစ်ခုခုတော့ ဧကန်ရှိနေပြီ။ သူ့ကို ဖမ်းယူ သုတ်သင်လို့ မဖြစ်သေး . . . ။ သူ ဘာဆက်ပြောမည်လဲ သိချင်သည်။

“မင်းမြတ် . . . သုတသောမမင်းကို ဖမ်းယူပြီး ယဇ်ပူဇော်လျှင် သင့်အတွက် အကျိုးများစွာ ဖြစ်ထွန်းလိမ့်မယ် . . . ”

အလို . . . သုတသောမမင်း ဆိုပါလား။ မိမိရှောင်လွှဲထားခဲ့သူကိုမှ ဖမ်းယူယဇ်ပြုဖို့ ရဟန်းတိုက်တွန်းသည် . . . အဘယ်သို့နည်း။

ကြည့်နေရင်းမှာပင် ရဟန်း၏ အသွင်သည် နေခြည်ထိုးဖောက် သော မြူနှယ် ခဏချင်း မှေးမှိန်ပျယ်လွင့်သွားကာ ထိုနေရာ၌ ပြိုးပြက်သော သဏ္ဌာန်တစ်ခု ဖြစ်ပေါ်လာသည်။

“အသင် . . . ဘယ်သူလဲ”

“ကျွန်ုပ် ပဉ္စောင်ပင်စောင့်နတ်ပဲ”

“ဘယ်နှယ့်ကြောင့် မူလအသွင် မပြဘဲ ရဟန်းအသွင်နဲ့ ကျွန်ုပ်ကို စကားပြောဆိုရသလဲ အရှင်နတ်မင်း၊ အို . . . ရှိပါစေ၊ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ရဲ့ ကျေးဇူးရှင် နတ်မင်းကို တွေ့မြင်ရတာ ဝမ်းမြောက်လှပါတယ်၊ ရဟန်းအသွင် ဖန်ဆင်းပြီး အရှင်နတ်မင်း တိုက်တွန်းမိန့်ဆိုတဲ့ စကားကို ကျွန်ုပ်ကောင်းစွာ လိုက်နာပါမယ်။ သုတသောမမင်းကို ကျွန်ုပ်က ချမ်းသာပေးဖို့ စဉ်းစားထားခဲ့တာ . . . အခု အရှင်ကိုယ်တိုင်က တိုက်တွန်းပြီဆိုတော့ ကျွန်ုပ်ပျော်ပျော်ကြီး ဖမ်းယူတော့မယ်၊ ဘာမှ စိုးရိမ်ကြောင့်ကြ မဖြစ်ပါနဲ့ အရှင်နတ်မင်း၊ ကျွန်ုပ်ရဲ့ ယဇ်ပွဲကြီးဟာ မကြာခင် လှလှပပကြီး အထမြောက်ပါတော့မယ်၊ အရှင် နတ်မင်းရဲ့ ဘုံဗိမာန်ပဉ္စောင်နတ်နန်းသို့သာ ဝင်စံပါတော့ . . . ”

ပြိုးပြက်သဏ္ဌာန်သည် ရုတ်ချည်း ကွယ်ပျောက်သွား၏။

ထိုခဏ၌ပင် နေလုံးသည် အနောက်တောစပ်သို့ ငုပ်ဆင်းကာ အရှေ့တောင်ရိုးထက်၌ လဝန်းသည် ထွက်ပြူလေပြီ။ ရုပ်သိမ်းချုပ်ငြိမ်းသော နေခြည်တန်းအစအနများနှင့် လင်းဖြာထိုးယှက်လာသော လရောင်တို့သည် တောအုပ်ကောင်းကင်တွင် အလဲအလှယ်ပြုကြပြီ။

နေဝင်လထွက် ဤအချိန်၏ နက္ခတ်သွားကို တွက်ချင့်လိုက်သည်။ အိုး . . . နက်ဖြန်တွင် လသည် ဖုဿနက္ခတ်နှင့် ယှဉ်လေမည်။ သင်ယူ

Type in the text you want to insert



တတ်မြောက်ခဲ့သော နက္ခတ္တသျှတ္တရနှင့် ဝေဒပညာစွမ်းတို့ကို အသုံးပြု၍ တွက်ချက်လိုက်၏။ အဖြေရလဒ်သည် ရှင်းလင်းစွာ ထွက်ပေါ်လာ၏။

နက်ဖြန် သုတသောမမင်းသည် ချိုးရေတော် သုံးသပ်ရန်အတွက် ဥယျာဉ်သို့ ထွက်အံ့။ အဲဒီ ဥယျာဉ်ထဲမှာပဲ သုတသောမမင်းကို ဖမ်းယူမည်။ အချိန်အခါ အခွင့်အသင့်ဆုံးပင်။ သို့သော် မင်းတို့ ရေချိုးထွက်ပြီဆိုလျှင် ထက်ဝန်းကျင် သုံးယူဇနာလောက်တော့ အစောင့်အကြပ်၊ ရဲမက်ဗိုလ်ထု ထူထပ်စွာ ချထားပေမည်။ အစောင့်အကြပ်တပ်များ ချထားပြီးမှ ဝင်ရလျှင် သင်းတို့ကို ဖြတ်ကျော်တိုက်ခိုက်နေရသည့်အတွက် မဆိုသလောက် အချိန်လင့်သွားနိုင်သည်။ ဒါကြောင့်အစောင့်အကြပ် မချမီ ပထမဦးစွာသာလျှင် သူရေချိုးမည့် မိဂါဇိန်ဥယျာဉ် မင်္ဂလာရေကန်မှ ကြိုစောင့်လင့်တော့မည်။

## ၁၁

ဣန္ဒပတ္ထနဂိုရ်ပြည်ရှိ မိဂါဇိန်ဥယျာဉ်အလယ်မှ မင်္ဂလာရေကန်ကြီးသည် ဘုရင်မင်းမြတ်အတွက်သာ သီးသန့်ထားသော ရေကန်ဖြစ်သည်။ ပဒုမ္မာကြာရွက်၊ ကြာဖက်၊ ကြာပွင့်တို့ဖြင့် အတင့်အတယ်ရှိလှသော ရေကန်ကြီးသည် အပြောကျယ်လှ၏။ ဤရေကန်၏ မည်သည့် လှေကားခုံရေချိုးဆိပ်၌ သုတသောမမင်း ဆင်းသက်ရေချိုးမည်နည်း . . . ။

ရေကန်ထဲသို့ အသာအယာဆင်းလျက် ကြာရွက်များအကြား တိုးဝှေ့ကူးခတ်ချိန်ဝယ် ညဥ့်သည် လရောင်ဖြင့် ဝင်းပနေချေသည်။ အင်း . . . ငါးလိပ်သတ္တဝါများသည်လည်း မင်းတို့ ချိုးရေတော်ကန်ဖြစ်သည့်အလျောက် လွတ်လပ်စွာ မြူးထူးနေကြပေမည်။ ဘေးမဲ့ပေးထားသော သတ္တဝါများဖြစ်သဖြင့် အရွယ်ရွယ်အစားစားတို့ ကြီးချင်တိုင်း ကြီးနေကြရော့မည်။ ဒါပေမဲ့ ရေကန်ထဲ ဆင်းလိုက်သည်နှင့် သင်းတို့ အလန့်တကြား ကူးခတ်ပြေးလွှားသွားကြကာ ရေအောက်သို့ အစုလိုက် အစုလိုက် ပုန်းအောင်းနေကြတော့သည်။ ဟင် . . . ပေါရိသာဒကို လူတွင်သာမက ငါးလိပ်များလည်း ကြောက်ကြသကိုး . . . ။ မကြောက်ပါနဲ့ကွယ်၊ ငါက မင်းတို့ ရေသတ္တဝါတွေကို မစားပါဘူး၊ လူသားကိုမှ စားတဲ့ ပေါရိသာဒပါ။

အကြီးဆုံး ကြာရွက်တစ်ရွက်၏ အောက်၌ ဦးခေါင်းလျှိုကာ ရေကန်တွင် တစ်ကိုယ်လုံး နစ်မြှုပ်လျက် ပုန်းအောင်းနေရာယူလိုက်သည်။ တစ်ညဥ့်လုံးလုံး စောင့်ရလိမ့်မည်။ စောင့်ရစမ်းပါစေလေ၊ သုတသောမမင်းလို ဘုရင်တစ်ပါးကို လက်ရဖမ်းဖို့ ဒီလောက်တော့ အရင်းအနှီး ပြုရပေမပေါ့။

လဝန်းသည် ဖုသျှနက္ခတ်နှင့် ယှဉ်၍ ဣန္ဒပတ္ထနဂို၏ ကောင်းကင်ယံ၌ စံမြန်းနေသည်။ စိတ်လှုပ်ရှားတက်ကြွစရာ ညဥ့်ပါလား၊ နက်ဖြန်နံနက်ဆိုလျှင် ထူးခြားသော ယဇ်ကောင် သုတသောမမင်းက ရေကန်သို့ ဆင်းတော့

မည်။ အင်း . . . သူ့မှာ စစ်သည်အင်အား ဘယ်လောက်ထိများ ပါလာမှာပါလိမ့် . . . ။

လာပြီ . . . သူ လာနေပြီ။

လေးလံသော မင်းဝတ်တန်ဆာများကို ချွတ်လိုက်ပြီ . . . ။

ဆံမုတ်ဆိတ် ပယ်သ ပြုပြင်နေပြီ။ ဟော သူ ရေကန်ထဲ ဆင်းလာပြီ။ ဒီအချိန်မှာ လက်ရဖမ်းလိုက်ရမလား။ နေဦး . . . နှစ်ယောက်စလုံး ရေထဲမှာ ရှိနေချိန် ဖမ်းယူရင် ရေထဲက အတက်မှာ မဆိုစလောက် ကသီနိုင်သည်။ အရိပ်အခြည်ကို အသာအကဲခတ်စောင့်ဦး။

ဟော . . . သူရေကန်က ပြန်တက်ပြီ။ အမှုထမ်းတွေက ဝတ်လဲတန်ဆာတွေကို ဆင်ယင်ပေးကြတော့မည်။ ဝတ်လဲ ပုဆိုး၊ ပန်းနံ့သာ ဆက်ကြပြီ။ သူ့မင်းဝတ်တန်ဆာ အပြည့်အစုံဆင်ယင်ပြီးသွားလျှင် သိပ်ကိုလေးလံသွားမယ်။ ရေကန်ကတက်၊ သူ့ကိုဖမ်းယူပြီး သူ့ရဲ့တပ်တောင်တာဗိုလ်ထုကို ဖောက်ထွက်ပြေးရဦးမယ်၊ ခရီးမှာ သူ့မင်းဝတ်တန်ဆာတွေနဲ့ဆိုလျှင် အနှောင့်အယှက်ဖြစ်နေလိမ့်မည်။ အခုလို ပေါ့ပါးတဲ့ အဝတ်တွေ ဆင်ယင်ထားချိန်ဟာ ဖမ်းယူဖို့ အကောင်းဆုံး . . . ။

ကြာရွက်အောက်မှ ထွက်လိုက်၏။ သန်လျက်ကို ဦးခေါင်းထက်၌ လျှပ်စစ်နွယ်အလား တရစပ်လှည့်ပတ်ကာ ရေထဲမှ ခုန်ထရင်း ကြွေးကြော်လိုက်၏။

“ငါ . . . ပေါရိသာဒ”

ရေထဲမှ တက်လျှင် တက်ချင်းပင် သုတသောမမင်းဆီ အပြေးဝင်ကာ ကျန်လက်ဖြင့် လက်မောင်းပခုံးကို ဆုပ်ကိုင် ဆွဲယူလိုက်သည်။

“ချဉ်းကပ်ဝံ့သူ ချဉ်းကြ၊ ငါ . . . ပေါရိသာဒ”

ဟား . . . ဟား . . . ဟား . . . ဥယျာဉ်တံတိုင်းပတ်လည်မှာ ဦးကင်းချင်း ထိစပ်ဝန်းရံစောင့်ကြပ်ကြသော ဆင်တွေ . . . ဆင်တွေ . . . တဝူးဝူး ထိတ်လန့်တကြား အော်ကြသည်။ ရထားစီးသူရဲတို့လည်း ရထားထက်မှ လျှောကျသည်။ ရဲမက်ဗိုလ်ပါ အားလုံး စွဲကိုင်ထားကြသော လက်နက်များကို အလန့်တကြား လွှတ်ချကြသည်။ သင်းတို့ အားလုံး မြေမှာ ပြားပြားဝပ် . . . ။

မင်္ဂလာရေကန် တံတိုင်းနှင့် မိဂါဇိန်ဥယျာဉ်ဝန်းကျင် အားလုံး သိမ့်သိမ့်ည် ကျွက်ကျွက်ဆူသွားပြီ။ ဆင်တွေ မြင်းတွေ လန့်ဖျပ် ခုန်ပေါက်အော်ဟစ်ပြေးလွှား . . . ရဲမက်တွေ အပြိုပြိုအလဲလဲ ကစဥ့်ကလျား၊ ပြီးတော့ မြေမှာ ဝပ်ဝပ်ပြားပြား။

သုတသောမမင်းကော အဘယ်သို့ ရှိလေသလဲ။ အို . . . သူ့ကို အကဲခတ်နေချိန်မရ။ လာစမ်း . . . လက်ရဖမ်းပြီလေ၊ အဲ . . . နေဦး . . . နေဦး။ ဟိုထီးဆောင်းမင်းတွေတုန်းကတော့ ခြေကကိုင်၊ ဦးခေါင်းကို ဖောက်ထိုးထား၊ ပြေးရင်းလွှားရင်း ဦးခေါင်းကို ဖနောင့်ဖြင့် ပုတ်ခတ်ဖမ်းခဲ့သည်။ သုတသောမမင်းက မိမိ၏ ဆရာ၊ ဆရာဖြစ်သူကို ထိုသို့ ဖမ်းယူစကောင်းသည် မဟုတ်။

"ကိုင်း . . . လာစမ်း . . . အကြည်တော် သုတသောမ"

လက်မောင်းအိုးမှ ဆွဲကိုင်ကာ အထက်သို့ ပင့်မြှောက်လျက် ပခုံးပေါ် ပစ်တင်လိုက်၏။ ဇွေ့ခနဲ သူမြောက်ပါလာသည်။ ရေအစိုစို အလူးလူး။ မိမိ ခန္ဓာကိုယ်ဝယ် သူ့ထံမှ မသွေ့တတ်သော ရေစက်အချို့ တစ်ပေါက်ပေါက် ကျလာသည်။

သန်လျက်ကို ယာလက်မှ စွဲ၊ ဝဲလက်က သုတသောမမင်းကို ထိန်းကိုင် ထမ်းချီကာ ဥယျာဉ်အတွင်း လွှားခနဲ လွှားခနဲ ပြေးဖြစ်ခဲ့၏။ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ သုံးတပ် သုံးထပ် ကာရံတပ်ချထားသော စစ်သည်များ တော့ အံ့အားသင့်ခြင်း၊ ကြောက်လန့်ခြင်းတို့ဖြင့် ပြားပြားဝပ် ကျန်နေရစ်ခဲ့ ကြပေတော့။

အင်း . . . ဥယျာဉ်တံခါးမှ ထွက်လျှင် အချိန်လင့်နေမည်။

မှန်း . . . ဥယျာဉ်တံတိုင်း ဘယ်လောက်မြင့်မလဲ၊ တစ်ဆယ့် ရှစ်တောင်ပေါ့ မသကာ . . . ဟေး ငါ ပေါရိသာဒ တစ်ချက်သံကုန်လွှတ်၍ ကြုံးဝါးကာ တံတိုင်းကို ခုန်ပျံလွှားကျော်လိုက်ပြီး တံတိုင်းတစ်ဖက် ပြန်အကျ မှာ မုန်ယစ်သော ဆင်တပ်က အသင့်စောင့်လျက်။ ပဒလက္ခဏာ မန္တန်တန်ခိုး နဲ့ ခွန်အားဘုန်းစွမ်းပြည့်ချင်တိုင်း ပြည့်နေတဲ့ ငါ့ကို သင်တို့ ခံနိုင်ရိုးလား။

ဆင်ဦးကင်းများကိုပင် နင်းကြမ်းကျောက်တုံးများသဖွယ် နင်းတက် ဖြတ်ကျော်သည်။ ထို့နောက် မြင်းတပ်မှ မြင်းတို့၏ ကျောကုန်းများကိုပင် လှေကားထစ်များလို နင်းတက်ဖြတ်ကျော်သည်။ ရထားတပ်မှ ရထားဦး၊ ရထားဘီးများကိုလည်း ခုတုံးများပြုကာ နင်းတက် ဖြတ်ကျော်သည်။

သွေးရူးသွေးတန်းဖြင့် ယခုမှ လက်နက်ကိုယ်စီ ဝင့်ကြသော စစ်သည်ရဲမက်များကား အနားပင် မသီနိုင်ကြ။ သန်လျက်ကို အဆက်မပြတ် ဝှေ့ယမ်း . . "ငါ ပေါရိသာဒ . . .လည်မပြတ်ချင်ရင် ရှောင်ကြ ရှားကြ . . ." ဟု ဟစ်ကာ၊ သင်းတို့ ပခုံး၊ သင်းတို့ ဦးခေါင်းထက်မှပင် ဖြတ်နင်း ခုန်ထွက် လိုက်သည်။

အားလုံး အဝေးနောက်မှာ ကျန်ရစ်ခဲ့ကြပေတော့ . . . ။

တစ်ယူဇနာ၊ နှစ်ယူဇနာ၊ သုံးယူဇနာ . . . ။

မရပ်မနား တစ်ဟုန်ထိုး ပြေးလာခဲ့ပြီး နောက်ဘက်သို့ မျှော်ကြည့်လိုက်၏။ တစ်ကောင်တစ်မြီးမှ လိုက်မလာနိုင်ကြ။ သင်းတို့အားလုံးကို အဝေးမှ ဖြတ်ချန်ထားနိုင်ခဲ့ပြီ။

ပြေးနေသော ခြေလှမ်းများ အရှိန်ကို လျှော့ချလိုက်သည်။

အလို . . . ပခုံးပေါ် ရင်ပေါ်ကို တစ်စက်တစ်စက် တစ်ပေါက်ပေါက်ကျနေဆဲ . . . ။ ဒါတွေက သုတသောမမင်းထံမှ ရေပေါက်များ မဖြစ်နိုင်တော့။ အပြေးအလျင်နှင့် တဟူးဟူး လေတို့ကြောင့် သူ့မှာ ရေသွေ့လောက်ပြီပဲ။ ဒါဆိုလျှင် သူ . . . သူ . . . သေရအံ့ဘေးမှ ကြောက်ရွံ့ကာ ငိုလေပြီ ထင်သည်၊ သူ့မျက်ရည်ပေါက်တွေပဲ ဖြစ်ရမည်။

ဘယ်နှယ် . . . ငါ့ဆရာ သုတသောမမင်း သေမှာ ကြောက်လို့ငိုသတဲ့လား။

"ဘယ်သို့ပါလဲ . . . ကောရဗျနွယ် သုတသောမမင်း . . . ပညာရှိတို့မည်သည်မှာ အကျိုးရှိ မရှိ၊ အကြောင်းဟုတ် မဟုတ် ဆင်ခြင်တိုင်းထွာတတ်တဲ့ ဉာဏ်ပညာရှိတယ်မဟုတ်လား။ အကြားအမြင်များပြီး ဆင်ခြင်ဉာဏ်ရှိတဲ့ ပညာရှိမင်းတို့ဆိုတာ လူတို့ရဲ့ မှီခိုရာဖြစ်တဲ့အလျောက် ကြံခိုင်ပြည့်ဝ၊ စိုးရိမ်သောက ကင်းတဲ့ မင်းဘုရင်မဟုတ်ပါလား။ ဘယ့်နှယ် . . . အခုတော့ ကျုပ်ရဲ့ ရင်, ပခုံးပေါ်မှာ တစ်စက်စက် တစ်ပေါက်ပေါက် ကျနေတာတွေက မျက်ရည်တွေလား . . . ဘယ်လိုပါလဲ၊ သားမယားအတွက် စိုးရိမ်လို့လား . . . အဆွေအမျိုးအတွက် စိတ်ပူလို့လား၊ စီးပွားဥစ္စာဘဏ္ဍာအတွက် ကြောင့်ကြလို့လား၊ ဘာကို စိုးရိမ်ကြောင့်ကြ သောကပွားပြီး သင်ငိုကြွေးနေတာလဲ . . . ပြောစမ်းပါဦး"

ပခုံးထက်မှာ မရုန်းမဖယ်လိုက်ပါလာသော သူ့ထံမှ စကားသံပေါ်လာသည်။ သူ့အသံ တုန်ယင်ထစ်ငေါ့ခြင်း မရှိကြောင်း သတိပြုမိ၏။

"အဆွေပေါရိသာဒ . . . အင်း . . . သင့်ကို ကျွန်ုပ်က ပေါရိသာဒလို့ပဲ ခေါ်ရတော့မယ်"

"ခေါ်ပါ . . . ကျုပ်က အခု ဗြဟ္မဒတ္တမင်းမှ မဟုတ်တော့တာပဲ၊ ပေါရိသာဒကို ပေါရိသာဒလို့ ခေါ်တာ ကျုပ်ကြိုက်ပါတယ်"

"ပေါရိသာဒ . . . အသင်ပြောသလို ကျွန်ုပ်က မိမိအတွက် အသက်ဘေးကိုလည်း မစိုးရိမ်ဘူး။ သားမယား အဆွေအမျိုးအတွက်လည်း မပူပန်ဘူး၊ စည်းစိမ်ဥစ္စာ ဘဏ္ဍာအတွက်လည်း မကြောင့်ကြဘူး၊ တကယ်တော့ သင့်ရင် ပခုံးထက် တစ်စက်စက်ကျနေတာတွေက၊ ကျွန်ုပ်ရဲ့ မခြောက်သွေ့သေးတဲ့

ဆံပင်က ရေစက်များသာ ဖြစ်တယ်။ ကျွန်ုပ် ငိုကြွေးလို့ကျရတဲ့ မျက်ရည် ပေါက်တွေမဟုတ်ပေဘူး"

"ရှိပါစေတော့လေ၊ ဒါပေမဲ့ ခုလို အချိန်မျိုးမှာ သင်ဘာကိုမျှ မစိုးရိမ် ဘူးလား၊ ကြောင့်ကြစိတ် နည်းနည်းလေးမှ မရှိဘူးလား"

"ပေါရိသာဒ တစ်ခုသော အကြောင်းကိစ္စအတွက်တော့ ကျွန်ုပ်မှာ စိုးရိမ်ကြောင့်ကြမှု ရှိနေတယ်"

အင်း . . . ဟုတ်ပါပြီ၊ ဒီလို ဝန်ခံမှပေါ့၊ သေရမယ့်အရေး တွေးမိပြီး သောကရောက်နေတာလို့ ဝန်ခံလိုက်စမ်းပါ သုတသောမမင်းရယ်။

"ဆိုစမ်းပါဦး . . . ဘယ်လိုအကြောင်းလဲ"

"ဗြာဟ္မဏပုဏ္ဏားတစ်ဦးနဲ့ ကျွန်ုပ်အချိန်းအချက်ရှိထားခဲ့တယ်၊ အခု အဲဒီ အချိန်းအချက် ပျက်ကွက်ရတော့မလို ဖြစ်နေတယ် ပေါရိသာဒ၊ အဲဒီ အတွက် ကျွန်ုပ် စိုးရိမ်ကြောင့်ကြရှိရခြင်း ဖြစ်တယ်"

"ဘယ်လို . . . ဗြာဟ္မဏတစ်ယောက်နဲ့ အချိန်းအချက်"

"ဟုတ်တယ် ပေါရိသာဒ၊ ဗြာဟ္မဏရဲ့ အမည်က နန္ဒလို့ ခေါ်တယ်"

"နေ . . . နေစမ်းပါဦး၊ နန္ဒအမည်ရှိတဲ့ ပုဏ္ဏားတစ်ယောက်နဲ့ အချိန်း အချက်က ဘယ်လောက်များ အရေးပါလို့ သင့်မှာ အခြားအရာတွေ မစိုးရိမ်ဘဲ ဒါကိုမှ စိုးရိမ်နေရတာလဲ"

"ပေါရိသာဒ . . . ယနေ့ နံနက်စောစောမှာပဲ ကျွန်ုပ်ဟာ စစ်အင်္ကျီ လေးပါးနဲ့ မြို့မှ ထွက်ခဲ့ပြီး မိဂါဇိန်ဥယျာဉ် မင်္ဂလာရေကန်ကို ထွက်ခဲ့တယ်၊ မြို့အရှေ့တံခါး အရောက်မှာ ဗြာဟ္မဏတစ်ဦးဟာ မြင့်ရာအရပ်ဖြစ်တဲ့ တောင် ပူစာတစ်ခုထက်မှာ ရပ်ရင်းနဲ့ ကျွန်ုပ်ထံကို လက်ဆန့်တန်းပြီး အောင်ဆုပေး တယ်"

"ဟုတ်ပါပြီ . . . ဒါ အလှူခံ ဗြာဟ္မဏတို့ လုပ်နေကျပဲ"

"သူ . . . အလှူခံချင်လို့ မဟုတ်ဘူး ပေါရိသာဒ၊ သင်ဘာကို အလိုရှိသလဲ၊ ဘာအလှူခံချင်လို့လဲ၊ ကျွန်ုပ်က မေးတဲ့အခါမှာ ဗြာဟ္မဏက သူ့အမည် နန္ဒဖြစ်ကြောင်း၊ ယူဇနာ တစ်ရာ့နှစ်ဆယ် ဝေးကွာတဲ့ အရပ်ဒေသက လာခဲ့ကြောင်း၊ ကျွန်ုပ်ရဲ့ အကျိုးကျေးဇူးအတွက် သူလာခဲ့ခြင်းဖြစ်ကြောင်း ပြောတယ်"

"ပုဏ္ဏားက သင့်အကျိုးအတွက် လာတယ် ဟုတ်စ"

"ဟုတ်ပါတယ် ပေါရိသာဒ၊ ကဿပ မြတ်စွာဘုရား ဟောကြား တော်မူတဲ့ သတာရဟာလေးဂါထာကို ကျွန်ုပ်အား ဟောပြော သင်ကြားပေးဖို့ လာခဲ့ကြောင်း သူကပြောတယ်"

"အဲဒီတော့ . . . "

"ကျွန်ုပ်မှာက ဦးခေါင်းဆေးလျှော်ပြီး မင်္ဂလာရေကန်မှာ ရေချိုးရမှာ ဖြစ်တယ်၊ ဖုသျှနက္ခတ်နဲ့ ယှဉ်တဲ့အခိုက်မှာ ကျွန်ုပ် ပြုဖွယ်အမှု ပြုရဦးမှာမို့ ဗြာဟ္မဏကို ကျွန်ုပ်တောင်းဆိုခဲ့ရတယ်၊ ယခု အခွင့်မသာသေးပါ၊ နက်ဖြန် နေ့လယ်မှာ သင့်ရဲ့ သတာရဟ ဂါထာကို နာယူသင်အံပါ့မယ်၊ ယခု နားနေ ရင်း ကျွန်ုပ်ကို စောင့်ပါလို့ ဆိုပြီး နန္ဒ ပုဏ္ဏားနေထိုင်ဖို့ အိမ်ဂေဟာ၊ ဝတ်စား တန်ဆာ၊ အစာရိက္ခာများကို မှူးမတ်များအား စီစဉ်ခိုင်းခဲ့တယ်၊ နေ့လယ်မှာ ကျွန်ုပ် လာရောက်နာယူသင်အံပါမယ်လို့ ကတိကဝတ် ပြုခဲ့တယ်၊ ယခု အသင် က ကျွန်ုပ်ကို ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီဆိုတော့ နန္ဒ ပုဏ္ဏားနဲ့ တွေ့ဖို့၊ ဂါထာ နာယူသင်အံဖို့ ကျွန်ုပ်ရဲ့ အချိန်းအချက် ပျက်ခဲ့ပြီ၊ ကတိကဝတ် ယွင်းခဲ့ပြီ၊ ဒါ့အတွက် ကျွန်ုပ်မှာ စိုးရိမ်ကြောင့်ကြ ရောက်ရခြင်း ဖြစ်တယ်"

အို . . . ရယ်စရာအကောင်းဆုံး စကားကို ကြားလိုက်ရခြင်းပါပင်။ ပုဏ္ဏားတစ်ယောက်နှင့်တွေ့ဆုံ ဂါထာသင်ဖို့ အချိန်းအချက်တဲ့လား . . . ၊ သုတသောမမင်း ငါ့ဆရာရယ် . . . ဖြစ်မှ ဖြစ်ရလေ။

"ဒီမှာ အဆွေ သုတသောမမင်း၊ ကောရဗျအနွယ်ချုပ် မင်းမြတ်၊ ယုတ္တိတန်တဲ့ စကားဆိုသင့်ပါတယ်၊ သင့်ရဲ့ အကြောင်းတရားကို ဒီထက်လုံခြုံ တဲ့ အကြောင်းပြချက်နဲ့ ဖုံးဖိဖို့ ကြိုးစားပါဦးလေ"

"ကျွန်ုပ်မှန်သော စကားကို ဆိုတယ် ပေါရိသာဒ၊ နန္ဒဗြာဟ္မဏနဲ့ တွေ့ဆုံ၊ သူ့ထံမှ ဂါထာကို နာယူ၊ ထိုအမှုဟာ ကျွန်ုပ်အတွက် အချိန်းအချက်၊ ကတိကဝတ် သစ္စာဖြစ်တယ်၊ သစ္စာစောင့်တဲ့ ကျွန်ုပ်အနေနဲ့ အဲဒီအချိန်းအချက် အတိုင်း ပြည့်စုံအောင် ဣန္ဒပတ္ထနဂိုရ်ကို ပြန်သွားလိုတယ်၊ အမှုကိစ္စအားလုံး ပြီးတဲ့အခါမှာ ကျွန်ုပ် သင့်ထံ ပြန်လာမယ်"

"ဟား . . . "

လှိုက်လှိုက်လှဲလှဲကြီးပင် တစ်ချက်ရယ်ချပစ်လိုက်သည်။ အမလေး လေး ငါ့ဆရာရယ် . . . ဘယ်လို . . . ဘယ်လို နန်းတော်ကို ပြန်သွားမယ်၊ ပြီးတော့ ကျုပ်ဆီ ပြန်လာမယ်တဲ့လား။

"သုတသောမမင်း၊ သေမင်းခံတွင်းကနေ လွတ်မြောက်ချမ်းသာပြီးတဲ့ လူတစ်ယောက်ဟာ သေမင်းခံတွင်းထဲကို တစ်ဖန်ပြန်ပြီး ဝင်မယ်တဲ့လား အောင်မယ်လေးလေး၊ ကျုပ်ဆရာရယ်၊ ကျုပ် မယုံလိုက်သမှ . . . "

သူ ငြိမ်သက်နေသည်။

"ဒီမှာ ကျုပ်ဆရာ သုတသောမမင်းရဲ့၊ လူသားစားတဲ့ ပေါရိသာဒရဲ့ လက်က လွတ်၊ နန်းတော်ကိုပြန်၊ ပြီးတော့ ရပြီးတဲ့ အသက်ကို ပြန်လည်

Type in the text you want to insert



အပ်နှင်းဖို့ ကျုပ်ဆီ သင်က ပြန်လာ၊ သင့်အသက်ကို ကျုပ်လက်ထဲ ပြန်ထည့်၊ ပြုသမျှ နေပါတော့မယ်လို့ဆို . . . ”

ဒီလိုတဲ့လား၊ သေမင်းဆီ ခွင့်ပန်ပြန်သွား၊ ပြီးတော့မှ သေမင်းဆီ ပြန်လာ၊ ဒီလိုတဲ့လား၊ ဟား . . . ဟား . . . ဟား . . . ဟိုး . . . ဟိုး . . . ဟိုး . . . ဟီး . . . ဟီး . . . ဟီး . . . အံ့မလေး ဟဲ့လေး . . . ကျုပ်က သင့် ကို ခဏပြန်လွှတ်ပေး၊ သင်က လွှတ်သွား၊ ပြီးတော့ ကျုပ်ဆီ ပြန်လာ ဒီလိုတဲ့ လား . . . အမလေးဟဲ့ လေးလေး . . . ။

Type in the text you want to insert

# အပိုင်း
# ၂

Type in the text you want to insert

# ၁၂

မယုံသင်္ကာ အပြည့်ရှိသော စကားတို့ အဆုံးတွင် တုံ့ပြန်လိုက် သည့် သုတသောမမင်း၏ အသံသည် ခြသေ့်မင်း၏ ရှုံ့ရှာခြင်းကင်းစွာ ဟိန်း ဟောက်သံအလား ထပ်ကြပ် ထွက်ပေါ်လာ၏။

"မိတ်ဆွေ ပေါရိသာဒ၊ စင်ကြယ်တဲ့ သီလရှိသူအဖို့ ကိုယ့်အသက် သေမှာကို ကြောက်ရွံ့ပြီး မဟုတ်မမှန်စကား ဘယ်တော့မှ မဆိုဘူး၊ အဲဒီလို မဟုတ်မမှန် လည်ဆယ်စကားပြောကြားပြီး အသက်ရှင်နေခြင်းထက် သေခြင်း က မြတ်တယ်၊ ယုတ်မာနိမ့်ကျသူတွေသာလျှင် မဟုတ်မမှန် စကားကိုဆိုတယ်၊ ဒီလူမျိုးဟာလည်း ဒုဂ္ဂတိမှ လွတ်မြောက်ဖွယ် မရှိဘူး"

ဤမျှလောက် စကားဖြင့်လည်း လက်ခံ ယုံကြည်နိုင်ပုံ မရသေး။ သုတသောမမင်းသည် ပို၍ ပို၍ တည်ငြိမ်သော မျက်နှာ၊ ပို၍ ပို၍ လေးနက် သော အသံဖြင့် . . .

"အရပ်ရှစ်မျက်နှာတို့က တိုက်ခတ်တိုးဆောင့်တဲ့ လေပြင်းကြောင့် ကြီးစွာသော တောင်ကြီးဟာ လွင့်ချင်လွင့်သွားမယ်၊ နေသည်လည်းကောင်း၊ လသည်လည်းကောင်း မြေသို့ ပြုတ်ကျချင် ပြုတ်ကျမယ်၊ ငါကတော့ မဟုတ် မမှန်စကားကို ဘယ်သောအခါမှ မပြောဘူး ပေါရိသာဒ"

"ကောင်းကင် အက်ကွဲကောင်း အက်ကွဲမယ်၊ မဟာသမုဒ္ဒရာ ခြောက် သွေ့ကောင်း ခြောက်သွေ့မယ်၊ သတ္တဝါတို့တည်ရာ မြေမျက်နှာပြင် အောက် အထက် ပြန်လှန် ပြောင်းဆန်ကောင်း ပြောင်းဆန်မယ်၊ မြင်းမိုရ်တောင်ကြီး အမြင့်နဲ့တကွ ရွေ့ကောင်းရွေ့မယ်၊ မင်းကောင်းမင်းမြတ်ဖြစ်တဲ့ ငါဟာ ဘယ် တော့မှ မုသားမပြောဘူး"

ရဲရဲတောက် စကားများက ခက်ထန် မာကြောသော နှလုံးသားတို့ကို

တိုးမပေါက်ရှိလေသည်။ သွေးစွန်းနေသော ရင်နှလုံးသည် အမှန်တရား၏အသံကို မကြားနိုင်လောက်အောင် ပိန်းပိတ်သားရှိနေ၏။

မယုံကြည်နိုင်ခြင်းတံတိုင်းက ပိတ်ဆို့ထားသောအခါ အမှန်တရား၏ မြားတံများက တိုးမဖောက်နိုင်။

ထိုသို့သော အခြေအနေဝယ် တစ်ခုသော နည်းလမ်းမှအပ အခြားပြုဖွယ်မရှိတော့။

သုတသောမမင်းသည် အမှန်တရား၏ သေနင်္ဂကို ပြောင်းလဲလိုက်၏။

"ပေါရိသာဒ . . . ခဏရပ်၊ သင့်ပခုံးထက်ကနေ ငါ့ကို ခေတ္တမျှအောက်ချ၊ ကျိန်ဆိုခြင်းအမှုနဲ့သာ သင့်ကို ယုံစေမယ်"

ကျိန်ဆိုခြင်း . . . ။ အစွန်းတစ်ဖက်သို့ ရောက်နေသူများသည် ကျိန်ဆိုခြင်းကို ယုံကြည်စရာဟု မှတ်ထင်တတ်ကြပေသည်။

ပေါရိသာဒခြေလှမ်းများကို တုံ့ခနဲ ရပ်လိုက်သည်။ ပခုံးပေါ်မှ သုတသောမမင်းကို အောက်ချပေးလိုက်၏။

သုတသောမမင်းလည်း မြေပြင်၌ တည့်ရပ်ပြီးသောအခါ . . .

"အကျွန်ုပ် သုတသောမမင်းသည် သန်လျက်ကိုလည်းကောင်း၊ လှံကိုလည်းကောင်း၊ သုံးသပ်လျက် ကျိန်ဆိုအံ့၊ ပေါရိသာဒသည် ယခု အကျွန်ုပ်အား လွှတ်လိုက်ပြီးလျှင် အကျွန်ုပ်သည် ထွက်ခွာအံ့။ သစ္စာစောင့်သည်ဖြစ်၍ အကျွန်ုပ်သည် ပေါရိသာဒထံ တစ်ဖန်ပြန်လာအံ့ . . . ၊ ဤကား အကျွန်ုပ်၏ ကျိန်ဆိုခြင်းဖြစ်၏။ သန်လျက်သည်၊ လှံသည် အကျွန်ုပ်၏ ကျိန်ဆိုခြင်း၌ မဟုတ်မမှန်ဖြစ်ခဲ့ပါသော် ဘေးအပေါင်း သင့်ရောက်ရာ လက်နက်များဖြစ်၍ ကျိန်ဆိုခြင်း၏ သက်သေဖြစ်ကြစေသတည်း"

ကြောက်ခမန်းလိလိ ကျိန်ဆိုခြင်းအဆုံး၌ ပေါရိသာဒ တွေဝေသွား၏။

ဘုရင်မင်းတကာတို့ မပြုအပ်၊ မပြုဝံ့သော ကျိန်ဆိုခြင်းကို သူပြုသည်။ ပေါရိသာဒ၏ မယုံကြည်မှုတံတိုင်း ပြိုကွဲသွားသည်။ သံသယတောင်ကြီး ယိုင်နဲ့သွားသည်။

ကြောက်စရာ့ ကျိန်စာပါလား။ ဒီလောက်အထိ သူကျိန်ရအောင် သူ့ကိစ္စအရေးကြီးသတဲ့လား။ သုတသောမမင်းမှာ ယခုအလွန်ပင်ပန်းဖိစီးနေပြီ။ ကိုင်း . . . ဒီမင်းတစ်ပါးအတွက် ငါဘယ်လောက်တောင်များ ကြိုးစားပန်းစားလုပ်နေတော့မှာလဲ။ သူ့ကို မယုံတာယုံတာ အပထား၊ အင်း . . . ယုံကြည်စရာတော့ ဖြစ်ခဲ့ပြီ။ သို့သော် သူပြန်လာရင်လည်း ပြန်လာစေ၊ ပြန်မလာရင်

လည်း ရှိစေ။ ငါလည်းပဲ တစ်ချိန်က ရာဇပလ္လင်ထက်မှာ စံခဲ့တဲ့ ရေမြေ့ရှင် ဘုရင်တစ်ပါးပေပဲ။ သုတသောမမင်း ပြန်မလာချင်လည်း ရှိစေတော့။ ငါ့ လက်ရုံးသွေးနဲ့ပဲ ပညောင်ပင်နတ်ကို ပူဇော်လိုက်တော့မယ်။ ဒါဆို အထ မြောက်တာပဲ။

"ကိုင်း . . . သုတသောမမင်း၊ သင့်ကို ကျွန်ုပ်ခွင့်ပြုလိုက်ပါပြီ၊ သင့်အချိန်းအချက်အတိုင်း သွားပေရော့၊ ကိစ္စအလုံးစုံပြီးတဲ့အခါမှာ သင့် ကိုယ်စာအတိုင်း သစ္စာစောင့်သောအားဖြင့် ပြန်လာခဲ့ပေရော့"

သုတသောမမင်းက ဆံပင် ကိုယ်ဝတ်တို့ကို ဆန့်ရန့် သန့်ပြန့်အောင် သုံးသပ်လျက် . . . "မိတ်ဆွေ . . . နန္ဒပုဏ္ဏားနဲ့ အချိန်းအဆက်ရှိတဲ့အမှုကို ပြုပြီးတဲ့ နောက်မှာ ကျွန်ုပ်ပြန်လာခဲ့မယ်လို့ ထပ်မံပြောကြားပါတယ်"ဟု ဆို၏။ သေတွင်းသို့ ပြန်ဝင်လာမည်ဆိုသော စကားကို မယုံကြည်ရဲရှိပါ လျက် ယုံကြည်အံ့ဩနေသော ပေါရိသာဒကလည်း . . .

"ကောင်းပါပြီ မင်းမြတ်၊ ဘုရင်မင်းတကာတို့ မပြုအပ်မပြုရဲတဲ့ ကိုယ်ဆိုခြင်းကို သင်ပြုထားပါတယ်၊ ဒီကိုယ်စာကိုသာ အောက်မေ့နေပါ"ဟု ပြော၏။

"မိတ်ဆွေ. . .သင်သည် ကျွန်ုပ် သုတသောမမင်းကို ငယ်စဉ် မင်းပျို မင်းလွင်အရွယ်ကတည်းက သိခဲ့သူဖြစ်တယ်၊ မဟုတ်မမှန်မုသားစကားကို ရယ်မြူးလိုတဲ့ သဘောနှင့်တောင်မှ ကျွန်ုပ်မဆိုခဲ့ဘူးဆိုတာ သင်သိပါတယ်၊ ယခု ဘုရင်တစ်ပါးဖြစ်နေတဲ့ ကျွန်ုပ်ဟာ ဘယ်လို အကြောင်းနဲ့များ မုသား ဆိုနိုင်စရာ ရှိနိုင်ပါဦးမလဲ၊ ကျွန်ုပ်ကို သင်ယုံပါ၊ နက်ဖြန် နံနက် သင့်ရဲ့ အမှုကိစ္စအမီ ကျွန်ုပ်ပြန်ရောက်စေမယ်"

"ကောင်းပါပြီ ... ကောင်းပါပြီ၊ ကျွန်ုပ် ယုံပါပြီ၊ အသင်သွားနိုင်ပါပြီ၊ အသင်ရောက်မလာရင်တော့ ကျွန်ုပ်ရဲ့ ယဇ်နတ်ပူဇော်တဲ့အမှု ပျက်ရမှာပါ။ အသင်မပါဘဲ ကျွန်ုပ် ပူဇော်လို့မရပါဘူး။ နတ်မင်းကြီးကလည်း လက်ခံမှာ မဟုတ်ဘူး၊ ကျွန်ုပ်ရဲ့ ယဇ်ပွဲကို ဖျက်လိုဖျက်ဆီးတော့ မလုပ်လိုက်နဲ့"

ရာဟု ခံတွင်းမှ လွတ်မြောက်ခဲ့သော လစန္ဒာဟူသည်ကား ကျွန်ုပ် သုတသောမမင်းပင်ဖြစ်ပေလိမ့်မည်။ သွေးစွန်းသော လူသားစား ပေါရိသာဒ ထံမှ ကျွန်ုပ် လွတ်မြောက်ခဲ့ပြီ။ သို့သော် အပြီးတိုင် လွတ်လပ်ခွင့်ကား မဟုတ်။ ကျွန်ုပ်၏ ပြုဖွယ်ကိစ္စအဝဝပြုပြီးပါက သူ့ထံကျွန်ုပ်ပြန်သွားရလိမ့်မည်။ သူ ယုံကြည်အောင် ကျွန်ုပ်ကိုယ်ဆိုခဲ့ရခြင်းဖြစ်သော်လည်း စင်စစ်မူ ထိုကိုယ်စာ သည် ကျွန်ုပ်၏ တွန်းအားမဟုတ်။ အခြေအရံလက်နက်သာ ဖြစ်သည်။

မှန်သောစကားနှင့် မြဲသောကတိစကားအရသာလျှင် သူ့ထံ ကျွန်ုပ်ပြန်သွားရမည်ဖြစ်လေသည်။

ရှိစေ . . . ယခု ကျွန်ုပ်၏ ပြဖွယ်အမှုတို့ကို အချိန်မီ ပြုရပေလိမ့်မည်။ ဣန္ဒပတ္တနဂိုရ်မြို့အနီးတွင် ကျွန်ုပ်ချဉ်းကပ်မိပြီ။ အို . . . မြို့ပြင်ပမှာပင် ကျွန်ုပ်၏ စစ်သည်တည်၍ စောင့်ကြိုနေကြပေသည်။

သူတို့ ကျွန်ုပ်ကို အဝေးမှပင် မြင်၍ အလုံးအရင်းဖြင့် ပြေးလာကြိုဆိုကာ ဦးခိုရှိခိုးကြသည်။

"အရှင်မင်းမြတ်၊ လူသားစား လူ့ဘီလူး ပေါရိသာဒဟာ အရှင့်ကို နှိပ်စက်ကလူပြုလိုက်ပါသလား"

"အရှင်မင်းမြတ်၊ လူ့ဘီလူးရဲ့ ကြမ်းကြုတ်ရက်စက်မှုကြောင့် အရှင့်မှာ ပင်ပန်းဆင်းရဲကြီးစွာ ကြုံခဲ့ပါသလား" သူတို့ စိုးရိမ်တကြီး မေးကြသည်။

သူတို့ကို ဖြစ်ကြောင်းကုန်စင် ပြောရန် အခွင့်မသာသေးပေ။ သစ္စာကတိစကားဖြင့် ပြန်လာခဲ့ပြီးနောက် ပေါရိသာဒထံ ကျွန်ုပ်ပြန်သွားမည်ဆို သည့်အကြောင်းကို သူတို့သိ၍ မဖြစ်သေးပေ။

ထို့ကြောင့် သူတို့၏ အရှင်သခင်အတွက် ဖြစ်ပေါ်နေသော စိုးရိမ်ကြောင့်ကြမှုများ လျော့ပါးသွားစေရန်သာ ကျွန်ုပ် မယုတ်မလွန်ဆိုလိုက်သည်။

"မောင်မင်းတို့၊ ပေါရိသာဒဟာ ငါ့အပေါ်မှာ အမိအဘတို့ သေပါမှပင် ပြုနိုင်ခဲ့တဲ့ အပြုအမူမျိုးနဲ့ ဆက်ဆံခဲ့ပါတယ်၊ ကြမ်းကြုတ်ရက်စက်ပြီး ကြောက်စရာကောင်းလှတဲ့ လူ့ဘီလူးဆိုသူ ပေါရိသာဒဟာ ငါ့ဆုံးမစကားများကို ကြားနာပြီး ငါ့ကို လွှတ်လိုက်ပေတယ်"

စစ်သည်ရဲမက်များ အားတက်ရွှင်လန်းစွာ တဟေးဟေး ညာသံကြွေးကြလေသည်။ သြော် သူတို့ မသိရှာသေးပါတကား . . . ။

မင်္ဂလာဆင်ထက်၊ မြပုခက်ဝယ် စီးနင်းလိုက်ပါလျက် မြို့နန်းအ တွင်း ကျွန်ုပ်ဝင်လာခဲ့သောအခါတွင်လည်း အလုံးစုံသော ပြည်သူအပေါင်းတို့ ဝမ်းမြောက်ရွှင်လန်းစွာ ကြိုဆိုကြလေသည်။

⁂

တရားကို အလေးအမြတ်ပြုရမည်။ တရားနာရန်အတွက်သာလျှင် ကျွန်ုပ်ပြန်လာခြင်း ဖြစ်သည်။ ဤခေတ္တအပြန်ခရီးဝယ် တရားနာရန်မှ အပ ကျွန်ုပ်မှာ အခြားမည်သည့်အရေးသည်မျှ အရေးကြီးသည် မဟုတ်ပေ။

ထို့ကြောင့် ခမည်းတော် မယ်တော်တို့ထံ ဝင်၍ ဖူးမြော်ခြင်းကို တရားနာပြီးမှပင် ပြုတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"မှူးမတ်ဝန်မင်း မင်းချင်းတို့၊ နန္ဒပုဏ္ဏားကို ပင့်ခေါ်ချေပါ"

ရာဇပလ္လင်ထက် ထိုင်ပြီးချိန်မှာပင် အမိန့်ပေးလိုက်သည်။ နန္ဒပုဏ္ဏား ရောက်လာချိန်၌ ကျွန်ုပ်ရာဇပလ္လင်မှ ဆင်းသည်။

"ဆရာပုဏ္ဏားကို ဆံသမုတ်ဆိတ် သန့်စင်ပြီး ရေချိုး၊ နံ့သာလိမ်း ခြင်းများနဲ့ ပြုပြင်ပေးကြ၊ ဖြူစင်သန့်ရှင်းတဲ့ ဝတ်စုံသစ်များနဲ့ ဆင်ယင်ပေးကြ"

နန္ဒပုဏ္ဏားစားပြီးမှ ကျွန်ုပ်ပွဲတော်သုံးသည်။ စားတော်မှူး၊ အမတ်ဝန်၊ ကွမ်းရေတော်ကိုင်၊ အမတ်ဝန်များက အံ့သြနေကြရာ ကျွန်ုပ်က သူတို့ နားလည် အောင် ပြောလိုက်ရသည်။

"တရားကို အလေးအမြတ် ပူဇော်ရမယ်မောင်မင်းတို့၊ နန္ဒပုဏ္ဏားဟာ ငါ့ကို တရားဟောမယ့်သူဖြစ်တယ်၊ ငါဟာ ကာသိတိုင်းရဲ့ ဘုရင်ဖြစ်ပေမဲ့ အခုအချိန်မှာတော့ တရားတော်ကို နာယူ ခံယူမယ့် ပရိသတ်သာ ဖြစ်တယ်"

အလုံးစုံ အသင့်ဖြစ်သောအခါ နန္ဒပုဏ္ဏားအား မြတ်သော ပလ္လင် ထက်၌ နေရာယူစေလိုက်သည်။ ကျွန်ုပ်ကမူ ပန်းနံ့သာတို့ကိုဆွဲလျက် ပူဇော် ကာ နိမ့်သောနေရာ၌ နေလိုက်သည်။

ဩော် . . . မကြာခင်က လူ့ဘီလူး၏ ပခုံးထက်မှာ လိုက်ပါခဲ့သူ ကျွန်ုပ်သုတသောမသည် ယခုအခါ၌မူ တရားနာပရိသတ်အဖြစ် ပုဏ္ဏားတစ်ဦး ထက် နိမ့်သောနေရာ၌ ထိုင်နေသည့်အဖြစ်၊ လောက၏ လှပဆန်းကြယ်သော အဖြစ်သနစ်ကို ကြည်နူးကျေနပ်စွာ နှလုံးသွင်းရင်း ကျွန်ုပ်ထိုင်လိုက်လေသည်။

ပန်းနံ့သာတို့ကို ပလ္လင်ရှေ့ရွှေအိုး၌ ထိုးစိုက်ပြီးနောက် ပလ္လင်ပေါ်မှ နန္ဒပုဏ္ဏားကို ကျွန်ုပ်ပြောလိုက်သည်။

"တက္ကသိမှ ဆရာနန္ဒပုဏ္ဏား ဆရာသည် ယူဇနာတစ်ရာ့နှစ်ဆယ်ရှိ သော ခရီးကို လွန်၍ အကျွန်ုပ်အုပ်စိုးသော ကာသိတိုင်း၊ ဣန္ဒပတ္ထနဂိုရ်သို့ ရောက်ရှိခဲ့ပေသည်။ ယမန်နေ့က မြို့အရှေ့တံခါးဝယ် အကျွန်ုပ် ဆင်တော်ဖြင့် ထွက်စဉ် ဆရာပုဏ္ဏားက လက်ကိုဆန့်တန်းညွှန်ပြ၍ အကျွန်ုပ်အား ကောင်းချီး ပေးခဲ့လေသည်။ ထိုအခါ အကျွန်ုပ်က သင့်အား အလိုရှိရာဆိုပါ လှူဒါန်းပါ မည်ဟု ပြောခဲ့ရာ ဆရာပုဏ္ဏားက အရှင်မင်းကြီး၊ ငါ့မှာ ကဿပမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သတာရဟလေးဂါထာတို့ကို ငါကောင်းစွာ ဆောင် အပ်ပြီ၊ အရှင်မင်းကြီး၏ အကျိုးကျေးဇူးအလို့ငှာ၊ ငါရောက်လာခြင်း ဖြစ် သည်။ မြတ်သော အကျိုးစီးပွားနှင့် စပ်သော သတာရဟာတို့ကို နာလော့ဟု ဆရာပုဏ္ဏားက ဆိုခဲ့သည်။ ထိုစဉ်က ကျွန်ုပ်မှာ ဖုဿနက္ခတ်နှင့် ယှဉ်၍ ဦး ခေါင်းဆေးလျှော်ရန် မင်္ဂလာရေကန်သို့ ထွက်ခဲ့ချိန်ဖြစ်သဖြင့် ပြန်လည် ဆုတ်နစ်ရန် မတတ်သာခဲ့ပါ။ ထို့ကြောင့် နောက်တစ်နေ့၌ နာကြားပါမည်။

Type in the text you want to insert



ဆရာပုဏ္ဏားအသင့်ရှိနေပါဟု မှာကြားခဲ့ပါသည်။ ယခု အကျွန်ုပ်သည် ချိန်းဆိုချက်အတိုင်း သတာရဟာဂါထာတို့ကို နာကြားရန် အသင့်ရှိနေပါပြီ။ ကောသလမင်း၏သား အကျွန်ုပ် သုတသောမမင်းသည် ယခုပင် မြတ်သော ဂါထာတို့ကို နာကြားပါတော့အံ့၊ သတာရဟာ ဂါထာတို့ကို ဟောကြားပါရန် အကျွန်ုပ် တောင်းပန်ပါ၏"

အဝတ်အထည် အသစ်အလွင်တို့ဖြင့် လွန်စွာ ရင့်ကျက်သော ဣန္ဒြေကို ဆောင်လျက် နန္ဒပုဏ္ဏားသည် လက်ဝါးအစုံတို့ကို နံ့သာပွတ်လိမ်းလိုက်သည်။ ထို့နောက် သူ၏ ကြီးမားသော လွယ်အိတ်ထဲမှ ရွှေပေကို လက်နှစ်ဖက်ဖြင့် ထုတ်ယူလျက် အမြတ်တနိုး ပင့်ယူကိုင်တွယ်လိုက်လေသည်။

Type in the text you want to insert

# ၁၃

"ဘုရင်မင်းမြတ် ကဿပမြတ်စွာဘုရား ဟောကြားတော်မူသော သေခြင်းကင်းရာ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်သော လေးပါးကုန် သော သတာရဟာဂါထာတို့ကို နာတော်မူလော့။

"သူတော်ကောင်းတို့နှင့် တစ်ကြိမ်သာလျှင်ပေါင်းဖက်ခြင်းသည်ဖြစ် ၏။ ထိုပေါင်းဖက်ခြင်းသည် ထိုသူကို စောင့်ရှောက်ပေတတ်၏။ သူတော် မဟုတ်၊ သူယုတ်တို့နှင့် အကြိမ်များစွာ ပေါင်းဖက်ခြင်းသည် ဖြစ်၏။ ထို ပေါင်းဖက်ခြင်းသည် ထိုသူကို မစောင့်ရှောက်"

"သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖက်ကုန်ရာ၏။ သူတော် ကောင်းနှင့် ပေါင်းဖက်ခြင်းကိုသာလျှင် ပြုကုန်ရာ၏။ ဘုရားအစရှိသော ပညာရှိတို့၏ သူတော်ကောင်းတရားကို သိ၍ အထူးသဖြင့် မြတ်၏။ ယုတ်မာသည် မရှိကုန်"

"ဆန်းကြယ်သော မင်းစီးရထားတို့သည် စင်စစ် ဆွေးမြည့်ပျက်စီး တတ်ကုန်သည်သာ ဖြစ်၏။ ခန္ဓာကိုယ်သည်လည်း အိုမင်းဆွေးမြည့်ခြင်းသို့ ရောက်၏။ ဘုရားအစရှိသော သူတော်ကောင်းတို့သည် နိဗ္ဗာန်တရားကို ချီးမွမ်း ကြကုန်၏။ ထိုနိဗ္ဗာန်တရားသည်ကား အိုမင်းဆွေးမြည့်ခြင်းသို့ မရောက်။

"ကောင်းကင်သည် မြေနှင့်ဝေး၏။ မြေသည်လည်း ကောင်းကင်နှင့် ဝေး၏။ သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းသည် ထိုမှာဘက်ကမ်းနှင့် ဝေး၏။ ထိုကောင်းကင်နှင့် မြေတို့၏ ဝေးခြင်း၊ သမုဒ္ဒရာကမ်းတို့၏ ဝေးခြင်းတို့ထက် လွန်၍ သူတော်ကောင်းတရားနှင့် သူယုတ်မာတရားတို့သည် လွန်စွာ ဝေး၏ ဟူ၍ ဘုရားအစရှိသော ပညာရှိတို့ ဆိုကြကုန်၏။ ဤကား သတာရဟာတရား လေးပါးတို့တည်း"

ကဿပမြတ်စွာဘုရားရှင် ဟောတော်မူသော နည်းဖြင့် နန္ဒပုဏ္ဏား

ကြီးသည် လေးဂါထာတို့ကို ဟောကြားပြီးနောက် ပကတိ ဆိတ်ဆိတ်နေလေသည်။

သတာရဟာတရားလေးပါး . . . ။

အို . . . ကျွန်ုပ်၏ ပြန်လာရောက်ရှိခြင်းကား အကျိုးကြီးစွတကား။

နှစ်သက်မြတ်နိုးစိတ်များဖြင့် ကျွန်ုပ်၏ တစ်ကိုယ်လုံးသည် နူးညွတ်ပျောင်းအိခဲ့လေပြီ။ ဤဂါထာတို့ကို ကျွန်ုပ် ဘယ်သူ့ထံကမှ ဘယ်သောအခါမှ မကြားနာဖူးခဲ့ပေ။ ဤဂါထာတို့ကား သာဝကတို့ ဟောအပ်သော တရား မဟုတ်၊ တပရသေ့တို့ ဟောအပ်သော တရားလည်းမဟုတ်၊ သဗ္ဗညုတမြတ်စွာဘုရားတို့သာလျှင် ဟောကြားတော်မူအပ်သော တရားစင်စစ်ဖြစ်ချေသည်။

မြတ်စွာဘုရားရှင်၏ တရားကို ကျွန်ုပ်အား တစ်ဆင့် ဟောကြားပေးသော နန္ဒပုဏ္ဏားကြီးအား ကျွန်ုပ်မည်သို့ ပူဇော်ရမည်နည်း။ ဤတရားဒေသနာမြတ်သည် မည်မျှ အဖိုးထိုက်ပါသနည်း။ အလုံးစုံသော စကြဝဠာတိုက်တို့အား ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေသည်ကို ပြုလျက် ပူဇော်ငြား လျောက်ပတ်ပြည့်စုံခြင်းသည် မရှိသေး။ ကုံလုံပြည့်ဝခြင်းသည် မရှိသေး။ စင်စစ်မူ ကျွန်ုပ်သည် နန္ဒပုဏ္ဏားကြီးအား ယူဇနာသုံးရာရှိသော ကုရုတိုင်းနှင့် ခုနစ်ယူဇနာရှိသော ဣန္ဒပတ္ထနဂိုရ်မြို့၌ မင်းအဖြစ်ကို ပေးခြင်းငှာ စွမ်းနိုင်ပေသည်။

သို့သော် တိုင်းပြည် ထီးနန်းဟူသည် ရထိုက်သူသာ ရထိုက်သည်။ နန္ဒပုဏ္ဏားကြီး၌ မင်းပြုထိုက်သော ဘုန်းကံရှိပါ၏လော . . . ။

အင်္ဂဝိဇ္ဇာပညာဖြင့် ပုဏ္ဏားကြီးကို ကျွန်ုပ်ကြည့်လိုက်သည်။

အို . . . သနားစဖွယ်ပင်၊ သူ့မှာ မင်းပြုထိုက်သော ဘုန်းကံမရှိရှာ။ ဘုန်းကံ မပါသူထံမှာ တိုင်းပြည်ထီးနန်းကို လွှဲအပ်ခြင်းသည် မပြုကောင်း သောအရာဖြစ်သည်။

ရှိစေတော့ . . . မင်းဖြစ်ဖို့ရန် မရှိသော ဤပုဏ္ဏားကြီးမှာ စစ်သေနာပတိဖြစ်ရန် လက္ခဏာကော ရှိပါ၏လော၊ အင်း . . . သူ့မှာ စစ်သေနာပတိဖြစ်ရန် ဘုန်းကံလည်း မရှိရှာ။ သို့ဆိုလျှင် သူသည် မြို့ဝန်၊ မှူးမတ်၊ နယ်စား၊ မြို့စား၊ ရွာစား . . . ။ တစ်ရွာစားထိုက်သော ဘုန်းကံကိုမျှ ကျွန်ုပ်မမြင်။ ပေးလိုသူက ပေးသော်ငြား ရယူသူက ထိုက်တန်မှသာ ကောင်းစွာရခြင်း ဖြစ်တော့သည်။ သို့မဟုတ်ပါဘဲ ပေးသော ပစ္စည်းဖြင့် ရယူသူကို နှိပ်စက်ရာရောက်ချေသည်။ ရှိစေတော့၊ ရာထူးဌာနန္တရအရာကို ကျွန်ုပ်မစဉ်းစားတော့။

ငွေကြေး အသပြာ . . . သည်ကော . . . ။

ဆရာပုဏ္ဏား၏ ကျေးဇူးကို ငွေကြေးအသပြာဖြင့်သာ ပူဇော်ရတော့မည်။

ငွေကြေး အသပြာ မည်မျှ ပူဇော်ရမည်နည်း။

အကုဋေ အသန်း၊ အသိန်း၊ အသောင်းအရေအတွက်တို့ဖြင့် ကျွန်ုပ် ဆင်ခြင်တိုင်းဆကြည့်လိုက်သည်။ ဆရာပုဏ္ဏား ဘုန်းကံချို့လှချေသည်။ ကျွန်ုပ် ထင်မြင်မှန်းဆသော အရေအတွက်၏ ပမာဏသည် သူ၏ ခံယူထိုက် သော အဝန်းပမာဏသို့ လိုက်၍ တစ်စတစ်စ သေးငယ်သွား၏။

တစ်သောင်း၊ ကိုးထောင်၊ ရှစ်ထောင်၊ ခုနစ်ထောင်၊ ခြောက်ထောင်၊ ငါးထောင်၊ လေးထောင် . . . ။

လေးထောင်သော အသပြာ အရေအတွက်တွင် ရပ်တန့်သွားသည်။ ဆရာပုဏ္ဏား၏ ဘုန်းကံကား အသပြာလေးထောင် ထိုက်ပေသည်။

မင်းချင်းများအား ဘဏ္ဍာတော်တိုက်မှ အသပြာလေးထောင်ထုပ်ကို အသင့်ဆောင်ကျဉ်းခဲ့ရန် အမိန့်ပေးလိုက်၏။ နန္ဒပုဏ္ဏားကြီးကား သတာရဟ ဂါထာ ဟောကြားခြင်း အမှုပြီး၍ သလွန်မှဆင်းကာ ကော်ဇောပေါ်တွင် ပုဆစ် တုပ်ထိုင်နေလေပြီ။

မင်းချင်းတို့ ဆက်သသော အသပြာလေးထောင်ထုပ်ကို ယူ၍ ဆရာ ပုဏ္ဏားရှေ့မှ ရတနာကလပ်ပေါ်တွင် တင်ထားလိုက်၏။ နန္ဒပုဏ္ဏားကြီး၏ လက်အစုံမှာ တုန်တုန်ယင်ယင်ဖြစ်နေသည်။

"ဆရာပုဏ္ဏား၊ ကျွန်ုပ်မေးပါရစေ၊ သတာရဟ ဂါထာကို အခြား တစ်ပါးသော မင်းများထံ ဆရာဟောကြားခဲ့ဖူးပါသလား . . . "

"ဟောကြားခဲ့ဖူးပါတယ် အရှင် . . . "

"ဒီလို ဟောကြားခဲ့တဲ့အတွက် ဆရာပုဏ္ဏား ဘယ်မျှလောက်သော ဥစ္စာကို ရခဲ့ဖူးပါသလဲ"

ပုဏ္ဏားကြီး၏ လည်စလုပ်သည် တစ်ချက်နှစ်ချက်မျှ နိမ့်မြင့်လှုပ်ရှား သွားပြီး . . .

"တစ်ဂါထာ . . . တစ်ဂါထာစီကို အသပြာ တစ်ရာ . . . တစ်ရာစီ ရခဲ့ဖူးပါတယ်၊ ဒါကြောင့် အသပြာလေးရာ ရခဲ့ဖူးပါတယ် အရှင်"

ကျွန်ုပ် စိတ်ထဲမှာပင် ပြုံးမိလေသည်။ ဩဘ် ပေးသူတို့ကလည်း တန်ဖိုးကို မသိ။ ရယူသူကလည်း တန်ဖိုးကို မသိ။ သိလျက်နှင့် အလျော့အပေါ့ ပြုကာ ပေးကြသည်လား . . . ။ ရယူသူကကော ထိုမျှပမာဏကိုပင် များလှ ပြီ၊ တော်လှပြီဟု အောက်မေ့သည်လား . . . ရှိစေတော့လေ။

"ဆရာပုဏ္ဏား . . . ဆရာဟာ မိမိဥစ္စာရဲ့ ဘဏ္ဍာအဖိုးကို မသိဘူး"

"ကျွန်တော်မျိုး . . . "

နန္ဒပုဏ္ဏားကြီးခမျာ ဘာပြောရမှန်းမသိ ဖြစ်နေရှာလေသည်။

သတာရဟ ဂါထာတို့အားဖြင့် သူ့ကို ပူဇော်ရန် ကျွန်ုပ်အဆင့်ဆင့် စဉ်းစားပိုင်းခြားခဲ့သည်များကိုသာ ပြောပြလိုက်လျှင် ပုဏ္ဏားကြီးလည်း လောဘဖြင့်သော်လည်းကောင်း၊ မောဟဖြင့်သော်လည်းကောင်း အကျိုးနည်းဖွယ် ရှိပေသည်။

ထို့ကြောင့် . . .

"ဆရာပုဏ္ဏား ယနေ့ကစပြီး တစ်ဂါထာစီ တစ်ဂါထာစီဟာ အသပြာ တစ်ထောင်စီ၊ တစ်ထောင်စီ ထိုက်စေ၊ အသပြာ တစ်ရာစီ ထိုက်တယ်ဆိုတဲ့ သတ်မှတ်ချက်ကို ဆရာပုဏ္ဏား မေ့လိုက်တော့ . . . ဟောဒီ အသပြာလေး ထောင်ထုပ်ကို ဆရာပုဏ္ဏားလက်ထဲ ကျွန်ုပ်ပူဇော်လိုက်ပါတယ်၊ လက်ခံပါ"

ပုဏ္ဏားကြီးမှာ ဝမ်းသာခြင်းများဖြင့် တုန်လှုပ်ကာ အဆက်အစပ်မဲ့ စကားလုံးများကိုသာ ရေရွတ်နေတော့သည်။

"မင်းချင်းတို့ အညင်သာဆုံးယာဉ်နဲ့ ဆရာပုဏ္ဏားကို အိမ်သို့မဟုတ် သွားလို ပို့ဆောင်ပေးလိုက်ကြပါ"

"သကိံဒေဝ သုတသောမ၊ သဗ္ဘိဟောတိ သမာဂမော။

သာနံ သင်္ဂတိ ပါလေတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော

သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိန ပါပိယော . . . "

သတာရဟဂါထာတို့ကို စိတ်ထဲ၌ ပြန်လည်ဆင်ခြင်နှလုံးသွင်း ရွတ်ဆိုနေချိန်မှာပင် မင်းချင်းတစ်ယောက် အခစားဝင်လာ၏။ နန္ဒပုဏ္ဏားကြီးကို ပြန်ပို့စေခဲ့ပြီးနောက် ကျွန်ုပ်သည် တစ်ကိုယ်တည်း စံနေလိုကြောင်း မင်းချင်းများကို အမိန့်ပေးခဲ့သည်။ မည်သူမျှ အခစား မဝင်ရ။ ကျွန်ုပ်တစ်ဦးတည်း သတာရဟဂါထာကို ပွားများနေချင်သည်။ ယခုမူ ကျွန်ုပ်၏ အမိန့်ကို ကျူး၍ မင်းချင်းက ဒူးတုပ်လက်အုပ်ချီနေသည်။

"ခမည်းတော်ဘုရားနဲ့ မယ်တော်ဘုရားတို့ထံ ယခုချက်ချင်း ရှေ့တော်ဝင်စေပါတဲ့ ဘုရား"

အမိအဘတို့၏ ဆန္ဒကိုမူကား ကျွန်ုပ်မလွန်ဆန်နိုင်ပေ။

စင်စစ်မူ သတာရဟ ဂါထာတို့ကို ပွားများနှလုံးသွင်းပြီးလျှင် ပြီးချင်း ခမည်းတော် မယ်တော်တို့ ရှေ့မှောက် ကျွန်ုပ်အခစားဝင်ရန် စိတ်ကူးထားပြီး ဖြစ်၏။ ပေါရိသာဒထံမှ ပြန်လာခဲ့ပြီးနောက် ကျွန်ုပ်သည် နန္ဒပုဏ္ဏားနှင့်တွေ့၍ ဂါထာကြားနာရန်ကိုသာ အလျင်ဦးစွာ စီစဉ်ခဲ့ပေသည်။ ခမည်းတော် မယ်တော်တို့ထံ အဖူးအမြော် မဝင်ခဲ့ရသေးပေ။

ခမည်းတော် မယ်တော်တို့၏ နန်းဆောင်သို့ ကျွန်ုပ်ဝင်ခဲ့၏။

နှစ်ပါးစုံတို့ သလွန်ထက်၌ တူယှဉ်ထိုင်ကာ စောင့်ကြိုနေကြလိမ့်

မည်ဟု ထင်ခဲ့သော်လည်း ယခုမူကား မယ်တော်က သလွန်တွင်ထိုင်လျက် ခမည်းတော်က သလွန်ရှေ့တွင် လက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လျက် တွေ့လိုက်ရသဖြင့် ကျွန်ုပ်အံ့အားသင့်သွားမိလေသည်။

နန်းတော်သို့ ပြန်လာခဲ့စဉ်က ရောက်လျှင်ရောက်ချင်း အဦးအလျင် အစာစား မဝင်မိသည့်အတွက် မိဘနှစ်ပါးတို့ ချစ်အမျက်အသီးသီးရှိကြလေမည်။ ထို့ကြောင့် ကျွန်ုပ်က ပြုံးလျက် အကျိုးအကြောင်း လျှောက်တင်ရန် စကားစပျိုးဖို့ ကြံလိုက်စဉ်မှာပင် ခမည်းတော်ထံမှ အသံထွက်လာ၏။

"နန္ဒပုဏ္ဏားပြန်သွားပြီလား သားတော်"

ခမည်းတော် မျက်နှာ အနည်းငယ် တင်းမာနေသယောင် လေသံ အနည်းငယ် တိပြတ်နေသယောင်။

"ဆရာပုဏ္ဏားကြီး ပြန်သွားပါပြီ ခမည်းတော်ဘုရား၊ အမှန်ကတော့"

"အသပြာများလည်း စုံ့စုံ့ပို့ပို့ကြီးကို ပေးလိုက်တယ်မဟုတ်လား"

"အသပြာလေးထောင်လို့ ဆိုပါ မောင်တော်"

ခမည်းတော်နှင့် မယ်တော်တို့ ရှေ့ဆင့်နောက်ဆင့် ဆိုကြသည်။ အို . . . နှစ်ပါးစလုံးပင် မျက်နှာ သုန်မှုန် အသံထန်ခြင်း . . . ဘယ်သို့ ဖြစ်သနည်း။

"သားတော် မဟာသုတသောမ"

"မိန့်တော်မူပါ ခမည်းတော်ဘုရား"

"နန္ဒပုဏ္ဏားရဲ့ သတာရဟာလေးဂါထာကို သားတော်က သဟဿာရဟာပြုပြီး အသပြာလေးထောင် ပူဇော်လိုက်တယ်ဆိုတဲ့သတင်းဟာ ကောင်းချီးပေးသံများနဲ့အတူ ခမည်းတော်တို့ထံကို ရောက်ရှိလာတယ်၊ အဲဒါ အမှန်ပဲလား"

ခမည်းတော်၏ အမေးစကားအဆုံးတွင် မယ်တော်၏ အမေးစကားက ထက်ကြပ်မကွာ လိုက်ပါလာသည်။

"လေးဂါထာ လေးပုဒ်အတွက် တစ်ဂါထာစီကို အသပြာတစ်ထောင်နှုန်းနဲ့ အသပြာ လေးထောင်ပေးလိုက်တယ်ဆိုတာ အမှန်ပဲလား သားတော်"

အလို . . . မည်သို့ ဖြစ်လေသနည်း။ ခမည်းတော် မယ်တော်တို့သည် အသပြာလေးထောင် ကိစ္စအတွက် ကျွန်ုပ်ကို အခစားဝင်စေသတဲ့လား။ လူသတ်သမား ပေါရိသာဒလက်မှ အဘယ်သို့ လွတ်မြောက်လာသလဲ သားတော်ဆိုသည့် ပဋိသန္ထာရစကားကိုမျှ မဆိုတော့ပြီတဲ့လား . . . ။

ကျွန်ုပ် အံ့သြငေးငိုင်နေခိုက်တွင် ခမည်းတော်ထံမှ ပိုမိုပြင်းထန်သော အသံ ထွက်ပေါ်လာပြန်၏။

"အသပြာ ရှစ်ဆယ်ထိုက်တဲ့ ဂါထာမျိုးရှိနိုင်ရဲ့၊ အသပြာကိုးဆယ်ထိုက်တဲ့ ဂါထာမျိုးလည်း ရှိနိုင်ရဲ့၊ အသပြာတစ်ရာထိုက်တဲ့ ဂါထာမျိုးလည်း ရှိနိုင်ပါသေးရဲ့၊ သားတော်မဟာသုတသောမမင်း၊ တစ်ဂါထာ အသပြာတစ်ထောင်ထိုက်တဲ့ ဂါထာဆိုတာ ဘယ်မှာ ရှိဖူးလို့လဲ . . . ."

"ခမည်းတော်ဘုရား၊ သားတော်ဟာ ဥစ္စာပစ္စည်း၊ ဘဏ္ဍာ အသပြာများနဲ့ ပွားစီးတိုးတက်ခြင်းကို အလိုမရှိပါ၊ ဉာဏ်ပညာအကြားအမြင်များနဲ့ ပွားစီးတိုးတက်ခြင်းကိုသာ အလိုရှိပါတယ်"

ခမည်းတော်၏ စကားလုံးများ ပိုမိုပြင်းထန်လာမည်ကို မလိုလားသဖြင့် ကျွန်ုပ်သည် အတိုတောင်းဆုံး အထိမိနိုင်ဆုံး စကားလုံးများဖြင့် ခုခံလိုက်ရလေသည်။

ခမည်းတော်သည် မတည်မငြိမ် စင်္ကြံခေါက်တုံ့ လျှောက်နေရာမှ တုံ့ခနဲ ရပ်သွားပြီး ကျွန်ုပ်ကို စူးစူးလှမ်းကြည့်သည်။

ကျွန်ုပ် ဆက်လျှောက်တင်လိုက်၏။

"ရာဇမိရာဇ ခမည်းတော်ဘုရား၊ သားတော်ဟာ အကြားအမြင်ဉာဏ်ပညာကြီးပွားခြင်းကိုသာ အလိုရှိသူဖြစ်ပါတယ်၊ မဟာသမုဒ္ဒရာဟာ သူ့ထံစီးဝင်လာကြတဲ့ မြစ်ကြီးမြစ်ငယ်တို့နဲ့ မရောင့်ရဲသလို သားတော်ဟာလည်း မိမိထံ ချဉ်းကပ်လာတဲ့ သူတော်ကောင်းတို့ရဲ့ ငြိမ်သက်တည်ကြည်မှုနဲ့ ပညာဉာဏ်ရရှိရေးမှာ မရောင့်ရဲနိုင်သူပါ။

မီးဟာ မြက်ထင်းတို့ လောင်မြိုက်မှုနဲ့ မတင်းတိမ်နိုင်သလို သားတော်ဟာ ပညာရှိတို့ စကား ကြားနာရခြင်းမှာ မတင်းတိမ်နိုင်သူပါ။ အကျိုးစီးပွား ကြီးမားမြင့်မြတ်လှတဲ့ တရားဂါထာတို့ကို ကြားနာရတဲ့ သားတော်ဟာ အဲဒီတရားဂါထာတို့ကို နာယူခြင်း၊ ကုသိုလ်တရားတို့မှာ ပွားများဆင်ခြင် နှလုံးသွင်းခြင်းများနဲ့ မွေ့လျော်သူဖြစ်ပါတယ်"

ခမည်းတော်သည် ကျွန်ုပ်ထံမှ ဤသို့သော စကားများကို ကြားရလိမ့်မည်ဟု မျှော်လင့်ထားဟန်မရှိရာ အသပြာလေးထောင်ဟူသော ဥစ္စာအရေအတွက် အကြောင်းကို ကျွန်ုပ်မည်သို့မျှ စကားမစ။ အကယ်၍များ ဤဂါထာကို ကျွန်ုပ်ကြားနာပြီးချိန်၌ စကြဝဠာတိုက်အလုံးရတနာရွှေငွေတို့ဖြင့် ပြည့်စေသော်မျှ၊ မြတ်စွာဘုရားရှင်၏ တရားဒေသနာကို ထိုက်တန်စွာ ပူဇော်ရာမမည်သေးဟူသော စိတ်ကူးအတွေးကိုသာ ဖွင့်ပြောလိုက်ပါလျှင် ခမည်းတော်တို့သည် အံ့သြခြင်းကြီးစွာဖြင့် သတိလစ်သွားနိုင်ပေမည်။

သတာရဟဂါထာနှင့် အသပြာလေးထောင်ကိစ္စကို အဆုံးသတ်ရန်

ကျွန်ုပ်ဆုံးဖြတ်လိုက်၏။ ယခုအချိန်သည် ဂါထာနှင့် အသပြာအကြောင်းပြု၍ မိဘနှစ်ပါးနှင့်သားတို့အကြားစကားစစ်ထိုးရန် အချိန်မဟုတ်ပေ။

ယခုအချိန်ကား လူသားစား လူ့ဘီလူးပေါရိသာဒအကြောင်း ပြောရန် အချိန်ပင် ဖြစ်ပေသည်။

Type in the text you want to insert



ရဲဝံ့ပြတ်သားသော်လည်း နိမ့်ချသော အသွင်ဖြင့် ထိုစကားတို့ကို ပြောဆိုပြီးနောက် တစ်ဆက်တည်းမှာပင် ကျွန်ုပ်သည် ခမည်းတော်ဘက်သို့ လှည့်ကာ . . .

"ကျေးဇူးရှင် ခမည်းတော် . . . ဟောဒီထီးနန်းနဲ့တကွ ကုရုတိုင်း အလုံးကို ခမည်းတော် ယူတော်မူရစ်ပါ"

ဟု လျှောက်တင်လိုက်၏။ ခမည်းတော်သည် မမျှော်လင့်သော စကားကြောင့် အံ့သြသွားဟန် . . . ။

"ဘာကိုဆိုလိုတာလဲ သားတော် . . . ထီးနန်းနဲ့တိုင်းပြည်ကို ခမည်းတော်ထံ အပ်နှင်းတယ် ဟုတ်လား . . . သားတော်က . . . "

"သားတော်က လာရင်း ခရီးအတိုင်း ပြန်သွားမှာ ဖြစ်ပါတယ်"

"လာရင်းခရီး . . . ဘာကိုဆိုလိုတာလဲ"

"နန်းတော်ပြန် တရားနာပြီးရင် ပြန်လာပါ့မယ်လို့ ပေါရိသာဒထံမှာ သားတော်ကျိန်ဆိုခဲ့ပါတယ်၊ အခု သားတော်တရားနာပြီးပါပြီ၊ ကျိန်စာကတိ အတိုင်း သားတော်ပေါရိသာဒထံ ပြန်သွားပါတော့မယ်၊ အလုံးစုံသော နန်းစည်းစိမ်၊ ရတနာဥစ္စာ၊ ဆင်မြင်းနဲ့တကွ လောကီ ကာမဂုဏ်၊ စည်းစိမ်မှန်သမျှ တို့ကို ခမည်းတော် သိမ်းပိုက်စိုးစံ ခံစားရစ်ခဲ့ပါ၊ ဝတ္ထုကာမကို အကြောင်းပြု ပြီး သားတော်ကို ပြစ်တင်ရေရွတ်ဖို့လည်း မကြိုးစားပါနဲ့တော့ ခမည်းတော် . . . သားတော်က အဲဒီစည်းစိမ်များနဲ့ လုံးဝ မသက်ဆိုင်တော့ပါဘူး၊ ပေါရိ သာဒထံ ပြန်သွားမယ့်သူပါ"

ကျွန်ုပ်၏ စကားတစ်လုံးချင်းနှင့်အမျှ ခမည်းတော်၏ မျက်နှာပြင်မှာ ဖြူရော်သထက် ဖြူရော်လာပြီး မျက်လုံးများမှာလည်း ပြူးကျယ်လာသည်ဟု

ထင်ရလေသည်။ ထို့နောက် သူ့ဘာသာသူပင် အမှတ်ထားမိဟန် မတူဘဲ စိတ်လန့်ခြင်း ရောစွက်ကာ အာမေဋိတ်သံတစ်ခု ထွက်ကျလာသည်။

"ပေါရိသာဒဆီ ပြန်သွားမယ် . . . လူသားစား လူ့ဘီလူးဆီ ပြန်သွားမယ် . . . သားတော် အဲဒီလို ပြောလိုက်လား"

"ဟုတ်ပါတယ် ခမည်းတော်၊ သူ့ဆီ ပြန်လာပါ့မယ်လို့ ကတိထားခဲ့ပါတယ်"

ခမည်းတော်ခမျာ ရာဇပလ္လင်ပေါ်ပင် ပျက်ယွင်းသွားရှာလျက် . . .

"လူသားစား လူ့ဘီလူးဆီ ပြန်သွားပြီးတော့ သားတော်ရဲ့ အဆီ အသွေး အသားတွေကို သူ့ခံတွင်းထဲ ထည့် . . . "

"အို . . . ဘုရား . . . ဘုရား . . . "

အနီးရှိ မယ်တော်ကြီးထံမှ မချိမဆံ့ ညည်းတွားသံ ပေါ်လာသည်။ ထိုမျှ ကြမ်းတမ်းသော စကားလုံးတို့ကို မိန်းမသားဖြစ်သော မယ်တော်ကြီး နားမခံသာကြောင်း မေ့သွားဟန်တူ၏။

"နေ . . . နေပါဦး . . . သားတော်ရဲ့၊ လူသားစား လူ့ဘီလူး တစ်ကောင်ထံမှာ ပေးထားတဲ့ ကတိကို သားတော်က စောင့်ထိန်းမလို့တဲ့လား၊ သေမင်းရဲ့ခံတွင်းထဲကနေ ပြန်ထွက်လာပြီးမှ ပြန်ဝင်မလို့တဲ့လား၊ ဘယ် လောက် ရူးသွပ်မိုက်မဲတဲ့ အလုပ်လဲ"

"သားတော်က ကတိစကားပေးထားခဲ့ပါတယ် ခမည်းတော်၊ ပြီးတော့ သူယုံကြည် လက်ခံနိုင်အောင် ကျိန်ဆိုခဲ့ပါတယ်"

"အောင်မယ်လေးလေး . . . မဟာသုတသောမရယ် . . . ဘီလူး တစ်ကောင်ထံ ကျိန်ဆိုခဲ့တာကိုများ . . . ဖြစ်မှဖြစ်ရလေ၊ ဒီမှာ ဟောဒီ ကုရု တိုင်းမှာလေ ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ လေးစွဲသူရဲတွေ အရာ အထောင် အသောင်း ရှိနေတယ်ဆိုတာ သားတော် မေ့နေပြီလား . . . လူ့ဘီလူး ကို ဒီသူရဲကောင်းတွေနဲ့ ဝိုင်းဝန်းတိုက်ခိုက်သုတ်သင်ပစ်လိုက်မှာပေါ့၊ ပညာရှိဆိုတာ ကိုယ့်ကိုယ်ကို စောင့်ရှောက်ရတယ်၊ ဘယ့်နှယ် . . . လူ့ဘီလူးဆီ ပြန်သွား အစားခံမယ်လို့ . . . "

"ပေါရိသာဒဟာ လူသားစား လူ့ဘီလူး ဖြစ်နေတာက အရေးမကြီး ပါဘူး ခမည်းတော်၊ သားတော်ဟာ မိမိကတိကို မိမိထိန်းသိမ်းတယ်ဆိုတာ အရေးကြီးပါတယ်၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်တဲ့ ပညာရှိဆိုတာ မိမိရဲ့ ကတိ နဲ့ သစ္စာကို စောင့်ရှောက်ခြင်းလို့ အဓိပ္ပာယ်ရတယ်၊ အသက်ခန္ဓာနဲ့ ကတိသစ္စာ ကို ယှဉ်ပြိုင်ကြပြီဆိုရင် ပညာရှိ ယောကျ်ားကောင်းဟာ ကတိသစ္စာကိုသာ အရေးထားရပါတယ်"

ကျွန်ုပ်စကားအဆုံးတွင် မယ်တော်ထံမှ မချိမဆံ့ ရှိုက်သံတစ်ချက် ထွက်လာ၏။ ခမည်းတော်သည်လည်း အံ့သြခြင်း၊ တုန်လှုပ်ခြင်းများမှသည် မျက်နှာတော် အိုရင့်ပြိုကျ မှိုင်းညို့သွားတော့သည်။

အမိအဘတို့၏ မေတ္တာနှင့်ယှဉ်သော ထိတ်လန့်ပူပန်မှုကို ကျွန်ုပ် များစွာ စာနာမိပေသည်။ သေမင်းထံသို့ သွားမည့် သားတစ်ယောက်အား ခွင့်ပြုမည့် မိဘဟူ၍ ဤလောကဝယ် မရှိစကောင်း။ ဤအရာဝယ် အမိနှင့် အဘသည် အမိနှင့် အဘသာဖြစ်၏။ ဣန္ဒပတ္ထနဂိုရ်ပြည့်ရှင် ဘုရင်ကောရဗျ မင်းကြီးနှင့် မိဖုရားကြီးဟူသော သက်ဦးဆံပိုင် ဧကရာဇ်တို့၏ ရုပ်ပုံလွှာကို မိခင်ဖခင်ဟူသော အဖြစ်ကသာ လွှမ်းမိုးသွားလေသည်။

ထိုအခါ သနားစဖွယ် အမိနှင့်အဘတို့မှာ ငိုကြွေးတောင်းပန်ခြင်းမှ အပ အခြားမည်သည့် တားမြစ်ကန့်ကွက်ချက်ကိုမှ မပြုနိုင်ကြတော့ပေ။ မိခင် ဖခင်တို့၏ မျက်ရည်ကို တင်းခံရမည်ကား ခက်ခဲလှဘိခြင်း။ အထူးသဖြင့် မိန်းမသားဖြစ်လေသော မယ်တော်ကြီး၏ ပရိဒေဝမီးလျှံများမှ အပူရှိန်သည် ပို၍ လောင်မြိုက်ချေသည်။

မယ်တော်သည် "သား . . . မသွားရဘူး . . . သား . . . မသွားရဘူး . . . "ဟုသာ အထပ်ထပ်မြည်တမ်းလျက် ကျွန်ုပ်ကို ပွေ့ဖက်ငိုကြွေးတော့သည်။ ခမည်းတော်ကြီးကား လက်သီးဆုပ်လျက် အံကြိတ်လျက် သောကကို ထိန်းနေ သော်လည်း ပြင်းစွာ မို့မောက်နိမ့်မြင့်လှုပ်ရှားနေသော ရင်အုံက သူ၏ ဝေဒနာ ကို အထင်အရှားပြနေလေသည်။

ကျွန်ုပ်မှာကား ခမည်းတော် မယ်တော်တို့ကို ပြောရန်စကားမရှိတော့ ပေ။ သူတို့၏ မျက်ရည်များကို လျစ်လျူရှုနိုင်ရန် အလို့ငှာ တောနက်တစ်နေရာ ၌ ကျွန်ုပ်အား ယုံကြည်စွာ စောင့်နေမည့် ပေါရိသာဒကိုသာ မြင်ယောင်ကြည့် လိုက်တော့သည်။ လက်တွင်းမှ ယဇ်ကောင်ကို ယုံကြည်စိတ်ချစွာ လွှတ်ပေး လိုက်သော လူသားစား လူ့ဘီလူး၏ ယုံကြည်မှုကို ကျွန်ုပ်စောင့်ထိန်းရပေမည်။

\- - -

ဣန္ဒပတ္ထနဂိုရ်တစ်မြို့လုံး တစ်နန်းတော်လုံး ငိုကြွေးကြပြီထင်သည်။ မယ်တော်ကြီး၏ မျက်ရည်များနှင့် ခမည်းတော်၏ ပရိဒေဝတို့က တစ်ဆင့် တစ်ဆင့် ကူးစက်သွားကြ၏။ အချို့မှာ ကျွန်ုပ်ကို ပုဂ္ဂိုလ်အားဖြင့် ချစ်မြတ်နိုး စွာ ကြည်ညိုကြသူများဖြစ်ပြီး ကျွန်ုပ်အတွက် ငိုကြွေးကြသည်။ အချို့မှာ မယ်တော်ကြီး၏ မချိတင်ကဲ သောကအပူမီးများ ကူးစက်လောင်ကျွမ်းခြင်းကို ခံရကာ မယ်တော်ကြီးနှင့်အတူ လိုက်ပါငိုကြွေးကြ၏။ သူတို့ထဲတွင် အများဆုံး မှာ ရံရွေတော်များ၊ ကိုယ်လုပ်မောင်းမများ၊ မှူးမတ်ဝန်ကတော်စိုးများ ဖြစ်ကြ

သည်။ အချို့ကား ယောကျ်ားရင့်မကြီးဖြစ်ပေသော ခမည်းတော်အတွက် ဖခင်ချင်း စာနာသော နှလုံးသားများဖြင့် ဆို့နစ်ပူလောင်ကြသည်။

မည်သို့ပင် ကူးစက်ပူလောင်ကြသည်ဖြစ်စေ၊ ထိုသူအားလုံးတို့ ကျရသော မျက်ရည်များ၏ ဦးတည်ရာမှာ ကျွန်ုပ်မဟာသုတသောမမင်းဖြစ်လေသည်။ မိမိကို အကြောင်းပြု၍ ပရိဒေဝမီးလျှံထဲ၌ လောင်မြိုက်ခြင်း ခံနေရသူ ခပ်သိမ်းအပေါင်းတို့အတွက် ကျွန်ုပ်မှာ သနားကရုဏာ ဖြစ်မိသည်မှာ အမှန်ပင်ဖြစ်၏။ သို့သော် . . .

"တိုင်းသားပြည်သူတို့ . . . မဟာသုတသောမမင်းဆိုတဲ့ လူတစ်ယောက်ဟာ လူသားစား ပေါရိသာဒကြောင့် မဟုတ်လည်း တစ်ချိန်ချိန်မှာ အကြောင်းတစ်ခုခုနဲ့ သေဆုံးမှာပဲ ဖြစ်တယ်၊ သင်တို့နဲ့ ကျွန်ုပ်အကြား မရဏရဲ့ ခွဲခွာမှုကို တစ်နေ့သောအခါမှာ မုချကြုံရမှာ ဖြစ်တယ်၊ အကယ်၍ မဟာသုတသောမဟာ ပေါရိသာဒထံမှာထားခဲ့တဲ့ သူ့ရဲ့ ကတိသစ္စာကို မစောင့်ထိန်းဘူးဆိုပါစို့၊ ပေါရိသာဒကို ကုရုတိုင်းရဲ့ စစ်သည်အင်အားနဲ့ သုတ်သင်ပစ်လိုက်နိုင်တယ် ဆိုပါစို့၊ အဲဒီနည်းအားဖြင့် ကျွန်ုပ် မဟာသုတသောမမင်းက ပေါရိသာဒ လက်တွင်းမှ လွတ်ကင်းချမ်းသာခဲ့တယ် ဆိုပါစို့ . . . ။

"သင်တို့ တွေးမိကြရဲ့လား . . . ကုရုတိုင်း သခင် ဘုရင် မဟာသုတသောမဟာ သူ့ရဲ့ ကတိသစ္စာကို ဖောက်ဖျက်ပြီး သူ့အသက်ရှင်ရေးအတွက် အဲဒီလို ဖန်တီးယူခဲ့တယ်ဆိုတဲ့ အဖြစ်သနစ်ကတော့ ဘယ်သောအခါမှ ပျောက်ကွယ်သွားမှာ မဟုတ်ဘူး၊ မဟာသုတသောမ အသက်ရှည်သရွေ့ သင်တို့ အသက်ရှည်သရွေ့ . . . ငါတို့သည် ကတိသစ္စာတစ်ခုကို ချိုးဖောက်ကာ ငါတို့ ရှင်သန်ရေးကို ဖန်တီးခဲ့ကြသည်ဆိုတဲ့ ကမ္ပည်းက ကြောက်မက်ဖွယ် ခြောက်လှန့်လိုက်ပါလာမှာ ဖြစ်တယ်၊ အဲဒီအခါမှာ ကျွန်ုပ်တို့အားလုံးရဲ့ ရှင်သန်နေထိုင်မှုဟာ မိမိလိပ်ပြာကို မိမိအမြဲတမ်း ခြောက်လှန့်ခံနေရတဲ့ ဘေးကြီးသင့်နေသော ရှင်သန်နေထိုင်မှုဖြစ်မယ့် ယုတ်ညံ့သော ရှင်သန်မှုထဲမှာ သင်တို့နေထိုင်သွားလိုကြသလား . . . တစ်ခါသာ သေဆုံးပြီး ထိုသေဆုံးခြင်းနဲ့အတူ ကတိသစ္စာ မြဲမြံပေစွဆိုတဲ့ ရှင်သန်မှုန်မြတ်သော အရာကို ပိုင်ဆိုင်ရခြင်းဟာ မြင့်မြတ်သူတို့ရဲ့ လမ်းကြောင်းဖြစ်တယ်၊ မြင့်မြတ်သူတို့ရဲ့ နေထိုင်မှု သေဆုံးမှုဖြစ်တယ်၊ ဣန္ဒပတ္ထနဂိုရ်ပြည်နဲ့ ကုရုတိုင်းရဲ့ ရာဇဝံသကို မြင့်မြတ်မှုနဲ့ လိမ်းကျံကြပါ၊ ဖောက်လွဲဖောက်ပြန် ရှင်သန်မှုနဲ့ အကျည်းတန် အရုပ်ဆိုး မဖြစ်ကြပါစေနဲ့ . . . "

သောကတံတိုင်းကို ကရုဏာဖြင့် မဖောက်နိုင်၊ ပရိဒေဝကမ်းပါးယံကို သံယောဇဉ်ဖြင့် မခွင်းဖြတ်နိုင်။ ထို့ကြောင့် ခမည်းတော် မယ်တော်နှင့်တကွ

Type in the text you want to insert



သော ကုရုတိုင်းသားတို့၏ အပူမီးကို ကျွန်ုပ်သည် ဓမ္မဖြင့်သာ ငြိမ်းသတ်ရလေသည်။

ထိုတစ်ညပတ်လုံး ကျွန်ုပ်သည် နန်းတော်ဆောင်မှ နေ၍ ရောက်လာသမျှ မျက်ရည်စတို့အား ဓမ္မဖြင့် လိမ်းသုတ်သန့်စင်ပေးခဲ့ရ၏။

နံနက်မိုးသောက် အလင်းရောက်သောအခါ မယ်တော်နှင့် ခမည်းတော်တို့ကို ရှိခိုး၍ မျက်ရည်များ မသွေ့ခြောက်တတ်သေးသော မျက်နှာများရှေ့မှ ဖြတ်လျက် နန်းဆောင်အပြင်သို့ ထွက်ခဲ့သည်။

နန်းဆောင်မှ နန်းမြို့ရိုးမုခ်လမ်းတစ်လျှောက်တို့မှသည် ကျုံးတံတားမြို့ပြင်လမ်းမတစ်လျှောက် ကျွန်ုပ်ထွက်ခွာလာရာ လမ်း၏ ဝဲယာတွင် နန်းတော်သူ နန်းတော်သားတို့နှင့် ဣန္ဒပတ္တနဂိုပြည်သား ပြည်သူတို့သည် အပြည့်အကျပ်နေရာယူကာ ခွဲခွာခန်းကို တန်ဆာဆင်ကြလေသည်။

ထိုသူတို့ထဲမှ ထက်ဝက်ကျော်ခန့်မှာ ကျွန်ုပ်နောက်သို့ မလှမ်းမကမ်းမှ တကောက်ကောက်လိုက်ပါလာကြ၏။ ခက်ချေပြီ။ သူတို့သည် သူတို့၏ သံယောဇဉ်ကြိုးဖြင့် ပြန်လည်ရစ်ပတ်ကာ ထိုကြိုးပေါ်၌ သောကမျက်ရည်စက်လောင်စာများဖြင့် စွတ်စိုစေပြီး ပရိဒေဝမီးတို့ဖြင့် ရှို့မြိုက်နေကြမည်လော။

ငိုကြွေးသံ၊ တိုင်တည်သံ၊ တားမြစ်သံများကလည်း စီခနဲ ညံခနဲ။ စိတ်နှလုံး နှနယ်၍ မိမိကိုယ်မိမိ မထိန်းသိမ်းနိုင်သော မိန်းမသူများကား ကျွန်ုပ်၏ခြေလှမ်းများရှေ့တွင် ကန့်လန့်ဖြတ်ပစ်လှဲကာ မြေပြင်ပေါ်၌ လူးလိမ့်ငိုကြွေးကြ၏။

တစ်စတစ်စဖြင့် မြို့နိဂုံးဘက်သို့ ရောက်လာပြီ။ ငိုကြွေးရှိုက်ငင်ရင်းလိုက်ပါလာသူတို့ကား၊ ပို၍ပင်များလာသည်။ သူတို့ကို ကြည့်ရင်း ကျွန်ုပ် လည်းဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

ဓမ္မသဘောဖြင့် ကျွန်ုပ် သူတို့ကို ဖျောင်းဖျနှစ်သိမ့်ခဲ့ပြီ။ သို့သော်ပူလောင်ကြွပ်ရွနေသော နှလုံးသားများထက်တွင် ကျွန်ုပ်၏ ဓမ္မစကားများမှာ ရဲရဲနီသော မီးမြိုက်သံတုံးအပေါ်သို့ ရေလောင်းချလိုက်သကဲ့သို့ပင် အချည်းနှီးဖြစ်နေတော့သည်။ ဩော် . . . အချို့သူတို့ကား အကျိုးအကြောင်းသင့် ဆုံးမစကားများကို နားလည်လက်ခံရန် ဓာတ်ခံမရှိရှာကြလေ. . .ထို့ကြောင့်. . .။

ခရီးတစ်နေရာဝယ် ကျွန်ုပ်ရပ်တန့်လိုက်၏။ ထို့နောက် သူတို့အားလုံးဘက်သို့ ကျွန်ုပ်နောက်ပြန်လှည့်ကြည့်လိုက်သည်။ ထို့နောက် သူတို့ကို ကျွန်ုပ်မျက်နှာချင်းဆိုင်လိုက်၏။ ငိုကြွေးမြည်တမ်းသံတွေ တိခနဲ ရပ်သွားကြသည်။ လှုပ်ရှားမှုတွေ တုံ့ခနဲ ရပ်သွားကြသည်။

အနီးရှိ စစ်သည်တစ်ဦးထံမှ လှံတံကို ကျွန်ုပ်ဆွဲယူလိုက်သည်။

Type in the text you want to insert



ထို့နောက် မြေပြင်ပေါ်တွင် လှုံသွားဖြင့် ဗီလာအရေးအကြောင်းကို တစ်ချက်တည်း ဆွဲခြစ်လိုက်ပြီး . . .

"ကျွန်ုပ် မဟာသုတသောမမင်းရဲ့ အမိန့်၊ ကျွန်ုပ်ကို ချစ်မြတ်နိုးခြင်း ရှိကြသူများ မှန်ရင် ယခု ကျွန်ုပ်ရေးခြစ်တဲ့ ဗီလာအရေးအကြောင်းကို လွန်ဆန် ကျော်ဖြတ်ခြင်း မပြုရ၊ မဟာသုတသောမရဲ့ အမိန့်တော်"

လှံတံကို ရဲမက်ထံသို့ ပစ်ပေးလိုက်ပြီး တစ်ဘက်သို့ ပြန်လှည့်လိုက်၏။ ရှေ့တူရူ ဟိုအဝေးတွင် နိဂုံးတောစပ် ခင်တန်းကို ပျပျရေးရေးတွေ့ရသည်။ ထိုတောစပ်ခင်တန်း၏ ဟိုမှာဘက် တောအုပ်များ၊ တောင်တန်းများ၊ လွင်ပြင်များ၊ ကျောက်ဂူများ၏ ဟိုမှာဘက် ကြီးစွာသော ပညောင်ပင်ကြီးတစ်ပင်ရှိရာ တောနက်အလယ်တွင် ပေါရိသာဒသည် ကျွန်ုပ်ကို စောင့်နေပေပြီ။

အားလုံးကို ကျောခိုင်းလိုက်ပြီးနောက် စောင့်နေသူထံ ပထမခြေလှမ်းများကို စတင်လှမ်းလိုက်ရင်း ကျွန်ုပ်စိတ်ထဲမှ ရေရွတ်လိုက်လေသည်။

ကျွန်ုပ်သင့်ဆီ ပြန်လာပါပြီ ပေါရိသာဒ . . . ။

Type in the text you want to insert

# အပိုင်း
# ၃

# ၁၅

ထင်းခြောက်အပိုင်းအစတွေကို အောက်ခြေမှာ စုပုံ၊ ခပ်လတ်လတ် အရွယ် သစ်ကိုင်းတွေကို အပေါ်မှ အုပ်၍မံ၊ အဲဒီအပေါ်ကမှ လက်မောင်းလုံး လောက်၊ ပေါင်လုံးလောက် ထင်းတုံးတွေကို ထပ်ပြီးဆင့်၊ ဒါဆိုလျှင် မီးရှိန် ကောင်းကောင်း တောက်နိုင်မည့် လောင်စာဖိုဖြစ်ပြီ။

အဲဒီမီးတောက် မီးလျှံတွေထဲ ထည့်သွင်းရမှာကတော့ ဟို ယဇ်ကောင် ဘုရင်တွေပဲပေါ့။ သူတို့ကို တံကျင်လျှို တံစို့ထိုးဖို့ တံစို့တံတွေ အပြည့်အစုံမရ သေး၊ ထို့ကြောင့် တံစို့တွေ ထပ်ချွန်ရဦးမည်။ အင်း . . . လက်စွဲတော် သန် လျက်၊ ကောင်းလိုက်သည့် လက်နက်၊ ယဇ်ကောင်တွေကို ခုတ်ဖြတ်သတ်ရာမှာ လည်း ဒီသန်လျက်။ မနုဿမံသကို အပိုင်းပိုင်းတုံးတစ်ရာမှာလည်း ဒီ သန်လျက်။ ဟော အခု တံစို့ချွန်ရမှာလည်း ဒီသန်လျက်။ အမယ်စုံ သုံးလို့ရတဲ့ လက်စွဲတော် လက်နတ် . . . ။

ဒီလိုသန်လျက်မျိုးကို ကိုင်စွဲထားတဲ့ ငါ ပေါရိသာဒလို လူမျိုး... အဲ လူတွေ ခေါ်ပုံအရတော့ လူသားစားလူ့ဘီလူးတစ်မျိုးပေါ့လေ . . . ဘာပဲ ခေါ်ခေါ် . . . ပေါရိသာဒ လက်ထဲမှာ . . . ဒီသန်လျက် ရှိနေသရွေ့ကတော့ . . . လုပ်ချင်တာ လုပ်လို့ ရနိုင်သည်။

အင်း . . . မဟုတ်သေးဘူး . . . လုပ်ချင်တာလုပ်လို့ရတဲ့ အထဲမှာ . . . ဟို မဟာသုတသောမမင်း မပါဘူးလေ။ တက္ကသီလာတုန်းက ကိုယ့်ဆရာ လည်းဖြစ်၊ အရင်းချာဆုံး မိတ်ဆွေလည်း ဖြစ်ခဲ့တဲ့ . . . မဟာသုတသောမမင်း . . . သူ့တစ်ယောက်ကိုတော့ ငါလုပ်လို့ မရဘူးပြောရမလား . . . အခုကြည့် လေ . . . ။

ပညောင်ပင် အရိပ်ဝန်းဆီမှ နေ၍ အဝေးသို့ တမျှော်တခေါ်ကြည့် လိုက်၏။ တရိပ်ရိပ် နေပူတံလျှပ်များမှအပ ဘာကိုမှ မတွေ့။ မဟာသုတသောမ မင်း . . . ပြန်မလာတော့ဘူးဆိုတာ သေချာသွားပြီ။ အေးလေ၊ သေမင်းခံတွင်း

ထဲကနေ လွတ်မြောက်သွားပြီးမှ ပြန်လာတယ်ဆိုတာ ဘယ်မှာ ရှိနိုင်ပါမည်နည်း။ မဟာသုတသောမမင်းသည် ကျိန်ဆိုသွားခဲ့သည်တော့ အမှန်။ သို့သော် ကျိန်စာသင့်မှာက နောက်၊ ပြန်လာရင် အသတ်ခံရမှာက အရင်။ ဘယ်သူသည် သေမင်းရှေ့မှောက် ပြန်လည် ဒူးထောက် ရောက်လာမည်နည်း။ ရှိစေ တော့ . . . ။

သူမလာချင်လည်း နေပစေ . . . သူမပါဘဲ ယဇ်ပူဇော်သည့်အတွက် ပဉောင်ပင်စောင့်နတ်မကျေနပ်လည်း မတတ်နိုင်ပြီ။ ယခုရှိထားသော ဘုရင်တွေ၏ လည်ချောင်းသွေးများလည်း ချိုသင့်သလောက် ချိုပါလိမ့်မည်။ သူတို့၏ အသားစိုင်အသားခဲများသည်လည်း အရသာရှိသင့်သလောက် ရှိပါလိမ့် မည်။ သည်တော့ ပြန်လာလမ်းမရှိသော မဟာသုတသောမမင်းကို မျှော်နေ မည့်အစား တံစို့တွေကိုသာ ချွန်မြနေအောင် လုပ်တော့မည်။

တံစို့တွေ အသင့်ဖြစ်တော့မှပဲ မီးပုံ မီးမွှေး . . . အလို ဟို . . . ဟိုဟာက . . .

တံလျှပ်တရိပ်ရိပ်တွေကြားမှာ လူးလွန့်နေသော အရိပ်သဏ္ဍာန်တစ်ခု . . . အလို . . . ငါမျက်စိ မှောက်တာလား။ ဒါဟာ တကယ်ပဲလား . . . ဟင် ထင်ယောင်မြင်ယောင်ဖြစ်တာမဟုတ်။ သူ . . . သူ . . . မဟာသုတသောမမင်း . . . သူပြန်လာတယ်. . . ငါ့ဆီသူပြန်လာတယ် . . . သေမင်းခံတွင်းဝထဲ သူ ပြန်ဆင်းတယ် . . . အလိုလေး . . . မယုံနိုင်စရာ . . . ။

ခရီးကြမ်း နှင်လာရ၍ နွမ်းနယ်နေဟန်ရှိသော သူ့ကို မတ်တတ်ရပ်၍ ဆီးကြိုလိုက်၏။ လက်ထဲမှ သန်လျက်နှင့် ချွန်လက်စ တံစို့ကိုကား ကိုင်ထားမိဆဲ . . . ။

"မိတ်ဆွေ မဟာသုတသောမ . . . ဘယ့်နှယ်လဲ မြို့နန်းမှာ ပြုဖွယ်ကိစ္စတွေ ပြုခဲ့ပြီးပြီလား"

သူက . . . အနီးရှိ သစ်တုံးပေါ် ဝင်ထိုင်သည်။ သူ့ခြေရင်းမှာ ယဇ်ကောင်တွေအတွက် ချွန်ထားသော တံစို့တွေ အတုံးအရုံး၊ နဖူးပြင်မှ ချွေးများကို သပ်ချပြီး သူပြောသည်။

"ပေါရိသာဒ၊ ပြုဖွယ်ကိစ္စအားလုံး ကျွန်ုပ်ပြုခဲ့ပြီ။ ကဿပမြတ်စွာဘုရား ဟောတော်မူတဲ့ သတာရဟ ဂါထာတို့ကို နာကြားပြီး တရားဟော ပုဏ္ဏလ်ကိုလည်း ပူဇော်သက္ကာရပြုခဲ့ပြီ"

သူ့ကို ပြန်ပြောစရာ စကားရှာမတွေ့သဖြင့် ငြိမ်နေလိုက်ရ၏။ စိတ်ထဲမှာတော့ သူပြန်လာတာကို အံ့သြနေဆဲ။ သို့သော် . . . ယဇ်ကောင် စုံလင်ပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ရှိလှဘိခြင်း။

သူက တည်ငြိမ်စွာ ဆက်ပြောလာ၏။

“ပေါရိသာဒ၊ နန္ဒပုဏ္ဏားနဲ့ အချိန်းအချက် ပြုခဲ့တဲ့အတိုင်း ကျွန်ုပ် ဆောင်ရွက်ပြီးစီးခဲ့ပြီ။ သစ္စာကတိကို စောင့်ထိန်းတဲ့ ကျွန်ုပ်ဟာ ယခု သင့်ထံ ပြန်လာခဲ့ပြီ၊ သင်လုပ်စရာရှိတာ လုပ်နိုင်ပါပြီ၊ ကျွန်ုပ်ကို သတ်ပြီး ယဇ်ပူဇော် လိုရင်လည်း ပူဇော် ဒါမှမဟုတ်၊ သင့်ရဲ့အစာအဖြစ် စားလိုရင်လည်း စားနိုင်ပါ ပြီ”

အလို . . . အသတ်ခံရမည့်အကြောင်းကို ပြောနေသော မဟာသုတ သောမသည် ပကတိ မတုန်မလှုပ်ပါလား ကြောက်ရွံ့ထိတ်လန့်ခြင်း စိုးစဉ်းမျှ မရှိပါလား။ သူဟန်ဆောင်နေတာ မဟုတ်ကြောင်းအသေအချာ သိလိုက်သည်။ လူတိုင်း သတ္တဝါတိုင်း ထိတ်လန့်သော သေဘေးကို ဘာကြောင့်ယခုလို တည် ငြိမ်စွာ ရင်ဆိုင်နေနိုင်သလဲ။ သူ့မှာ အဘယ်သို့သော ဘုန်းတန်ခိုး အာနုဘော် များရှိနေသလဲ . . . ။

ဟုတ်ကပြီ၊ အခြားတစ်ပါး၊ ဘုန်းတန်ခိုး အာနုဘော်မဖြစ်နိုင်ရာ။ ကဿပ ဘုရားဟောသော ဂါထာတို့ကို နာလာခဲ့သည်ဟု သူဆိုသည်။ ထို ဂါထာတို့ကြောင့် သူမကြောက်မရွံ့မတုန်မလှုပ် နေနိုင်ခြင်းပဲ ဖြစ်ရမည်။ ဒါဆို ရင် . . . ငါလည်း အလုံးစုံသော ကြောက်ခြင်းတို့မှ ကင်းဝေးဖို့ . . .

“အဆွေ သုတသောမ . . . ခုနေခါ ကျုပ်အဖို့ အစာစားခြင်း၊ မစား ခြင်းဟာ အကြောင်းမဟုတ်ပါဘူး။ ဟိုမီးပုံက ထင်းတွေလည်း အခိုးအလျှံ မထွက်သေးပါဘူး၊ ဟင်း ဟင်း . . . တကယ်တော့ အခိုးမရှိတဲ့ မီးကျီးခဲမှာ ကင်တဲ့အမဲက ပိုပြီးတော့တောင် အကျက်ညီသေး . . . ကဲလေ ဒါတွေထားပါ၊ ကျုပ်ပြောချင်တာက . . . အဲ. . . ”

ကဿပဘုရား၏ ဂါထာများကြောင့် မကြောက်မရွံ့ရှိနေသလားဟူ ၍ ပြောမနေတော့ဘဲ လိုရင်းကိုသာ ပြောချလိုက်၏။

“သင်ပြောတဲ့ ဟိုဒင်း . . . ဘာ . . . သတာရဟဂါထာကို ကျုပ် နာကြားချင်တာပါပဲ၊ ဘယ့်နှယ်လဲ”

သုတသောမမင်း၏ မျက်နှာအနည်းငယ် တင်းမာသွားသယောင်၊ ထို့နောက် သူကစေ့စေ့စူးစူးမျက်လုံးများဖြင့်

“ပေါရိသာဒ၊ သင်ဟာ တရားမစောင့် လူသားကို စားတယ်၊ ဒီရသ တဏှာကြောင့်လည်း တိုင်းပြည်က နှင်ထုတ်ခံခဲ့ရတယ်၊ သတာရဟဂါထာဆို တာက လောကုတ္တရာတရားဖြစ်တယ်၊ သူတော်ကောင်းအကျင့်နဲ့ သူယုတ်မာ အကျင့်၊ တရားမှုနဲ့ မတရားမှု၊ အမှန်နဲ့အမှားတို့ဟာ တစ်ဘာသာစီ၊ တစ်ခြားစီ၊ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်တယ်”

Type in the text you want to insert



"ပေါရိသာဒ တရားမစောင့်သူ၊ ကြမ်းကြုတ်သူ၊ လက်မှာ အမြဲ ထာဝရသွေးစွန်းနေသူဖြစ်တဲ့ သင့်မှာ အခြားအရာမဆိုထားနဲ့ဦး ဝစီသစ္စာမျှပင် မရှိဘူး၊ တရားဆိုတာ ဝေးရော့၊ အဲဒီလို အမြင်ဓာတ်ခံ၊ အကြားဓာတ်ခံမျိုးနဲ့ ဘယ်လိုလုပ်ပြီး သတာရဟ ဂါထာကို နာလို့ ရမှာလဲ"

အလို . . . ပြင်းထန်လိုက်သည့် စကားလုံးတွေပါလား . . . ဟုတ် ဟုတ်ချည်သေးတော့၊ သူကပဲ တိုက်ခိုက်ထိုးနှက်နေသေး . . . ။

သို့သော် ထူးဆန်းသည်။သုတသောမမင်း၏ စကားလုံးများကို လည်းကောင်း၊ ပြောသူသူ့ကိုလည်းကောင်း စိုးစဉ်းမျှ အမျက်မထွက်မိ။ အင်း . . . အမျက်မထွက်သော်လည်း သူ့စကားကို ပြန်လည် ချေပရဦးမည်။

"ဒီမှာ . . . ဒီမှာ . . . သုတသောမမင်း . . . ဘယ်နဲ့ ကျုပ်ကို တရားမစောင့်ဘူးလို့ ပြောရသလဲ၊ သမင်တောထဲကို အမဲလိုက်ထွက်တဲ့ ဘုရင် တွေရှိပါရောလား . . . ကိုင်း ကိုယ့်အမူတစ်စုံတစ်ရာကြောင့် လူတွေကို သတ် တဲ့ ဘုရင်တွေရှိပါရောလား . . . သူတို့ကကော တရားစောင့်တဲ့ မင်းတွေတဲ့ လား။ ဘယ့်နှယ် ကျုပ်ကျကာမှပဲ တရားမစောင့်ဘူးရယ်လို့ . . . "

သုတသောမမင်းသည် သစ်တုံးတွင် ထိုင်ရာမှ ထရပ်၏။ ထို့နောက် လက်ပိုက်သည်။ သူ့အမူအရာ ခမ်းနားသိုက်မြိုက်နေသည်။ ယဇ်ကောင်နှင့် မတူ မရဏချောက်ကမ်းပါးထဲ ခုန်ဆင်းရတော့မည့်သူနှင့်မတူ။

"ပေါရိသာဒ၊ သင်ဒီလို မပြောအပ်ဘူး မင်းကျင့်တရားကို သိတဲ့ ပြည့်ရှင်ဘုရင်တို့ဟာ စားအပ်သော အသား၊ မစားအပ်သော အသားကို ခွဲခြား သိတယ်၊ မစားအပ်တဲ့ မနုဿမံသ . . . လူသားကို စားသူဟာ . . . သင်သာ ဖြစ်တယ်၊ ဒါကြောင့် သင်ဟာ တရားမစောင့်ဘူးလို့ ကျုန်ုပ်ဆိုတယ်"

အိုး . . . အိုး . . . သူကပဲ စွပ်စွပ်စွဲစွဲ နှိပ်နှိပ်နင်းနင်းစကားတွေ ပြောနေချေသေး . . . ဟင်း ကြောက်ရမယ့်သူက ကိုယ်ဖြစ်နေပြီ။ လူသားစား ခြင်း မစားခြင်း ကိစ္စကို ဆက်ပြောနေလို့ကတော့ ကိုယ်သာ အကျဉ်းအကြပ် တွေ့တော့မည်။ ထို့ကြောင့် စကားလွှဲပစ်လိုက်ရမည်။

"အဆွေသုတသောမမင်း မင်းကျင့်တရားတွေ ဘာတွေ ပြောလို့ ကျုပ် ကလည်း ပြောလိုက်ရဦးမယ်၊ ရာဇမာယာ . . . မင်းပရိယာယ်ဆိုတာလေ။ ဟင်း ဟင်း လူသားစား ပေါရိသာဒလက်ကနေ လွတ်မြောက်ပြီး သင်ဟာ နန်းတော် ပြန်သွားခဲ့တယ်၊ ပြီးတော့ ပြန်လာတယ်၊ လူသားစား ပေါရိသာဒ လက်ထဲ ပြန်ဝင်တယ်၊ ဒါ . . . သင့်အနေနဲ့ ရာဇမာယာ ရာဇပရိယာယ်ကို မသိရာရောက်သပေါ့ . . . မဟုတ်ဘူးလား"

ခနိုးခနဲ့ ဆိုလိုက်ရသဖြင့် ကိုယ့်ကိုယ်ကို ကျေနပ်နေဆဲမှာပင် သူ့ထံမှ အပြန်စကားက ချက်ချင်းထွက်မလာ။

"ရာဇမာယာ၊ ရာဇပရိယာယ် ဟုတ်လား . . . ကျွန်ုပ်ဒါကို မသိဘဲ ရှိပါ့မလား၊ သိတယ်၊ သိပေမဲ့ အဲဒီလို ကျွန်ုပ်မကျင့်ဘူး"

"ဘယ်လို . . . ဘယ်လို . . . သိတယ် မကျင့်ဘူး ဟုတ်စ"

"ဟုတ်တယ် . . . ရာဇမာယာမှာ လိမ္မာ ကျွမ်းကျင်ကြတဲ့ မင်းတို့ ဟာ များသောအားဖြင့် ငရဲကျကုန် တတ်ကြတယ်၊ ဒါကြောင့် ကျွန်ုပ်ဟာ ရာဇမာယာကို စွန့်ပြီး သစ္စာကို သိသူ၊ သစ္စာကို စောင့်သူအဖြစ်နဲ့သာ အသက်ရှင်တယ်။ အဲဒါကြောင့် ကျွန်ုပ်ပြန်လာတယ်၊ ကိုင်း ပေါရိသာဒ အထူးအထွေ စကားပြောကြဖို့ မရှိတော့ဘူး။ ကျွန်ုပ်ကို သတ်ပြီး ယဇ်ပူဇော်ချင်လည်း ပူဇော်၊ စားလိုလျှင်လည်း စား . . . "

သစ္စာ . . . လာပြန်ပြီ သစ္စာ၊ သစ္စာသိသူ၊ သစ္စာစောင့်သူ . . . သစ္စာမစောင့်လို့ ဘာအကျိုးကျေးဇူးရှိလေမည်နည်း၊ ယခုပဲ ကြည့်လေ . . . သုတသောမမင်း . . . သစ္စာစောင့်သူကြီးရယ် . . . သစ္စာစောင့်ပြီး ပြန်လာလိုက်တာ သေမင်းခံတွင်းဝထဲ ခုန်ဆင်းတာပဲ မဟုတ်လား။

"ဒီမှာ သုတသောမမင်း ကျုပ်ပြောစမ်းပါရစေ၊ သင့်မှာ ဘုရင် တစ်ပါးအနေနဲ့ ရွှေနန်းပြသာဒ်၊ ကျွဲ နွား၊ မြင်းဆင်၊ မိန်းမသူ၊ အဝတ်အထည် ကောင်း၊ စားဖွယ်ကောင်း၊ ဒါတွေ အများအပြားပိုင်ဆိုင်ပြီး ကုရုတိုင်းဗိုလ်ပြည်ကြီး၏ သက်ဦးဆံပိုင်ဘုရင်မင်းမြတ်ဘဝကို ရရှိနေပါလျက်နဲ့ သစ္စာစောင့်ခြင်းရဲ့ အကျိုးကို ဘယ်လိုများ ထူးခြားမြင်သေးလို့လဲ . . . ပြောစမ်းပါဦး"

သုတသောမမင်းသည် အဝေးကောင်းကင်ဆီသို့ မျှော်ငေးကြည့်၏။ သူကြည့်ပုံမှာ ရမ်းရော်တမ်းတ ငေးမောပုံမျိုးမဟုတ်။ ကောင်းကင် တိမ်တိုက်များ အကြားဝယ်၊ တစ်စုံတစ်ခုကို အသေအချာ တွေ့မြင်နေရသလိုလို။

သူ့အကြည့် တိကျပြတ်သားလှသဖြင့် ရောယောင်၍ လိုက်ကြည့်မိသည်။ အပြာရင့် အစုငှာ၊ ဖြူလွတိမ်တိုက်၊ ထွန်းပသော နေရောင်တို့မှတစ်ပါး ဘာမှမရှိ၊ ထိုစဉ် သူ့ထံမှ လေးဆေးငြိမ်းအေး ရှင်းလင်းသော စကားလုံးများ ပေါ်လာကြပြန်၏။

"လောက မြေပြင်မှာ ရှိရှိသမျှ ခပ်သိမ်းသော အရသာတကာတို့ထက် သစ္စာဆိုတဲ့ အရသာဟာ ပိုမိုလွန်ကဲကောင်းမြတ်ချိုမြိန်တယ်၊ သစ္စာတရား၌ တည်ကြကုန်သော သမဏ ဗြာဟ္မဏ ရဟန်းပုဏ္ဏားတို့ဟာ ပဋိသန္ဓေရှိခြင်း၊ သေခြင်းရဲ့ ကမ်းပါးတစ်ဖက်သို့ လွန်မြောက်ကြတယ်"

နားမလည်၊ သူဘာတွေ ရေရွတ်နေသနည်း။

Type in the text you want to insert



သို့သော် သူ့မျက်နှာကြည့်ရသည်မှာ ပွင့်သစ်ကြာပဒုမ္မာအလား လန်းဆန်းနေသည့် လပြည့်ဝန်း အသရေသို့နှယ် အေးမြကြည်လင်နေသည်။ မီးကျီးပုံ၊ တံစို့ချွန်များ ဘေးမှာ ရှိနေပါလျက်၊ သူ့၌ ကြောက်လန့်တုန်လှုပ်ခြင်း အမူအရာ အလျဉ်းမရှိ။ မရဏသည် သူ့အနီးတွင် ခံတွင်းကို ဖြဲဟ၍ သွားစွယ်များကို လှစ်ပြနေသည့်တိုင် သူ့မှာ ကြက်သီးမွေးညင်းလေးသော်မျှ မပေါ် ပေါက်တော့ပြီလော။ ထူးဆန်းလိုက်ဘိခြင်း။

ဘယ်လိုလဲ . . . ဘယ်လိုလဲ . . . သူ သုတသောမမင်း ဤသို့ မတုန်မလှုပ် နေနိုင်ခြင်းမှာ သူနာကြားခဲ့သော ဂါထာ၏ တန်ခိုးကြောင့်လား။ သို့တည်းမဟုတ်၊ သစ္စာ၏ အာနုဘော်ကြောင့်လား . . . သို့တည်းမဟုတ်၊ အခြားတစ်ပါးသော တစ်စုံတစ်ခု၏ အစွမ်းအာနိသင်ကြောင့်လား . . . ။

သူ့ကို မေးမှ သိရတော့မည်။ သူဖြေမှ ကြားရတော့မည်။ နားမလည် နိုင်သောအရာများစွာ . . . အင်း . . . သူရှင်းမှ လင်းပေတော့မည်။ သူဟောမှ ချောလေတော့မည်။

သူ့အနီးသို့ ညင်သာစွာ တိုးချဉ်းလိုက်တော့သည်။

# ၁၆

"မဟာသုတသောမမင်း၊ သင်ဟာ လူသားစား ပေါရိသာဒရဲ့ လက်ထဲက လွတ်မြောက်ပြီး နန်းတော်ကို ပြန်တယ်၊ တစ်ခါ နန်းတော်ကနေ အရောက်ပြန်လာပြီး လူသားစား ပေါရိသာဒရဲ့ လက်ထဲ ပြန်ဆင်းတယ်၊ ကျုပ် နားမလည်တာ အဲဒါပဲ၊ သင်ဟာ မှန်သော စကားကို ပြောလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်၊ ဒီမှာ . . . သေမှာ သင်မကြောက်ဘူးလား၊ သင့်ကြည့်ရတာ မတွန့်မဆုတ်စိတ်နဲ့ ပကတိတည်ငြိမ်နေတယ်"

သူမသိမသာ ပြုံးလိုက်သည်ထင်၏။ အလိုလေး . . . မတွန့်မဆုတ်တဲ့အပြင် ပြုံးလို့တောင် နေပါသေးသကော . . . ဟုတ်ပါပြီ၊ သူ့မှာ 'တစ်ခု ကောင်း'တော့ ရှိနေပါပြီ။

"အဆွေပေါရိသာဒ"

အဆွေ . . . တဲ့။ ဟား သူ့ကို သတ်စားမယ့်သူ၊ သူ့ကို တံစို့ထိုး ယဇ်သားကောင်အဖြစ် လုပ်မယ့်သူကိုများ အဆွေတဲ့လား၊ ကိုင်း . . . နားထောင်စမ်းမယ်။

"အဆွေပေါရိသာဒ၊ ကျွန်ုပ်ဟာ ကောင်းမှု အများအပြားကို ပြုလုပ်ပြီးပြီ၊ တမလွန်လောကရဲ့ ခရီးလမ်းအတွက် သုတ်သင်ရှင်းလင်းပြီးပြီ၊ ကုသိုလ်တရားမှာ တည်မှီတဲ့ ကျွန်ုပ်ဟာ သေဘေးကို ဘာကြောင့် ကြောက်ရမှာလဲ၊ ကျွန်ုပ်ကို ယဇ်သားကောင်အဖြစ် သတ်လိုလည်း သတ်၊ စားလိုလည်း စား သင်ကြိုက်သလို ပြုနိုင်တယ်"

"အလို . . . တယ်ပြောင်မြောက်လိုက်ပါလား"

"အဆွေပေါရိသာဒ၊ ကျွန်ုပ်ဟာ အမိအဘတို့ကို ကောင်းစွာ လုပ်ကျွေးပြီးပြီ၊ ရာဇမံဆယ်ပါးနဲ့အညီ တိုင်းပြည်ကိုလည်း ဆုံးမအုပ်ချုပ်ပြီးပြီ၊

အဆွေအမျိုး မိတ်သင်္ဂဟတို့ကိုလည်း ကျေးဇူးတုံ့ပြန်ခဲ့ပြီးပြီ၊ ရဟန်း ပုဏ္ဏားနဲ့ များစွာသော လူတို့ကိုလည်း လှူဒါန်းပေးကမ်းထောက်ပံ့ခဲ့ပြီးပြီ၊ ကျွန်ုပ်မှာ စိုးရိမ်ကြောင့်ကြခြင်းဆိုတာ မရှိတော့ဘူး။ သေဘေးကိုလည်း မကြောက်တော့ဘူး။ သင့်ရဲ့ယဇ်သားကောင်ဖြစ်မှာ၊ သင့်ရဲ့ အစာဖြစ်မှာကိုလည်း ကျွန်ုပ်မမှုတော့ဘူး။ သတ်လိုသတ်၊ စားလိုစား၊ သင်ပြုစရာရှိတာ ပြုပေတော့"

ရဲဝံ့ခြင်းနှင့်ယှဉ်သော သိမ်မွေ့ခြင်း၊ ပြတ်သားခြင်းနှင့်ယှဉ်သော နူးညံ့ခြင်းကိုတွေ့နေရပါပကော၊ သူ့စကားလုံးများက ရဲရဲတောက် မကြောက်တရားကို ဆောင်နေသလောက် သူ့အသွင်က တည်ငြိမ်ချိုသာနေသည်။ ငြိမ်သက်သော ကန်ရေပြင်သည် နက်ရှိုင်းချေသည်။ အင်း . . . သူ့ကို ငါသတ်ရင် သူ့ကို ငါစားရင် . . . ငါ့ဦးခေါင်း ခုနစ်စိတ်ကွဲလိမ့်မယ် ထင်ရဲ့၊ မဟာပထဝီမြေပြင် နှစ်ဖြာကွဲပြီး ငါ့ကို မျိုချဆွဲခေါ်လိမ့်ထင်ရဲ့။

"ဒီမှာ . . . မဟာသုတသောမမင်း . . . လူတစ်ယောက်ဟာ ပြင်းထန်တဲ့ အဆိပ်ကို အဆိပ်မှန်းသိလျက်နဲ့ စားမယ်ဆိုရင် ဘာဖြစ်သွားမလဲ၊ အင်မတန် အဆိပ်ပြင်းတဲ့ မြွေမှန်းသိလျက်နဲ့ ကိုင်တွယ်လိုက်မယ်ဆိုရင် ဘာဖြစ်သွားမလဲ၊ ချက်ချင်း လက်ငင်းသေမှာပေါ့၊ သင့်လိုမှန်သော စကားဆိုသူ မှန်ကန်စွာ ပြုကျင့်သူမျိုးကို ကျုပ်စားရင် ကျုပ်ဦးခေါင်းခုနစ်စိတ် ကွဲလိမ့်မယ်"

"ဒီတော့ သင်က ဘယ်လိုဖြစ်စေချင်သလဲ၊ ပေါရိသာဒ"

"ကျုပ်က,လား . . . အင်း . . . ကျုပ်ခုနက ပြောခဲ့ပြီးပါပကော၊ သင့်ရဲ့သတာရဟ ဂါထာဆိုတာကို ကျုပ်နာကြည့်ချင်တာပါပဲ"

"ကျွန်ုပ်ရဲ့ သတာရဟဂါထာမဟုတ်ပါဘူး၊ ပေါရိသာဒ။ မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ သတာရဟဂါထာပါ"

"ဟုတ်ပါပြီလေ၊ အဲဒီဂါထာကို ကျုပ်နာချင်တယ် ဒါပါပဲ၊ ဒီဂါထာမှာ အလွန့်အလွန်ကောင်းမြတ်တဲ့ အာနိသင်ရှိနေလိမ့်မယ်လို့ ကျုပ်ထင်တယ်"

"အဆွေပေါရိသာဒ"

သူ့ခေါ်သံက လေးလေးနက်နက်ရှိလှသည်။ လှမ်းကြည့်လိုက်သော မျက်လုံးများကလည်း ဝံ့ဝံ့စားစားရှိလှသည်။ အလိုလေး . . . သူ့မှာ ဘယ်လိုခွန်အားတွေနဲ့များ ပြည့်စုံနေပါသလဲ။

"ပြောပါ . . . မဟာသုတသောမမင်း"

"သတာရဟ ဂါထာကို ဟောကြားပေးဖို့ သင်က ကျွန်ုပ်ကို အမိန့်ပေးနေတာလား"

"အို . . . အို မဟုတ်ရပေါင်ပါ . . . "

"ဒါပေမဲ့ သင့်အသွင်က တင်းမာနေတယ် ပေါရိသာဒ"

"မဟာသုတသောမမင်း တင်းမာခက်ထန်ခြင်းဆိုတာကိုက ကျုပ်ရဲ့ သဘာဝဖြစ်နေလို့ နေပါလိမ့်မယ်။ အမှန်တော့ သတာရဟာဂါထာကို ကျုပ် တကယ် နာကြားချင်တာပါ၊ တကယ်တော့လည်း လူတွေဟာ တရားဒေသနာ တွေကို ကြားနာပြီးမှ ကောင်းဆိုးမှန်မှား သိကြရတာ မဟုတ်လား၊ ကျုပ်မှာက ဂါထာကို မနာရသေးတော့၊ ကျုပ်ရဲ့ စိတ်ကလည်း ဘယ်လို ဘယ်မှာ ဘယ်သို့ မွေ့လျော်ရမယ်ဆိုတာ မသိဘူး ဖြစ်နေပါတယ် မဟာသုတသောမမင်း၊ သတာ ရဟ ဂါထာကို ဟောကြားပေးဖို့ ကျုပ်တောင်းပန်ပါတယ်"

ကြည့်စမ်း . . . တောင်းပန်ပါတယ်ဆိုတဲ့ စကားပြောထွက်သွားခဲ့ပြီ။

"ကောင်းပြီ ပေါရိသာဒ၊ သတာရဟာဂါထာကို ကျွန်ုပ်ဟောပါမယ်၊ ကောင်းစွာ နာယူပါလေ"

တောအုပ်တွင်း တစ်ချက်ဝှေ့လိုက်သော လေပြင်းကြောင့် ပဒေါင် ပင် အရွက်ဖားဖားများ ဖြောဖြောမြည်သွားကြသည်။ တံလျှပ်တို့ တလွန့်လွန့် တက်ပျံသွားကြသည်။ ဤအသံ၊ ဤမြင်ကွင်းတို့ကို နောက်ခံပြုလျက် တရား ဟောပွဲ၊ တရားနာပွဲလေး တစ်ခုပေါ်ပေါက်လာသည်ကား ထူးခြားဘိခြင်း။

"ကောင်းစွာနာခြင်းပါ . . . ပေါရိသာဒ . . . သဗ္ဗညုဘုရားရှင်ရဲ့ သတာရဟ လေးဂါထာတို့ကို ကျွန်ုပ်ဟောပါတော့မယ်"

"သူတော်ကောင်းတို့နှင့် တစ်ကြိမ်တစ်ခါမျှ ပေါင်းဖော်ခြင်းသည် အကြင်သူကို ကောင်းစွာ စောင့်ရှောက်ပေ၏။ သူယုတ်မာတို့နှင့် အကြိမ်ကြိမ် များစွာ ပေါင်းဖော်ခြင်းမူကား အကြင်သူကို မစောင့်ရှောက်"

ကောင်းလိုက်တဲ့ တရား . . . ကောင်းလိုက်တဲ့ စကား . . . ။

"သူတော်ကောင်းတို့နဲ့သာ ပေါင်းဖော်ရာ၏။ ဘုရား အမှူးပြုသော ပညာရှိတို့၏ သူတော်ကောင်းတရားကို သိခြင်းဖြင့် အထူးတလည် ကောင်း မြတ်ခြင်းကို ဖြစ်စေ၏"

ဟုတ်လိုက်လေခြင်း . . . ဟုတ်လိုက်လေခြင်း။

"ကောင်းစွာ ပြုပြင်စီရင်သဖြင့်၊ ဆန်းကြယ်လှပပေသော မင်းစီး ရထားတို့သည် စင်စစ် ဆွေးမြည့် ပျက်စီးကြရကုန်သည် ဖြစ်၏။ ထို့အတူ လူတို့၏ ခန္ဓာကိုယ်သည်လည်း အိုခြင်း ပျက်ခြင်းသို့ ရောက်ရကုန်၏။ သူ တော်ကောင်းတို့၏ နိဗ္ဗာန်တရားသည်ကား အိုခြင်းပျက်ခြင်းသို့ မရောက်ပေ"

မှန်လိုက်လေခြင်း . . . မှန်လိုက်လေခြင်း။

"ကောင်းကင်သည် မြေပြင်နှင့် ဝေးလွန်းမက ဝေးစွ . . . သမုဒ္ဒရာ၏ ဟိုမှာ ဘက်ကမ်းနှင့် ဤမှာ ဘက်ကမ်းတို့သည် ဝေးလွန်းမကဝေးစွ၊ ထိုသို့

Type in the text you want to insert



သော ဝေးကွာခြင်းများထက် သူတော်ကောင်းတို့၏ တရားသည် သူယုတ်မာတို့၏ သဘောနှင့် အလွန်ပိုမိုဝေးကွာစွ"

အို . . . တစ်ကိုယ်လုံးပင် ပီတိရွှန်းမြ အရည်ပျော်ကျသွားတော့ မတတ်ပါလား . . . အို . . . သဗ္ဗညုဘုရားရှင်ရဲ့ သတာရဟ လေးဂါထာဟာ မွှန်မြတ်လှပါလား . . . နက်ရှိုင်းလှပါလား . . . မှန်ကန်လှပါကလား. . . ။

ဒီတရားကို ကောင်းစွာ ဟောကြားပေးတဲ့ မဟာသုတသောမမင်းရဲ့ ကျေးဇူးကလည်း ကြီးမားဘိခြင်း၊ သူပြောလို့သာ သိရပေသည်။ သူဟောလို့သာ နာရပေသည်။ ထီးရေကနက် ပေးအပ်လွှဲသော အဖဘုရင်နဲ့မခြား ကျေးဇူးကြီးမားသူ . . .။

သူ့ကို . . . ကျေးဇူးရှင်ကြီးကို . . . ဘယ်လိုနည်းနဲ့ ကျေးဇူးတုံ့ဆပ်ပူဇော်ရပါ့မလဲ၊ ရွှေငွေမဟုတ်သေးဘူး၊ ဘယ်လို ဆုပေးရမလဲ . . . ဟုတ်ပြီ။

"မဟာသုတသောမမင်း သတာရဟဂါထာတို့ကို သင်က ရှင်းလင်းပြတ်သားချိုမြစွာ ဟောကြားပေးလို့ ကျွန်ုပ်နာကြားရပါပြီ၊ နာကြားရတဲ့ အလျောက် ကောင်းစွာ နှစ်သက်ဝမ်းမြောက်ခြင်းလည်း ကျွန်ုပ်ရင်ထဲမှာ ဖြစ်တည်ခဲ့ပါပြီ . . . လေးပိုဒ်ရှိတဲ့ ဒီဂါထာအတွက် တစ်ပိုဒ်စီ တစ်ပိုဒ်စီမှာ တစ်ဆုစီ တစ်ဆုစီ ကျွန်ုပ်ပေးဆပ်ပူဇော်လိုပါတယ် . . . ဘယ်လိုဆုမျိုး သင်လိုချင်ပါသလဲ"

သူ . . . ဘယ်လိုဆုမျိုး တောင်းခံလေမည်လဲဟု ကြည်ကြည်နူးနူး စောင့်ဆိုင်းနားစွင့်နေချိန်မှာ

"ပေါရိသာဒ၊ ယုတ်ညံ့တဲ့ အကျင့်ရှိသော ပေါရိသာဒ"

အလို . . . မဟာသုတသောမမင်း ဘယ်လိုဖြစ်သွားပါလိမ့်။ နိမ့်နိမ့်နင်းနင်း ခေါ်နေပါလား . . . လေသံကလည်း စောစောက တရားဟောခဲ့သလို မဟုတ် တင်းမာနေပြန်ပါပေါ့ . . . ။

"သင်ဟာ မိမိရဲ့ သေခြင်းသဘောကို မသိ၊ အစီးအပွားရှိသည် မရှိသည်ကိုလည်း မသိ၊ အပါယ်ငရဲကိုလည်း မသိ၊ နတ်ပြည်နတ်ရွာကိုလည်း မသိ၊ လူသားစားပြီး လူသားအရသာကိုသာ တပ်မက်တဲ့ သင့်လိုလူက ဘယ်လိုဆုမျိုးများ ပေးနိုင်မှာလဲ"

စိတ်ထဲမှာ ဖျဉ်းခနဲ ဖြစ်သွားသည်။ သူ့အပေါ် ဒေါသထွက်ခြင်းကြောင့်မဟုတ်၊ သူပြောသမျှ မှန်နေသောကြောင့် ကိုယ့်ကိုယ်ကို တိုးလျှိုပေါက်မြင်လိုက်သောကြောင့် ဖြစ်ပေမည်။

"ပေါရိသာဒ တကယ်လို့ ကျွန်ုပ်က ဤမည်သော ဆုကိုပေးပါလို့ တောင်းတယ်ဆို နို့ . . . သင်ကလည်း နှုတ်နဲ့ ပေးအံ့လို့ ပြောတယ်ဆိုစို့၊

နှုတ်နဲ့ပေးပြီး အကယ်တောင်းတိုင်း မပေးခဲ့ရင် ဒီငြင်းခုံပွဲကို ဘယ်လို ပညာရှိမျိုးက လာရောက်ဖြေရှင်းပေးမှာလဲ"

ဟုတ်ပေသား . . . ဟုတ်ပေသား၊ ကိုယ့်အပေါ် သူမယုံမကြည်ဖြစ်နေတာ၊ ဖြစ်သင့်ပေတယ်။ ဒါပေမဲ့ သူယုံကြည်စေဖို့ ကိုယ်က လုပ်ရမယ်၊ ယုံကြည်မှု ဖြစ်ပေါ်စေဖို့ဆိုတာ ယုံကြည်မှုကို သက်သေပြုမယ့် တစ်စုံတစ်ရာ အထောက်အထား ခိုင်ခိုင်လုံလုံ ရှိရလိမ့်မယ်၊ ကိုယ့်မှာ . . . သူယုံကြည်စေဖို့ ဘာသက်သေ အထောက်အထားရှိသလဲ . . . ။

ဟုတ်ပြီ။

"အဆွေ သုတသောမမင်း . . . လူတစ်ယောက်က လူတစ်ယောက်ကို ဆုပေးပြီးခါမှ၊ တကယ့်တကယ်တောင်းတဲ့အခါမှာ မပေးဘူးဆိုတာဟာ အလွန်ယုတ်ညံ့ပါတယ်။ စ,ကတည်းက ဆုပေးခြင်းငှာ မထိုက်ပါဘူး။ ဒါကို ကျွန်ုပ် သိပါတယ်။ ဒါကြောင့် . . . ကျွန်ုပ်အနေနဲ့ တွန့်တိုခြင်းအလျဉ်းကင်းစွာနဲ့ သင့်ကို ဆုပေးပါမယ်၊ သင်ယူပါ၊ သင်ယုံပါ၊ ဘာဖြစ်လို့လဲဆိုတော့ . . . သင်သာ ယူမယ်ဆိုရင် အဲဒီဆုအတွက် ကျွန်ုပ်ရဲ့ အသက်ကိုပင် စွန့်ပြီး ပေးပါမယ်"

အသက်စွန့်ပေးမယ် . . . ဒါထက်ခိုင်လုံသော အထောက်အထားမရှိတော့ပြီ၊ ကိုယ့်မှာကလည်း အထောက်အထားပြုစရာ ဒါသာ ရှိသည်လေ။

— — —

"အသက်ကိုပင် စွန့်ပြီး ပေးပါမယ်"ဟု သူပြောလေပြီ။

လူသားစား ပေါရိသာဒသည် တစ်ပါးသူတို့၏အသက်ကို သတ်ဖြတ်ခဲ့ပြီး သူ၏ အသက်ရှင်သန်ခြင်းကို ပြုခဲ့သူပင်။ ထိုသူက ယခု သူ့အသက်ကို သက်သေအထောက်အထား တင်ကာ ပြောနေပြီဖြစ်၏။ ဤသည်မှာ အလွန်ပင် ရဲရင့်ပြတ်သားသော စကားကို သူဆိုခြင်းဖြစ်၏။ ရဲရင့်ပြတ်သားသော စကားကို ဆိုသူ၏ နှလုံးသည်းပွတ်သည်လည်း ရဲရင့်ပြတ်သားခဲ့လေပြီ။ ပေါရိသာဒ၏ အမြင်အတွေးတို့ ပြောင်းလဲခဲ့ပြီဟု ကျွန်ုပ်သိလိုက်ရပြီ။ သူသည် လမ်းမှားသို့ လျှောက်ခဲ့ရာမှ လမ်းမှန်ဘက်သို့ ဦးတည်ပြောင်းလဲစ ပြုလာပြီဖြစ်၏။

သူပေးသော ဆုကို ကျွန်ုပ်ယူတော့မည်။

စင်စစ်မူ တစ်ခုတည်းသော ဆုသာလျှင် သူ့အတွက် ကျွန်ုပ်အတွက် အဓိပ္ပာယ်အရှိဆုံးဖြစ်ပေမည်။ ယင်းကား "သင် လူသားမစားတော့ပါဘူးဟူသော ကတိသည်ပင်လျှင် သင့်ထံမှ ကျွန်ုပ်လိုချင်သော ဆုဖြစ်၏"ဟူသောဆု။

Type in the text you want to insert



သို့သော် လူသားစား၍ လူသားအရသာ၌ တပ်မက်ငြိစွဲကာ အရာခပ်သိမ်းကို စွန့်လွှတ်ခဲ့သော ပေါရိသာဒအဖို့ "လူသားမစားနဲ့တော့"ဟု တားမြစ်လိုက်ပါက သူ့အတွက် လွန်စွာ ပင်ပန်းဆင်းရဲတော့မည်။ မဖြစ်နိုင်သေးသော အရာကို ဖွဲ့ဆော်ဦးကတည်းက ဖြစ်စေဟု တောင်းဆိုလိုက်လျှင် မလိုလားအပ်သော ရလဒ်များသာ ထွက်ပေါ်လာချိမ့်မည်။

သို့ဖြစ်၍ သူ့ထံမှ ဆုတို့ကို တစ်ပါးတစ်ပါးစီ သုံးပါးစေ့ရောက် အခြားအမျိုးအမည်ဆုများကိုသာ တောင်းဆိုသင့်သည်။ နောက်ဆုံးမှပင် လူသားစားခြင်းမှ ရှောင်ကြဉ်ခြင်း . . . ဟူသော ဆုကို ယူအံ့ . . .

"ကောင်းပြီ အဆွေပေါရိသာဒ"သင့်ထံမှ ကျွန်ုပ်ဆုများကို တောင်းယူပါတော့မယ်၊ ပထမဆုံးဆုကတော့ . . . "

လူသားစား လူ့ဘီလူးသည် ကျုံ့ရုံ့ထိုင်နေသည်။

"ပထမဆုံးဆုကတော့ . . . အင်း မြတ်သော သူနဲ့အဆွေခင်ပွန်းဖြစ်ရခြင်း၊ ဉာဏ်ပညာပြည့်စုံသူနဲ့ အဆွေခင်ပွန်းဖြစ်ရခြင်းဆိုတာ နှစ်ဦးနှစ်ဘက်ညီမျှတဲ့ သဘောရှိပေတယ်၊ ဒါကြောင့် ကျွန်ုပ်ဟာ သင်အနှစ်တစ်ရာပတ်လုံး အနာရောဂါမရှိ၊ ပကတိကျန်းမာချမ်းသာတဲ့ အဖြစ်ကို မြင်လိုတွေ့လိုပါတယ်။ ဒါဟာ သင်ပေးမယ့် ဆုလေးပါးမှာ ပထမဆုံးဆုပဲ ဖြစ်ပါတယ်"

တအံ့တသြ ဖြစ်သွားသော သူ့မျက်နှာကို မြင်လိုက်ရ၏။

# ၁၇

ကျွန်ုပ်မှာမူ စိတ်ထဲမှသာ ပြုံးလိုက်မိပေသည်။

ဆုတောင်းယူသူ ကျွန်ုပ်က၊ ကျွန်ုပ်အတွက်ဟူ၍ မတောင်းယူဘဲ၊ ဆုပေးသော သူ့အတွက်တောင်းယူလိုက်သော အမှုကို သူအံ့သြသွားခြင်း ဖြစ်ပေမည်။ လှည့်စားခြင်းမဟုတ်လေဘဲ၊ လှည့်ပတ်၍ ဆုယူလိုက်သောအဖြစ်ကို သူမသိ။ သူ့စိတ်ထဲမှာ ဖြစ်ပေါ်သွားသည့် အတွေးကို ကျွန်ုပ်သိလိုက်သည်။ ဩော် မဟာသုတသောမမင်းဟာ လူသားစားတဲ့ ငါ့အကျိုးကို လိုလားသတဲ့။ ငါဘေးကင်းရန်ကွာ ရှိတာကို မြင်လိုသတဲ့ . . . အဲဒီဆုနဲ့ ပြည့်ပါရစေတဲ့ လား . . . ဤကား သူတွေးသော အတွေးပင် ဖြစ်ချေသည်။

ပေါရိသာဒသည် တအံ့တသြ အမူအရာကို တဖြည်းဖြည်း ရုပ်သိမ်းပြီးမှ ဆုပေး၏။ ကျွန်ုပ်တောင်းယူခဲ့သော စကားလုံးများ အတိုင်းပင် သူဆုပေး စကားဆိုသည်။

"မြတ်သောသူနှင့် အဆွေခင်ပွန်းဖြစ်ရခြင်း၊ ဉာဏ်ပညာ ပြည့်စုံသူနဲ့ အဆွေခင်ပွန်းဖြစ်ရခြင်းဆိုတာ နှစ်ဦးနှစ်ဖက် ညီမျှတဲ့ သဘောရှိတဲ့အတွက် ကျွန်ုပ်ပေါရိသာဒ အနှစ်တစ်ရာပတ်လုံး အနာရောဂါမရှိ၊ ပကတိကျန်းမာချမ်းသာတဲ့အဖြစ်ကို အသင်မဟာသုတသောမမင်း မြင်ရစေမယ်၊ ထိုဆု . . . သင့်မှာ ပြည့်စုံပါစေ . . . "

ပထမဆု . . . သူပကတိချမ်းသာစွာ ရှိပါစေ၊ ထိုရှိခြင်းကိုလည်း ကျွန်ုပ် မြင်ပါရစေဟူသော စကားအရ ကျွန်ုပ်အသက်ဘေးမှ လွတ်ပြီးသူလည်း ကောင်းစွာ အသက်ရှင်ခြင်းကို ရလေပြီ။

ဒုတိယဆု တောင်းတော့မည်။

"ဒုတိယတောင်းလိုတဲ့ဆုကတော့ တောကြီးမျက်မည်း၊ ပဈောင်ပင်ဒေသမှာ ရေမြေ့ရှင်များလည်းဖြစ်၊ အဘိသိက်သွန်းလောင်းခံအပ်ပြီး သူများလည်း ဖြစ်တဲ့၊ ခတ္တိယ မင်းအပေါင်းတို့ရှိနေကြတယ် . . . "

Type in the text you want to insert



ကျွန်ပ်က စကားကို ဤနေရာတွင် ခေတ္တရပ်တန့်ထားလိုက်သည်။ ပေါရိသာဒက သူယဇ်ပူဇော်မည့် ပညောင်ပင်ကိုင်းများတွင် တွဲရရွဲချည်နှောင်ထားသော သူ၏ယဇ်သားကောင်ဘုရင်များကို တစ်ချက် ဝေ့ဝိုက်ကြည့်သည်။ သူ့မျက်လုံးအိမ်များတွင် နူးညံ့ပျော့ပျောင်းသော အငွေ့အသက်များ ဖုံးလွှမ်းနေပြီဟု မပြောသာသေးသော်လည်း ခက်ထန်ကြမ်းတမ်း၍ သွေးဆာသော မျက်လုံးမျိုးကား မဟုတ်တော့ချေ။

"အဆွေပေါရိသာဒ . . . အဲဒီ ခတ္တိယမင်းများကို သင် မစားစေလိုပါ၊ ဒါဟာ ကျွန်ုပ်တောင်းခံတဲ့ ဒုတိယဆုဖြစ်ပါတယ်"

သူအနည်းငယ် ဆုတ်ဆိုင်းဖြစ်သွား၏။ သူဖမ်းဆီးခေါ်ဆောင်ထားသော ယဇ်သားကောင်ဘုရင်များကို တစ်ချက်လှမ်းကြည့်ပြန်သည်။ ထို့နောက် အဝေးတစ်နေရာသို့ ငေးသည်။ နဖူးကြောကြီးများ ဖူးဖူး ထ,လာကာ၊ မေးရိုးများလည်း ဖုထစ်လာကြသည်။ သူ့အစာကို ကျွန်ုပ်တောင်းယူလိုက်ပြီ။ ပထမဆုထက် ပိုမိုခဲယဉ်းသော ဤဒုတိယဆုကို သူပေးရန် အသည်းအသန် သူ ကြိုးစားနေရပြီဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွာ သဘောပေါက်လိုက်၏။ သူ့အတွက် လိုက်လျောသဘောတူရန် ဆုပေးရန် ခက်ခဲသော အမှုပင် ဖြစ်ချေသည်။

အတော်လေးကြာမှ သူ့အသံထွက်လာ၏။

တုန်ယင်အက်ကွဲအသံဖြင့် အားယူကာ သူဆိုလေသည်။

"ကျုပ် . . . ကျုပ် . . . သူတို့ကို မစားပါဘူးလို့ သင်တောင်းခံတဲ့ အတိုင်း ကျုပ် . . . ဆုပေးပါတယ်၊ မဟာသုတသောမမင်း . . . "

"ဒါဆိုရင် . . . တတိယဆုကို ကျွန်ုပ်ဆက်လက်တောင်းခံပါရစေ"

"ဆိုပါ . . . မဟာသုတသောမမင်း"

"ပညောင်ပင်ရဲ့ ကိုင်းတွေမှာ လက်ဝါးကို ကြိုးနဲ့သီပြီး အဆိုင်းဆိုင်း အဆွဲခံထားရတဲ့ အဲဒီ ပြည့်ရှင်ဘုရင်များကို ကြည့်လိုက်ပါဦး ပေါရိသာဒ၊ သူတို့ဟာ ပြင်းစွာသော ကြောက်ရွံ့တုန်လှုပ်ခြင်းများနဲ့ ငိုကြွေးနေကြတယ်၊ ညည်းညူမြည်တမ်းနေကြတယ်၊ သူတို့ကို အနှောင်အတည်းကနေ ဖြေလွှတ်ပြီး သူတို့ရဲ့ တိုင်းပြည်ရပ်ထံသို့ ပြန်ပို့ဆောင်ပေးစေလိုပါတယ်၊ အဲဒါ ကျွန်ုပ်တောင်းခံတဲ့ တတိယဆု ဖြစ်ပါတယ်။ အဆွေ ပေါရိသာဒ"

သူစဉ်းစားပြန်၏။ သို့သော် ကျွန်ုပ်က အလျင်ဦးစွာ စဉ်းစားပြီးခဲ့ပြီ၊ ပေါရိသာဒသည် ကျွန်ုပ်တောင်းသည့်ဆုအတိုင်း ဘုရင်များကို မစားတော့ပါဟု ဆုပေးခဲ့ပြီးနောက် အသက်ချမ်းသာခွင့်ရစေခဲ့ပြီ။ သို့သော် သူဖမ်းဆီးခဲ့သော ဘုရင်များက ပြန်လည်၍ သူ့အား တိုက်ခိုက်သုတ်သင်မည့် အန္တရာယ်ကို သူ တွေး၍ မစားဘဲ အသက်မှ လွှတ်ပေးခဲ့စေကာမူ ကျွန်အဖြစ်ထားကာ တော

အရပ်မှာ ထားလိုက ထားနိုင်သေးသည်။ သို့တည်းမဟုတ် တစ်နည်းနည်းဖြင့် သတ်ဖြတ်၍ စွန့်ပစ်နိုင်သည်။ သို့တည်းမဟုတ်၊ အခြားဒေသသို့ ယူဆောင်ကာ ကျွန်အဖြစ် ရောင်းချနိုင်သည်။ ထိုအမှုများ မဖြစ်ပေါ်စေရအောင် သူတို့အား သူတို့ဒေသတိုင်းပြည်သို့ ပြန်ပို့ပါ . . . ဟု ကျွန်ုပ်အမိအရ တောင်းခံခဲ့ခြင်း ပင်ဖြစ်ပေသည်။

ပေါရိသာဒ၏ ပခုံးသား၊ လက်ပြင် ရင်အုံကြီးတစ်ခုလုံး မို့မောက်ကြွတက်လာပြီးမှ လေလျော့သော ဖားဖိုကြီးပမာ အောက်သို့ နိမ့်ဆင်းလျှောကျသွား၏။ သူခက်ခဲပင်ပန်းလှစွာ သက်ပြင်းကြီးချလိုက်ဟန် တူသည်။

"ကောင်းပါပြီ . . . သင်တောင်းခံတဲ့ တတိယဆုကိုလည်း ကျုပ်ပေးပါတယ်၊ ပြည့်ရှင်မင်းတွေကို သူ့နေရာသူ ပြန်ပို့ပေးပါမယ်၊ ကဲ . . . စတုတ္ထဆုကကော . . . မဟာသုတသောမမင်း . . . "

စတုတ္ထနှင့် နောက်ဆုံးဆု။ အမြင့်ဆုံးဆုဖြစ်သလို အခက်အခဲဆုံးဆုလည်း ဖြစ်ချိမ့်မည်။ ဤအဆင့်ရောက်အောင် ကျွန်ုပ်သည် ရှေ့သုံးခုသော ဆုတို့ကို တစ်ဆင့်ချင်းလည်း တိုး၍ တိုး၍ တောင်းယူခဲ့၏။ ယခုကား အဓိက အကျဆုံးဆုကို တောင်းခံရတော့မည်။

သူ့ကို တည့်မတ်စွာ စေ့စေ့ကြည့်လျက် ကျွန်ုပ်ပြောလိုက်၏။

"အဆွေပေါရိသာဒ၊ ယခုအခါမှာ သင့်ရဲ့ တိုင်းပြည် သင်ဘုရင် ပြုလုပ်အုပ်ချုပ်စိုးစံတဲ့ တိုင်းပြည် ရာဇဌာနမှာ ဘယ်လိုဖြစ်နေသလဲဆိုတာ သင်သိပါသလား . . . လူသားစား၊ လူ့ဘီလူးကြီး ပေါရိသာဒ လာတော့မယ်ဆိုပြီး လူအပေါင်းဟာ ချောက်ချား သွေးပျက်၊ ထိပ်ထက်သွေးဖောက်ခံရ မတတ်တုန်လှုပ်စွာနဲ့သာ ကျန်ရစ်ခဲ့ပြီး များစွာသော လူတို့ဟာ ဘေးကင်းရာ အရပ်သို့ ပုန်းဝင်ခိုလှုံကြပြီ၊ ဒါကြောင့်"

ခေတ္တတုန့်လျက်၊ လေသံကို မြှင့်လိုက်သည်။

"လူသားစား လူ့ဘီလူးကြီး ပေါရိသာဒရယ်လို့ အမည်နာမသစ်ရရှိလာတဲ့ ဗာရာဏသီမင်းမြတ် လူသားစားခြင်းကို ရှောင်ကြဉ်ပါ၊ စွန့်လွှတ်ပါလို့ ကျွန်ုပ်တောင်းခံပါတယ်၊ ဒါဟာ စတုတ္ထဆုဖြစ်ပါတယ်"

သူ့မျက်ခုံးထူကြီးများ အထက်သို့ မြင့်တက်သွား၏။ မျက်လုံးများလည်း ပြူးကျယ်ငေးကြောင်ဖြစ်သွား၏။

ထို့နောက်ကား . . .

သူ့လက်ခုပ်လက်ဝါးတီးလျက်၊ တစ်ကိုယ်လုံး သိမ့်သိမ့်ခါလျက် ဟစ်အော်ရယ်မောလေတော့သည်။ အားပါးတရ ပေါက်ကွဲလွင့်စင်စွာ ရယ်ပြီးမှ အရယ်မဆုံးသော ရယ်သွမ်းသွေးအသံဖြင့် သူပြော၏။

Type in the text you want to insert



"မဟာသုတသောမမင်း . . . ရဲ့၊ ဘယ့်နှယ်ကြောင့် ဒီလို ပြောရသလဲ၊ ဒီဆုကို ကျုပ်က ဘယ်လိုလုပ် ပေးရမလဲ . . . အခြားတစ်ပါးဆုကို တောင်းစမ်းပါ . . . အမယ်လေးဟဲ့လေး . . . အဆွေသုတသောမမင်း . . . ဒီလူသားဆိုတဲ့ အစာဟာ . . . ကျုပ်ရဲ့ နှလုံးသွေးကို ပွားများလှည့်လည်စေတဲ့ အာဟာရဓာတ်၊ ကျုပ်က လူသားနဲ့အသက်ရှည်နေရတာ . . . ဒါကြောင့်လည်း ထီးနန်းနဲ့တကွ အားလုံးကို စွန့်ခွာပြီး ဒီတောဒီတောင်မှာ လာနေတာ၊ ဒါတွေ သင်သိပြီးသားပေါ့လေ . . . ဒီတော့ ဟင်း . . . ဟင်း . . . မဖြစ်နိုင်တာ မပြောစမ်းပါနဲ့၊ မရနိုင်တာ မတောင့်တပါနဲ့၊ ယခင့်ယခင်ဆုတွေဟာလည်း အင်မတန် ကြီးမားတဲ့ ခက်ခဲတဲ့ ဆုတွေပေါ့၊ လူသားမစားပါနဲ့ . . . ဆိုတဲ့ ဆုကိုတော့ အို . . . တခြားဆု တစ်ခုခုတောင်းစမ်းပါ။ ကျုပ်ပေးပါမယ်၊ ဘယ့်နှယ် လူသားစားခြင်းကို ရှောင်ကြဉ်စွန့်လွှတ်ရမယ်လို့ ဘယ်လိုလုပ်ပြီး ကျုပ်ဒီဆုပေးလို့ရမှာလဲ . . . အံမယ်လေးဟဲ့လေး . . . မဟာသုတသောမမင်းရယ်"

ပေါရိသာဒသည် ထိုသို့ပင် တူးတူးခါးခါးငြင်းပယ်လိမ့်မည်ဟု ကျွန်ုပ်အစကတည်းက မျှော်လင့်ပြီးဖြစ်ပေသည်။ သို့သော် ဤဆု အထမြောက်ပြည့်စုံဖို့ မဖြစ်မနေကျွန်ုပ်ကြိုးပမ်းရလိမ့်မည်သာ။

"အဆွေပေါရိသာဒ၊ လူသားကို စုံမက်လွန်းလှလို့ လူသားစားခြင်းမှ ရှောင်ကြဉ်စွန့်လွှတ်ဖို့ မဖြစ်နိုင်လို့ သင်ပြောခဲ့တယ်။ ဒီစကားမှန်ပါတယ်၊ ဘယ်လိုမှန်သလဲဆိုတော့ မိမိချစ်မြတ်နိုးတဲ့ ဝတ္ထုပစ္စည်းကို မှီပြီး မကောင်းမှုကို ပြုသူမှန်သမျှ လူမိုက်ပဲ"

သူ၏ အရယ်အမောမျက်နှာ၊ လေသံများ တိခနဲ ရပ်တန့်ပျောက်ပျက်သွား၏။ ကျွန်ုပ်၏ စကားလုံးများ ပြင်းထန်လည်း ပြင်းထန်စေတော့၊ ဤအချိန်ကား အခက်အခဲဆုံး အထွတ်အထိပ်အချိန်ဖြစ်နေပြီ။

"အဆွေပေါရိသာဒ။ နားထောင်လိုက်စမ်းပါ၊ နားနဲ့သာမက ရင်နဲ့ပါ နားထောင်လိုက်စမ်းပါ။ သင့်လို လူမျိုးက ဘယ်လိုလဲဆိုတော့ ဟောဒီ ပစ္စည်းကို ငါအလွန်ချစ်ခင်စုံမက်တယ်၊ ဒါကြောင့် ငါ့ကိုယ် ငါပင် စွန့်ပြီး ဒီပစ္စည်းကို မှီဝဲမယ်၊ ဒီပစ္စည်းထဲမှာ ငါ့ဘဝ၊ ငါ့အသက်ကို မြှုပ်နှံပစ်မယ် . . . ဆိုတဲ့ လူမျိုးပဲ၊ တကယ်တော့ ဒါမျိုးဟာ . . . လုံးဝမဖြစ်သင့်ဘူး . . ."

သူ့ကိုယ်ကြီး ဆတ်ခနဲ ခါသွားသည်ဟု ထင်ရ၏။

"ဒီမှာ ပေါရိသာဒ၊ မိမိကိုယ်တိုင်သာလျှင် မြတ်တယ်၊ ဘယ်လောက်မြတ်သလဲဆိုတော့ အမြတ်ဆုံးဆိုတဲ့ ဝတ္ထုပစ္စည်းထက်မြတ်တယ်၊ ဘာကြောင့်လဲ၊ ကောင်းသောအကျိုး ပွားစီးအပ်သော ကိုယ်စိတ်နှလုံး ရှိသူဆိုတာဟာ၊

မြတ်နိုးချစ်ခင်အပ်တဲ့ ဝတ္ထုပစ္စည်းမှန်သမျှကို အလိုရှိတိုင်း ရလာမှာ ဖြစ်တယ်၊ ဒါကြောင့် မိမိကိုယ်တိုင်သာလျှင် အမြတ်ဆုံးဖြစ်တယ်၊ အခုတော့ သင်ဟာ ဒီလူသားဆိုတဲ့ မနုဿမံသ . . . အစားအစာ တစ်ခုကို သင့်ကိုယ်သင်ထက် မြတ်တယ်လို့ သဘောထားပြီး လူသားစားခြင်း ဘဝဆိုးကြီးထဲမှာ သင့်ကိုယ်သင် စတေးပစ်တယ်၊ အစားတစ်လုတ်ကို သင့်ကိုယ်သင်ထက် ပိုတန်ဖိုးထားနေတယ်၊ အသားတစ်တုံးတစ်ဖဲ့၊ တစ်ဝါး တစ်မြို၊ တစ်ကိုက် တစ်မျိုကို သင်က သင့်ထက်ပိုပြီး မြတ်နိုးနေတယ် . . . ”

“တော် . . . တော်ပါတော့ . . . မဟာသုတသောမမင်း . . . ”

လေပြင်းတစ်ချက် အသုတ်တွင် ပသျှောင်ပင်ထက်မှ ရွက်ဖားတို့ ဝေါဝေါမြည်သွားသည်။ ရွက်ကြွေတို့ ဖြည်းဖြည်းလွင့်ကျလာသည်။ ရွက်ခြောက်တို့ ထိုမှ ဤမှ ပြေးလွှားကြသည်။

ပေါရိသာဒသည် ခေါင်းငိုက်၊ မျက်နှာစိုက်ကာ လက်ဝါးကာ၍ “တော်ပါတော့ . . . ”ဟူသော စကားလုံးကိုသာလျှင် မပီမသ ဗလုံးဗထွေး ရေရွတ်နေလေသည်။

ထို့နောက် ဒူးနှစ်ဘက်ပေါ်တွင် တံတောင်ထောက်ကာ လက်ဝါးနှစ်ခုကြားထဲသို့ သူ့မျက်နှာကို ထိုးထည့်ထားသည်။ ကြမ်းတမ်းနီမြန်းသော သူ့ဆံပင်များက ပခုံးပေါ်သို့ ပြန့်ကျဲဖွာရရာ ဝဲကျနေကြသည်။ ရုတ်တရက်ပင် သူသည် အသက်ဝိညာဉ်ကင်းမဲ့သွားသည့်အလား၊ ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မချောက်၊ တောင့်တင်းငြိမ်သက်သွားသည်။

ထို့နောက် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာကာ လက်ဝါးထဲမှ သူ့မျက်နှာကြီးကို ဖွင့်ဖော်သည်။

အလို . . . ရဲရဲနီသော မျက်လုံးအိမ်များထဲမှ မျက်ရည်တွေပါလား . . . ဘုရား . . . ဘုရား . . . လူ့ဘီလူးကြီး ငိုကြွေးနေပါပကော။

# ၁၈

သူ့မျက်ရည်ပေါက်ကြီးများကို လိမ်းသုတ်ခြင်းမပြုဘဲ ဝန်းဖွဲ့ပြည့်လျှမ်းသော မျက်ရည်များကြားမှ သူမော့ကြည့်၏။ ထို့နောက် ငိုသံကြီး ဗလုံးဗထွေးဖြင့်

"ကျုပ် လူသားကို စွဲနေပြီ၊ ဖြတ်လို့မရတော့ဘူး၊ ဒါအတွက် ကျုပ်ကို ဘာမှ မပြောပါနဲ့တော့၊ တခြားဆုကိုတောင်းပါ"

ဤအခြေအထိ ရောက်လာအောင် ကျွန်ုပ်တမင်ပင် ဆွဲယူလာခဲ့ခြင်းဖြစ်ပေသည်။ သူ၏မျက်ရည်များကို ကျွန်ုပ် လျစ်လျူရှုလိုက်သည်။

"အဆွေပေါရိသာဒ၊ အဆိပ်နဲ့ ရောထားတဲ့ သေရည်ကို သေသောက်ကြူး မှီဝဲသလိုပဲ၊ ဆင်းရဲ ဒုက္ခအပေါင်းဟာ အခုဘဝ တမလွန်ဘဝမှာ ပေါ်ပေါက်ရတယ်၊ တစ်စုံတစ်ခုသော အရာကို ချစ်ခင်စွဲလန်းတဲ့အတွက် မိမိကိုယ်မိမိ စွန့်လွှတ်ပြီး ထိုအရာကိုသာ မှီဝဲတယ်၊ ဒါဟာ ယုတ်ညံ့တဲ့ အရူးလုံးလုံးဖြစ်တယ်"

သူ့မျက်နှာ ပြန်ငိုက်ကျသွားသည်။ ငိုရှိုက်သော အရှိန်ဖြင့် လည်ကုပ်သားကြီးများ၊ ပခုံးသားကြီးများ လှုပ်ခါနေ၏။

"နားထောင်စမ်း ပေါရိသာဒ၊ ဒီလောကမှာ မိမိချစ်ခင်စွဲလန်းတဲ့အရာတွေကို စွန့်လွှတ်၊ ဆင်းရဲသော် ဆင်းရဲစေဆိုပြီး၊ ရအပ်တဲ့ အစားအစာကိုသာ မှီဝဲတဲ့ လူမျိုးဟာ အဲဒီဆင်းရဲတွေ ကြားကပဲ မြတ်သော တရားကို မှီဝဲတယ်။ ထိုသူမျိုးသာလျှင် ယခုဘဝ၊ တမလွန်ဘဝမှာ ချမ်းသာရာ ရတယ်"

"ကျုပ်လေ . . . ကျုပ်အမိကို စွန့်၊ အဘကို စွန့်၊ ရှိရှိသမျှသော ကာမဂုဏ်တွေကို စွန့်ပြီး ဒီတောထဲကို ဝင်လာခဲ့တာဟာ လူသားကြောင့်ပါ၊ သင်တောင်းတဲ့ဆု ကျုပ်ဘယ်လိုလုပ် ပေးနိုင်မှာလဲ"

ငိုကြွေးရာမှ တစ်စတစ်စ သက်သာလာပြီး သူ့အသွင်တင်းမာလာပြန်၏။ ထိုအခါ ကျွန်ုပ်ကလည်း ပြန်လည်တင်းမာရပေတော့မည်။

"ဒီမှာ ပေါရိသာဒ၊ ပညာရှိဆိုတာ စကားနှစ်ခွန်းမပြောဘူး။ မှန်သော စကား၊ ဝန်ခံစကားကို တစ်ခါတစ်ခွန်းပဲ ပြောတယ်။ သင်က ကျွန်ုပ်ကို ဆုယူပါ ဆုတောင်းပါလို့ ပြောခဲ့ပြီးပြီ၊ ဒီလိုဆိုပြီးကာမှ သင် ရှေ့စကား နောက်စကားမညီ ပြောပြန်တယ်"

သူ့ ပါးမြိုင်းမွေးများပေါ်မှ မျက်ရည်စများကို လက်ခုံဖြင့် သုတ်လျက်

"ဟောဒီ မနုဿမံသဆိုတဲ့ လူ့အသားကို အကြောင်းပြုပြီး ကျုပ်ဟာ စည်းစိမ် အခြံအရံကို စွန့်လွှတ်ခဲ့ပြီ၊ လူသားစား လူ့ဘီလူးရယ်လို့ ဂုဏ်သတင်း ဆိုးခဲ့ပြီးပြီ၊ သင်ပြောသလို ယုတ်ညံ့တဲ့ အကျင့်ကို ကျင့်ပြီး ညစ်နွမ်းဆိုးဝါးခဲ့ပြီ၊ အဲဒီဘဝကြီးထဲ ကျုပ်ရောက်နေပြီလေ၊ ဒီလို အခြေအနေမျိုးမှာ ကျုပ်က သင် တောင်းတဲ့ဆု ပေးရဦးမှာတဲ့လား"

"ပေါရိသာဒ၊ သင်ပြောခဲ့တဲ့ စကားကို သင်မေ့သွားပြီလား၊ ဆုကို ပေးမယ်ဆိုပြီးမှ တောင်းတိုင်းမပေးဘူးဆိုရင် အစကတည်းက ဆုပေးပါမယ်ဆိုတဲ့ စကား မပြောထိုက်ဘူး၊ ကျွန်ုပ်တွန့်တိုခြင်း အလျဉ်းမရှိ၊ တောင်းတိုင်းဆုကို ပေးပါမယ်၊ အသက်ကို စွန့်ရ စွန့်ရ ပေးပါမယ်လို့ သင်ပြောခဲ့တယ်၊ အခု သင် စကားတစ်မျိုး ပြင်ပြန်တယ်၊ သင်ဟာ ရှေ့စကား နောက်စကား မညီတဲ့ သူပဲ"

သူသည် လူသားစား လူ့ဘီလူးအဖြစ် မရောက်မီက ပြည့်ရှင်မင်း တစ်ပါးဖြစ်ခဲ့ပေသည်။ ထို့ကြောင့် ရှေ့စကား၊ နောက်စကားမညီ၊ စကား မတည်ဟူသော စွဲချက်က သူ့အား ကောင်းစွာ ထိမှန်သွားသည်။ သူ့မှာ ပြည့်ရှင်ဘုရင်တစ်ပါးဟူသော အငွေ့အသက်ကလေးကျန်နေသေးသည်။ ထို အငွေ့အသက်ကြောင့်ပင် စကားမညီ ကတိမတည်ဟူသော ထိုးနှက်ချက်က သူ့ကို နာကျင်စေမည်ဟု ကျွန်ုပ်တွက်ဆလိုက်သည်။ ကျွန်ုပ်၏ ထိုးနှက်ချက် ထိရောက်သွားသည် အမှန်ပင်။ သူ့မျက်လုံးများ၌ မခံချင်စိတ်၊ ရှက်ကြောက်စိတ်တို့၏အရောင်များ ဖြတ်သန်းသွားသည်ကို တွေ့လိုက်ရ၏။ သူ အားနည်းစ ပြုလာပြီ။ ထိုပျော့ညံ့ကွက်ကို ကျွန်ုပ်ဆက်နင်းရချိမ့်မည်။

"ဘုရင်မင်းမြတ်တစ်ပါးဖြစ်ခဲ့ဖူးတဲ့ အဆွေပေါရိသာဒ"

ထိုအာလုတ်စကားကို ကျွန်ုပ်အသံမြှင့်ပြောလိုက်သည်။

"တော်တည့်မှန်ကန်သူဆိုတာ အသက်ကိုသာ စွန့်မယ်၊ မှန်တဲ့တရားကို မစွန့်ဘူး၊ တော်တည့်မှန်ကန်သူဆိုတာ ဝန်ခံကတိစကား တစ်ခွန်းပြောပြီးရင် အဲဒီစကားကို အသက်နဲ့လဲ ထိန်းသိမ်းစောင့်ရှောက်တယ်၊ သင်ဟာ လူသားစားတဲ့ ပေါရိသာဒဖြစ်နေပေမဲ့ သင့်မှာ ပြည့်ရှင်ဘုရင်ဆိုတဲ့ ဘဝတစ်ခု ရှိနေခဲ့တယ်၊ အဲဒါကို ထောက်ထားပြီး ကျွန်ုပ်က ဆုတောင်းယူခဲ့ခြင်းဖြစ်တယ်၊

သင်တောင်းခိုင်းလို့ ကျွန်ုပ်တောင်းခဲ့ခြင်းဖြစ်တယ်ဆိုတာလည်း မမေ့ပါနဲ့၊ ဒါကြောင့် တောင်းတိုင်းသောဆုကို ပေးစွမ်းသူဆိုတဲ့အဖြစ်နဲ့ ပြည့်စုံပါစေ ပေါရိသာဒ”

သူတွေဝေစဉ်းစားချိန် မရစေရန် တရစပ်ဆက်ပြောလိုက်သည်။

“ပြည့်ရှင်ဘုရင်တစ်ပါးဖြစ်ခဲ့တဲ့ ပေါရိသာဒ၊ တော်တည့်မှန်ကန်သူဆိုတာ မြတ်သောအင်္ဂါကို အကြောင်းပြုပြီး စည်းစိမ်ဥစ္စာကို စွန့်တယ်၊ အသက်ကို အကြောင်းပြုပြီး မြတ်သော အင်္ဂါကို စွန့်တယ်၊ မြတ်သော တရားကို အကြောင်းပြုလာပြီဆိုရင်တော့ သူဟာ မြတ်သော အင်္ဂါကိုလည်း စွန့်တယ်၊ မြတ်သော ဥစ္စာကိုလည်း စွန့်တယ်၊ အသက်ကိုလည်း စွန့်တယ်”

သူမတုန်မလှုပ်ရှိနေ၏။ မောပန်းနာကျင်ခြင်းကြီးစွာသော သားရဲကောင်ကြီးသည် အထပ်ထပ်ရစ်ပတ်လာသော နှောင်ကြိုးများအောက်တွင် မလှုပ်မရှားဖြစ်လာသကဲ့သို့ပင်။

“အဆွေပေါရိသာဒ၊ တော်တည့်မှန်ကန်တဲ့ ယောကျ်ားဟာ ပုဂ္ဂိုလ်တစ်ဦးထံမှ အကျိုးအပြစ်ခွဲခြားပြတတ်တဲ့ အကြောင်းအရာကို သိခွင့်ရခဲ့တယ်၊ ဒီလိုသိခဲ့ရင် အဲဒီ ပုဂ္ဂိုလ်ရဲ့ ယုံမှားခြင်းကို ပယ်ဖျောက်ရတယ်၊ ထိုပုဂ္ဂိုလ်ဟာ အဲဒီယောကျ်ားရဲ့ မှီခိုရာဖြစ်တယ်၊ လဲလျောင်းရာ ဖြစ်တယ်၊ ဆရာဖြစ်တဲ့ ထိုပုဂ္ဂိုလ်နဲ့ အဆွေခင်ပွန်းဖြစ်ရတဲ့ဘဝကို မဖျက်ဆီးရဘူး”

ဤစကားသည် တာသွားလှသည်ဟု ဆိုရပေမည်။ တက္ကသိုလ်မြို့တံခါး၊ အဝင်ဇရပ်၌ စတင်တွေ့ဆုံခဲ့ကြသော အဖြစ်သည် စင်စစ်မဝေးလှသေး။ ထိုအဖြစ်ကို ပေါရိသာဒ သတိရနိုင်ပါစေ။

ဇရပ်ဆောင်ငယ် ပျဉ်တစ်ပြားတည်းမှာ ထိုင်ရင်း မိတ်ဆက်စကားပြောခဲ့ကြသည့်သူနှစ်ယောက်။ ကောရဗျမင်း၏ သားတော် သုတသောမနှင့် ကာသိမင်း၏ သားတော် ဗြဟ္မဒတ္တမင်းသား ကျွန်ုပ်နှင့်သူ . . .

ထို့နောက် တက္ကသိုလ်လာတွင် ဆရာစောင့်တပည့်ကြီးအဖြစ် ကျွန်ုပ်က တာဝန်ယူလျက် ကျန်တပည့်များအား အုပ်ချုပ်ခဲ့ရာတွင် ကျွန်ုပ်နှင့်အနီးစပ် ဆုံး၊ အရင်းချာဆုံး ဖြစ်ခဲ့လေသောသူ၊ ဗြဟ္မဒတ္တ၊ ယခု ပေါရိသာဒ။

ကျွန်ုပ်သည် သူ့ဆရာစင်စစ် ဧကန်ဖြစ်ခဲ့ကြောင်း သူကောင်းစွာ သတိရပါစေ။

လူ၏အသွေးအသားတို့ဖြင့် မြင်မကောင်းအောင် လိမ်းကျံခဲ့ပြီဖြစ်လေသော သူ့နှလုံးသားတွင် ထိုကာလ၊ ထိုဖြစ်ရပ်ကလေးကို မမေ့မလျော့ သတိတရရှိပါစေ။

“ပေါရိသာဒ . . . ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့ ဆရာရဲ့ စကားကို

ပယ်ရှားဖျက်ဆီးဖို့ မသင့်ဘူး၊ ကျွန်ုပ်ဟာ သင့်ရဲ့ဆရာအဖြစ်နဲ့ အတတ်ပညာတွေကို သင်ကြားပေးခဲ့တယ်၊ သင်မမေ့တန်ကောင်းပါဘူး၊ အခု ဟောဒီတောအုပ် ပညောင်ပင်ဝန်းရိပ်မှာလည်း သင်ကြားနာပါရစေ တောင်းပန်လို့ မြတ်စွာဘုရားရဲ့ သတာရဟာဂါထာကို ဟောကြားပေးခဲ့တယ်၊ ဒါကြောင့် ဆရာဖြစ်တဲ့ ကျွန်ုပ်စကားကို သင်လိုက်နာဖို့ ထိုက်လှပေတော့တယ်”

― ― ―

ဆရာ . . . ဆရာ . . . တဲ့၊ တက္ကသီလာ မြို့တံခါးအဝင် ဇရပ်ပေါ်မှာ စ,တွေ့ခဲ့ကြတဲ့ သုတသောမမင်းသား။ ပြီးတော့ ဆရာစောင့်တပည့်ကြီးအဖြစ်နဲ့ ငါ့အပေါ် အနီးကပ်သွန်သင် ပို့ချပေးခဲ့တဲ့ သုတသောမ၊ ပြီးတော့ မကြာခင်ကမှ ဟောကြားပေးခဲ့တဲ့ သတာရဟာဂါထာ၊ သူဟာ ငါ့ဆရာ၊ သူဟာ ငါ့ရဲ့ ကျေးဇူးရှင်ဆရာပါလား၊ သူ့ကျေးဇူးတွေ ငါ့အပေါ်မှာ အပုံအပင်။

တော်တည့်မှန်ကန်သူဆိုတာ မှန်သောတရားကို စောင့်ရှောက်ဖို့အတွက် စည်းစိမ်၊ အင်္ဂါ၊ အသက်ကိုပင် စွန့်သတဲ့၊ တော်တည့်မှန်ကန်သူဆိုတာ မိမိရဲ့ ဝန်ခံကတိစကားကို အသက်နဲ့လဲပြီး ထိန်းသိမ်းသတဲ့။

သူ့စကားတွေကို ငါဘယ်လိုမှ ငြင်းမရဘူး။ အားလုံးဟာ မှန်တဲ့စကားတွေချည်းပဲ။ ဘယ်လောက်အထိ မှန်သလဲ။ နှလုံးသွေးထွက်တဲ့အထိ မှန်တယ်။

လူသားစားခြင်းကို စွန့်လွှတ်ပါ . . . တဲ့ . . . ငါ့ဆရာက ငါ့ထံက ဆုတောင်းယူနေပြီ။ လိုသော ဆုကိုတောင်းပေးမယ်လို့ ငါပြောခဲ့တယ်။ အဲဒါ ငါ့ကတိစကား . . . ။

ငါဘာလုပ်ရမလဲ . . . ။ မင်းဘာလုပ်မလဲ ပေါရိသာဒ။

လူသားကိုမှ မစားရရင် ငါသေမှာ မုချ။

လူသားနဲ့ ငါ့အသက် ဆက်ထားရတယ်။ ရှိရှိသမျှ ခပ်သိမ်းထက် စုံမက်လွန်းလို့ အားလုံးကို ငါစွန့်ပစ်၊ ဒီလူသားနောက် ငါလိုက်ခဲ့တယ်။

ငါ့ဘဝ၊ ငါ့ကိုယ်၊ ငါ့အသက် ငါ့ရဲ့ရှင်သန်မှုအားလုံးဟာ မနုဿမံသလူ့အသားပေါ်မှာပဲ လုံးဝတည်မှီနေပြီ။ လူသားစားခြင်းဆိုတာကို ထုတ်ပယ်လိုက်ရင် အဲဒါဟာ ငါ့ရဲ့ သေဆုံးခြင်းပဲ။

ငါ့မှာ ရွေးစရာနှစ်လမ်းပဲ ရှိတယ်။

လူသားစားပြီး ဆက်လက်အသက်ရှင်မလား။

လူသားကို စွန့်ပြီး သေဆုံးမလား။

သုတသောမက ငါ့ဆရာ . . . ငါ့ကျေးဇူးရှင်။ ငါ့ဆရာ ငါ့ကျေးဇူးရှင် လိုရာဆုတောင်းဖို့ . . . ငါခွင့်ပြုခဲ့တယ်။ အခုသူက လူသားကို စွန့်ပါတဲ့။

စားတော်ချက် ရသက။ ငါ့အဖြစ်ကို မင်း မသိနိုင်တော့ဘူး။ အေးလေ . . . မင်းကိုပါ ငါ သတ်စားခဲ့တာကိုး။

ငါဘာလုပ်ရမလဲ။ မင်းဘာလုပ်မလဲ ပေါရိသာဒ . . .

အခုကိုပဲ ဒီအကြောင်းတွေးနေရင်း ငါ့ကိုယ်ထဲမှာ ပူလောင်နေပြီ။ ငါ့အသွေးအသားတွေက လူသားကို တောင်းဆိုနေကြပြီ။ တောင်းဆိုပူဆာနေကြတဲ့ အသံတွေနဲ့ ငါ့ရင်ခေါင်းထဲမှာ၊ ငါ့လည်ချောင်းထဲမှာ ငါ့ခံတွင်းထဲမှာ ပွက်ပွက်ဆူနေပြီ။ ဒီခံတွင်း၊ ဒီသွား၊ ဒီလျှာတွေကနေ တစ်ဆင့်၊ ဒီလည်ချောင်းက တစ်ဆင့် မီးမြိုက်ခံရသလို ဖျစ်ဖျစ်အော်နေတဲ့ အစာအိမ်ထဲကို လူသားတစ်တုံးတစ်ဖဲ့တလေမှ ငါထည့်မပေးဘူးဆိုရင် . . .

အလိုလေးလေး . . . ၊ လူသား ငတ်မွတ်ခြင်း ဝေဒနာကြောင့် ငါ့တစ်ကိုယ်လုံး ဖျစ်ဖျစ်မြည်ပေါက်ကွဲတော့မယ်ထင်ရဲ့။

ဟုတ်ပါတယ် . . . ငါသေရတော့မှာပါ . . . ။

ငါ့ဆရာတောင်းတဲ့ဆုကို ငါမပေးလို့ မရတော့ဘူး . . . ။

အရာခပ်သိမ်းက ငါ့ကို တစ်နေရာတည်းကိုပဲ ပို့ဆောင်နေပြီ။

အဲဒီနေရာက လူသားမစားတော့ပါဘူးဆိုတဲ့ ကတိ။ ပြီးတော့ တစ်ဆက်တည်းမှာပဲ သေဆုံးခြင်း။ ငါ့နှုတ်ခမ်းတွေ၊ လျှာတွေ၊ လည်ချောင်းတွေဟာ စွန့်လွှတ်ပျောက်ဆုံးရတဲ့ လူသားကြောင့် အက်ကွဲလာကြတော့မယ်။ လူသားကို မြိန်ရှက်စွာ ပို့ဆောင်ပေးကြတဲ့ ငါ့အူတွေ ခြောက်သရောင်း တွန့်လိမ်ကွေးကောက်ကြတော့မယ်။ ငါ့အစာအိမ်ဟာ အချိန်တန်လို့မှ ရောက်မလာတဲ့ လူသားအတွက် ပေါက်ကွဲသွားတော့မယ် . . . ။

အဲဒီအခါမှာ ငါဟာ ဆောက်တည်ရာမဲ့ လူးလိမ့်သေဆုံး . . .

တစ်ကိုယ်လုံးမှာရှိတဲ့ အကြောအခြင်တွေ ဖူးဖူးရုန်းကြွ . . .

ငါ . . . သေရမှာ . . . မုချ ဖြစ်တယ် . . .

ပေါရိသာဒ . . . တစ်ချိန်က ဗြဟ္မဒတ္တလို့ ခေါ်တဲ့ . . . အခု ပေါရိသာဒလို့ ခေါ်တဲ့ . . . လူတစ်ယောက်၊ ယောကျ်ားတစ်ယောက် . . .။ အသေဆိုးနဲ့သေ။

ဟော့ . . . သေပစေတော့ . . . ။

သေပစေတော့၊ လူသားကို . . . ငါ . . . မစားတော့ဘူး။

အလို . . . မျက်နှာတစ်ပြင်လုံး ပူနွေးလို့ပါလား၊ ဒါ ငါ့မျက်ရည်တွေပေါ့ . . . တစ်ပေါက်ပေါက်လိမ့်ဆင်းနေတဲ့ မျက်ရည်တွေ . . . ။

ငါ . . . အသေခံလိုက်တော့မယ်။

"သုတသောမမင်းမြတ် . . . သင့်ခြေရင်းမှာ ကျွန်ုပ်ဝပ်စင်းပြီး၊

ကျွန်ုပ်ဒီစကားကို ဆိုပါပြီ။ လူသားကြောင့် ကျွန်ုပ်အရာရာကို စွန့်ပြီးဒီတောသို့ ဝင်ခဲ့ပါတယ်၊ လူသားဟာ ကျွန်ုပ်အတွက် အတုမရှိသော တစ်ခုတည်းသော မြတ်နိုးစွဲမက်မှုဖြစ်ပါတယ်၊ ယခု . . . ကျွန်ုပ် . . . ဒီ . . . အစာကို . . . ”

ပြောလေ . . . ပေါ်ရိသာဒ . . . ဆက်ပြော။ ဘာကြောင့် တွန့်ဆုတ်နေတာလဲ။ ဘာကြောင့် ထစ်ငေါ့သွားတာလဲ . . . ပြော . . . ဆက်ပြော။

“ကျွန်ုပ် ဒီလူသားကို စွန့်လွှတ်ပြီဖြစ်ကြောင်း သင်တောင်းတဲ့ဆုကို ကျွန်ုပ်ပေးပါပြီ၊ သုတသောမမင်းမြတ်”

ရှိရှိသမျှ ခွန်အားတို့၊ လျင်မြန်စွာ ဆုတ်ယုတ်သွားပြီလား။ သူ့ခြေရင်းမှာ ပုံလဲကျ။ အို . . . ငါ သေရတော့မှာလား . . . ။

## ၁၉

အမြီးဖျားမှ ဆွဲကိုင်ကာ စိတ်ရှိတိုင်း ဝှေ့ယမ်းပြီးမှ ကိုင်ပေါက်ခံလိုက်ရသည့် မြွေတစ်ကောင်နှယ် အရိုးများ ဖျစ်ဖျစ်မြည်၊ အကြောများ ဆတ်ဆတ်တုန်ကာ သူ့ရှေ့တွင် ပုံလျက်သား လဲကျသွားပြီးနောက် ပြန်၍ စန့်စန့်မမတ်နိုင်တော့။

ထိုအချိန်ဝယ် နူးညံ့နွေးထွေးသော လက်တစ်ဖက်က ပခုံးပေါ်သို့ ရောက်လာ၏။

သူ့လက်၊ မဟာသုတသောမ၏ လက်။

---

လူသားစားပေါရိသာဒသည် လူသားကို စွန့်လွှတ်ကြောင်း ကတိဝန်ခံစကားဆိုပေပြီ။ ခက်ခဲလှစွာသော အမှုကို သူပြုခဲ့ပေပြီ။ သို့သော် မကောင်းမှုကို ရှောင်ရုံမျှဖြင့် ပြည့်စုံသည်မဟုတ်သေး။ ကောင်းမှုကို ဆောင်ရပေဦးမည်။

အညစ်အကြေးတို့ စင်သွားသောနေရာ၌ အမွှေးအကြိုင်ကို သုတ်လိမ်းရဦးမည် ထို့ကြောင့် သိမ့်သိမ့်တုန်နေသော သူ့ပခုံးပေါ်သို့ ကျွန်ုပ်လက်တင်လိုက်၏။

“အဆွေပေါရိသာဒ၊ သင်ပေးတဲ့ဆုကို ကျွန်ုပ်ယူလိုက်ပြီ၊ ရလိုက်ပြီ၊ အခုအချိန်ကစလို့ မြတ်သောအကျင့်မှာ တည်သူ သင်ဖြစ်ပြီ၊ ဒါပေမဲ့ မိတ်ဆွေသင့်ကို ကျွန်ုပ်တောင်းပန်ပါရစေ၊ သီလ၌တည်သောသူဟာ သေသည်ဆိုတောင်မှ မြတ်သော သေခြင်းမည်ပါတယ်၊ ဒါကြောင့် ကျွန်ုပ်ကို အသင်ချစ်ခင်ရင်းစွဲ ရှိတယ်ဆိုရင် သင့်ကို ထပ်ပေးစရာရှိပါတယ်၊ သင်ယူစေချင်ပါတယ်”

သူ ဘာပြန်ပြောမည်နည်းဟူ၍ စကားစကို ဖြတ်ကာ နားစွင့်နေလိုက်သည်။ အားအင်ချည့်နဲ့ ကုန်ခမ်းသွားပြီဖြစ်သော သူ့ထံမှ မည်သည့် တုံ့ပြန်မှုမျှမရ။

ကျွန်ုပ် စကားဆက်လိုက်သည်။

"မိတ်ဆွေ ပေါရိသာဒ၊ သင် ပဉ္စသီလ ဆောက်တည်စေချင်တယ်"

သူမျက်နှာမော့ကြည့်၏။ မျက်ရည်များ ဝန်းဖွဲ့ဆဲ မျက်အိမ်များသည် အံ့သြဖွယ်ပင် ကလေးငယ်တစ်ယောက်၏ မျက်လုံးများလို ပကတိ အပြစ်ကင်း စင်နေကြဟန် ကြည်လင်နေသည်။

"ကောင်းပါပြီ၊ အဆွေသုတသောမ ကျွန်ုပ်ကို ငါးပါးသီလပေးပါ"

ပေါရိသာဒသည် ထိုသို့ဆိုလျက် အားယူထကာ ကျွန်ုပ်နှင့်မနီးမဝေး သင့်တင့်လျောက်ပတ်သော နေရာဆီသို့ ခွာသွား၏။ ထို့နောက် သူလက်အုပ် ချီလေသည်။ မယုံနိုင်စရာ ကောင်းလောက်အောင်ပင် အပြောင်းလဲကြီး ပြောင်း လဲသွားခြင်းပါတကား။

"ကျွန်ုပ်သည် ယခုမှစ၍ အသက်ထက်ဆုံး ငါးပါးသော သီလတို့၌ မရွေ့မလျား၊ အပြောက်အကြား မရှိတည်လျက်၊ စောင့်ထိန်းကျင့်သုံးပါမည်ဟု အာမဝန္တပြုပါ၏၊ လိုက်ဆိုပါ ပေါရိသာဒ"

"ကျွန်ုပ်သည် ယခုမှစ၍ . . . ပြုပါ၏"

"နှစ်ကြိမ်မြောက် သုံးကြိမ်မြောက်လည်း အာမဝန္တပြုပါ၏"

"နှစ်ကြိမ်မြောက် . . . ပြုပါ၏"

"သူတစ်ပါးတို့၏ အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါမည် ဟူ၍ . . . "

"သူတစ်ပါးတို့၏ အသက်ကို . . . "

"သူတစ်ပါးတို့၏ ဥစ္စာကို ခိုးယူခြင်းမှ . . . "

"သူတစ်ပါးတို့၏ ဥစ္စာကို . . . "

"သူတစ်ပါး၏ သားမယားကို ဖျက်ဆီးခြင်းမှ . . . "

"သူတစ်ပါး၏ သားမယားကို . . . "

"မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ . . . "

"မဟုတ်မမှန်သော စကားကို . . ."

"သေရည်သူရာ သောက်သုံးခြင်းမှ . . . "

"သေရည်သူရာ သောက်သုံးခြင်းမှ . . . "

"သင် ခံယူဆောက်တည်အပ်သော ပဉ္စသီလတို့ကို မပျက်သ လောက်၊ မပြောက်မကြား၊ စေ့စပ်လုံခြုံစွာ စောင့်ထိန်းဆောက်တည်လျက် သတိတရားကို မကွာအမြဲ လက်ကိုင် ပြုပါလေ ပေါရိသာဒ"

"ကျွန်ုပ် ဝန်ခံကတိပြုပါ၏။ မဟာသုတသောမ"

"ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ"

Type in the text you want to insert



ပေါရိသာဒ လူသားကို စွန့်လွှတ်ကြောင်း ကတိပေးခဲ့စဉ် အချိန်ကတည်းက ဘုမ္မစိုးနတ်များသည် ထိုအရပ်ဝန်းကျင်သို့ စုရုံးရောက်ရှိနေခဲ့ကြပြီး ဖြစ်၏။ ယခု မဟာသုတသောမမင်းနှင့် ပေါရိသာဒတို့ ငါးပါးသီလပေးအပ်ခြင်း၊ ခံယူခြင်းအမှု ပြီးသောအခါတွင်ကား ဘုမ္မစိုးနတ်တို့သည် ဤသို့ ကြွေးကြော်လိုက်ကြလေသည်။

"အောက်အရပ် အဝီစိမှသည် အထက်အရပ် ဘဝဂ်တိုင်အောင် လူသားစား ပေါရိသာဒကို ဆုံးမချေချွတ်နိုင်သောသူဟူ၍ ဤမဟာသုတသောမမင်းမှ တစ်ပါးမရှိ၊ အံ့ဖွယ်တကား၊ မဟာသုတသောမမင်းသည် သူတကာတို့ပြုနိုင်ခဲသော အမှုကို ပြုနိုင်စွမ်းသည်တကား၊ သာဓု . . . သာဓု . . . သာဓု"

ဘုမ္မစိုးနတ်တို့၏ ကောင်းချီးကြွေးသံ၊ ဥဒါန်းကျူးသံသည် သည်းစွာသော အသံဖြင့် အလုံးစုံသော တောကို ပဲ့တင်ထပ်သွားစေလေသည်။

သိမ့်သိမ့်တုန်ခါ ပဲ့တင်ဟီးသော ထိုအသံတို့ကို ကြားကြကုန်သည့် စတုမဟာရာဇ်နတ်တို့လည်း အလားတူ ကောင်းချီးပေးကြပြန်၏။ ဤသို့ဖြင့် တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ . . . စသည်ဖြင့် အဆင့်ဆင့်ပျံ့လျက် အထက် ဗြဟ္မာပြည်တိုင်အောင် အုတ်အုတ်ကျက်ကျက်သောအသံသည် ဖြစ်ထွန်းလေသည်။ ပညောင်ပင်စောင့်နတ်သည်လည်း မိမိဗိမာန်၌ တည်လျက်ပင် ကောင်းချီးပေးလေသည်။

— — —

ပဉ္စသီလကို ခံယူဆောက်တည်ပြီးသော ပေါရိသာဒသည် ကျွန်ုပ်ကို ရှိခိုး၍ သင့်တင့်လျောက်ပတ်သောအရပ်၌ နေ၏။ နှလုံးသားအသစ်၊ ဘဝအသစ်သို့ ပြောင်းလဲသွားခဲ့ပြီဖြစ်သည့် ပေါရိသာဒကို ကြည်နူးစွာ ကြည့်လျက်

"အဆွေ . . . အခု အသင်ဆက်လက်လုပ်ဆောင်စရာ တစ်ခုရှိနေသေးတယ်"

"ပြောပါ မဟာသုတသောမ"

"သင်ဖမ်းယူပြီး ပညောင်ပင်မှာ အတွဲအရွဲချည်နှောင်ထားတဲ့ ဘုရင်တွေကို နှောင်က ဖြေပြီး လွှတ်ပေးဖို့ပါပဲ"

သူတစ်အောင့်မျှ တွေသွားပြီးနောက်

"ကောင်းပါပြီ၊ အသင်ဟာ ကျွန်ုပ်ရဲ့ ဆရာလည်းဆရာ၊ မိတ်ဆွေလည်း မိတ်ဆွေဖြစ်ပါတယ်၊ သင့်စကားအတိုင်း ကျွန်ုပ်လိုက်နာပါ့မယ်၊ အလားတူစွာ ကျွန်ုပ်ဆန္ဒတစ်ခုကိုလည်း သင်ဖြည့်စွမ်းလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"ပြောပါ ပေါရိသာဒ"

"ပြည့်ရှင်ဘုရင်တွေကို ကျွန်ုပ်လွှတ်ပေးပါမယ်၊ နှောင်ကြိုးများ ဖြေရာမှာ ကျွန်ုပ်နဲ့အတူ သင်ပါလိုက်ပါစေလိုပါတယ်၊ နှစ်ယောက်အတူသွား ပြီး လွှတ်ကြပါစို့"

ကျွန်ုပ်စိတ်ထဲမှပင် နှစ်သိမ့်စွာ ပြုံးလိုက်မိ၏။ စောစောက သူတစ် အောင့်မျှ တွေခနဲ ဖြစ်သွားခြင်းကိုလည်း သဘောပေါက်လိုက်မိသည်။

မှန်ပေသည်။ ပေါရိသာဒသည် ထိုပြည့်ရှင်မင်းတို့ကို အဓမ္မဖမ်းဆီး ခေါ်ဆောင်ခဲ့ကာ ပညောင်ပင်တွင် ယဇ်သားကောင်များအဖြစ် နှောင်တည်း တွဲရရွဲ ဆွဲထားခဲ့ပေသည်။ ယခုသူက သူတို့ကို နှောင်ကြိုးဖြေ၍ လွှတ်သော အခါ ငါတို့၏ ရန်သူကြီးဟု ဆိုကာ ပြည့်ရှင်မင်းများသည် ပေါရိသာဒကို တိုက်ခိုက်ကြပေလိမ့်မည်။ ပေါရိသာဒကား အဆိပ်ကို ထုတ်၊ အစွယ်ကို နုတ် ပြီးသောသူ ဖြစ်သွားခဲ့ပြီ။ ထို့အပြင် ပဉ္စသီလကို ခံယူဆောက်တည်ပြီးသူလည်း ဖြစ်သွားပြီ။ ပြည့်ရှင်မင်းတို့က ဝိုင်းဝန်းရန်ပြုတိုက်ခိုက်ချိန်တွင် သူသည် သူ၏ သီလကို အပျက်မခံ၊ အသက်သာ အသေခံမည့်သူဖြစ်ကြောင်း ကျွန်ုပ်သိပေ သည်။ သို့တစေ ပေါရိသာဒသည် သူ၏ စိတ်သစ်၊ နှလုံးသစ်၊ ဘဝသစ်ကို ဘေးဥပါဒ် အန္တရာယ်ကင်းစွာ ဆက်လက်တည်ဆောက်ရှင်သန်လိုပေလိမ့်မည်။ ထို့ကြောင့် နှစ်ယောက်အတူသွားပြီး လွှတ်ကြပါစို့ဟု ကျွန်ုပ်ကို အကူအညီ တောင်းခြင်း ဖြစ်လေသည်။

ဤကား သူရသင့်ရထိုက်သော အကူအညီပင်ဖြစ်၏။

"ကောင်းပြီ ပေါရိသာဒ၊ သင်ပြောသလို ကျွန်ုပ်စကားကို သင် လိုက်နာသလို သင့်ဆန္ဒကိုလည်း ကျွန်ုပ်လိုက်နာ ဖြည့်စွမ်းရမှာဖြစ်ပေတယ်။ ကျွန်ုပ်ဟာ သင့်ရဲ့ ဆရာလည်း ဖြစ်၊ မိတ်ဆွေလည်းဖြစ်တဲ့သူ၊ လာ ကျွန်ုပ်တို့ နှစ်ယောက် အတူသွားပြီး လွှတ်ကြစို့"

ပညောင်ပင်ရိပ်တန်းဆီသို့ ကျွန်ုပ်နှင့် ပေါရိသာဒတို့ ထွက်ခဲ့ကြ၏။ လက်ဝါးကို ကြိုးဖြင့် တုပ်နှောင်လျက် ပညောင်ပင်ခက်တို့တွင် ချည်ကာ ခြေ ဖျား မြေထိ တွဲရရွဲဆွဲထားခြင်း ခံရသော ပြည့်ရှင်မင်းများကား ဆင်စွယ် ကောက်၌ ဆွဲအပ်သော လိပ်ဆံရွှေပန်းကုံးခြောက်များကဲ့သို့ ပညောင်ပင် အောက်၌ တလှုပ်လှုပ် တလည်လည်ရှိနေကြလေသည်။

ကျွန်ုပ်နှင့် ပေါရိသာဒတို့ကို မြင်သောအခါ သူတို့က အားပျော့ ချည့်နဲ့သော အသံများဖြင့်

"ငါတို့ လွှတ်တော့မယ်၊ ငါတို့ဘေးကင်းပြီ"ဟု အော်မြည်ကြရာ၏။

ကျွန်ုပ်က ပေါရိသာဒကို လှည့်ကြည့်လိုက်ရာ တစ်စုံတစ်ရာကို ပြောနေသည့် အဓိပ္ပာယ်ဆောင်သည့် သူ့မျက်လုံးများကို တွေ့လိုက်ရ၏။

ကျွန်ုပ် ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ပြည့်ရှင်မင်းများ အားလုံးကြားနိုင်လောက်အောင် အသံကို မြှင့်၍ "မင်းမြတ်ရာဇာတို့၊ ဘာမှ စိုးရိမ်ကြောင့်ကြစရာမရှိတော့ပါ၊ ပေါရိသာဒဟာ ကျွန်ုပ်ရဲ့ ဆုံးမစကားမှာ တည်ခဲ့ပြီ၊ သင်တို့အားလုံး ဘေးအန္တရာယ်က လွတ်မြောက်ကြပါပြီ၊ ကျွန်ုပ်အခုပြောမယ့် စကားကို သင်တို့ အားလုံး နားထောင်လိုက်နာကြပါ"

သူတို့အားလုံး ငြိမ်သက်သွားကြသည်။

"အသင်တို့ကို ပေါရိသာဒက ဖမ်းဆီးခေါ်ငင်ပြီး အခုလို ပညောင်ပင်မှာ ကြိုးနဲ့ တွဲချည် ညှဉ်းဆဲခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ သင်တို့ရဲ့ အသက်ကို ချမ်းသာပေးခဲ့ပြီဖြစ်တဲ့ ပေါရိသာဒကို သင်တို့ တုံ့ပြန် ရန်မပြုကြပါနဲ့၊ မပြစ်မှားကြပါနဲ့၊ ဒီဝန်ခံစကားကို လိုချင်တယ်"

သူတို့ထံမှ ဝန်ခံစကားများ ထွက်ပေါ်လာကြ၏။

"ကျွန်ုပ်တို့ ကတိပြုပါတယ် မဟာသုတသောမ"

"ကျွန်ုပ်တို့ သူ့ကို တုံ့ပြန်ခြင်း မပြုပါဘူး"

ဤမျှဖြင့် မပြည့်စုံနိုင်သေး။ အသက်အန္တရာယ်၊ အချုပ်အနှောင်အန္တရာယ်မှ လွတ်ချင်ဇောဖြင့် လွယ်လင့်တကူ ကတိဝန်တာခံခြင်းမျိုး ဖြစ်တတ်လေရာ ပို၍ မြဲမြံအောင် ကျွန်ုပ်နောက်ထပ် စကားတစ်ခွန်း ထပ်ဆိုရပြန်သည်။

"မင်းမြတ်ရာဇာတို့၊ အဖသည်လည်းကောင်း၊ အမိသည်လည်း ကောင်း သားသမီးတို့အပေါ် အစဉ်သဖြင့် သနားတတ်ပြီး အကျိုးစီးပွားကို အလိုရှိကြပေတယ်၊ ထို့အတူ ပေါရိသာဒဟာ သင်တို့အပေါ် သနားခြင်းဖြင့် အကျိုးကို လိုလားသူဖြစ်တယ်၊ ဒါကြောင့် ပေါရိသာဒကို အဖအမိအလား သဘောထားကြပါ၊ မိမိတို့ကိုယ် မိမိ သားသမီးအလား ပိုက်ယူကြပါ"

"ကောင်းပါပြီ မဟာသုတသောမမင်း၊ ကျွန်ုပ်တို့ ထပ်မံ ဝန်ခံကတိပြုပါတယ်၊ ပေါရိသာဒကို အဖအမိအလား၊ ကျွန်ုပ်တို့ ကိုယ် ကျွန်ုပ်တို့ သားသမီးအလား ခံယူပါတယ်"

စိတ်ချရပေပြီ။ ဘယာမှသည် သဒ္ဓါသို့ ကူးပြောင်းစေခဲ့ပြီ။ ကြောက်ရွံ့တုန်လှုပ်မှုဖြင့် ဘေးမှ လွတ်မြောက်လိုစိတ်ကို အခြေခံကာ ပေးသော ကတိမည်ကာမတ္တ မဟုတ်တော့။ ယုံကြည်သက်ဝင်ခြင်းကို အခြေခံသော ကတိဖြစ်လေပြီ။

"အဆွေ ပေါရိသာဒ၊ သူတို့ကို လွှတ်ပေးလိုက်ပါတော့"

ပေါရိသာဒသည် သန်လျက်ကို စွဲ၍ အနီးဆုံး ဘုရင်အနီး ချဉ်းကပ်၏။

Type in the text you want to insert

# ၂၀

ထို့နောက် ထိုမင်းအား ဖွဲ့နှောင်တုပ်ချည်ထားသည့် ကြိုးကို သန်လျက်ဖြင့် ခုတ်ဖြတ်၏။ ကြိုးပြတ်သွားသည်နှင့် ထိုမင်းသည် မြေပြင်ပေါ်သို့ ကစဥ့်ကလျား ပြိုလဲကျကာ မိန်းမောနေလေသည်။ ဟုတ်ပေသည်။ ပေါ်ရိသာဒသည် သူ၏ ယဇ်ကောင်များကို ဖမ်းဆီးကာ ပညောင်ပင်၌ တုပ်နှောင်ဆွဲချည်၊ တွဲရရွဲသီခဲ့သည်မှာ ခုနစ်ရက်ရှိခဲ့ပြီ။ ခုနစ်ရက်လုံးလုံး အစာရေစာ ပြတ်လပ်နေခဲ့ကြသည်ပင်။

"ပေါရိသာဒ အဲဒီလိုမဖြတ်နဲ့၊ ကျွန်ုပ်ပါကူမယ်"

ဒုတိယမင်းကို ကျွန်ုပ်သည် မြဲစွာ ကိုင်ထားပြီးမှ ပေါရိသာဒကို ကြိုးဖြတ်စေသည်။ ကြိုးဖြတ်ပြီး ကစဥ့်ကလျား ကျလာသည့် ထိုမင်းကို ကျွန်ုပ် အသေအချာ ပွေ့ပိုက်ချီမကာ မြေပေါ်သို့ အသာအယာချပေးလိုက်၏။ ဤနည်းဖြင့် ဘုရင်များအားလုံးကိုချမ်းသာရာရစေပြီးမှ သူတို့၏ ဒဏ်ရာများကို ဖန်ရည်ဆေးပေးရ၏။ ထို့နောက် ကြိုးစမျှင်များကို အသေးဆုံး အနုးညံ့ဆုံးဖြစ်အောင် ကျစ်လိမ်လျက် သူတို့၏ အနာမှ သွေးပြည်များကို သုတ်သင်ပေးရ သည်။ ပေါရိသာဒကား ကျွန်ုပ်စေခိုင်းသမျှ အလုပ်များကို တက်ကြွစွာ နာခံလုပ်ကိုင်ရှာလေသည်။

"ပေါရိသာဒ သင်ဟာ တောကျွမ်းသူဖြစ်တယ်၊ တောထဲက ဆေးဖက်ဝင် သစ်ပင်တို့ရဲ့ အခေါက်ကိုခွာ၊ ကျောက်ဖျာပြင်မှာ သွေးပြီးယူခဲ့ပါ"

"ကောင်းပါပြီ မဟာသုတသောမ"

သူယူလာသောဆေးဖြင့် အနာတို့ကို လိမ်းကျံပေးရပြန်သည်။

"ပေါရိသာဒ သူတို့ရဲ့ ဒဏ်ရာတွေကတော့ သက်သာလာကြပါပြီ၊ ဒါပေမဲ့ သူတို့ အားပြတ်နေတယ်၊ အားရှိအောင် လုပ်ဖို့လိုတယ်၊ ဖြစ်နိုင်ရင် သူတို့ကို ယက်မန်း ယာဂုတိုက်ချင်တယ်"

Type in the text you want to insert



"ဖြစ်ရပါစေမယ် မဟာသုတသောမ"

ယက်မန်းယာဂု ကျိုရန် ဆန်ကို သူဘယ်သို့ ရရှိကြောင်း၊ ကျွန်ုပ်သိလိုက်သည်။ သူသတ်စားခဲ့သော သူ၏ စားတော်ချက် ရသကရှိစဉ် ရသကသိုလှောင်ထားသော ရိက္ခာများပင်ဖြစ်၏။ သူ့အတိတ်ကို ပြန်လည်မတူးဆွရက်သဖြင့် ယက်မန်းယာဂုအကြောင်းကို ကျွန်ုပ်မသိကျိုးကျွံထားလိုက်သည်။

"မိတ်ဆွေ မဟာသုတသောမ၊ သူတို့ဟာ အစာရေစာ ပြတ်လပ်နေသူတွေဖြစ်လို့ ယက်မန်းယာဂုကို ထမင်းလုံးကျေအောင် ကျွန်ုပ်ကျိုခဲ့ပါတယ်၊ ထမင်းစေ့တွေနဲ့ဆိုရင် သူတို့အစာချက်နိုင်မှာ မဟုတ်ဘူး"

ဩော် . . . လူ့သားစား လူ့ဘီလူးကြီးဖြစ်ခဲ့သူ၏ အပြောင်းအလဲကြီး ပြောင်းလဲမှုပေပင်။

"သိပ်မှန်တာပေါ့ ပေါရိသာဒ၊ ထမင်းလုံးမပါတဲ့ ယက်မန်းယာဂုကို နံနက် နေ့လယ် ညချမ်း တစ်နေ့သုံးကြိမ် တိုက်ကျွေးရမယ်၊ ဒီအတိုင်း သုံးရက်တိုက်ပြီးမှ ထမင်းလုံးနဲ့ ယာဂုကို တိုက်မယ်"

"ကောင်းပါပြီ မဟာသုတသောမ"

ယခုတော့မူ ပေါရိသာဒသည် သူဖမ်းဆီးထားခဲ့သော ယဇ်သားကောင်များတွက် အနာကုသူ၊ ယာဂုတိုက်ကျွေးသူ၊ ပြုစု ယုယသူဖြစ်နေတော့သည်။ ထိုအလုပ်များကို သူသည် စိတ်ပါလက်ပါပင် ပြုလုပ်ရှာပါပေသည်။

သုံးရက်လွန်သောအခါ မင်းအားလုံးပင် ပကတိအနေသို့ ရောက်ရှိလာကြကာ ကောင်းစွာ ကျန်းမာခဲ့ကြသည်။ မိမိတို့ဆိုင်ရာဆိုင်ရာ တိုင်းပြည်သို့ ပြန်ကြဖို့သာ ရှိတော့သည်။

"ပြည့်ရှင်မင်းတို့ ယခုအခါ ကိုယ့်ပြည် ကိုယ့်နန်းဆီ ပြန်ကြဖို့ပဲ ရှိတော့တယ်၊ သင်တို့ သွားနိုင် လာနိုင်ကြပြီလား"

သူတို့အားလုံးက သွားလာနိုင်ပြီဖြစ်ကြောင်း ဖြေကြ၏။

ထိုအချိန်ဝယ် ပေါရိသာဒကား သူပြုစုကုသခဲ့သော မင်းတို့အပါးမှ ဝေးရာသို့ ရှောင်ဖယ်နေလေသည်။ ပြီးခဲ့သည့် သုံးရက်တုန်းကကဲ့သို့ တက်ကြွသော အမူအရာမရှိတော့ဘဲ သူ့ဘာသာသူသာ တစ်ကိုယ်တည်း ခွဲထွက်နေသည်။

ဩော် . . . သူ့အပြစ်ကြောင့် ပြည့်ရှင်မင်းများကို သူ မျက်နှာချင်း မဆိုင်ရဲခြင်း ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် သူ့ကို ကျွန်ုပ်တို့ရှိရာသို့ မခေါ်တော့ဘဲ သူထိုင်နေရာ သစ်တုံးဆီသို့သာ ကျွန်ုပ်ထွက်လာခဲ့သည်။

"ပေါရိသာဒ ပြည့်ရှင်မင်းတွေ ပြန်ကြဖို့ ပြင်ဆင်နေကြပြီ၊ သင်ဘာ

ဖြစ်လို့ ဒီမှာ လာထိုင်နေသလဲ၊ လာလေ . . . ပြန်ကြစို့၊ သင်လည်း သင့်ရဲ့ ဗာရာဏသီကို ပြန်ဖို့ပဲ ရှိတော့တယ်လေ"

ပေါရိသာဒသည် သစ်တုံးပေါ်မှ ဆင်းရင်း မြေပြင်ပေါ်တွင် ဒူးထောက်ချကာ သူ့မျက်နှာကို မဖော်စတမ်း ငုံ့ငိုက်ထားသည်။

"ပေါရိသာဒ . . . ထလေ ပြည်တော်ပြန်ကြဖို့အတွက် အသင့်ပြင်"

ကျွန်ုပ်စကား အဆုံးမသတ်နိုင်။ ငုံ့ငိုက်ရာမှ မော့်လာသည့် သူ့မျက်နှာပါးပြင်ပေါ်မှ မျက်ရည်များကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

"ဘာဖြစ်လို့လဲ ပေါရိသာဒ"

ငိုရှိုက်သံ ဗလုံးဗထွေးဖြင့် ပြန်ပြောသော သူ့အရှင်ကား ပကတိကလေးငယ်တစ်ဦးနှယ်ပင် ဖြစ်လေသည်။

"မိတ်ဆွေကြီး သူတို့ကို သင်ပဲ ဦးဆောင်ခေါ်ယူသွားပါတော့၊ ကိုယ့်တိုင်းပြည် ပြန်ကြပါတော့၊ ကျုပ်ကတော့ ဟောဒီတောမှာပဲ သစ်ဥသစ်ဖုတွေကို စားရင်း အသက်ဆက် ကျန်ရစ်ခဲ့ပါမယ်"

"အို . . . မဟုတ်ဘူးလေ၊ ဗာရာဏသီကို သင်ပြန်ရမှာပေါ့"

"ကျုပ် မပြန်ဘူး၊ ပြန်လို့မဖြစ်ဘူး၊ ကျုပ်ကို ထားခဲ့ကြပါ၊ မိတ်ဆွေတို့ပဲ ပြန်ကြပါတော့ ကျုပ် ကျုပ်"

"ဗာရာဏသီဟာ သင့်ပြည် သင့်နန်းလေ၊ သင် ပြန်ပြီး ထီးနန်းစံရမယ်လေ"

မျက်ရည်များကို လက်ခုံဖြင့် သုတ်၍ ရှိုက်သံကို ထိန်းကာ သူဆက်ပြော၏။

"မိတ်ဆွေကြီးရယ် ဘယ်လိုပြောလိုက်တာလဲ၊ ဗာရာဏသီကို ကျုပ်ပြန်လို့ မဖြစ်ဘူး၊ ဗာရာဏသီမှာ နေကြတဲ့ လူတွေအားလုံးနဲ့ ကျုပ်နဲ့ကြားမှာ ပြင်းထန်ကြီးမားတဲ့ ရန်ငြိုးတွေ ဖြစ်ခဲ့ကြပြီလေ၊ မြို့အစပ်မှာ ကျုပ်ကို တွေ့လိုက်တာနဲ့ ဟောဟိုမှာ ငါတို့ အမိကို သတ်စားတဲ့သူ၊ ငါတို့ အဘကို သတ်စားတဲ့သူ၊ ငါတို့ ညီအစ်ကို မောင်နှမကို သတ်စားတဲ့သူဆိုပြီး ကျုပ်ကို သူတို့အားလုံးက ဝိုင်းဝန်းတိုက်ခိုက်ကြမယ်၊ အော်ဟစ် ဆဲရေးကြမယ်။ သူတို့ တစ်တွေရဲ့ တစ်ယောက် တစ်ယောက်ဆီက ခဲတစ်လုံးနဲ့ပဲ ကျုပ် သေရလိမ့်မယ်"

ကျွန်ုပ်မှာ ပြန်ပြောစရာ စကားမရှိဖြစ်သွားသည်။

ရှိုက်သံကို ထိန်းရင်းမှပင် သူထပ်မံငိုကြွေးလျက် တတွတ်တွတ် မြည်တမ်းပြန်လေသည်။

"ပေါရိသာဒဟာ မဟာသုတသောမမင်းမြတ်ထံမှာ သီလတောင်းခံဆောက်တည်ခဲ့ပြီးပြီ၊ ပေါရိသာဒဟာ မိမိရဲ့ အသက်ရှင်ရေးဆိုတဲ့ အကြောင်း

ကြောင့်လည်း သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမပြုတော့ဘူး၊ အို ဘယ်လို အကြောင်းနဲ့မှ သူ့အသက်ကို မသတ်တဲ့ ပေါရိသာဒဖြစ်ခဲ့ပြီ . . . ၊ မိတ်ဆွေကြီးရယ် . . . ဒီမှာ ”

မျက်ရည်တွေ ကျရင်းမှပင် ကျွန်ုပ်ကို ကြည့်လျက်

“မိတ်ဆွေကြီးတို့သာ ပြန်ကြပါတော့၊ ကျုပ်ဟာ ကိုယ့်ရပ်ကိုယ့်ပြည်ကိုတောင်မှ ပြန်လို့ မဖြစ်တော့တဲ့ဘဝ ရောက်သွားပါပြီ၊ ကျုပ်တို့ နှစ်ယောက်ရဲ့ အခုအချိန်ပိုင်းလေးဟာလည်း နောက်ဆုံးတွေ့ရတဲ့အချိန်၊ နောင်ဘယ်သော အခါမှ မြင်ရတွေ့ရတော့မှာ မဟုတ်ဘူး၊ ကျုပ်တို့ ထာဝရ ခွဲခွာကြပါစို့”

ကြီးမားထွားကျိုင်းလှသော ယောကျ်ားကြီးတစ်ယောက်၏ ငိုကြွေးခန်းသည် ကျွန်ုပ်ရင်သို့ အရှိန်ပြင်းစွာ ထိခိုက်နေ၏။ သို့သော် စိတ်ကို ထိန်းလျက် သူ့ပခုံးကို ဆုပ်ကိုင်ကာ

“ထ . . . ထပါ . . . ပေါရိသာဒရယ်၊ ကျွန်ုပ်ပြောတာ နားထောင်စမ်းပါ၊ လူတွေကို သတ်စားပြီး လူ့သွေးတွေနဲ့ စွန်းထင်းခဲ့တဲ့ သင့်လို လူကိုတောင်မှ ကျွန်ုပ်ဟာ ဆုံးမနိုင်ခဲ့သေးတယ် မဟုတ်လား၊ ဗာရာဏသီက လူတွေကို ဘာကြောင့် မဆုံးမနိုင်ရမှာလဲ၊ သင်စဉ်းစားကြည့်ပါ၊ သင့်ကို ဗာရာဏသီနန်းပလ္လင်ပေါ် အရောက် ကျွန်ုပ်ပြန်တင်ပေးမယ်၊ အကယ်၍ မတတ်နိုင်ရင် ကျွန်ုပ်ရဲ့ တိုင်းပြည်ကို ထက်ဝက်ခွဲပေးမယ်”

သူ့ခေါင်းတွင်တွင် ယမ်းပြန်သည်။

“မဖြစ်နိုင်တော့ပါဘူး မိတ်ဆွေကြီးရယ်၊ ပေါရိသာဒဟာ လူသားစားခဲ့တဲ့ လူ့ဘီလူးကြီးပါ၊ လူတွေနဲ့ ဘယ်လိုမှ ပြန်လည်သင့်မြတ်ဖို့ လမ်းမရှိတော့ပါဘူး၊ မိတ်ဆွေကြီးရဲ့ တိုင်းပြည်က လူတွေကလည်း ကျုပ်ကို ရန်သူအဖြစ်ပဲ သတ်မှတ်ကြမှာပါ . . . အို . . . ကျုပ်ဟာ လူ့လောကထဲမှာ နေဖို့ကို မထိုက်တန်တော့ပါဘူး”

သူ၏ အကြောင်းပြချက်နှင့် အယူအဆမှာ ငြင်းပယ်၍ မရနိုင်လောက်အောင် ခိုင်လုံလွန်းနေပေသည်။ ထိုအယူအဆ ခိုင်ခိုင်မြဲမြဲကြီး စွဲနေသော သူ့နှလုံးသားသည်လည်း အပိုင်းပိုင်း အစစကွဲကြေနေသည်။ ထိုအပိုင်းအစများကို ကျွန်ုပ်ဘယ်သို့ ကောက်ယူဆက်စပ်ရမည်နည်း။ သူ့ကို လူသားစားခြင်းမှ ရှောင်ကြဉ်ရန် ဆုံးမခဲ့သည်နှင့် မခြားပင် ခက်ခဲလှသော ဗျူဟာတစ်ခုကို ကျွန်ုပ်ရင်ဆိုင်နေရပေပြီ။

သို့သော် သူ့အတွက် အကောင်းဆုံး ကုထုံးကို ကျွန်ုပ်ရလိုက်သည်။

သူသည် ရသတဏှာ၌ ခုံမင်ရှာသူဖြစ်၏။ အစားအသောက်ကို ငြိတွယ်တတ်သော ဓာတ်ခံရှိသူဖြစ်၏။ အထိအတွေ့၊ အကြားအမြင် ကာမဂုဏ်၌

မက်မောသော အခြေခံရှိ၏။ သူ့စရိုက်သဘာဝ၌ ပကတိအားဖြင့် အားကောင်းစွာ တည်ရှိနေသော ထိုကြိုးတို့ကိုပင် ကျွန်ုပ်မိမိရရ ဆွဲကိုင် လှုပ်ခါကာ သူ့ကို ဆွဲဆောင်ရပေမည်။

“နားထောင်စမ်း ပေါရိသာဒ၊ သင့်ရဲ့ ဗာရာဏသီက ဗာရာဏသီ သားစားတော်ချက် စားဖိုမှူးများဟာ အလွန်မှပဲ ကျွမ်းကျင်လိမ္မာကြတယ် လို့ ကျွန်ုပ်သိရတယ်၊ သူတို့ စပ်တဲ့ အဖျော်ရည်၊ သူတို့ စီရင်တဲ့ အခြေလေး ချောင်းသား၊ အခြေနှစ်ချောင်းသား ခဲဖွယ်ဘောဇဉ်ဟင်းလျာ အမဲများဟာ သိကြားနတ်မင်း သုံးဆောင်တဲ့ နတ်သုဒ္ဓါ တမျှ အဆင်းအနံ့အရသာ အပေါင်းနဲ့ ပြည့်စုံလှတယ်၊ အဲဒီအမြိုက်အရသာတွေကို စွန့်ပြီး သင်ဘာကြောင့် တောထဲမှာ တစ်ယောက်တည်းနေရင်း သစ်သီးသစ်ဥတွေကို ဆင်းရဲချို့တဲ့စွာ စားသောက်နေရမှာတဲ့လဲ”

သူတစ်ချက် တွေခနဲ ဖြစ်သွား၏။ ရှိုက်သံလည်း ကျဲသွားသည်။

“နားထောင်ဦး ပေါရိသာဒ၊ သင့်ရဲ့ ဗာရာဏသီမှာ မိန်းမလှတွေ လည်း အလွန်များတယ်လို့ ကျွန်ုပ်သိထားပါသေးတယ်၊ ဦးသစ်သော ရွှေစင် အစုကဲ့သို့ ကိုယ်ရောင်ရှိတဲ့၊ စည်းကျပ်သေးသွယ်ရှုဖွယ်သော ခါးရှိတဲ့၊ ခတ္တိယ နွယ်ဝင် မိန်းမလှလေးတွေဟာ သိကြားနတ်မင်းအနီး နတ်သမီးများ ဝန်းရံ ခစားကြသလို၊ အဲဒီမိန်းမချော မိန်းမလှ၊ ကညာပျိုစင်လေးတွေဟာ သင့်အနီး မှာ ဝန်းရံခစား မွေ့လျော်ကြလိမ့်မယ်၊ အဲဒီအလှအပတွေကို စွန့်ပြီး ဘာကြောင့် သင်က တောထဲမှာ တစ်ယောက်တည်း နေရမှာတဲ့လဲ”

ဒုတိယအဆင့် အောင်မြင်ထိရောက်ခဲ့ပြီဖြစ်၏။ သူ့ရှိုက်သံများ လုံးဝ တိတ်သွားလေပြီ။

## ၂၁

"အဆွေမင်းမြတ် . . . အဲဒီဗာရာဏသီမှာပဲ အသင်ဟာ နီရဲသော အဆင်းရှိတဲ့ မှီအုံးဝန်း၊ အထပ်ထပ်သော ကော်ဇောများ၊ အစုံအစုံသော မွှေ့ရာ အခင်း၊ ကမ္ဗလာအလွှမ်းများနဲ့ ဆင်ယင်တဲ့ အိပ်ရာထက်မှာ ချမ်းသာစွာ စည်းစိမ်ကြီးစွာ မွေ့လျော်နှစ်သက် အိပ်စက်ခဲ့ပေတယ်၊ အဲဒီလို အိပ်ရာမျိုးကို စွန့်ပြီး ဘာဖြစ်လို့များ တောထဲ တောင်ထဲမှာ တစ်ယောက်ထီးတည်း နေရမှာလဲ"

"အဆွေမင်းမြတ် . . . အဲဒီဗာရာဏသီမှာပဲ ညဥ့်အခါသမယမှာ မောင်းကြေးနင်းနဲ့ ခွက်ခွင်းသံ၊ အိုးစည်သံစတဲ့ ဂီတသံများသာမက၊ ယောကျာ်းသားများနဲ့ပင် မအပ်စပ်တဲ့ တူရိယာမျိုးတို့ရဲ့ ဂီတသံတွေနဲ့ အလွန်ကောင်းမွန် ချိုအေးသော တေးချင်း သီဆိုမှုတွေ၊ အလွန်နားဝင်ပီယံဖြစ်စေသော တီးမှုတ်မှုတွေနဲ့၊ သင့်ကို မွေ့လျော် နှစ်ခြိုက်ပွေ့ပိုက်ခဲ့ပေတယ်၊ အဲဒီလို စည်းစိမ်ကို စွန့်ပြီး ဘာဖြစ်လို့များ တောထဲတောင်ထဲမှာ တစ်ယောက်ထီး တည်း နေရမှာလဲ"

"အဆွေမင်းမြတ် . . . အဲဒီဗာရာဏသီမှာပဲ ပြန့်ပြောတဲ့ ပန်းသစ်ပင်၊ ဥယျာဉ်၊ ရေကန်သာတို့နဲ့ အလွန်မွေ့လျော်ဖွယ်ရှိခဲ့ပေတယ်၊ အထူးထူး အပြားပြားသော မိဂါဇိန်ဥယျာဉ်ကြီးမှာ မြင်းစီးလို့ ဆင်စီးလို့ ရထားမောင်းလို့ အလွန်မွေ့လျော်ပျော်ရွှင်ဖွယ် စည်းစိမ်နဲ့ သင်နေထိုင်ခဲ့ပေတယ်၊ အဲဒီလို စည်းစိမ်ကို စွန့်ပြီး ဘာဖြစ်လို့များ တောထဲတောင်ထဲမှာ တစ်ယောက်ထီးတည်း နေရမှာလဲ"

အိုး . . . ဟုတ်ပါသကော။ ငါသုံးဆောင်ခဲ့ဖူးတဲ့ စားကောင်းသောက်ဖွယ်တွေ၊ ငါစွဲမက်ခဲ့ဖူးတဲ့ ကိလေသာအာရုံတွေ၊ ငါမွေ့လျော်ခဲ့ဖူးတဲ့ အိပ်ရာနေရာတွေ၊ ငါပျော်ပိုက်ခဲ့ဖူးတဲ့ အဆို၊ အတီး၊ အက သုခုမတွေ၊ ငါ ရွှင်မြူးခဲ့ဖူးတဲ့ ဥယျာဉ်ရေကန်တွေ . . . အို . . . ငါ့ရဲ့ ဗာရာဏသီ . . .

လွမ်းလိုက်ပါဘိတော့၊ အောက်မေ့သတိရ တမ်းတမိပါဘိခြင်း။

"လာ . . . အဆွေမင်းမြတ်၊ သင့်ကို ကျွန်ုပ်ဗာရာဏသီဆီ ခေါ်သွားမယ်၊ ဗာရာဏသီမှာ မင်းအဖြစ်ပြုစေမယ်၊ သင် မင်းအဖြစ်တည်ပြီးမှ ကျွန်ုပ်ရဲ့တိုင်းပြည်ကို သွားကြမယ်၊ အကယ်၍ သင့်ရဲ့ ဗာရာဏသီကို သင်မရခဲ့ဘူးဆိုရင်တောင်မှ ကျွန်ုပ်ရဲ့ ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်ကို သင့်အား ထက်ဝက်ခွဲပေးမယ်၊ တောထဲမှာနေလို့ ဘယ်သို့မှ အကျိုးမရှိဘူး၊ ကျွန်ုပ်စကားကို နားထောင်ပါ"

အလို ကြည့်စမ်း၊ မဟာသုတသောမမင်းဟာ ငါ့ရဲ့ အကျိုးစီးပွားကို အမြဲရှေ့ရှုသူပါလား၊ ရှေးဦးစွာ ငါ့ကို ကောင်းမှု၌ တည်စေတယ်၊ နောက် တစ်ဖန်ရခဲ့ပိုင်ခဲ့ဖူးတဲ့ စည်းစိမ်ချမ်းသာမှာ တည်စေတယ်လို့ ဆိုတယ်။ သူဟာသူပြောတဲ့အတိုင်း ဖြစ်ပေါ်စေနိုင်သူပဲ။ သူနဲ့အတူလိုက်ပါသွားခြင်းဟာ အသင့်မြတ်ဆုံးဖြစ်တယ်။ ဟုတ်တယ်။ ဒီတောထဲမှာ နေလို့ ငါ့မှာ ဘာမှ အကျိုးမရှိလေဘူး။ ဩော် မဟာ သုတသောမမင်းဟာဖြင့် တကယ့်ကို ကျေးဇူးကြီးတဲ့မိတ်ဆွေကောင်းပါလား၊ ဟုတ်တယ်။ ငါ့ရဲ့ ဒီအတွေး ဒီခံစားမှုကို ထုတ်ဖော်ပြောလိုက်တော့မယ် . . . ။

"အဆွေတော် သုတသောမမင်း၊ လောကမှာ အဆွေခင်ပွန်းကောင်းနဲ့ပေါင်းဖော်ရခြင်းထက် ကောင်းမြတ်ခြင်းဟူ၍ မရှိပါဘူး။ အဆွေခင်ပွန်းယုတ်နဲ့ပေါင်းဖော်ရခြင်းထက် ယုတ်နိမ့်ခြင်းဟူ၍ မရှိပါဘူး"

"သင့်ထံက ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ အဆွေတော်"

"ထပ်ဆိုပါရစေဦး၊ အဆွေတော် သုတသောမမင်း လဆုတ်ပက္ခမှာ စန္ဒာလမင်းဟာ နေ့တိုင်းနေ့တိုင်း ဆုတ်၍ ဆုတ်၍သာ သွားရသလို သူယုတ်မာနဲ့ ပေါင်းခြင်းဟာလည်း လဆုတ်ပက္ခအလားတူဖြစ်ပါတယ်၊ ဘယ်လိုအလားတူလဲဆိုတော့ . . . ရသကဆိုတဲ့ စားတော်ကဲ စားဖိုသည်၊ လူယုတ်မာကို အစွဲပြုပြီး ကျွန်ုပ်ဟာ ယုတ်မာသော အမှုကို ပြုကျင့်ခဲ့မိပါတယ်"

"မင်းမြတ်အဆွေတော်၊ လဆန်းပက္ခမှာ စန္ဒာလမင်းဟာ နေ့တိုင်းနေ့တိုင်း ဆန်း၍ ဆန်း၍သာလျှင် ဖြစ်ရသလို သူတော်ကောင်းနဲ့ပေါင်းခြင်းဟာလည်း လဆန်းပက္ခအလားတူဖြစ်ပါတယ်၊ မဟာသုတသောမဆိုတဲ့ မင်းမြတ်ယောကျာ်းကောင်းကို အစွဲပြုပြီး ကျွန်ုပ်ဟာ ကောင်းရာသို့ လားရတော့အံ့ဖြစ်ခဲ့ပါပြီ၊ အပြစ်မရှိသော၊ အကျိုးကျေးဇူးကို ဖြစ်ထွန်းစေသောအမှုကို ပြုရပါပြီ"

"မင်းမြတ်အဆွေတော် ကြည်းကုန်း၌ရွာတဲ့ မိုးရေဟာ အခွန့်မရှည်ကြာမြင့်စွာ မတည်သလို၊ သူယုတ်မာတို့နဲ့ ပေါင်းဖော်ရခြင်းဟာလည်း အခွန့်မရှည်ပါ"

Type in the text you want to insert



"မင်းမြတ် အဆွေတော်၊ မဟာသမုဒ္ဒရာမှာ ရှာတဲ့မိုးရေဟာ ရှည်ကြာစွာတည်သလို သူတော်ကောင်းတို့နဲ့ ပေါင်းဖော်ရခြင်းဟာလည်း အခွန့်ရှည်စွာတည်ပါတယ်"

"မင်းမြတ် အဆွေတော်၊ သူတော်ကောင်းတို့နဲ့ ပေါင်းဖော်ရခြင်းဟာ မပျက်မစီး၊ အကြင်ကာလပတ်လုံး တည်ပါတယ်။ ထိုကာလပတ်လုံးမှာ အဆွေခင်ပွန်းအဖြစ်ဟာ ထင်ရှားပါတယ်။ မပျက်မစီးရှိပါတယ်။ သူယုတ်မာတို့နဲ့ ပေါင်းဖော်ရခြင်းကတော့ လျင်မြန်စွာ ပျက်စီးစေတယ်။ ဒါကြောင့် သူတော်ကောင်းတို့ရဲ့ တရားဟာ သူယုတ်မာတို့နဲ့ အဝေးကြီးဝေး၊ အကွာကြီးကွာလှပါတယ်"

"ရထားစီးချင်း မင်းတကာတို့ထက် သာလွန်သော သတ္တဝါတို့ရဲ့ ကိုးကွယ်ရာဖြစ်သော ပြည်ကြီးအရှင်ဖြစ်သော၊ ပြည်ကြီးဝန်ကို ဆောင်ရွက်တတ်သော၊ လူတို့ကို အစိုးရသော၊ ဝီရိယဖြင့် အများသူငါတို့ထက် မြတ်သော၊ မင်းထက်မင်းမြတ် ရာဇာဓိရာဇ်ဖြစ်သော၊ မင်းမြတ် အဆွေတော် သင့်ရဲ့ ဂုဏ်ကျေးဇူးဟာ ကြီးများလှပါပေတယ်"

"ကောင်းပြီ . . . အဆွေတော်၊ ဟောဟိုက ထီးဆောင်းမင်းတွေ လည်း သက်သာရာရကြပြီလား . . . ကျွန်ုပ်တို့ အတူတကွ ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်ကို သွားကြစို့ . . . "

— — —

ဣန္ဒပတ္ထနဂိုရ်ပြည်၏ အစွန်အဖျား၊ ပစ္စန္တရစ်အရပ်သို့ ရောက်ခဲ့ကြလေပြီ။ မဟာသုတသောမမင်း ခေါင်းဆောင်လျက် သူ့နံဘေး၌ ပေါရိသာဒ၊ နောက်မှ ထီးဆောင်းမင်းများ အစုအဝေးကို တွေ့မြင်ကြရသော ပစ္စန္တရစ်သားတို့သည် အကြီးအကျယ်အံ့ဩသွားကြလေသည်။ ရုတ်တရက်သူတို့ဘာလုပ်ရမှန်း မသိကြ။ အချို့က တဲအိမ်ထဲ ဝင်ပုန်းကြသည်။ အချို့က တောစပ်သို့ ထွက်ပြေးကြသည်။ အချို့က နေရာမှာပင် မတ်တတ်ငုတ်တုတ်မှင်တက်မိနေကြသည်။

သို့သော် အမြော်အမြင်ရှိသော အဘိုးကြီးတစ်ယောက်ကြောင့် ထိုဖရိုဖရဲ အခြေအနေမှာ တစ်မျိုးပြောင်းသွား၏။

"တစ်ယောက်ယောက်လာစမ်း၊ အိုး . . . တစ်ယောက်ယောက် မဟုတ်ဘူး၊ သန်သန်စွမ်းစွမ်း ယောကျ်ားလေးငါးယောက်လောက် လာကြစမ်း၊ မင်းတို့ အစု မင်းနေပြည်တော်ကို အမြန်သွား၊ မြင်းနဲ့သွား၊ မြင်းမရှိတဲ့သူကို ရှိတဲ့သူက မြင်းငှားလိုက်၊ အဲ နေပြည်တော်က မှူးတော်မတ်တော်တွေကို အကြောင်းကြား၊ မဟာသုတသောမမင်းကြီးနဲ့ ဟိုလူသားစားဘီလူးနဲ့

ထီးဆောင်းမင်းတွေ တစ်စုတစ်ဝေးတည်း ဒီကို ရောက်နေကြပြီလို့ လျှောက်ကြ၊ ကျန်တာ သူတို့ ဆက်လုပ်လိမ့်မယ်၊ လုပ်ကြစမ်း မြန်မြန်”

မကြာမီမှာပင် နေပြည်တော်မှ မှူးမတ်များသည် ဖိုလ်ပါရဲမက်တပ် အပေါင်းနှင့်တကွ ရောက်လာကြ၏။

မဟာသုတသောမမင်းက မှူးမတ်ဖိုလ်ပါပရိသတ်အလယ်တွင် တင့်တယ်စွာ စံမြန်းလျက် အေးဆေးငြိမ်သက်သောအသံဖြင့် ဆိုသည်။

“အခြင်းအရာခပ်သိမ်း ကောင်းမွန်စွာ ပြီးပြေသွားပြီလို့ အားလုံး နားလည်လက်ခံလိုက်ကြ၊ သင်တို့ သိချင်ကြားချင်တဲ့ အသေးစိတ်ဖြစ်ရပ်ကို နောင်အခါ ကျွန်ုပ်ကိုယ်တိုင်ရှင်းပြမယ်၊ ယခုအခိုက်မှာတော့ ရောက်လာကြတဲ့ မှူးတော်မတ်တော် ဖိုလ်ပါရဲမက်အပေါင်း တပ်အပေါင်းအားလုံး ကျွန်ုပ်တို့နဲ့ အတူ ဗာရာဏသီကို လိုက်ခဲ့ကြ”

ကုရုတိုင်းမှ ကာသိတိုင်း၊ ဗာရာဏသီသို့ ချီခဲ့ကြသော ထိုခရီး၏ ခုလပ်အကြား ဇနပုဒ်များ၌ နေသူတို့သည် မဟာသုတသောမမင်းထံ ဦးခိုက်၍ ပဏ္ဏာများ ဆက်သကြသည်။ အရွယ်ကောင်းလုလင်များကလည်း အစုလိုက် အစုလိုက် အင်အားဖြည့်ခိုဝင်ကြသည်။

ဗာရာဏသီသို့ ဝင်ချိန်တွင်ကား များစွာသော အခြံအရံဖြင့် ထုထည် ကြီးမားသည့် တပ်မကြီးသဖွယ် ရှိခဲ့လေပြီ။

စစ်သူကြီးကာဠဟတ်နှင့် ဗာရာဏသီထီးနန်းထက် ရောက်ရှိနေပြီ ဖြစ်သည့် ပေါရိသာဒ၏ သားတော်တို့ ပြည်ရေးပြည်ရာ ဆွေးနွေးနေစဉ်မှာပင် သတင်းရောက်လာ၏။

“မဟာသုတသောမမင်းသည် ပေါရိသာဒအား ဆုံးမကာ ထီးဆောင်း မင်းများကိုပါ ခေါ်ဆောင်လျက် ဗာရာဏသီသို့ ဝင်လာကြပါပြီ”

ဘုရင့်အမိန့်တော်လည်း တစ်စုံတစ်ရာ ထုတ်ပြန်လိုက်ရခြင်း မရှိ။ သေနာပတိ ကာဠဟတ်လည်း မည်သည့်အမိန့်မျှ ပေးလိုက်ရခြင်းမရှိ။ ဗာရာဏသီတစ်မြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်ကာ . . .

“လူသားစား ဘီလူးကို မြို့တွင်း ဝင်ခွင့် မပေးကြနဲ့ဟေ့”

တစ်ယောက်ကိုတစ်ယောက် ထိုတစ်ခုတည်းသောစကားဖြင့် ဆက်သွယ်ကာ လျင်မြန်စွာ ပျံ့နှံ့သွားပြီး မြို့တံခါးများကို အစေ့အစပ်ပိတ်လိုက်ကြလေသည်။

ပေါရိသာဒက ကြေကွဲထိခိုက်စွာ ဆိုသည်။

“မင်းမြတ်အဆွေတော် . . . ကျွန်ုပ်ကို သူတို့လက်မခံကြဘူး”

မဟာသုတသောမမင်း၏ လက်အစုံက ပေါရိသာဒ၏ ပခုံးထက်သို့ နွေးထွေးစွာ ရောက်ရှိသွား၏။

"ကြောင့်ကြမဲ့နေပါ အဆွေတော်၊ သင့်ကို ဗာရာဏသီနန်းပေါ် ပြန်တင်ပေးမယ်လို့ ကျွန်ုပ်ကတိပြုခဲ့ပြီးပါပြီ၊ အခု အမတ်သုံးဦးကို ခေါ်သွားပြီး ကျွန်ုပ်ကိုယ်တိုင် ဗာရာဏသီ နန်းမြို့ထဲဝင်မှာပါ၊ သင်ဒီကပဲ ယုံကြည်စိတ်ချစွာနဲ့ စောင့်ဆိုင်းနေပါတော့"

အမတ်သုံးဦး ခြံရံလျက် နန်းမြို့တံခါးဆီ ထွက်ခွာသွားသော မဟာသုတသောမမင်းကို မျက်စိတစ်ဆုံးကြည့်ရင်း မမြင်ရသည်အထိ ငေးမျှော်နေပြီးမှ ပေါရိသာဒသည် ဦးခေါင်းငိုက်စိုက်ချလိုက်၏။ တင်းတင်းကြပ်ကြပ် ဆုပ်ထားသော သူ၏လက်အစုံ လက်ခုံပေါ်သို့ ပူနွေးသော မျက်ရည်နှစ်ပေါက်တို့ ခုန်ဆင်းသွားလေသည်။

Type in the text you want to insert

# ၂၂

မဟာသုတသောမမင်းသည် မြို့တံခါးဝ၌ ရပ်လျက်၊ တည်ငြိမ်စွာ ဆိုလိုက်၏။

"ကျွန်ုပ် မဟာသုတသောမမင်းဖြစ်တယ်၊ မြို့တံခါးဖွင့်"

မြို့တံခါးစောင့် ဗိုလ်နှင့် ရဲမက်များ အလိုလို လက်အုပ်ချီပြီးဖြစ်သွားကြသည်။ တံခါးစောင့် အကြီးအကဲ ဗိုလ်က လက်အုပ်ချီ၍ မျက်နှာငုံ့ထားရင်းမှ အသာအယာမျက်လွှာပင့်ကြည့်သည်။ ထိုအကြည့်ကို မဟာသုတသောမမင်း နားလည်၏။

"မှန်တယ်၊ ဗိုလ်မင်း။ သင့်ရဲမက်မင်းချင်းတစ်ယောက်ကို လွှတ်ပြီး အမိန့်တောင်းပါ။ သင်တို့ရဲ့ ဘုရင်နဲ့ ကာဋ္ဌဟတ်စစ်သူကြီးဆီ ခွင့်ပြုမိန့်ရပါလိမ့်မယ်"

ရဲမက်တစ်ဦး အလျင်အမြန်ပြေးသွားသည်။ ခဏချင်းမှာပင် ပြန်ရောက်လာကာ

"ဘုရင်မင်းမြတ်နဲ့ သေနာပတိ မင်းထံက အမိန့်တော်ပါ။ မြို့တံခါး ချက်ချင်းဖွင့်ပါ"

မြို့တံခါး အတွင်းဘက် မလှမ်းမကမ်း ကွက်လပ်တွင် ဗာရာဏသီဘုရင်သစ်၊ ကာဋ္ဌဟတ် စစ်သူကြီးနှင့် မှူးမတ်များ အသင့်စောင့်ကြိုနေကြလေသည်။ ပေါရိသာဒ၏ သားတော်ဗာရာဏသီမင်းက ဦးညွှတ်ကာ ကိုယ်ကို ကိုင်းလျက်

"ရွှေနန်းပြာသဒ်ဆီကို ဦးစွာကြွရောက်ပါ အရှင်မင်းမြတ်"

နန်းပြာသာဒ်သို့ ရောက်သောအခါ ဗာရာဏသီမင်းသည် မိမိ၏နေရာဖြစ်သော ပလ္လင်ထက်သို့ မဟာသုတသောမမင်းအား ထိုင်စေကာ၊ သူကိုယ်တိုင်မူ အနီးတွင် မတ်တတ်ရပ်လေသည်။ စစ်သူကြီး ကာဋ္ဌဟတ်သည် မဟာသုတသောမမင်းအပေါ်၌ လေးမြတ်ရိုကျိုးရင်းစွဲရှိသော်လည်း ဗာရာဏသီမင်း၏

အပြုအမူမှာ ရာဇထုံးတမ်းနှင့်မကိုက်ညီဟု အောက်မေ့ကာ မျက်နှာတစ်ချက် ညှိုးသွား၏။ ကာဠုဟတ်၏ အမူအရာကို သိလိုက်သော်လည်း မဟာသုတသောမမင်းသည် မသိကျိုးကျွံပြုကာ၊ အနီးတွင်ရပ်နေသော ဗာရာဏသီမင်းဘက်သို့ ငဲ့စောင်း၍ ခေါ်လိုက်သည်။

"သားတော်မင်းမြတ်"

ထိုအသုံးအနှုန်းနှင့် ထိုလေသံ၌ ပလ္လင်ထက်၌ နေရာရနေသော ဘုရင်တစ်ပါး၏ စီးပိုးနှိမ့်ချမှုမျိုးမရှိပေ။ စင်စစ်မှာလည်း ဗာရာဏသီမင်း၏ ဖခမည်း ပေါရိသာဒထက်ပင်၊ မဟာသုတသောမမင်းက အနည်းငယ် အသက်ပိုကြီးချေသည်။ ရင်းနှီးနွေးထွေးသော လေသံကြောင့် ဗာရာဏသီမင်းသည် စိုးစဉ်းမျှ မသက်မသာမဖြစ်ဘဲ ခေါင်းကို ညိတ်၍ တုံ့ပြန်သည်။

"သားတော်မင်းမြတ်၊ သင့်မယ်တော်ကြီးနဲ့တကွ မှူးမတ်ဝန်အပေါင်းကို ဒီနေရာမှာ စုရုံးစေပါ"

ဗာရာဏသီမင်းက စစ်သူကြီး ကာဠုဟတ်ကို လှမ်းကြည့်၍ ခေါင်းဆတ်ပြလိုက်၏။ ကာဠုဟတ်မနေသာတော့ပြီ။ ဘုရင့်အမိန့်အတိုင်း နာခံရန်သာရှိတော့သည်။ ပေါရိသာဒ၏ မိဖုရားကြီးနှင့်မှူးမတ်ဝန်တို့ စုံညီရောက်ရှိလာကြသည်အထိ မဟာသုတသောမမင်းသည် စကားတစ်ခွန်းမှ မဆိုဘဲ၊ ရှေ့တူရူသို့သာ ငြိမ်သက်စွာ ကြည့်နေသည်။ အားလုံးစုံညီကြမှ စကားစ၏။

"သေနာပတိ ကာဠုဟတ်"

"မိန့်တော်မူပါ အရှင်မင်းမြတ်"

"ဘာကြောင့် သင်တို့ရဲ့ ဘုရင်ကို မြို့တွင်း ဝင်ခွင့် မပြုကြသလဲ"

စစ်သူကြီးကာဠုဟတ်လည်း ထိုအခါမှပင် အသက်ဝင်လာသကဲ့သို့ လျှောက်၏။

"ပေါရိသာဒ အမည်ရခဲ့တဲ့ ထိုမင်းဟာ၊ ဗာရာဏသီမှာ မင်းပြုခဲ့စဉ်က လူကို သတ်ပြီး လူသားစားခဲ့ပါတယ် အရှင်မင်းမြတ်။ မင်းတကာတို့ မပြုအပ်မကျင့်အပ်တဲ့ ကြောက်မက်စက်ဆုပ်ဖွယ်အမှုကြီးကို သူပြုခဲ့ပါတယ်။ အလုံးစုံသော ဇမ္ဗူဒိပ်မှာ ဘုရင်မင်းဆက်များ ပြတ်တောက်ပျက်သုဉ်းမယ့် အရေးဖြစ်ပါတယ်။ ဒီလို ရက်စက်ကြမ်းကြုတ်ယုတ်ညံ့လွန်းလှတဲ့ မဖွယ်မရာ အမှုကြီးကြောင့် ကျွန်တော်မျိုးတို့ သူ့ကို မြို့တွင်း ဝင်ခွင့်မပြုခြင်း ဖြစ်ပါတယ်"

မိမိ၏ ခမည်းတော်အပေါ် ထိုမျှနှင့်သီးစွာ ပြောဆိုသော်လည်း၊ ဗာရာဏသီမင်းသည် ကာဠုဟတ်၏ စကားကို အကြွင်းမဲ့ လက်ခံအားပေးဟန်ဖြင့် မျက်နှာထားတည်စွာရှိနေသည်။ မယ်တော်မိဖုရားကြီးမှာလည်း ထိုသို့သော လူသားစား လူ့ဘီလူးအား ခင်ပွန်းလင်တော်ခဲ့ရသည့်အတွက် ရှက်

ကြောက် ထိတ်လန့်ဟန်ဖြင့် မျက်နှာငုံ့ငိုက်လျက် ရှိသည်။

ဤအမှု၏ အစမှ အဆုံးတိုင်ဖြစ်ခဲ့သမျှ အားလုံးတို့နှင့်ပတ်သက်၍ ကာဠုဟတ်သည်သာ အဓိကအကျဆုံးဖြစ်ကြောင်း၊ မဟာသုတသောမမင်းသည် ပေါရိသာဒထံမှ ကြားသိခဲ့ပြီးဖြစ်၏။ ထို့ကြောင့် စစ်သူကြီးကာဠုဟတ်ကိုပင် ဦးတည်၍ ပြောရန် ဆုံးဖြတ်လိုက်သည်။

"သေနာပတိ ကာဠုဟတ်၊ သင်တို့ရဲ့ ဘုရင်ဟောင်းကို မြို့တွင်းဝင်ခွင့်မပေးခြင်းရဲ့တစ်ခုတည်းသော အကြောင်းဟာ သူလူသားစားလို့ဆိုတဲ့ အကြောင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် အရှင်မင်းမြတ်"

"အဲဒီ တစ်ခုတည်းသောအကြောင်း မရှိတော့ဘူး ဆိုရင်ကော"

ကာဠုဟတ် ပြန်ဖြေရန် အခက်ကြုံသွားသည်။

"သေနာပတိ ကာဠုဟတ်။ ပေါရိသာဒဟာ ထိုအမှုကို ဘယ်သောအခါမှ ပြုလိမ့်မယ်မဟုတ်ဘူး။ သူဟာ သီလမှာတည်ခဲ့ပြီ။ အသက်ဇီဝဆိုတဲ့ အကြောင်းကြောင့် သူဘယ်တစ်စုံတစ်ယောက်ကိုမှ ညှဉ်းဆဲတော့မှာမဟုတ်ဘူး။ သင်နဲ့တကွ အားလုံးသော လူခပ်သိမ်းတို့မှာ ပေါရိသာဒကို အကြောင်းပြုလို့၊ မည်သည့်ဘေးအန္တရာယ်မှ မရှိနိုင်တော့ဘူး"

"အရှင်မင်းမြတ်မိန့်ဆိုလိုတာက"

"မှန်တယ်။ သူ လူသားစားခြင်းအမှုကို လုံးဝစွန့်လွှတ်လိုက်ပြီ။ အဲဒီလို စွန့်လွှတ်လိုက်ဖို့၊ ကျွန်ုပ် သူ့ကို ဆုံးမခဲ့ပြီးပြီ။ ကျွန်ုပ်ရဲ့အဆုံးအမဟာ သူ့သွေးထဲ သားထဲမှာ စိမ့်ဝင်ဆိုက်တည်ခဲ့ပြီ။ ကျွန်ုပ်ရဲ့ အဆုံးအမဟာ သူ့ရဲ့ ထွက်သက်ဝင်သက်နဲ့အမျှ ရှိခဲ့ပြီ"

မဟာသုတသောမမင်း၏ ဣန္ဒြေအသွင် နက်ရှိုင်းလှသည်နှင့်အမျှ လေသံအမူအရာမှာလည်း တိကျသေချာလွန်းသည့်အတွက် မည်သူတစ်ဦးတစ်ယောက်၏ မျက်နှာပေါ်တွင်မျှ မယုံမကြည် စိတ်မချရသည့် လက္ခဏာ မရှိ။

သို့သော် ပေါရိသာဒအပေါ် ထိတ်လန့်ကြောက်ရွံ့ခဲ့သော အရှိန်များက အနည်းငယ် ကြွင်းကျန်နေသေးကြောင်း မဟာသုတသောမမင်း သိလိုက်၏။

"အားလုံး နားဆင်ကြ။ စူးစိုက်နားဆင်ကြ။ သားတို့မည်သည်၊ အမိအဘကို ရိုသေစွာ လုပ်ကျွေးအပ်တယ်။ အမိအဘတို့ကို ရိုသေစွာ လုပ်ကျွေးသော သားတို့ရဲ့ ဂတိဟာ နတ်ပြည်ဖြစ်ပြီး မလုပ်ကျွေးသော သားတို့ရဲ့ ဂတိဟာ ငရဲပြည်ဖြစ်တယ်"

အသက်ငယ်ရွယ်သော ဗာရာဏသီမင်းသည် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

“သေနာပတိကာဠဟတ်၊ သင်ဟာ မင်းကို ခစားမှီဝဲတဲ့ အမတ်စစ်သူကြီးဖြစ်သလို၊ မင်းရဲ့ အဆွေခင်ပွန်းလည်းဖြစ်တယ်။ မင်းရဲ့ ကျေးဇူးကြောင့် သင်ဟာ ယခုစည်းစိမ် ချမ်းသာ၊ ရာထူးအာဏာကို ရရှိခံစားရတယ်။ အလားတူစွာ မင်းရဲ့ အကျိုးကျေးဇူးအတွက် ကျင့်ဆောင်ဖို့ သင့်မှာ တာဝန်ရှိပေတယ်”

သူ၏ သေနာပတိ ရာထူးနှင့် တာဝန်သစ္စာတို့အတွက် အခါခပ်သိမ်း အလေးအနက်ထားသော စစ်သူကြီး ကာဠဟတ်သည်လည်း ထိုစကားလုံးများ၏ ခိုင်မာခြင်းကို ကောင်းစွာ နားလည်သွားသည်။

မဟာသုတသောမမင်းသည် မယ်တော်မိဖုရားကြီးထံ လှမ်းကြည့်လိုက်၏။

“ရှင် မိဖုရား၊ ရှင်မိဖုရားသည်လည်း အမိအဘထံမှ ခွဲခွာပြီး မင်းရဲ့အထံမှာ အဂ္ဂမဟေသီမိဖုရားကြီးအရာကို ရရှိခဲ့တယ်။ သားသမီးပွားစည်းခဲ့တယ်။ သင်ဟာလည်း သင့်ရဲ့ ခင်ပွန်းပြည့်ရှင်မင်းရဲ့ အကျိုးစီးပွားကို ကျင့်ဆောင်ဖို့ တာဝန်ရှိပေတယ်”

ပုဂ္ဂိုလ်အလိုက်၊ သင့်ရာစကားတို့ဖြင့် ထိခိုက်ကျိုးနွံစေပြီးနောက် မဟာသုတသောမမင်း စကားဆက်လေသည်။

“မင်းပရိသတ်တို့၊ အကြင်မင်းဟာ မအောင်မြင်အပ်တဲ့ မိဘအပေါ် အောင်မြင်တယ်။ အနိုင်မယူအပ်တဲ့ မိဘအပေါ် အနိုင်ယူတယ်။ ထိုမင်းဟာ မင်းမမည်ဘူး။ ထိုနည်းတူစွာ အဆွေခင်ပွန်းဖြစ်သူဟာ အဆွေခင်ပွန်းတစ်ယောက်အပေါ် မအောင်မြင်အပ်၊ အနိုင်မယူအပ်ဘဲ အောင်မြင်အနိုင်ယူတယ်ဆိုရင် ထိုသူဟာ အဆွေခင်ပွန်းမမည်ဘူး။ ထိုနည်းတူစွာ ဇနီးမယားသည်လည်း မိမိခင်ပွန်းလင်အပေါ် မအောင်မြင်အပ် အနိုင်မယူအပ်ဘဲ အောင်မြင်အနိုင်ယူတယ်ဆိုရင် ထိုဇနီးမယားက ဇနီးမယားမမည်ဘူး။ ထိုနည်းတူစွာ သားသမီးတို့သည်လည်း အိုမင်းမစွမ်းရှိခဲ့လေတဲ့ မိဘတို့ကို လုပ်ကျွေးမွေးမြူခြင်း မပြုဘူးဆိုရင် ထိုသားသမီးဟာ သားသမီးမမည်ဘူး”

ပရိသတ်အားလုံး၏ ငုံ့ငိုက်နေသော မျက်နှာများအနက်၊ သုံးခုသော မျက်နှာတို့ မော့်လာကြ၏။

ဗာရာဏသီမင်း၊ မယ်တော်နှင့် ကာဠဟတ်။ သူတို့ မျက်လုံးများ၌လည်း ထိခိုက်သော အရောင်များဖြင့် ရွှန်းစိုလျက်။

မဟာသုတသောမမင်း စကားဆက်သည်။

"ပညာရှိသူတော်ကောင်းကင်းမဲ့တဲ့ သဘင်ဟာ သဘင်မမည်ဘူး။ သူတော်ကောင်းတို့သည်လည်း၊ ဟုတ်မှန်သော တရားကို မဆိုဘူးဆိုရင် သူတော်ကောင်းမမည်ဘူး၊ တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ မိုက်မဲတွေဝေခြင်းများကို ပယ်စွန့်ပြီး ဟုတ်မှန်သော တရားကို ပြောဆိုတဲ့ ပညာရှိတို့သည်သာ သူတော်ကောင်းမည်တယ်။ သူတော်ကောင်း စင်စစ်ဖြစ်တယ်"

အားလုံး သဘောပေါက်နားလည်စွာ ခေါင်းတညိတ်ညိတ်ရှိကြလေသည်။

"မင်းပရိသတ်တို့ ပညာရှိဆိုတာဟာ သူမိုက်တို့နဲ့ ပေါင်းယှဉ်ရောနှောနေတာကို သိလျက်မြင်လျက် မပြောဆို မဆုံးမဘူးဆိုရင် သူဟာ ပညာရှိမဟုတ်ဘူး၊ သေခြင်းကင်းသော အမတနိဗ္ဗာန်ကို ဟောကြားတတ်မှသာလျှင် ပညာရှိဖြစ်တယ်။ ဒါကြောင့် . . . "

အားလုံးပင် အသက်ကိုမှ ရှူရှိုက်ပါလေစဟု ထင်ရလောက်အောင် တစ်ခဲနက် ငြိမ်ဆိတ်နေကြ၏။

"တရားကို ပြောဆိုရမယ်၊ ထွန်းပစေရမယ်၊ မြတ်စွာဘုရားအစရှိတဲ့ သူတော်ကောင်းများဟာ ကောင်းစွာ ဟောကြားဆုံးမခြင်းတည်းဟူသော တံခွန်ကို တလူလူလွှင့်တော်မူခဲ့ကြတယ်။ အဲဒီတရားတံခွန် ဓမ္မတံခွန်ကို တလူလူလွှင့်တောက်ချီးမြှောက်ရမယ်"

စကားအဆုံးသတ်သည်။ အသံမဲ့၊ လှုပ်ရှားမှုမဲ့။ ပကတိတိတ်ဆိတ်ခြင်းက ဖြန့်ကျက်ဖုံးလွှမ်းသည်။

အတန်ကြာမှ ထိုတိတ်ဆိတ်မှုကို အသံတစ်သံက ထိုးဖောက်ဖြိုခွင်းလိုက်၏။ ယင်းကား သေနာပတိ ကာဠဟတ်၏ အသံဖြစ်သည်။

"ကျွန်ုပ်တို့ရဲ့ အရှင်မင်းကြီးကို သွားရောက်ဆောင်ယူပင့်ခေါ်ကြရမယ်"

ဒုတိယအသံပေါ်လာသည်။ မယ်တော်မိဖုရားကြီး။

"မောင်တော်ဘုရင်မင်းမြတ်ကို သွားရောက်ပင့်ဆောင်ခေါ်ယူကြရမယ်"

မှူးမတ်ဗိုလ်ပါအားလုံး ဗာရာဏသီမင်းထံ စောင်းငဲ့ကြည့်ကြသည်။ ငယ်ရွယ်သော ဘုရင်သစ်ထံမှ မည်သည့်စကားထွက်ပေါ်လာမည်နည်း။

တုန်ရီလှိုက်လှဲသော်လည်း ကြည်လင်သော အသံပေါ်လာ၏။

"ဗာရာဏသီမြို့အလုံး စည်လည်ပါ။ မြို့သူမြို့သားအားလုံးကို စုဝေးပါ။ မကြောက်ကြနဲ့၊ ငါတို့အရှင်မင်းကြီးဟာ တရားဓမ္မမှာ တည်ခဲ့ပြီ။ လာလှည့်ကြကုန်၊ ငါတို့အရှင်မင်းကြီးကို ဆောင်ယူပင့်ခေါ်ကြစို့လို့ အခုချက်ချင်း စည်လည်ပါ။ ဒါဟာ . . . "

ဘုရင်ပျိုသည် စကားကို ခေတ္တရပ်၍ ပြုံးပြီးနောက်

“ဒါဟာ မကြာမီ ခမည်းတော် လက်ထဲ ထီးနန်းပြန်လည်အပ်နှင်း ပူဇော်တော့မယ့် ကျွန်ုပ်ရဲ့ ဘုရင်ဘဝ နောက်ဆုံးအမိန့်တော်ဖြစ်တယ်”

“မဟာသုတသောမမင်းကြီးဟာ ပေါရိသာဒကို တရားအဆုံးအမမှာ တည်စေခဲ့ပြီ”

“ဗြဟ္မဒတ္တမင်းဟာ သူ့ရဲ့ဘဝဟောင်း ပေါရိသာဒကို အပြီးတိုင် စွန့်ပယ်ပြီး ဗာရာဏသီ ထီးကနက်မှာ မင်းအဖြစ် ပြန်လည်စိုးစံပြီ”

“ဗြဟ္မဒတ္တမင်းဟာ တစ်ရာမကသော ထီးဆောင်းမင်းတို့ကို များစွာသော ပဏ္ဏာတို့နဲ့ ပူဇော်သက္ကာရ ပြုသတဲ့၊ မဟာသုတသောမမင်းကိုတော့ ဆရာအဖြစ်နဲ့ အတိုင်းထက် အလွန်ပူဇော်သက္ကာရပြုတော်မူသတဲ့”

“ဇမ္ဗူဒိပ်အလုံးဟာ ငြိမ်းချမ်းအေးမြခဲ့ပြီ”

“အတိုင်းတိုင်း အပြည်ပြည် ချစ်ကြည်ကြပြီ”

ထိုအသံများက မစဲတမ်း ထွက်ပေါ်နေလေသည်။

ဗြဟ္မဒတ္တမင်းနှင့် မဟာသုတသောမမင်းတို့သည် သလွန်ညောင်စောင်း၌ အတူယှဉ်တွဲထိုင်ရင်း ပြည်သားပြည်သူတို့ ပျော်ရွှင်စွာ ချိုးသုံးကြ သော ငြိမ်းချမ်းမှုရေအလျဉ်မှ စင်ကျလာသည့် ရေစက်ရေပေါက်များ၏ အေး မြမှုကို ခံယူနေကြသည်။

မဟာသုတသောမမင်းက တည်ငြိမ်စွာ ပြုံးလျက်

“အကြည်တော် ဗြဟ္မဒတ္တ သင့်ရဲ့ ဖိတ်ခေါ်ပန်ကြားချက်အရ၊ ဗာရာဏသီမှာ ကျွန်ုပ်နေထိုင်ခဲ့တာ၊ တစ်လအတိုင်းအရှည်ရှိခဲ့ပြီ”

“အကြည်တော် သုတသောမမင်းမြတ်သာ အလိုရှိရင် နောက်ထပ် လပေါင်းများစွာ နှစ်ပေါင်းများစွာ ဗာရာဏသီမှာ ဆက်လက်စံစားနိုင်ပါတယ်”

“အကြည်တော်ရဲ့ မေတ္တာစေတနာကို ကျွန်ုပ်ခံယူပါတယ်၊ သို့သော် ကျွန်ုပ်ရဲ့ ဣန္ဒပတ္ထနဂိုရ်ပြည်သူများက သူတို့အရှင် ပြန်ကြွလာခဲ့ပါတော့လို့ ပြန်လည်ခေါ်ပင့်နေကြပြီ။ တမန်များလည်း ရောက်ရှိနေကြပြီ”

ဗြဟ္မဒတ္တမင်းက လေးပင်စွာ ခေါင်းညိတ်လျက်

“ကောင်းပါပြီ အကြည်တော် တရားဓမ္မ အဆုံးအမမှာ သက်ဝင်တဲ့ နှလုံးရှိထားပြီးဖြစ်လို့ ဗာရာဏသီနဲ့ ဣန္ဒပတ္ထနဂိုရ်တို့ဟာ ခရီးဝေးလို့ မဆိုနိုင်တော့ပါဘူး”

“အကြည်တော် ဗြဟ္မဒတ္တ”

“မိန့်ပါ အကြည်တော်”

“မမေ့မလျော့သော အပ္ပမာဒတရားနဲ့နေပါ။ မြို့တံခါးလေးမျက်နှာ

နဲ့ နန်းတော်တံခါး ဒီငါးဌာနမှာ အလှူတင်းကုပ် ငါးဆောင်ဆောက်ပြီး မပြတ်ပေးလှူပါ။ မင်းကျင့်တရားဆယ်ပါးကို မပျက်မယွင်းစောင့်ပါ။ အဂတိကို ပယ်ပါ . . . ”

တစ်ချိန်သောအခါက၊ သန်လျက်စွဲ၍ သွေးအလူးလူးစွန်းပေခဲ့သော လူသားစားလူ့ဘီလူးကြီး ပေါရိသာဒ၏လက်အစုံတို့သည် ယခုအခါ ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ္တ၏ဖြူစင်သောလက်အစုံတို့အဖြစ်ဖြင့် မဟာသုတသောမမင်းရှေ့မှောက်၌ လက်အုပ်ကြာပဒုံဖူးငုံလျက်သား ဖြစ်သွားလေသည်။

“ဗာရာဏသီမှ ကုရုတိုင်းဣန္ဒပတ္ထနဂိုရ်ပြည်ခရီးတစ်ဝက်အထိ ကျွန်ုပ်လိုက်ပါပို့ဆောင်ပါရစေ။ ကျေးဇူးရှင် အကြည်တော်မင်းမြတ်”

မဟာသုတသောမမင်း ကုရုတိုင်းဣန္ဒပတ္ထနဂိုရ်ပြည်သို့ ပြန်လည်ရောက်ရှိပြီးနောက်၊ များမကြာမီအတွင်း ထူးခြားသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့၏။

ထိုဖြစ်ရပ်သည် မဟာသုတသောမမင်း၏ ကျေးဇူးကို သိသောအတွေးအကြံမှ ဖြစ်ပေါ်လာခြင်းပင်တည်း။

လူသားစား လူ့ဘီလူးပေါရိသာဒဘဝက ထီးဆောင်းမင်းတို့အား ဖမ်းဆီး၍ ယဇ်ကောင်အဖြစ် ပူဇော်ရန် တောထဲရှိ ပညောင်ပင်ကြီး၌ နှယ်ကြိုးဖြင့် သီထားခဲ့သည်။ ပေါရိသာဒသည် မိမိ၏ခြေတော်၌ ကြီးစွာသော ဆူးချွန်သစ်ငုတ်စူးကာ ဒဏ်ရာကြီးစွာရခဲ့စဉ်က ထိုဒဏ်ရာသက်သာပျောက်ကင်းပါက ထီးဆောင်းမင်းတို့၏ လည်ချောင်းသွေးဖြင့် ပက်ဆေးပူဇော်ပါမည်ဟု ပညောင်ပင်စောင့်နတ်အား တိုင်တည်ခဲ့လေသည်။

ဒဏ်ရာက အလိုအလျောက် သက်သာပျောက်ကင်းခဲ့သော်လည်း ပေါရိသာဒကမူ ပညောင်ပင်စောင့်နတ်၏ ကယ်မစောင့်ရှောက်မှုဟု ခံယူကာ ထီးဆောင်းမင်းတို့အား ယဇ်အဖြစ်ပူဇော်ရန် ဖမ်းဆီးချုပ်နှောင်ခဲ့လေသည်။ ဤတွင် ပညောင်ပင်စောင့်နတ်သည် ထိတ်လန့်ချောက်ချားလျက်၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါး၊ ထိုမှတစ်ဆင့် သိကြားနတ်မင်းတို့ထံ အကူအညီတောင်းခဲ့၏။ သိကြားမင်း၏ ညွှန်ကြားအကြံပေးချက်အရ၊ ပညောင်ပင်စောင့်နတ်သည် ရဟန်းအသွင်ယူကာ၊ မဟာသုတသောမမင်းကို ဖမ်းဆီးရန် ပေါရိသာဒအား ဥပါယ်တံမျဉ်ဖြင့် တိုက်တွန်းခဲ့လေသည်။

ထိုပညောင်ပင်စောင့်နတ်၏ ကျေးဇူးသည် စင်စစ်ရှိခဲ့ဖူးလေသည်။

“ပညောင်ပင်စောင့်နတ်ရဲ့ ကျေးဇူးကို တုံ့ဆပ်ရပေမယ်”

မဟာသုတသောမမင်း ထိုသို့ ဆင်ခြင်ပြီးနောက်ဝယ် . . .

ပညောင်ပင်ကြီး၏ မနီးမဝေး၌ တစ်ဖက်ဆည်ကန်ကြီးကို ပြုလုပ်စေ

Type in the text you want to insert



တယ်။ အမျိုးအနွယ်စုံတို့ကို ရိက္ခာ၊ အသပြာ၊ မျိုးစေ့၊ ကိရိယာ၊ ကျွဲနွားတို့နှင့် တကွ စေလွှတ်ကာ ရွာကြီးတည်ထောင်စေ၏။ တစ်စတစ်စဖြင့် ရှစ်သောင်း သော အိမ်ခြေတို့ဖြင့် ကြီးကျယ်စည်ကားလာသော ထိုရွာကြီးသည် 'ကမ္မာသဒမ္မ'အမည်ရှိ နိဂုံးဖြစ်လာလေသည်။

ပဿောင်ပင်ကြီးကိုကား အရင်းမှစ၍ အခက်စွန်းဖျားတိုင် အညီ အညွတ် အတင့်အတယ်ပြုပြင်ကာ ထက်ဝန်းကျင်အရပ်တို့၌ ဝင်းခတ်၍ ပွတ်တိုင်ရံစေ၏။ တံခါးတိုင် တံခါးရွက် တံခါးမုခ်တို့ဖြင့် တင့်တယ်ခမ်းနား သိုက်မြိုက်သော ပဿောင်ပင်နန်းကြီး ဖြစ်လာ၏။

ပဿောင်ပင်စောင့်နတ်သည် တင့်တယ်ခမ်းနား သိုက်မြိုက်သော မိမိ၏ ပဿောင်ပင်နန်းကို ကြည့်ရှုရင်း မဟာသုတသောမမင်းရှိရာသို့ မှန်းဆ ရှိခိုးကာ ရေရွတ်လေသည်။

"သြော် . . . တစ်ချိန်ကတော့ ထီးဆောင်းမင်းတို့ရဲ့ လည်ချောင်းသွေးတွေနဲ့ အလူးလူး အလိမ်းလိမ်း ရွှဲစိုစွန်းထင်းစေအံ့နီးနီး ဖြစ်ခဲ့ရတဲ့ ဒီ ပဿောင်ပင် . . . ထီးဆောင်းမင်းတွေကို ယာဇ–ယဇ်ကောင်အဖြစ်ပူဇော်တော့မယ့် ပေါရိသာဒ လူသားစား လူ့ဘီလူးရဲ့ မရဏတစပြင်။ ယခုအခါမှာတော့ ကျေးဇူးတရားကို သိတဲ့ ပညာရှိသူတော်ကောင်း အတုမဲ့ယောကျ်ားမြတ် မဟာ သုတသောမမင်းရဲ့ သီလ၊ သမာဓိ၊ ပညာကြောင့် ဟောဒီနေရာက ဟောဒီ ပဿောင်ပင်နန်းဟာ လူတွေရဲ့ အဝိဇ္ဇာကိုသာပဲ ယာဇ–ယဇ်အဖြစ် ပူဇော် ဆေးကြောရာ ဓမ္မဗိမာန်သဖွယ် ဖြစ်ခဲ့ပြီ . . . သာဓု . . . သာဓု . . . သာဓု"

ချစ်ဦးညို

Type in the text you want to insert

# နောက်ဆက်တွဲနိဂုံး

ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ အသီတိနိပါတ်ဝင်၊ မဟာသုတသောမ မင်းဇာတ်သည် အင်္ဂုလိမာလကို ဝေါတမမြတ်စွာဘုရားဆုံးမတော်မူခြင်းနှင့် စပ်၍ ရဟန်းတို့၏ စကားကို အခြေခံလျက်၊ တရားဓမ္မဒေသနာနှင့်တကွ သတ္တဝါတို့အား ကြီးစွာသော ကျေးဇူးဖြစ်စေရန် ဗုဒ္ဓမြတ်စွာ အတိတ်ဆောင် ဟောကြားတော်မူသော ဇာတ်ဖြစ်ပါသည်။


ဇာတ်ကို ပေါင်းတော်မူသောအခါ - - -

ထိုစဉ်က ပေါရိသာဒသည် အင်္ဂုလိမာလ
ထိုစဉ်က ကာဠဟတ်သည် အရှင်သာရိပုတ္တရာ
ထိုစဉ်က နန္ဒပုဏ္ဏားသည် အရှင်အာနန္ဒာ
ထိုစဉ်က ပညောင်ပင်စောင့်နတ်သည် အရှင်မဟာကဿပ
ထိုစဉ်က သိကြားမင်းသည် အရှင်အနုရုဒ္ဓါ
ထိုစဉ်က ကြွင်းသော မင်းတို့သည် ဘုရားရှင်၏ ပရိသတ်
ထိုစဉ်က မယ်တော်ခမည်းတော်သည်
ဘုရားရှင်၏ မယ်တော်ခမည်းတော် ဖြစ်ကုန်လျက်၊
မဟာသုတသောမမင်းသည် မြတ်စွာဘုရားဖြစ်တော်မူကြောင်း
ဇာတ်တော်ပေါင်းတော်မူလေသည်။

Type in the text you want to insert

# မှီငြမ်းကိုးကားစာရင်း

- ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု (ပဥ္စမအုပ်) (သုဓမ္မဝတီ)
  ညောင်ကန်ဆရာတော်ဘုရားကြီး
- ပဒတ္ထမဥ္ဇူသာ ပါဠိအဘိဓာန်
  ဦးဟုတ်စိန်
- ပါဠိသက်ဝေါဟာရအဘိဓာန်
  ဒဂုန်ဦးထွန်းမြင့်
- မိလိန္ဒပဉှာကျမ်း
- စွယ်စုံကျော်ထင်ကျမ်း
- ဇိနတ္ထပကာသနီ
- သုခမှတ်စု
  ဦးသုခ


Type in the text you want to insert
ချစ်ဦးညို